၅၂

အမရပူရမြို့

မင်္ဂလာတိုက်ဟောင်း

"အဂ္ဂမဟာပဏ္ဍိတ"

ကျေးဇူးရှင်မိုးကုတ်ဆရာတော်ဘုရားကြီး

(၏)

# မိုးကုတ်ဝိပဿနာ

## ဒုလ္လဘဒေသနာ

ဟောစဉ် - ကျင့်စဉ်

"သစ္စာလေးပါးတရားတော်များ"

## စတုတ္ထတွဲ

---

တာဝန်ခံ တင်ဆက်သူ

ဦးမြင့်ဆွေ

"မူလဓမ္မာစရိယ"

မိတ္ထီလာမြို့။

၂၅၀၆-ခု။ ၁၃၂၄-ခု။

အမရပူရမြို့

မင်္ဂလာတိုက်ဟောင်း

"အဂ္ဂမဟာပဏ္ဍိတ"

ကျေးဇူးရှင်-မိုးကုတ်ဆရာတော်ဘုရားကြီး

( ၏ )

# မိုးကုတ်ဝိပဿနာ

## ဒုလ္လဘဒေသနာ

ဟောစဉ်-ကျင့်စဉ်

" သစ္စာလေးပါးတရားတော်များ "

## စတုတ္ထတွဲ

---


တာဝန်ခံ တင်ဆက်သူ

ဦးမြင့်ဆွေ

"မူလဓမ္မာဝရိယ"

မိတ္ထီလာမြို့

၂၅၀၆-ခု။ ၁၃၂၄ ။

"မိဘဂုဏ် လျှပ်စစ် ပိဋကတ် မုံရှိပ်တိုက်"

မိတ္တိလာမြို့။

ပဌမနှိပ်ခြင်း .... .... .... .... (၁၀၀၀၀)



"အဂ္ဂမဟာပဏ္ဍိတ"

ကျေးငူးရှင်-မိုးကုတ်ဆရာတော်ဘုရားကြီး

# ပဋိစ္စသမုပ္ပါဒ်တရား(၁၂)ပါး၊

## “ထင်ရှားပေါ်လွင် ဓာတ်အစဉ်”




အမရပူရမြို့ မင်္ဂလာဝရာမတိုက်ဟောင်း၊

ကျေးဇူးရှင်-မိုးကုတ် ဆရာတော်ဘုရားကြီး၏

ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်း, ကြည့်ရှုစရာ စက်ဝိုင်းဒေသနာ။

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | မျက်နှာနံပါတ် |
|---|---|---|---|
| ၁ | ....အကြောင်းပြစကား | .... | (က) |
| ၂ | ....အာသီသပုဗ္ဗက ဂန္ထာရမ္ဘ | .... | ၁ |
| ၃ | ....ဗာလ, ပဏ္ဍိတ၊ ခွဲခြမ်းပြ တရားတော် | .... | ၅ |
| ၄ | ....အို,သေ,လွတ်ကြောင်း နည်းလမ်းကောင်းတရားတော် | | ၂၂ |
| ၅ | ....အဖေါ်ကောင်းမှု၊ ချမ်းသာရ,တရားတော် | .... | ၃၈ |
| ၆ | ....ဘရမ်းဘတာဘေး၊ လွတ်မြောက်ရေးတရားတော် | | ၆၀ |
| ၇ | ....ခန္ဓာ့သဘော၊ဉာဏ်စောကြောတရားတော် | .... | ၇၉ |
| ၈ | ....ခန္ဓာဖြစ်ပျက်၊ ဒုက္ခစက်တရားတော် | .... | ၉၅ |
| ၉ | ....ဆန္ဒရာဂံ၊ ပယ်သတ်ရန်တရားတော် | .... | ၁၁၆ |
| ၁၀ | ....ပဋိစ္စဖြစ်ပျက် ဒုက္ခစက်တရားတော် | .... | ၁၃၅ |
| ၁၁ | ....ပဋိစ္စစက်ရဟတ်၊လှည့်ကာပတ်တရားတော် | .... | ၁၅၈ |
| ၁၂ | ....ပဋိစ္စစက်ရဟတ်'ရှုဉာဏ်ဖြတ်တရားတော် | .... | ၁၇၃ |
| ၁၃ | ....ပဋိစ္စရဟတ်၊ အမြစ်ဖြတ်တရားတော် | .... | ၁၉၂ |
| ၁၄ | ....ပဋိစ္စဖြတ်အား၊ ဉာဏ်ရွှေသွားတရားတော် | .... | ၂၁၆ |
| ၁၅ | ....အလှူမတတ်၊ ဒုက္ခထပ်တရားတော် | .... | ၂၄၀ |
| ၁၆ | ....ရေစက်ချ,တရားတော် | .... | ၂၇၃ |
| ၁၇ | ....နိဂုမ်း,စကား | .... | ၂၈၂ |

# ဓမ္မအဆွေတော်များ

သိရှိတော်မူရန်။

............

ဤဝိပဿနာ ဟောစဉ် နှင့် ကျင့်စဉ် တရားတော်များကို၊ ပုံမနှိပ်ရသေးမီ "အရှင်— မိုးကုတ်ဆရာတော်ကြီး"ကိုယ်တိုင်၊ကြည့်ရှု,စစ်ဆေး, သုတ်သင်.ပြင်ဆင်ကာ, အတည်ပြုပြီး ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

# "အကြောင်းပြစကား"

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

(၁) ဗုဒ္ဓေါ လောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ။

ဗုဒ္ဓေါ၊ သစ္စာသိမြင်၊ ဘုရားရှင်သည်။ သဗ္ဗပါဏိနံ၊ လုံးစုံများစွာ၊ သတ္တာ, ဟူသမျှတို့၏။ ဟိတာယ၊ လောကုတ်, လောကီ၊ နှစ်လီသော အစီးအပွါး အလို့ငှါ၊ လောကေ၊ လောကသုံးခွင်၊ ဘုံအပြင်၌။ သမုပ္ပန္နော၊ ထင်ရှားပုံသော၊ ဖြစ်ထွန်းပေါ်ပေါက်တော်မူခဲ့လေပြီ။ ။

(၂) ဓမ္မော လောကေ သမုပ္ပန္နော သုခါယ သဗ္ဗပါဏိနံ။

ဓမ္မော၊ တရားတော်မြတ်သည်။ သဗ္ဗပါဏိနံ၊ လုံးစုံများစွာ၊ သတ္တာ, ဟူသမျှတို့၏။ သုခါယ၊ ပစ္စုပ္ပန်, သံသရာ၊ နှစ်ဖြာသော ချမ်းသာသုခ အလို့ငှါ။ လောကေ၊ လောကသုံးခွင်၊ ဘုံအပြင်၌။ သမုပ္ပန္နော၊ ထင်ရှားပုံသော၊ ဖြစ်ထွန်း ပေါ်ပေါက်တော် မူခဲ့လေပြီ။ ။

(၃) သံဃော လောကေ သမုပ္ပန္နော ပုညာယ သဗ္ဗပါဏိနံ။

သံဃော၊ သံဃာတော်မြတ်အပေါင်းသည်။ သဗ္ဗပါဏိနံ၊ လုံးစုံများစွာ၊ သတ္တာ, ဟူသမျှတို့၏။ ပုညာယ၊ ကုသိုလ်အစုစု၊ ကောင်းမှုအကျိုး၊ ပွါးတိုးစေရန် အလို့ငှါ။ လောကေ၊ လောကသုံးခွင်၊ ဘုံအပြင်၌။ သမုပ္ပန္နော၊ ထင်ရှားပုံသော၊ ဖြစ်ထွန်း ပေါ်ပေါက်တော်မူခဲ့လေပြီ။ ။

အကျွန်ုပ်တို့သည် ဗုဒ္ဓုပ္ပါဒ နဝမခဏ ကောင်းကြီးကိုလည်း အရတော်စွာ–ကြုံကြိုက် ရရှိခဲ့ကြလေပြီ။

ထိုခဏကောင်းကြီးနှင့်ကြုံကြိုက်ရသည်အားလျော်စွာ၊ ထိုထို သာဝက, အာစရိယအရပ်ရပ်, သံဃာတော်မြတ်တို့၏ လက်ဆင့် ကမ်း ကျေးဇူးဖောဘ်ကြောင့်၊ သဒ္ဓမ္မသဝန, ဒုလ္လဘ, ဟူသော သစ္စာလေးပါး, အမြတ်ဘရားတို့ကိုလည်း ရှေ့တွင်မှုချ ယခုပင်–နာကြားခွင့်ကို ရနိုင်ခဲ့ကြပါလေပြီ၊

အကျွန်ုပ်တို့သည်၊ အဆင့်အတန်းမှီ လူသားစင်စစ်များ ဖြစ်လာရသည့်နည်းတူ၊ သဒ္ဓါသမ္ပတ္တိ, အင်အားလည်း ပြည့်စုံ လို လောက်ပြီး ဖြစ်ကြသဖြင့်၊ အခုတော်စွာ–အခွင့်အခါကောင်းနှင့် ကြုံကြိုက် ဆုံဆည်း လာရပေသည်ဟု ဆုံးဖြတ်ချက် ချရန်သာ ရှိပါတော့သည်။

သို့ဖြစ်ပါလျှင်၊ ကျွန်ုပ်တို့သည် ထိုကဲ့သို့ အလွန်ကြုံကြိုက်ခဲစွာ ရရှိလာရသည့် အခွင့်အခါကောင်းကြီးကို အချည်းအနှီး လက်လွှတ် ခံကြတော့မည်လော? အလဟဿ ကုန်လွန်သွားစေကြမည်လော? သို့မဟုတ်– မည်သို့ နေရာကျအောင် အသုံးချ ကြမည်နည်း? မည်ကဲ့သို့ တန်ဘိုးရအောင် အသုံးချသင့်ပါသနည်း?

ထိုပြဿနာများနှင့် ရင်ဆိုင်လျက်သား ရှိနေကြချေပြီ၊ ထိုထို ပြဿနာ၏ အဖြေကို ရှာရန်မှာ၊ မိမိ မိမိတို့၏ဘာဝန်သာ လုံးဝ ကေန် ဖြစ်ပါချေသည် မဟုတ်တုံလော?

ထို့ကြောင့်– ကျွန်ုပ်တို့သည် ထိုပြဿနာ၏ အဖြေမှန်ကို ရှာကြံကြပါစို့။

နဂရံ ယထာ ပစ္စန္တံ၊
ဂုတ္တံ သန္တရဗာဟိရံ။
ဧဝံ ဂေါပေထ အတ္တာနံ၊
ခဏော ဝေ မာ ဥပစ္စဂါ။
ခဏာတီတာ ဟိ သောစန္တိ၊ နိရယမှိ သမပ္ပိတာ။ ။

(ဓမ္မပဒ—ပါဠိတော်)

ဘာသာပြန်။

အစွန်အဖျား, အနားကျသည့် မြို့ရွာများကို၊ အတွင်းအပ၊ လုံခြုံအောင်,စောင့်ရှောက်ရဘိသကဲ့သို့၊ ထိုနည်းတူစွာ—မိမိကိုယ်ကို၊ စက္ခု,သောတ,စသည့် အတွင်းအာယတန၊ ရူပ,သဒ္ဒ,စသည့် အပြင် အာယတနနှင့်တကွ၊ လုံခြုံအောင်, ထိန်းသိမ်း, စောင့်ရှောက်ကြရာ၏။ ဝါ၊ စောင့်ရှောက်ကြကုန်သော။

အကယ်စင်စစ်၊ ဘုရားရှင် ပွင့်ထွန်းတော် မူသောခဏ၊ အယူမှန်ကို ရသော ခဏ၊ သစ္စာတရားကို နာကြားခွင့် ရသော ခဏ၊ မျက်စိ,နား,စသည် မချို့မယွင်းသော ခဏကို၊ မလွန်ကြပါစေလင့်။ ထိုစကား—မှန်လှစွာ၏၊ အင်မတန် ကြုံတောင့်ကြုံခဲ, ကြုံလာရသည့် ခဏကောင်းကို၊ လွန်ရသောသူတို့ကား၊ ငရဲသို့ လားရောက်ကာ၊ ပြင်းစွာ,စိုးရိမ်ကြရလေကုန်၏တကား။

## အထူးသတိပြုရန်။

................

ကိန္နု ဟာသော ကိမာနန္ဒော၊
နိစ္စံ ပဇ္ဇလိတေ သတိ။
အန္ဓကာရေန ဩနဒ္ဓါ၊
ပဒီပံ န ဂဝေသထ။ ။

(ဓမ္မပဒ—ပါဠိတော်)

ဘာသာပြန်။

အမြဲတစေ၊ ကိလေသာ မီးလျှံမီးကျီးတို့ တညီးညီး တပြောင်ပြောင်၊ တောက်လောင်နေသည် ဖြစ်ပါလျက်၊ ဘယ်အတွက်, မြူးတူးရယ်ရွှင်ခြင်း ဖြစ်နိုင်ဘိသနည်း။ ဘယ်အတွက်, နှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်ပါဘိသနည်း။ အဝိဇ္ဇာ, အမှောင်တိုက်ကြီး ပိတ်ဆီးမြှေးယှက်ကာ နေကုန်သော အသင်တို့ကား၊ အားထားမှီခိုစရာ ပညာဉာဏ်, ဆီမီးကို၊ အဘယ့်ကြောင့်, မရှာမှီးဘဲ နေကြပါကုန်သနည်း၊ "ဆောလျင်စွာ—ရှာမှီးကြပါကုန်လော့။"

တာဝန်ခံ-ရေးကူးတင်ဆက်သူ

၁၃၂၄—ခု၊ ဦးမြင့်ဆွေ

တန်ဆောင်မုန်းလ၊ မိတ္ထီလာ

# မိုးကုတ်ဝိပဿနာ ဒုလ္လဘဒေသနာ

## စတုတ္ထတွဲ

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## အာသီသပုဗ္ဗက ဂန္ထာရမ္ဘ

ဗုဒ္ဓေါ ဝမေ သရဏံ အညံ၊
ဓမ္မော ဝေ အမတံ ဝရံ။
နတ္ထိ သံဃော့ သမံ့ ယောန၊
တိရံ ဇောတေတု သာသနံ။ ။

ဝရံ၊ လောကတွင် ရှိသမျှ၊ အမြတ်တကာ့ ထိပ်ဆောင်း၊ အမြတ်ပေါင်းသတ္တူ၊ မကုဋ္ဌထိပ်တင်၊ မြတ်ရှင်ပင် ဟုဆိုလည်း ဖြစ်တော်မူပေထသော။ အမတံ၊ သန္တိမြို့ကိုနန်း၊ ကြွချီမြန်း သဖြင့်၊ အေးအေးချမ်းလွတ်ရှင်း၊ သေခြင်းလည်း ကင်းပယ်မူပေထ သော။ အသမံ၊ လောကတွင် ရှိသမျှ၊ အဂ္ဂရတနာ၊ မင်္ဂလာ သတ္တူ၊ အမြတ်ပေါင်း အစုစုတို့နှင့်၊ ယှဉ်တုမရ၊ မည်သည့် ရတနာနှင့်မျှလည်း တူတော်မမူထသော။ ဗုဒ္ဓေါ၊ လုံးစုံနှုဿ၊ ဓမ္မအဖြာဖြာ၊ တရားရတနာတို့ကို၊ သမ္မာကိုယ်တိုင်၊ ပိုင်ပိုင်နိုင်နိုင် ဘောက်ထွင်း၍၊ သိစွမ်းခြင်း ရှိပေတတ်သည့်၊ ဘုရားရှင် ရတနာ မြတ်သည်။ မေ၊ ခန္ဓာငါးဝ၊ရုပ်နာမ်မျှကို၊သတ္တမှည့်ခေါ်၊ ယပည့်

တော်၏။ ဝရံ၊ လောကဓာတ်ဘူမျံ ၊ ဘုံသုံးတန်ဝယ်၊ နှိုင်းစံမရ၊ ထွန်းမြတ်လှစွာသော။ သရဏံ၊ မှီခိုကိုးစား၊ အားထားရာဧကန်၊ စင်စစ် မှန်လှပါပေ၏။ အညံ၊ မြတ်လှထိပ်တင်၊ သဗ္ဗညုဘုရား ရှင်မှတပါး၊တခြားသော ကိုးစား, အားထားရာမည်သည်။ ဝေ၊ စင်စစ်ဧကန်၊ အမှန်မုချအားဖြင့်။ နတ္ထိ၊ ဘယ် စကြဝဠာမှာ ဖွေရှာကြည့်ပေမင့်၊တကယ်ပင် မရှိရိုး မှန်လှပါပေ၏။

ဝရံ၊လောကဓာတ် ဘုံတခွင်ဝယ်၊တကယ်ပင် ရှာမှရှားသဖြင့်၊ အမြတ်စား ထိပ်ဆောင်း၊ အကောင်းစားထိပ်ဗွေ၊ ကြက်သရေ တော်ထွန်းပ၊ အလွန်လျှင် ထူးမြတ်ပေထသော။ အမတံ၊ ဩဇာ နက်လေး၊အမြိုက်ဆေးမို့၊သေဘေးကင်းကွာ၊ အမြဲတော ရတနာ လည်းဖြစ်ပေထသော။ အသမံ၊ လောကတွင်ရှိသမျှ၊အဂ္ဂရတနာ၊ မင်္ဂလာသေတ္တာ၊အမြတ်ပေါင်းအစုစုတို့နှင့်၊ ယှဉ်တုမရ၊ မည်သည့် ရတနာနှင့်မျှလည်း မတူပေထသော။ ဓမ္မော၊ ပရိယတ္တိဓမ္မ၊ မဂ် လေးဝ, ဖိုလ်လေးတန်၊ နိဗ္ဗာန်ချမ်းသာ၊ ဆယ်ပါးသော တရား ရတနာသည်။ ဓမ္မော၊ ဒိဋ္ဌိသမ္မာ၊ရှစ်အင်္ဂါဖြင့်၊ကောင်းစွာဖြောင့် သား၊ မြိုက်ရထားမို့၊ မြတ်ဖျားမဂ္ဂါ၊ တရားရတနာသည်။ မေ၊ ခန္ဓာငါးဝ၊ ရုပ်နာမ်မျှကို၊ သတ္တာမှည့်ခေါ်၊ တပည့်တော်၏။ ဝရံ၊ အားကိုးထိုက်စွာ၊ ရတနာအစစ်၊ဖြစ်ကြီးဖြစ်သဖြင့်၊မြိုက်နှစ်နသ္တ၊ ထူးမြတ်လှပေသော။ သရဏံ၊ မှီခိုကိုးစား၊ အားထားရာဧကန်၊ စင်စစ်မှန်လှပါပေ၏။ အညံ ၊ ထူးမြတ်ဆယ်ဘော်၊ တရားတော် မှတပါး၊ တခြားသော ကိုးစား, အားထားရာမည်သည်။ ဝေ၊

စင်စစ်ကေန်၊ အမှန်မုချအားဖြင့်။ နတ္ထိ၊ ဘယ်ဘာသာမှာ ဖွေရှာကြည့်ပေမင့်၊ တကယ်ပင် မရှိရိုး မှန်လှပါပေ၏။

ဝရံ၊ လောကကောင်းကျိုး၊ ကောင်းမှုမျိုးတို့၊ စိုက်ပျိုးကြဲချရာ၊လယ်ယာမြေကောင်းသဖွယ်ဖြစ်သဖြင့်၊စင်စစ်ပုံသေ၊မြင့်မြတ်တော်မူပေထသော။ အမတံ၊ ဂန္ထ, ဝိပဿနာ၊ နှစ်ဖြာ မူရ၊ ကြိုးလုလ္လလျှက်၊ရသအမတံ၊ မြိုက်ညြဇံကို၊ ကေန်မျက်ဝါး၊ အင်တန်အားဖြင့်၊ သုံးစားတော်မူပေထသော။အသမံ၊ လောကတွင်ရှိသချ၊ အဂ္ဂရတနာ၊ မင်္ဂလာသေတ္တု၊အနှစ်စုတို့နှင့်၊ ယှဉ်တုမရ၊ မည်သည့် ရတနာ နှင့်မျှလည်း တူတော်မမူထသော။ သံဃော၊ သမုတိထေရာ၊အစဖြာလျှက်၊အရိယာရှစ်ရပ်၊ သံဃာတော်အရှင်မြတ်သည်။ မေ၊ခန္ဓာငါး၀၊ ရုပ်နာမ်မျှကို၊သတ္တမှည့်ခေါ်၊တပည့်တော်၏။ ဝရံ၊အားကိုးသင့်စွာ၊ရတနာအစစ်၊ တကယ်ဖြစ်သဖြင့်၊ စင်စစ်ပုံသေ၊မြင့်မြတ်လှပေသော။သရဏံ၊မှီခိုကိုးစား၊ အားထားရာကေန်၊စင်စစ် မှန်လှပါပေ၏။ အညံ၊ထေရော်သမုတိ၊ အရိယရှစ်ဖြာ၊ သံဃာတော်မြတ်မှတပါး၊ တခြားသော ကိုးစား, အားထားရာ မည်သည်။ ဝေ၊ စင်စစ်ကေန်၊ အမှန်မုချအားဖြင့်။နတ္ထိ၊ ဘယ်ကမ္ဘာမှာ ဖွေရှာကြည့်ပေမင့်၊ တကယ်ပင် မရှိရိုး မှန်လှပါပေ၏။

ဓောန၊ ရဲရင့်ဝံ့စား၊ ဟုံးစုံးကြွားလျှက်၊ ဗိုလ်ငါး, ခိမိုင်း၊ ပီတိလှိုင်း၍၊ ဆိုတိုင်းမှန်စွာ၊ သစ္စာစကား၊ ဤစွမ်းအားကြောင့်။ သာသနံ၊ သုံးလူ့မြတ်စွာ၊ဒေသနာဟု၊ ညြဝါမိန့်မှတ်၊သာသနာ

တော် မြတ်သည်။ သာသနံ၊ မိုးကုတ်ဝိပဿနာ၊ဒေသနာဒုလ္လဘာ၊ ကျင့်မှန်ရဘို့၊ ဟောပြမိန့်ဖေါ်၊ အဆုံးအမ, တရားတော်သည်။ စိရံ၊ ငါးထောင် သာသနာ၊ ရှည်မြင့်စွာ။စိရံ၊ လောကကောင်းကျိုး၊ ဆောင်သည်ပိုးလျက်၊ တန်းခိုးရှိန်ဝါ၊ တောက်ထွန်းကာလျှင်၊ ဓွန့်ကြာသမယ၊ ရှည်မြင့်စွာသော ကာလတို့ပတ်လုံး။ ဇောတေတု၊ နေ့,လ,ရတနာ၊ ရောင်ရွှန်းဖြာသို့၊ ကမ္ဘာကွန့်လည်း ဂုဏ်ပန်းချီလျက်၊ မြန့်ပြည်အဝှမ်း၊ ဤလူ့နန်း၌၊ လျှမ်းလျှမ်းရှိန်ပြင်း၊ လိုက်နာကျင့်ဆောင်ခြင်းဖြင့်၊ မိုက်သင်းပယ်ခွါ၊ထွန်းလင်း တောက်ပပါစေသတည်း။



# မိုးကုတ်ဝိပဿနာ ဒုလ္လဘဒေသနာ

## စတုတ္ထတွဲ

---

နမော-တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# ဓမ္မရတနာ မာတိကာ

"ဗာလ, ပဏ္ဍိတ၊ ခွဲခြမ်းပြ တရားတော်။"

**ထူးခြားချက်**

(၁) လူမိုက်က…လက်ရှိ ဇာတိဒုက္ခခန္ဓာလဲ ရခဲ့ပြီ၊ နောက်လာမည့် ဇာတိဒုက္ခခန္ဓာလဲ ရဦးမည်။

(၂) လူလိမ္မာ… လက်ရှိ ဇာတိဒုက္ခခန္ဓာကို ရခဲ့ပြီ၊ နောက်လာမည့် ဇာတိဒုက္ခခန္ဓာ မရတော့ပြီ။

(၁) လူမိုက်… ပဋိစ္စသမုပ္ပါဒ် မပြတ်အောင် အားထုတ်၍ ဒုက္ခလမ်း သွားသည်။

(၂) လူလိမ္မာ… ပဋိစ္စသမုပ္ပါဒ် ပြတ်အောင် အားထုတ်၍ သုခလမ်း သွားသည်။

## ဆောင်ပုဒ်

ဒုက္ခခန္ဓာ၊ ရကြောင်းရှာ၊ ဗာလာလူမိုက်ကာ။
ဒုက္ခခန္ဓာ၊ ပြတ်ကြောင်းရှာ၊ လိမ္မာပဏ္ဍိတာ။
ဗြဟ္မစရိယံ၊ ကျင့်သူမှန်၊ ဒုက္ခံလွတ်ကင်းပ။
မကျင့်နေသူ၊ ဒုက္ခဘူ၊ ပါယ်မူကိုယ့်အိမ်ကျ။
ဒွါရခြောက်ခွင်၊ ရုပ်နာမ်ယှဉ်၊ အစဉ်ဖြစ်ပျက်ကြ။
သဘိစောင့်ကြပ်၊ ဉာဏ်နှင့်ဖြတ်၊ မပြတ်ရှုကြည့်မှု။
ဖြစ်ပျက်ဉာဏ်မြင်၊ မဂ္ဂဝင်၊ ပြတ်စဉ်ပဋိစ္စ။
ပဋိစ္စပြတ်ဘိ၊ နောက်ဇာတိ၊ ကင်း၏မျိုးဒုက္ခ။

## သတိချုပ်

ဗာလပဏ္ဍိတ၊ ခွဲခြမ်းပြ၊ နှစ်ဝတ္ထုခြားလတ်။
သံယုတ်ပါဠိ၊ ရှင်တော်ဇိ၊ မိန့်ရှိဓိပ္ပါယ်ရပ်။
လက်ရှိခန္ဓာ၊ နောက်ခန္ဓာ၊ ရရှာဗာလမှတ်။
ခန္ဓာလက်ငင်း၊ နောက်လွတ်ကင်း၊ မြတ်ခြင်းပဏ္ဍိတတ်။
လက်ငင်းဒုက္ခ၊ နောက်ဒုက္ခ၊ ဗာလကိုယ်ပိုင်မှတ်။
ဒုက္ခမျက်မှောက်၊ ဉာဏ်ထိုးဖေါက်၊ ကူးမြောက်ပဏ္ဍိမြတ်။
အကြောင်းတူငြား၊ ကျိုးကွဲပြား၊ ခြားနားသုံးယုတ်မြတ်။

**တရားသား** ဒကာ, ဒကမတွေ ဒီကနေ့ညမှာ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက "သံယုတ်ပါဠိတော်၊ဗာလပဏ္ဍိတသုတ်"မှာ ဟောတော်မူထားတဲ့အဓိပ္ပါယ်ကို မှတ်ရမယ်။ ဗာလနဲ့

ပဏ္ဍိတ တဲ့။ လူမိုက်နဲ့ လူလိမ္မာ ခြားနားပုံကို ပြောလိမ့်မယ်လို့ မှတ်ကြ။ ။ဒကာဒကာမတို့ ဗာလဆိုတဲ့ လူမိုက်ဟာ အတိတ်က အဝိဇ္ဇာ တဏှာကြောင့် ခန္ဓာရခဲ့တယ်။ ပဏ္ဍိတဆိုတဲ့ လူလိမ္မာကလဲ ထို့အတူပါဘဲ၊ ဒီဘဝမှာ ခန္ဓာရဒါဟာ၊ နောက်ဘဝက အဝိဇ္ဇာ တဏှာကြောင့် ရလာဒါဘဲလို့ ဟောတော်မူတယ်။

ဒကာ ဒကာမတို့ ဘုရားရှင်က ရဟန်းတွေကို မေးမြန်းတော်မူတယ်။

"ချစ်သားတို့ လူမိုက်လဲ အတိတ်က အဝိဇ္ဇာ တဏှာကြောင့် လက်ရှိ ဒုက္ခခန္ဓာ ရခဲ့တယ်။ လူလိမ္မာဟာလဲ ဒီ အဝိဇ္ဇာ တဏှာကြောင့်ဘဲ အခုလက်ရှိ ဒုက္ခခန္ဓာ ရခဲ့ဒါဘဲ။ ဒီတော့ရခဲ့ဒါချင်းအတူတူ ဘာတို့နှစ်ဦး ဘာထူးသလဲ ? ဒီနှစ်မျိုးဘာများ ထူးခြားသေးသလဲ? "

လို့ မေးတော်မူတယ်၊ အဲဒီအခါ ရဟန်းတွေက "တပည့်တော်များ အရှင်ဘုရား ဟောတော်မူမှသာ သိရမှာပါဘုရား "လို့ ပြန်လျှောက်ထားကြတယ်။

အဲဒီတော့မှ ဘုရားရှင်က ရှင်းလင်းပီး ဟောပြတော်မူတယ်လို့မှတ်ကြ။ ဒီအဓိပ္ပါယ်ကို ဒကာ ဒကာမတွေ အကျဉ်းချုပ်မှတ်ထားဘို့က၊ လူမိုက်က ဒီဘဝ ဒုက္ခခန္ဓာရပီး၊ နောက်ဘဝမှာ

လဲ ဒီဒုက္ခခန္ဓာဘဲ ထပ်ရမှာဘဲ။ လူလိမ္မာကတော့ ဒီဘဝမှာ ဒုက္ခခန္ဓာ ရခဲ့ပြီး၊ နောက်လာမဲ့ ခန္ဓာ မရတော့ဘူး၊ သဘောပါကြပလား ? လူမိုက်က ဒီဘဝမှာလဲ ရခဲ့တယ်၊ နောက်ဘဝမှာလဲ ရအုံးမယ်။ လူလိမ္မာကတော့ ဒီဘဝမှာသာရပြီး၊ နောက်ဘဝမှာ မရတော့ဘူး။ ရှင်းကြပလား ? ဘုရားက ဒီလိုထူးခြားတယ်လို့ ဟောတော်မူတယ်။

ဒကာ ဒကာမတွေ ဒီအဓိပ္ပါယ်ဟာ သေချာဘဲလို့ မှတ်လိုက်ကြ၊ ရှင်းဘဲနော်။ ဒီတော့ ဒကာ ဒကာမတို့ နောက်ခန္ဓာ၊ အနာဂတ်ခန္ဓာ၊ ဘယ်က စ သလဲ? နောက်ခန္ဓာ ဘယ်က စ ရမလဲ? ဆိုရင်၊ ဇာတိက စ ရမယ်။ လူမိုက်က ဒီဇာတိက စ ပြီးရမယ်၊ လူလိမ္မာက နောက်အနာဂတ် ဇာတိ ဇရာ မရဏတွေ လွတ်သွားဘီလို့မှတ်ကြ၊ ရှင်းပလား ? လူမိုက်ကတော့ နောက် ဒုက္ခသစ္စာတွေ တပုံကြီးရမယ်၊ သဘောပါရဲ့လား? လူမိုက်က ဒုက္ခဆက်တယ်၊ လူလိမ္မာက ဒုက္ခဖြတ်တယ်။ ဒုက္ခဆက်တဲ့သူနဲ့ ဒုက္ခက ကျွတ်လွတ်သွားဘီဆိုတဲ့ သူဘဲ၊ ဒီလိုခြားနားတယ်လို့မှတ်ကြ။

ဒီတော့ ဒကာတို့တတွေ သိထားဘို့က! ခန္ဓာရချင်တဲ့သူဟာ လူမိုက်တွေဘဲ၊ မရချင်တဲ့သူမှ လူလိမ္မာ၊ ရိပ်မိကြပလား? ဒါဟာ သံယုတ်ပါဠိတော် ဗာလပဏ္ဍိတ သုတ်မှာ ဘုရားကိုယ်တော်တိုင် ဟောတော်မူတဲ့ အဓိပ္ပါယ်မို့၊ သံသယမလိုတော့ဘူး။ သူတို့ချင်းက အကြောင်းတူကြသော်လဲ၊ လာလတ္တံ့ဖြစ်တဲ့ အကျိုးခြင်းက မတူကြဘူး၊ ကွဲပြားခြားနားကြတယ်ဆိုဒါ မှတ်ရမယ်၊သဘောပါ

ကြပလား? လူမိုက်ကဒုက္ခသစ္စာခန္ဓာတွေ ဆက်နေရမယ်၊ အဆက် မပြတ်တော့ဘူး၊တဒုက္ခပြီးတဒုက္ခ၊ ဒုက္ခချင်းဆက်နေမှာဘဲ။

လူမိုက်က ဒီခန္ဓာမကောင်းလို့ ဟိုခန္ဓာပြောင်းချင်ဒါ မိုက် အားကြီးလို့ဘဲ၊ ဒီလက်ရှိခန္ဓာက ဒုက္ခသစ္စာ၊ နောက်ရမဲ့ ဟိုခန္ဓာ ကလဲ ဒုက္ခသစ္စာဘဲ၊ ဘာမှ ခြားနားချက်မပါဘူး။ ဒါမသိတော့ ကောင်းနိုးနိုး ထင်လို့ဘဲဆိုဒါ မှတ်ကြ။ဒကာ ဒကာမတွေ ရိပ်မိ ပလား? ဒါနဲ့မှ နောက်ခန္ဓာ ရချင်တယ်ဆိုရင်၊ လူမိုက်ဘဲလို့ သာ ဆုံးဖြတ်ချက်ချ။ ။ဒကာ ဒကာမတွေ ယခုကိုယ်ပိုင်လက်ရှိ ရ,ထားတဲ့ ခန္ဓာက စားမဝင်,အိပ်မပျော်, လေထိုး,ရင်နာ, ဖျား နာ,ခေါင်းကိုက်နဲ့ သေခါနီးဒါနဲ့ သေခါနီးခန္ဓာ လက်ရှိ ရ,နေ ကြဒါပါ၊ သူက အချိန်ရသရွေ့ မသေ,သေအောင် အမြဲနှိပ်စက် နေတဲ့ခန္ဓာဘဲ၊ ရိပ်မိကြရဲ့လား ?

ဒကာ ဒကာမတွေ ဒီလိုအမြဲနှိပ်စက်နေတဲ့ ဒုက္ခခန္ဓာကြီးကို၊ အမြဲလက်ရှိ ဘာ့ကြောင့် ရနေကြသလဲ? ဘယ်သူ့ကြောင့် ဒီက မထွက်နိုင်ကြသလဲ? မေးဘို့မလိုဘူးလား? အဲ....ဒီဒုက္ခခန္ဓာလက်ရှိ ရထားဒါဟာ၊ အဝိဇ္ဇာဆိုတဲ့ မသိမှုကြောင့်ဘဲ၊ မသိဒါကြောင့် ရနေတဲ့ ဒုက္ခခန္ဓာကြီးဘဲလို့ မှတ်လိုက်ကြ။ ဒီထဲက မထွက်နိုင် အောင် တဏှာက ချုပ်နှောင် ထားလိုက်ပြန်တယ်။ ဒုက္ခထဲက မထွက်အောင် ဆွဲထားဒါ၊ တဏှာ့ လက်ချက်ဘဲ။ အဝိဇ္ဇာက အမှန်အကန် မသိအောင်ဖုံးထားတယ်၊ တဏှာက ဘဝအသစ်ကို ဆက်ပေးနေဒါဘဲ၊ ရှင်းပလား?

ဒကာတို့ ဒုက္ခခန္ဓာ လက်ရှိရထားဒါ ဒီနှစ်ခု လက်ချက်ဘဲ လို့မှတ်လိုက်ကြ၊ ရိပ်မိပလား? အဝိဇ္ဇာနဲ့ တဏှာ လက်ချက်ဘဲ၊ သူတို့နှစ်ခုဟာပဌမဆုံး လက်သယ်ဘဲ၊ "ဒါကြောင့် အဝိဇ္ဇာတဏှာ ဝဋ္ဋသေနဒွေ မူလာနိ" တဲ့၊ သူတို့ နှစ်ခု လက်ချက်နဲ့ အခု ဒကာ တို့တတွေမှာဒဏ်ရာ, ဒဏ်ချက်တွေ မပြေကြသေးဘူး။ ဒီကြား ထဲက နောက်ခန္ဓာရချင်ရင်၊ လက်ရှိ ဒုက္ခကိုတောင် မမြင်တဲ့သူ ဘဲ။ လက်ရှိ ဒုက္ခကိုမှ မမြင်နိုင်, မသိနိုင်အောင် ဖြစ်ရတဲ့ အဖြစ် ဟာ တန်ရုံမိုက်တဲ့ အမိုက်မဟုတ်ဘူး၊ အလွန်မိုက်တဲ့ အဖြစ်ဘဲလို့ မှတ်ကြ။

လက်ရှိဒုက္ခလဲမမြင်၊ နောက်ဒုက္ခလဲမမြင်တဲ့ သူဆိုရင် စုံလုံး ကန်းမို့ဘဲ၊ ပေါ်ကြပလား? ဒကာတို့ အခုရထားဒါက သေခါ နီး၊ နောက်ခန္ဓာက အသေတွေရမှာဘဲ၊ ကျေနပ်ကဲ့လား? ဒကာ ဒကာမတွေဒီအငြိမ့်ပွဲယ်တွေ သိရရင်,ပြင်ကြဆင်ကြဘို့ဘဲ၊နောက် ကို... ရေလှူ,ပန်းလှူ,ဆီမီးလှူ,ကျောင်းဆောက်, ဘုရားတယ်ကြနဲ့ ကုသိုလ်အမျိုးမျိုးတွေလုပ်ရင် စဉ်းစားကြအုံး။ " ဒီကုသိုလ် တွေလုပ်ပြီး ဘာဆုတောင်းမလဲ? ဘုရားက နောက်ဘုံဘဝလိုချင် ရင် လူမိုက်ဘဲလို့၊ဟောတော်မူတယ်" ဆိုပြီး အရင်စဉ်းစားကြ။ ဒီလိုစဉ်းစားပြီး ဘုရားအလိုတော်နဲ့ ညီအောင် လုပ်ကြ။

ဟိုဘဝ,ဒီဘဝ,ဟိုခန္ဓာ,ဒီခန္ဓာ,ရချင်ရင်,လိုချင်ရင်, ပြောင်း ချင်သေးတယ်ဆိုရင်၊ အဝိဇ္ဇာနဲ့တဏှာ ဦးဆောင် ပြောင်းရမှာ ဘဲ၊ နက်နက်နဲနဲစဉ်းစားပါ၊ အခု ဒကာတို့ လက်ရှိရထားဒါ

ဒုက္ခသစ္စာ၊နောက်ရမှာကလဲ ဒုက္ခသစ္စာကြီးဘဲ၊ ရိပ်မိကြရဲ့လား? ဒကာ ဒကာမတို့ ဒီအခိပ္ပါယ်စကားကို ပြောတော့၊ ရဟန်းတွေက " အကျဉ်းချုပ်တော့ သိရပါပြီ၊ အကျယ် အခိပ္ပါယ်ကို၊ အကြောင်းနှင့်တကွ ရှင်းသင်းပီး ဟောပြတော်မူပါဘုရား" လို့ လျှောက်ထားကြတော့ ဘုရားက "အကြောင်းနှင့်တကွ၊ ကျင့်ကြံရမဲ့တရားကို ဟောပြတော်မူတယ်" လို့ မှတ်ကြ။

ဒီအခိပ္ပါယ်ကို ဒကာဒကာမတွေ နားလယ်အောင်ဘုန်းကြီးက အကျယ် ရှင်းလင်းပီး ပြောပြရမယ်၊ ပဌမဆုံး သိထားဘို့က၊ ပဋိစ္စသမုပ္ပါဒ် ပြတ်အောင်လုပ်နိုင်သူ နောက်ခန္ဓာ မရဘူး။ ပဋိစ္စသမုပ္ပါဒ်ပြတ်အောင် မလုပ်နိုင်တဲ့သူ၊ ပဋိစ္စသမုပ္ပါဒ် ဆက်အောင်လုပ်တဲ့သူ၊ နောက် ခန္ဓာရမယ်လို့ မှတ်လိုက်ကြ။ သဘောပါပလား? ဒီတော့ တရားဆိုရင် ပဋိစ္စသမုပ္ပါဒ် ပြတ်တဲ့တရားမှသာ တရားမှန်၊ မှန်တဲ့တရားဘဲ လို့ ဆုံးဖြတ်ချက်ချ။ ဆုံးဖြတ်ချက်ချပီး၊ ပဋိစ္စသမုပ္ပါဒ်ပြတ်အောင် ဟောတဲ့တရား ကိုယ်တိုင် နာရလို့ မှန်ဒါသိရင်၊ မှန်လို့ရှိရင်၊ ကြိုးစားကြ၊ ကျေနပ်ပလား?

ဒကာ ဒကာမတွေ တရားပေမဲ့လဲ ရွေးကြရမယ်၊ တရားလို့ဆိုတိုင်း ရမ်းမယူလိုက်ကြနဲ့အုံးလို့ သတိ ပေးလိုက်ပါတယ်၊ တရားဆိုရင် ပဋိစ္စသမုပ္ပါဒ်ပြတ်ဘဲ့တရားမှ တရားမှန်၊ပဋိစ္စသမုပ္ပါဒ် ဆက်တဲ့တရား၊ မပြတ်တဲ့ တရား၊ဆိုရင် တရားမှန် မဟုတ်သေးဘူးလို့ မှတ်လိုက်ကြ၊ရှင်းပလား? တရားမှန်မရရင် ပဋိစ္စသမုပ္ပါဒ် ဆက်နေမယ်၊ဆက်ရင် လူမိုက်ဖြစ်မယ်၊ဒါကြောင့်....ဒကာဒကာမ

တွေ လူမိုက် မဖြစ်ကြစေနဲ့လို့ ပြောလိုက်ပါတယ်၊ ရိပ်မိပလား?. လူမိုက်က ပဋိစ္စသမုပ္ပါဒ် မပြတ်အောင် အားထုတ်တယ်၊ လူလိမ္မာက ပဋိစ္စသမုပ္ပါဒ်ပြတ်အောင်, အားထုတ်တယ်၊ ရှင်းဘီနော်။

ဒါနဝတ္ထု အမျိုးမျိုးတွေ အများအပြား အကုန်အကျ ခံပီး လှူဒါန်းကြ၊ ပေးကမ်းကြ၊ သီလတွေ ဆောက်တည်ကြ၊ အဲဒီလို အမျိုးမျိုးတွေလုပ်ပီး နောက်ဘဝ လိုချင်, ရချင်သေးတဲ့သူ၊ နောက်ဘဝဆက်ချင်သေးတဲ့သူဟာဖြင့် လူမိုက်ဘဲလို့ ဘုရားက ဟောတယ်လို့မှတ်ကြ။ ဒကာ ဒကာမတွေ သဘော ပါပလား? ဒီတော့ ကိုယ့်ကိုယ်ကိုယ်ဘဲ ခွဲကြည့်ကြ။ ဘာ့ကြောင့် လူမိုက် ဖြစ်တယ် ဆိုဒါ ပေါ်ကြမယ်၊ ရှင်းပလား?

ဒကာ ဒကာမတွေ ကြည့်ကြပါ၊ဘယ်လိုလဲဆိုတော့ "စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ" ဒကာ ဒကာမတို့ မျက်လုံး အကြည်ရုပ်နဲ့ အဆင်းရုပ် တိုက်ဆိုင်တဲ့အခါမှာ "မြင်စိတ်, စက္ခုဝိညာဏ်" ပေါ်လာတယ်။ ဒီစက္ခုဝိညာဏ်လေးဟာ လူမိုက် လဲဖြစ်တာဘဲ၊ လူလိမ္မာလဲ စက္ခုဝိညာဏ်စိတ် ဖြစ်တာဘဲ၊ရှင်းဘီ နော်။နောက်"တိဏ္ဏံ သင်္ဂတိ ဖဿော၊" ဆိုတဲ့အတိုင်း ဖဿဖြစ် တယ်၊ ဒီ—ဖဿဟာ လူမိုက်လဲဖြစ်တာဘဲ၊ လူလိမ္မာလဲဖြစ်တာဘဲ။ နောက် "ဖဿပစ္စယာ ဝေဒနာ၊" ဒီဝေဒနာဟာလဲ လူမိုက်မှာလဲ ဖြစ်၊ လူလိမ္မာလဲ ဖြစ်တာဘဲ။

ဒီလိုဖြစ်တာ တားလို့မရ, ဆီးလို့မရတဲ့ ဓမ္မသဘာဝ၊ ဓမ္မ နိယာမ သဘောဘဲ၊ရိပ်မိကြပလား? မျက်လုံးကလေးဖွင့်လိုက်လို့

အဆင်းနှင့်တွဲ မြင်စိတ်ပေါ် ဖဿ,ဖြစ်၊ ဝေဒနာလာ၊ ဒီလိုဖြစ်တဲ့ အခါမှာ၊ လူမိုက်က "ဝေဒနာပစ္စယာ တဏှာ" လာတယ်။ လူလိမ္မာက တဏှာမလာဘူး။ လူမိုက်က "တဏှာပစ္စယာ ဥပါဒါန်, ဥပါဒါနပစ္စယာ ကမ္မဘဝေါ" လူမိုက်က ကောင်း မကောင်း ဝေဒနာ လာပြီးတော့ နှစ်သက်တဲ့တဏှာ၊ စွဲလမ်းတဲ့ ဥပါဒါန်၊ နောက်ကမ်, ဆက်တိုက်လိုက် လာတယ်၊ နားလည်ကြပလား? လူမိုက်က မျက်လုံးဖွင့်တော့ ပဋိစ္စသမုပ္ပါဒ် အတန်းကြီးလာတယ်၊ လူမိုက်ဖွင့်တော့ ပဋိစ္စသမုပ္ပါဒ် မပြတ်ဘူး၊ ရိပ်မိကြပလား?

လူမိုက်မျက်လုံးဖွင့်တော့ ဝေဒနာနောက်က တဏှာလာတယ်၊ တဏှာနောက်က တဏှာအကြီးစား ဥပါဒါန်လာတယ်၊ အဲဒီလာတဲ့တဏှာက "ယာယံတဏှာ ပေါနောဗ္ဘဝိကာ" တဏှာက ဘဝသစ်ကို ဖြစ်စေတယ်တဲ့။ မဖြစ်ဘဲ မနေတော့ဘူး၊ ဘဝသစ်က စောင့်လာမယ်၊ ဘဝသစ်လာတော့ ဇရာ,မရဏ,သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ,ဥပါယာသ,ဆိုတဲ့ ဒုက္ခအစုကြီး လိုက်လာတော့ဒါဘဲ၊ သဘောပါကြပလား? ဒကာ ဒကာမတွေလဲ ဒီတရား မနာရခင်က ဒီအတိုင်းဘဲဖွင့်နေကြဒါဘဲ၊ ဒကာတို့တတွေ အရင်က လူမိုက်လမ်းစဉ်ဘဲ လိုက်နေကြဒါဘဲလို့ ဆိုရင် မမှားဘူး၊ ရိပ်မိကြရဲ့လား?

လူမိုက်က ဒုက္ခလမ်းသွားတယ်၊ လူလိမ္မာက သုခလမ်းသွားတယ်၊ လူမိုက်နဲ့ လူလိမ္မာ ဒီလို ခြားနားတယ်၊ ရှင်းကြပလား? ဒကာ ဒကာမတွေ ဘုရားက လူမိုက်နဲ့ လူလိမ္မာ ခွဲခြားတဲ့အခါ၊

လူမိုက်နဲ့ လူလိမ္မာ ရွေးတဲ့အခါ၊ ငါတို့တတွေ ဘယ်ထဲပါကြသတုံး? မေးကြည့်၊ ဆန်းစစ်ကြည့်ရင်၊ ဒို့တတွေကို လူမိုက်ဆိုဒါ ဟာ ထင်ရှားတယ်လို့ သဘောပေါက်ကြမယ်၊ ကျေနပ်ပလား? ဒကာတို့တတွေ ရှေးက နေခဲ့ထိုင်ခဲ့သမျှ လူမိုက် လမ်းစဉ်နဲ့ နေထိုင်ခဲ့ကြဒါပါ၊ လူလိမ္မာ လမ်းစဉ်တချက်မှ မပါခဲ့ကြဘူး။

ဒီတော့ ဒီဆရာသမားနဲ့ တွေ့လို့ ဒီတရားနာရလို့ အမှန်အကန် သိရရင် လမ်းစဉ်ကို ပြင်ရမယ်၊ မပြင်ရင် မဖြစ်တော့ဘူး၊မပြင် ရင် ဒုက္ခ အကြီးအကျယ် ရောက်ရဘို့ဘဲရှိတယ်၊ နားလည်ကြ ပလား? ဒါကြောင့် တိုတိုတောင်းတောင်းနဲ့ ကောင်းတဲ့အချိန် ကလေး ကျန်တုန်း၊တအားကျုံးပြီး မရအရ ယူလိုက်ကြရမယ်၊ သဘောပါပလား?ဒကာ ဒကာမတို့၊ လူမိုက်က မျက်လုံးကလေး ဖွင့်လိုက်တော့ ဒုက္ခခန္ဓာ အနာဂတ်ဘဝ အတန်းကြီး ပေါ်လာ တယ်၊လူလိမ္မာက ဒီအနာဂတ်ဘဝတန်းကြီး မလာဘူး၊ဒုက္ခခန္ဓာ မဆက်တော့ဘူး၊ သဘောပါပလား?

ဒါကြောင့် ဒကာ ဒကာမတွေ လူလိမ္မာဖွင့်နည်း ဖွင့်တတ် အောင် လုပ်ကြရမယ်၊ အဲဒီဖွင့်နည်းရမှ နောက် ဒုက္ခတန်းကြီး ပြတ်မှာ၊ဒါမှမဟုတ်ရင် ဒုက္ခပြီးဒုက္ခ၊ ဒုက္ခနဲ့ အိုးစား၊ ဘယ်တော့မှ မကွဲတော့ဘူး၊ ရိပ်မိကြပလား? လူလိမ္မာဖွင့်ပုံကို ပြောရမယ်။ ဖွင့်ပုံက.... မျက်လုံးဖွင့်လိုက်တော့ မြင်စိတ်ပေါ်တယ်၊ မြင်သိ စိတ်ကလေးဘဲ၊အဲဒီ သိစိတ်ကလေးကို ဖြစ်ပျက်ရှုတယ်၊ နောက် က ဖဿလာလဲဖြစ်ပျက်ဘဲ၊ဝေဒနာလာလဲဝေဒနာရှု၊ ဝေဒနာ

ဖြစ်ပျက်ဘဲလို့ ရှုတယ်၊ ဒီလို ဖြစ်ပျက်ရှုတော့ ရှုတဲ့နေရာမှာ မဂ် လာတယ်၊ ရှင်းပလား?

ဖြစ်ပျက်ရှုလိုက်လို့ မဂ်ဝင်လာတော့ နောက်ကလာမဲ့အနာဂတ်ခန္ဓာတွေ မလာတော့ဘူး၊ ဒါဘာ့ကြောင့်လဲ? မဂ်ဉာဏ်လေး ကြားထိုးလိုက်လို့ဘဲ၊ သဘောပါပလား? ဝေဒနာ နောက်က မဂ်ဉာဏ်လေး ကြားထိုးလိုက်လို့ အနာဂတ်ဒုက္ခခန္ဓာကြီး မလာနိုင်တော့ဘူး၊ ကျေနပ်ပလား? အနာဂတ် မလာဒါ လူလိမ္မာမို့ဘဲ၊ လူလိမ္မာဖွင့်တော့ အနာဂတ်ခန္ဓာ မလာဘူး၊ မျက်လုံးဖွင့်လို့ အနာဂတ် ခန္ဓာလာရင် လူမိုက်ဘဲလို့၊ ဘုရားက ဟောတော်မူတယ်၊ ဒကာ ဒကာမတွေ ကျေနပ်ပလား?

လူမိုက်နဲ့ လူလိမ္မာ မျက်လုံးဖွင့်လိုက်ရင် ပဋိစ္စသမုပ္ပါဒ်တွေ သာဒါဘဲ၊ ဒါပေမဲ့ မတူကြဘူး၊ လူမိုက်က "ဗြဟ္မစရိယအကျင့်" မပါဘူး၊ လူလိမ္မာက "ဗြဟ္မစရိယ အကျင့်" ပါတယ်လို့ဟောတော်မူတယ်၊ နားလယ်ကြပလား? ဘုရားက ဗြဟ္မစရိယ ဆိုဒါ မဂ် အကျင့်ဘဲတဲ့။ အဲဒီ မဂ်အကျင့်ပါရင် လူလိမ္မာဘဲလို့မှတ်ကြ။ ဘုရားက... စိတ်ရှုရှု၊ ဖဿရှုရှု၊ ဝေဒနာရှုရှု၊ ရှုချင်ဒါရှု၊ ဗြဟ္မစရိယ အကျင့်ဘဲလို့ ဟောတယ်၊ ရှင်းပလား? လူမိုက်နဲ့ လူလိမ္မာ ပဋိစ္စသမုပ္ပါဒ် ဆက်ဘာနဲ့ ဖြတ်တာဘဲ ထူးတယ်။

ဒကာ ဒကာမတွေ မျက်စိနဲ့ဘဲ ကြည့်ကြည့်၊ နားကဘဲ ထောင်ထောင်၊ ပဋိစ္စသမုပ္ပါဒ်ကတော့ တန်းလာဒါဘဲ၊ အဲဒီလို လာတဲ့အတန်းကို ဗြဟ္မစရိယနဲ့ ဖြတ်ရမယ်၊ ဗြဟ္မစရိယ ဆိုဒါ

မြတ်သော အကျင့်လို့ ဆိုလိုတယ်၊ မြတ်သော အကျင့်ဆိုဒါ ဖြစ်ပျက်ရှုတဲ့အကျင့်၊ မဂ်အကျင့်ဘဲလို့ မှတ်လိုက်ကြ။ ဒီတော့ ဒကာတို့တတွေ မျက်လုံး ဖွင့်တိုင်း၊ နားဖွင့်တိုင်း၊ ဒွါရခြောက်ပေါက် ဖွင့်တိုင်း၊ ဖွင့်တိုင်း ဒိဋ္ဌဟူ့ရှိယ ဆိုတဲ့ မဂ်အကျင့်နဲ့ ဖွင့်ရမယ်၊ မဂ်အကျင့်နဲ့ဖွင့်ရင် အနာဂတ်ဒုက္ခခန္ဓာ ပဋိစ္စသမုပ္ပါဒ်တန်းကြီး ပြတ်မယ်၊ သို့မဟုတ် ဆက်မယ်ဆိုဒါ မှတ်ကြ။

ဒါကြောင့် ဒကာတို့တတွေ လူ့လိမ္မာဖြစ်အောင်၊ ပဋိစ္စသမုပ္ပါဒ်ပြတ်အောင် ဖြတ်ပေတော့လို့ ပြောလိုက်ပါတယ်၊ သဘောပါကြပလား? ဒီကနေ့ ဟောတဲ့ဘုရားကို သဘောပါပါ နားထောင်နိုင်ရင်၊ နားထောင်နိုင်တဲ့သူ့ဆိုရင် ယနေ့ နိဗ္ဗာန်ရနိုင်တဲ့သူဘဲတဲ့၊ ဘုရားက ဟောတယ်၊ ဒါကြောင့် ကြိုးစား နာယူကြ။ ဥပမာ.... မျက်လုံးဖွင့်လို့ မြင်သိစိတ်ကလေး ပေါ်လာတယ်၊ ပေါ်တော့ မြင်ရတဲ့ အဆင်းသဘော "ဝဏ္ဏပစ္စည်း" ကလေးက ကောင်းတယ်၊အဲဒီ ဝေဒနာလေး လာတယ်၊လာတော့ ဒီလာတဲ့ဝေဒနာလေး ဖြစ်ပျက်ဆိုပြီး ရှုချလိုက်တော့ နောက်က တဏှာ မလာ၊ ဥပါဒါန်ချုပ်၊ ကမ်ချုပ်၊ နောက်က အကုန်ချုပ်သွားတယ်။

မရှုမိတော့ ကောင်းတယ်၊ လိုချင်တယ်၊ စွဲလမ်းတယ်ဆိုပြီး၊ တဏှာ၊ ဥပါဒါန်၊ ကမ်၊ ဇာတိဆိုပြီး လိုက်လာတယ်၊ လိုက်လာတော့ ဇာတိနောက်က တဆက်ထဲ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ ဆိုတဲ့ ဒုက္ခ အစဉ်တန်းကြီး

ပါရတော့ဒါပေါ့၊ သဘောပါပလား? ဒကာ ဒကာမတို့ ဗြဟ္မစရိယ အကျင့်နဲ့ ဖြစ်, ပျက်, ရှုဒါ၊ ဇာတိ, ဇရာ, မရဏ, စတဲ့ ဒုက္ခတွေ ဖြတ်နေဒါဘဲ၊ နောက် ဒုက္ခတွေ မလာအောင်လို့ ဖြတ်နေတဲ့ အကျင့်ဘဲလို့ မှတ်လိုက်ကြ၊ ရိပ်မိကြပလား?

ဒါကြောင့် ဒကာ ဒကာမတွေကို ထူးထူးခြားခြား တိုက်တွန်းလိုက်တယ်၊ ကိုယ့်ကိုယ်ကိုယ် ဆုံးဖြတ်နိုင်အောင် လုပ်ကြပါလို့ ကိုယ့်ဟာကိုယ် ဆုံးဖြတ်နိုင်အောင်, ကိုယ့်ခန္ဓာဖြစ်စဉ် ကိုယ်ကြည့်ကြ။ သူတပါး မကြည့်ကြနဲ့။ သူများကြည့်ဒါက မှားသည်ရှိမယ်၊ မှန်သည်ရှိမယ်၊ ဒါကြောင့် သူများ မကြည့်နဲ့လို့ ပြောလိုက်ပါတယ်။ မိမိခန္ဓာဖြစ်စဉ် ကိုယ့်ဖြစ်စဉ်ကိုယ် အကဲခတ်ကြ။ ပဋိစ္စသမုပ္ပါဒ်တွေ ဆက်သလား? ပြတ်သွားရဲ့လား? ဘယ်နားရောက်သွားသလဲ? ဉာဏ်နဲ့ မြင်အောင်, သိအောင်, အကဲခတ်ကြ၊ ရှင်းကြပလား?

ဒကာတို့တတွေ နေ့တိုင်းမျက်လုံးဖွင့်ရင်၊ ဖွင့်တိုင်း, ဖွင့်တိုင်း ငါဖွင့်ဒါ လူမိုက်ဖွင့်လား? လူလိမ္မာဖွင့်လား? သိဘို့ အလွန်အရေးကြီးတယ်၊ ဒါသိအောင် ကြိုးစားရမယ်၊ သိအောင် ဗြဟ္မစရိယ အကျင့်, မဂ်အကျင့်လိုက်ပေးကြ၊ ဒီအကျင့်လိုက်ပေးမှ သိနိုင်ကြမယ်။ ဒီလိုလုပ်မှ ကိုယ်တိုင်အသိ, ကိုယ်တွေ့အသိ ရကြမယ်။ ဒီတရားက ကိုယ်တိုင်သိတရား၊ သူများပြောလို့ သိရဒါမဟုတ်ဘူးလို့ မှတ်လိုက်ကြ၊ သဘောပါပလား? ဒကာ ဒကာမတွေ

ကိုယ့်ကိုယ်ကိုယ် မိုက်မှန်း၊ လိမ္မာမှန်း သိအောင် လုပ်ကြရမယ်၊ မသိရင် ဘယ်နှယ်ဆိုကြမလဲ?

ကိုယ်မိုက်တာ, ကိုယ်လိမ္မာဒါကိုမှ မသိဘူးဆိုရင်, မသိတဲ့သူ ဆိုရင် အရူးဘဲ၊ အရူးမှ, အရူးကြီးဘဲလို့ ဆိုထိုက်, မဆိုထိုက်, ကိုယ်တိုင် ဆုံးဖြတ်ကြ၊ ကျေနပ်ကြပလား? ဒီတော့ ကိုယ့်အဖြစ် မှန်, ကိုယ်သိရအောင်, ကိုယ့်ခန္ဓာကိုယ်အကဲခတ်ရမယ်၊ အကဲခတ် ဆိုတော့ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်, ဆိုတဲ့ ဒွါရခြောက် ခုမှာ ပေါ်သမျှ အကဲခတ်ကြရမယ်။ ဖြစ်, ပျက်, ရှုကြ၊ ရှုဉာဏ်နဲ့ အကဲခတ်ကြရမယ်လို့ ဆိုလိုတယ်၊ သဘောပါကြရဲ့လား? ခတ် တော့ ဒွါရခြောက်ခုက တခုပြီးတခု ဆိုသလို လှဲ့ပေါ်နေမှာဘဲ၊ ဘယ်နေရာက ဘာစိတ်ပေါ်ပေါ် ဖြစ်, ပျက်, ရှုပေးကြ၊ ရှင်းပလား?

ဒကာ ဒကာမတွေ လောကမှာ ပြောရိုးထုံးစံ ရှိကြတယ်၊ "သူ့အသက်သတ်, သူ့ဥစ္စာခိုးဝှက်, လိမ်ကောက်, တိုက်ခိုက်နေ တဲ့သူကိုလူမိုက်လို့" ပြောကြတယ်၊ ဒီလိုလူ လူမိုက်လို့ ပြောနေကြ ပေမဲ့ အစစ်အမှန် မကျသေးဘူးလို့ မှတ်ရမယ်။ လူမိုက်လို့ ဆိုဒါ အစစ်အမှန်က "နောက်ခန္ဓာရတဲ့သူ" မှ လူမိုက်အစစ်လို့ မှတ် ကြ။ ဘုရားရှင်ကလူမိုက်, လူလိမ္မာ, ခွဲတဲ့နေရာမှာ၊ နောက်ခန္ဓာရ, မရ, ဆိုတဲ့အချက်သာလိုရင်းဘဲလို့ ဟောတော်မူတယ်၊ သဘော ပါကြပလား?

လူမိုက်နဲ့ လူလိမ္မာဟာ အတိတ်ကတူပေမဲ့ လူလိမ္မာက ပစ္စုပ္ပန်မှာ ထူးရမယ်။ ပစ္စုပ္ပန်မှာ တိဟိတ်ဖြစ်မှ မဂ်ကိုရမယ်၊ မဂ်ကိုရမှလဲ ထူးခြားတဲ့ လူလိမ္မာအဖြစ် ရောက်မယ်။ ဒါကြောင့် ဒကာဒကာမတွေထူးအောင်လုပ်ကြ၊ မဂ်ကိုရအောင် အားထုတ်ကြ၊ ရှင်းကြပလား? မဂ်ကိုရမှ နောက်ခန္ဓာ ပဋိစ္စသမုပ္ပါဒ် ဒုက္ခစက်ကြီး ပြတ်မယ်၊ ခန္ဓာပဋိစ္စသမုပ္ပါဒ် ပြတ်အောင်၊ ပြဟ္မစရိယ, အကျင့် ကျင့်ရမယ်၊ ဒီအကျင့် ကျင့်ပီး၊ ကိုယ့်ပဋိစ္စသမုပ္ပါဒ် ပြတ်ရမယ်၊ ပြတ်ကြ၊ ကျေနပ်ပလား?

ဒကာ ဒကာမတွေက ပြောကြသေးတယ်၊ "ဆရာဘုန်းကြီး ပြောလို့ သတိလေးတော့ ထားပါရဲ့၊ ဒါပေမဲ့ လွန်လွန် သွားတယ်၊ မမိလိုက်ဘူး"တဲ့၊ အဲဒါ မိုက်လို့ဘဲဆိုဒါ မှတ်တော့၊ ပဋိစ္စသမုပ္ပါဒ် ဆက်တော့ ဆက်တတ်တယ်၊ ပြတ်တော့ မပြတ်တတ်ဘူး ဆိုရင်, လူမိုက်မို့ဘဲ၊ လူလိမ္မာဆိုရင်, ဆက်တတ်တဲ့နောက်, ပြတ်တတ်ရမယ်၊ ရိပ်မိပလား? ဒီအသက်ဒီအရွယ်တွေ ရှိလာကြဘီ၊ခေါင်းဖြူ,စွယ်ကျိုးနဲ့ အဘိုးမထိုက်တဲ့ လူမိုက်ကြီးတွေဘဲလို့ ဆိုလိုက်ရင် ရှက်ပီးသေကြဘို့သာကောင်းတော့တယ်၊ ဒါကြောင့် ဒီအဖြစ်ဆိုးက လွတ်အောင်ကြိုးစားကြ။

အားထုတ်တော့ မျက်လုံးကလေးဖွင့်တယ်၊ အဆင်းနဲ့ တွေ့တော့ မြင်စိတ် ပေါ်မယ်။ ပေါ်ရင် အဲဒီ မြင်စိတ် ကလေးကို ဖြစ်,ပျက်,ရှု။ ဒီနည်းအတိုင်း ပေါ်လာဒါ မလွတ်အောင်ရှုပေး။

ဒကာတို့ သန္တာန်မှာ ပေါ်သမျှ မလွတ်ဘဲ ကြိုးစားရမယ်၊ ရှင်းပလား? ရှုတဲ့အခါ ခန္ဓပဋိစ္စသမုပ္ပါဒ် ရှေ့ပိုင်းက ကြိုက်တာရှု။ ဖဿရှုချင်ရှု၊ ဝေဒနာ၊ စိတ်၊ ရုပ်၊ ရှုချင်ဒါကိုရှု။ သဘိပဋ္ဌာန် လေးပါးထဲက ကြိုက်တာ တခုခုရှု။ ဒီလို ရှုတဲ့အကျင့်ဟာ "ပြဟ္မစရိယ အကျင့်" မဂ်အကျင့်ဘဲလို့ မှတ်ကြ။ ဒီအကျင့် ကျင့်ရင်၊ နောက်ခန္ဓာမရဘူး၊ နောက်ဒုက္ခမလာဘူး၊ ရှင်းပလား?

ဒကာဒကာမတွေ ရှုတတ်ကြပလား? ရှုတတ်အောင်ရှု၊ ရှုတတ်မှ နောက်ခန္ဓာမရမှာ၊ နောက်ခန္ဓာရရင်, လူမိုက်ဘဲလို့ ဆုံးဖြတ်ချက်ချကြ၊ ရှင်းပလား? လူမိုက်အဖြစ်က ကျွတ်ချင်, လွတ်ချင်ရင်, အားထုတ်မှဖြစ်မယ်၊ အားမထုတ်ချင်ရင်, တူးအောင် မိုက်ချင်လို့ဘဲ၊ ကျေနပ်ပလား? ဒီတော့ ဒကာတို့တတွေ ကိုယ့်ကိုယ်ကိုယ် အကဲခတ်ကြည့်ကြ၊ ကြည့်တော့ စိတ်ပေါ်လဲရှု၊ ဝေဒနာပေါ်လဲရှု၊ တဏှာ, ဥပါဒါန်, ကမ်တွေ မလာအောင် ရှုပစ်၊ နောက်က တဏှာ, ဥပါဒါန်, ကမ်တွေ မလာရင် မဂ်လာဒါဘဲ၊ မဂ်လာတော့ နောက်ခန္ဓာ ပြတ်ကရော။

ဒကာဒကာမတွေ ကျေနပ်ပလား? ပဋိစ္စသမုပ္ပါဒ်က သံသရာချဲ့ထွင်ဘို့ တန်းလာဒါ "ပြဟ္မစရိယအကျင့်" မဂ်နဲ့ ကြားက ဝင်ဖြတ်လိုက်တော့၊ နောက် လာမဲ့ ဒုက္ခတန်းကြီး မဆက်တော့ဘူး၊ ဒုက္ခဇာတ်, အကုန်သိမ်းလိုက်တယ်၊ မဂ်က သိမ်းလိုက်တာဘဲ၊ ရှင်းပလား? ဒါကြောင့် ဒကာဒကာမတွေ ဒီလိုအခွင့်အခါမျိုး

ဒီတရားမျိုး,ဒီနားမျိုးနဲ့,ကြုံကြိုက်ဘို့ရာ တသက်မှာမှ တခါဆို ရင် မမှားဘူး၊ ဒီလိုအခွင့်ကောင်းကြုံကြိုက်တုန်းမှာ သာမည လူသာမန် အဖြစ်နဲ့ အနှိစ္စရောက်သွားရင် မှောက်လိုက်မဲ့ မှား လိုက်မဲ့ဖြစ်ခြင်း စဉ်းစားဝံ့ဘို့ မရှိတော့ပါဘူး။

ဒါကြောင့် ဒီအချိန်မှာ ထူးရမယ်၊ ထူးခြားတဲ့ လူလိမ္မာ အဖြစ် ရောက်အောင် လုပ်ကြရမယ်၊ မထူးရင် ဒကာဒကာမတွေ မြုပ်လေတော့ မျောလေတော့လို့ ပြောလိုက်ပါတယ်၊သဘော ပါကြရဲ့လား?

ကိုင်း, နာရိက စေ့သွားဘိ၊ ဒီတွင်ဘဲ တော်ကြအုံး။

# ဓမ္မရတနာ မာတိကာ

## "အို, သေ, လွတ်ကြောင်း၊ နည်းလမ်းကောင်း တရားတော်"

---

### ဆောင်ပုဒ်

မိမိခန္ဓာ၊ အဇ္ဈတ်မှာ၊ ဉာဏ်ဝါသုံးသပ်ပြု။
ဒွါရခြောက်နယ်၊ ရုပ်နာမ်လှယ်၊ သွယ်သွယ်ဖြစ်ပျက်မှု။
ဖြစ်ပျက်တိုင်းပင်၊ သတိယှဉ်၊ ဉာဏ်မြင်တပ်တပ်ရှု။
ရှုဉာဏ်ဝင်ဖြတ်၊ တဏှာသတ်၊ ချုပ်ပြတ်ပဋိစ္စု။
ပဋိစ္စပြတ်ခါ၊ နောက်ခန္ဓာ၊ မလာအိုသေမှု။
အိုသေလွန်မြောက်၊ နိဗ္ဗာန်ပေါက်၊ ကဲမောက်လုလ္လပြု။ ။

### သတိချပ်

ခန္ဓာတွင်းမှာ၊ သုံးသပ်ပါ၊ မြတ်စွာဟောမိန့်ရှိ။
အိုတတ်သေတတ်၊ ခန္ဓာဓာတ်၊ မပြတ်တည်လေဘိ။
တချိန်မကျ၊ တချိန်ကျ၊ မုချသေမည်သိ။
အိုသေထိုဘေး၊ မလွတ်သေး၊ စိတ်အေးဘယ်မရှိ။
အိုသေလွတ်ရန်၊ လျှင်အမြန်၊ ပွါးဉာဏ်ခန္ဓာရှိ။
ခန္ဓာ့လက်သယ်၊ တဏှာချယ်၊ သွယ်သွယ်ဒုက္ခငြိ။
တဏှာသေတတ်၊ မဂ်နှင့်ဖြတ်၊ အမြတ်နိဗ္ဗူတိ။ ။

**တရားသား** ဒကာဒကာမတွေ တနေ့သော အခါမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ရဟန်းတွေကို မေးမြန်းတော်မူတယ်၊ "ရဟန်းတို့ အသင်တို့ဟာ မိမိခန္ဓာအတွင်းမှာ သုံးသပ်ဆင်ခြင်ကြရဲ့လား? ဒီလို မေးတဲ့အခါမှာ၊" ရဟန်းတပါးက "တပည့်တော် ဆင်ခြင်ပါတယ်ဘုရား" လို့ လျှောက်ထားတော့၊ ဘုရားရှင်က "အသင် ဘာကိုသုံးသပ်ဆင်ခြင်သလဲ? ပြန်ပြီးမေးတော်မူလိုက်တယ်၊" အဲဒီအခါမှာ ရဟန်းက "ကေသာ, လောမာ,နခါ,ဒန္တာ,စတဲ့ ၃၂, ကောဋ္ဌာသကို သုံးသပ် ဆင်ခြင်ပါတယ်ဘုရား" လို့ ပြန်လည်လျှောက်ထားတယ်လို့ မှတ်ကြ။

ဒီတော့ ဘုရားရှင်က " ဒီလို ဆံ, အမွေး, စသည် ဆင်ခြင်ဒါက နိဗ္ဗာန်ရောက်ကြောင်းနဲ့ ဝေးတယ်" လို့ အမိန့်တော်ရှိပြီး၊ ဆိတ်ဆိတ် နေတော်မူတဲ့အခါ၊ အရှင်အာနန္ဒာမထေရ်က " မိမိခန္ဓာအတွင်းမှာ ဘယ်ကဲ့သို့ သုံးသပ် ဆင်ခြင် ရပါ့မလဲ? ဆိုတဲ့ အကြောင်းစုံကို ရှင်းလင်း မိန့်ကြားတော်မူမှ သိနိုင်ကြရပါမည် ဘုရား" လို့ လျှောက်ထား တောင်းပန်တဲ့ အခါ၊ "ဒါဖြင့် နားထောင်ကြ ဟောပြမယ်" လို့ အမိန့်ရှိပြီး၊ ခန္ဓာအတွင်း ဆင်ခြင်ပုံကို ဟောပြတော်မူတယ်လို့ မှတ်ကြ။

ဘုရားဟောတဲ့ အခ်ိပ္ပါယ်ကို ဒကာဒကာမတွေအတွက် ရှင်းပြီး ပြောလိမ့်မယ်လို့ မှတ်ထားကြ။ ဘုရားက သစ္စာဆိုက်တဲ့ တရားကို ဆင်ခြင်စေချင်တယ်၊ သစ္စာမဆိုက်တဲ့ ၃၂,ကောဋ္ဌာသ

ကို ဆင်ခြင်ဒါ သဘောကျတော်မမူ၊ အားရတော် မမူဘူးလို့ မှတ်ကြ။ ဘုရားရှင်က သစ္စာဆိုက်တဲ့တရားကို သုံးသပ် ဆင်ခြင်ပါမှ အလိုတော်ကျမို့ အားရ ကျေနပ်တော် မူတယ် ဆိုတဲ့ အဓိပ္ပါယ်ကို ဒကာဒကာမတွေ အထူး သတိချပ်ကြလို့ ပြောလိုက်ပါတယ်၊ ရိပ်မိကြပလား? ဘုရားက ဝမ်းထဲမှာ အိုတတ်၊ သေတတ်တဲ့ တရားကို ဆင်ခြင်စေချင်တယ်လို့ မှတ်လိုက်ကြ။

ဘုရားရှင်က သုံးသပ်ဆင်ခြင်စေချင်တဲ့အဓိပ္ပါယ်က "ငါ့မှာ အိုသေ ရှိပါသေးကလား၊ အိုရမဲ့ဘေး သေရမဲ့ဘေးက မလွတ်သေးပါကလား၊အိုတတ် သေတတ်တဲ့ ဒုက္ခသစ္စာခန္ဓာကြီးနဲ့ နေရပါသေးကလား"လို့ ဆင်ခြင်သုံးသပ်စေချင်တယ်လို့ မှတ်ရမယ်၊ ရှင်းကြပလား? ဒကာဒကာမတွေ ဒီလို အိုတတ်တဲ့သဘော၊ သေတတ်တဲ့သဘော၊ မုချ အိုရ သေရမဲ့ ခန္ဓာလက်ရှိ ရှိနေရင်၊ ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်း ရှိနိုင်ပါ့မလား? မရှိနိုင်ကြပါဘူး၊ ဒီလို အိုတတ် သေတတ်တဲ့ ခန္ဓာနဲ့ဖြင့်၊ ဘယ်နည်းနဲ့မှ စိတ်ချ လက်ချ မနေနိုင်ကြဘူး။

ဒကာဒကာမတွေ သဘောပါကြရဲ့လား? ဒါကြောင့် "ဒီခန္ဓာ အိုတတ်တဲ့ခန္ဓာကြီး၊သေတတ်တဲ့ခန္ဓာကြီးဘဲ၊ဒီခန္ဓာကြီးရှိနေသမျှ အိုဒုက္ခ သေဒုက္ခက မလွတ်နိုင်ဘူး၊ မုချအိုရမယ်၊မုချသေရမယ်" လို့ ဆင်ခြင်ကြ၊ သုံးသပ်ကြရမယ်၊ နားလည်ပလား? ဒီလို ဆင်ခြင်တော့ မိမိ သေရမှာ အိုရမှာ သိမယ်၊ မဆင်ခြင်ဘဲနေတော့

သွားရေး, သွီးရေး, စီးပွါးရေးတွေနဲ့ အချိန်ကုန်၊ မောဟ, အဝိဇ္ဇာက ဖုံးဖိထားလေတော့ မသိကြဘူး၊ မသိတဲ့အဖြစ်နဲ့ အချိန်တွေကုန်ကြရတယ်၊ ရိပ်မိကြရဲ့လား? ဒါကြောင့် ဆင်ခြင်ကြရမယ်၊ ဆင်ခြင်တော့ ကိုယ်အိုရမှာ, သေရမှာကို သိမယ်၊ သိတော့ စိတ်ချလက်ချ မနေနိုင်တော့ဘူး။

မဆင်ခြင်ရင် မသိဘူး၊ အမှတ်တမဲ့နဲ့ မဆင်ခြင်မိရင်၊ မသိတော့ဘူး၊ မသိရင် လူမိုက်ဘဲလို့ မှတ်လိုက်ကြ။ မဆင်ခြင်မိဒါ, မသိဒါဟာ, လူမိုက်မို့ဘဲ၊ ကိုယ်တိုင် အိုရမှာ, ကိုယ်တိုင်သေရမှာမှ, မသိတဲ့သူဟာ၊ တွင်းတူးပီး မိုက်မဲ့သူဘဲလို့ သာ ဆုံးဖြတ်ချက်ချ၊ ရိပ်မိကြပလား? ဒကာတို့တတွေ အခုလက်ရှိရနေဒါက အိုရမဲ့သေရမဲ့ခန္ဓာ၊ ဒုက္ခခန္ဓာကြီး ရ,ထားကြဒါ၊ ဒါကိုမှ မသိဘဲနေရတဲ့အပြင်၊ သွားရေး, သွီးရေး, စီးပွါးရေးတွေနဲ့ နေပြန်တော့၊ အိုသေဘဲ ထပ်ပီးရှာနေဒါဘဲ၊ ပြောဘို့မရှိတော့ဘူး။

ဒကာဒကာမတွေ၊ ဒီအို,သေ,ကို ထပ်ပီးရှာနေဒါဟာ ဘာလို့လဲ? မိုက်လွန်းအားကြီးလို့၊ မသိလွန်းအားကြီးလို့၊ အို,သေ, ဒုက္ခများများ ဖြစ်ချင် လို့ ဘဲ၊ ရိပ်မိကြရဲ့လား? ဒီ သဘောပါဘဲ၊ ဒကာဒကာမတွေ ပါးစပ်ကတော့ ပြောမှာဘဲ " တပည့်တော်ဘို့အိုရမှာ ကြောက်ပါတယ်၊ သေရမှာလဲ ကြောက်ပါတယ်နဲ့ " ပြောမှာဘဲ၊ ဒါပေမဲ့ ဒကာဒကာမတွေ နေထိုင်ပုံ, လုပ်ပုံ, ကိုင်ပုံက ကြောက်တဲ့လက္ခဏာ တခုမှ မပါကြဘူး။ ကြောက်ဘာ တကယ်

ဟုတ်ရင်ဖြင့်၊ဆရာသွား ပြောတဲ့အတိုင်းလုပ်ကြရမယ်၊ဒါကြောင့် ကိုယ့်မှာ အို့သေ့ရှိရက်နဲ့ မတွေးဘဲ မနေကြနဲ့၊ ကိုယ့်အိုသေ ကိုယ်တွေးကြပါလို့ သတိပေးလိုက်တယ်၊သဘောပါကြပလား?

ခန္ဓာရှိသူမှန်သမျှ အိုနာ,သေနာ,ရှိကြတယ်၊ ဒကာတို့တတွေ လဲ ခန္ဓာလက်ရှိနဲ့ ဆိုတော့ အိုနာ, သေနာ ရှိတဲ့လူချည့်ပါဘဲ၊ ရိပ်မိရဲ့လား? ကိုယ့်ရှိတဲ့ အိုနာ,သေနာကို ရှိမှန်းသိဘို့လိုတယ်၊ ရှိမှန်းသိအောင်လဲ သုံးသပ်ပါမှ ဆင်ခြင်ပါမှ သိကြမယ်။ ဒီလို မသုံးသပ်မိ, မဆင်ခြင်မိလေတော့ ရှိမှန်းမသိကြဘူး။ မသိတော့ အိုနာရဘို့, သေနာရဘို့,ထပ်တလဲလဲ ရှာနေမိကြတယ်၊ ရှင်းကြ ပလား? ဒါကြောင့် ဒကာဒကာမတွေ ကိုယ့်မှာ အနာရှိမှန်း သိမှသာ ဖြစ်ဘော့မယ်၊ မသိရင် မဖြစ်ဘူး၊ မသိတော့ လောဘ, တဏှာ,ဥပါဒါန်,ကမ်တွေ ထပ်ရှာနေကြတယ်။ ဒီလိုရှာဒါ အိုသေ ကိုရှာဒါဘဲလို့ မှတ်ကြ၊ ရှင်းကြပလား?

ဘုရားက အတွင်းသုံးသပ်ကြ၊ အနာရှိမှန်းသိမှ ဆေးရှာချင် ကြမယ်၊ ကိုယ့်အနာရှိဒါ မသိရင်၊ ဆေးမရှာချင်ကြဘူး၊ ဒါ ကြောင့် အနာရှိဒါ ရှိမှန်းသိအောင် အတွင်း သုံးသပ်ကြလို့ ဟောတော်မူဒါဘဲ၊ ရိပ်မိပလား? ဒကာဒကာမတွေက ကိုယ့် အနာရှိဒါလဲမသိ၊ နောက်ထပ်လဲ ရှာချင်ကြသေးတယ်၊ သဘော ပါကြပလား?ကိုယ့်သန္တာန်မှာရှိတဲ့ဇီရဏ,တေဇောက အိုအောင် လုပ်တယ်၊ ရုပ်ဇီဝိတ,နာမ်ဇီဝိတတွေက သေအောင်လုပ်နေကြဒါ

ဘဲ၊ ရိပ်မိကြရဲ့လား? သူတို့က အိုအောင့်သေအောင့် အမြဲလုပ်နေကြဒါ၊ တချက်ချက်မှာ ဒုက္ခရောက်ကြမယ်။

ဒါကြောင့် မပေါ့ကြနဲ့၊ ကိုယ့်ခန္ဓာ အိုသေရှိဒါ သိကြရမယ်၊ အိုသေရှိမှန်းသိရင် ဇရာဒုက္ခသစ္စာ၊ မရဏဒုက္ခသစ္စာ သိဒါဘဲ၊ သဘောပါရဲ့လား? ဒီလိုသိလာရင် ဆက်ပြီး တွေးရမယ်၊ " ဒီ အို့သေ့ ဘယ်ကလာသလဲ"လို့ ဆက်ပြီးတွေးရမယ်၊တွေးတော့ အိုသေဟာ ခန္ဓာငါးပါးကြောင့် လာဒါဘဲလို့ သိရမယ်၊ ခန္ဓာငါးပါး ရှိလို့သာ အိုသေရှိနေဒါဘဲ ဆိုတဲ့အချက် သိကြရမယ်၊ ရိပ်မိကြပလား? ခန္ဓာငါးပါးမရှိရင် အိုသေဆိုဒါ မလာနိုင်ဘူး၊ရုပ်၊ဝေဒနာ၊သညာ၊သင်္ခါရ၊ဝိညာဏ်ဆိုတဲ့ ခန္ဓာငါးပါး၊ သူရှိလို့သာ အို့သေ့လာဒါဘဲလို့ မှတ်လိုက်ကြ၊ သဘောပါမလား?

အတွင်းမှာ ဆင်ခြင်သုံးသပ်တော့ အို့သေ့ရှိဒါကို သိမယ်၊ ဒီ အို့သေ့ဟာ ဘာကြောင့် ရှိဒါလဲလို့ ဆက် တွေးပြန်တော့ ခန္ဓာကြောင့်၊ ခန္ဓာရှိလို့သာ လာဒါဘဲဆိုတဲ့ အချက် ပေါ်ကြမယ်၊ သဘောပါရဲ့လား? မသုံးသပ်ရင် မပေါ်နိုင်ဘူး၊ ရိပ်မိရဲ့လား? ခန္ဓာငါးပါးဆိုဒါ လူခန္ဓာ ငါးပါး၊ နတ်ခန္ဓာ ငါးပါး၊ ပြဟ္မာခန္ဓာငါးပါး၊ အားလုံး ခန္ဓာငါးပါးဘဲ၊ ဒီခန္ဓာအမျိုးမျိုး ရှိလို့ အို့သေ့ ရှိဒါဘဲဆိုဒါ မှတ်ကြ၊ ခန္ဓာမရှိရင် အို့သေ့ မလာဘူး။ ဘာခန္ဓာဘဲဖြစ်ဖြစ်၊ ခန္ဓာရှိသမျှ အို့သေ့က မလွှတ်ကြဘူးဆိုဒါ မှတ်ကြ။

ဒကာဒကာမတွေ အခုရနေတဲ့ လက်ရှိခန္ဓာနဲ့ အားမရလို့ နတ်ခန္ဓာ၊ ဗြဟ္မာခန္ဓာ၊ ခန္ဓာအမျိုးမျိုး တောင့်တကြမယ်၊ လိုချင်ကြမယ်ဆိုရင်၊ အို့သေ့က မလွတ်ချင်လို့ဘဲ၊ ခန္ဓာရချင် ဖြစ်ချင်ကြတဲ့သူဆိုရင် "တပည့်တော် အို့သေ့ကို ရ၊ရပါလို၏" လို့ ဆိုဒါလို့သာ မှတ်လိုက်ကြ၊ သဘောပါပလား? ဒကာဒကာမတွေ လက်ရှိခန္ဓာက သူ့သဘာဝအတိုင်းဖေါက်ပြန်၊ ဖေါက်ပြန်ပီးပြလိုက်တော့၊ ဆေးဝါးအမျိုးမျိုးနဲ့ ပြုပြင်ကြ၊ ကုသကြပေမဲ့ ရကြရဲ့လား? မရဘူး၊ခန္ဓာမှာ နဂိုက ပါနေဒါမို့ မရကြဘူး၊ အို့သေ့ အိုသေပါဘဲ၊ ရိပ်မိကြပလား?

ဒကာဒကာမတွေ ဘယ်လိုဘဲ ကောင်းအောင် ပြုပြင်နေကြပေမဲ့၊ နဂိုက မကောင်းတဲ့ဟာမို့ ဘယ်တော့မှ မကောင်းနိုင်ဘူးလို့သာ ဆုံးဖြတ်ချက် ချလိုက်ကြ။ မကောင်းဒါနဲ့ ပေါင်းမိနေကြရလို့ အခုကိုဘဲ အို့သေနဲ့ ခွဲလို့ ခွါလို့ မရကြပါဘူး၊ဒီကြားထဲက နောက် အို့သေ့ တောင်းချင်သေးတယ်၊ ရချင်သေးတယ်ဆိုရင် အမိုက်သန်လွန်းလို့ဘဲ။ အခါအခွင့်ရတုန်းမှာမှ မလိုက်နာမိလို့ အမိုက်သန်နေကြ အုံးမယ်ဆိုရင်၊ ဒုက္ခဆုံးနိုင်ဘို့ မရှိတော့ဘူး၊ သံသရာကြော မျှောဘို့ဘဲ ရှိတော့တယ်လို့ ပြောလိုက်ပါတယ်၊ နားလည်ကြပလား?

အခု ဒကာဒကာမတွေ အို့သေ ဘယ်ကလာသလဲ? အို့သေ ခန္ဓာကလာတယ် ဆိုဒါ သိကြရဘီ၊ ဒါသိရင် ရှေ့ဆက်ပီး တွေး

ပါတဲ့၊ နောက်ဆုတ်ပြီး သုံးသပ်ပါတဲ့၊ ''ခန္ဓာ ဘယ်ကလာသလဲ? လို့ သုံးသပ်ကြည့်ပါ၊''သုံးသပ်တော့ ခန္ဓာနှစ်သက်တဲ့ တဏှာက လာတယ်ဆိုတဲ့ အချက် သိကြရမယ်၊ ရိပ်မိကြရဲ့လား? ဒီခန္ဓာ ဘာ့ကြောင့် ရလာသလဲ? ဒီခန္ဓာကို တဏှာက နှစ်သက်မိလို့၊ ဥပါဒါန်က စွဲလမ်းထားလို့ ကမ်က ရချင်ဒါနဲ့လုပ်ထားလို့သာ ရလာဒါဘဲ၊ ရှင်းကြပလား? ခန္ဓာကို နှစ်သက်တဲ့တဏှာ၊ခန္ဓာကို စွဲလမ်းတဲ့ ဥပါဒါန်၊ ခန္ဓာကို ရချင်,ယူချင်လို့လုပ်တဲ့ကမ်၊ဒီဟာ တွေက လာတယ်လို့ သိရမယ်၊ ပေါ်ပလား?

ထပ်ပြီးရှင်းပါအုံးမယ်၊ ဒကာဒကာမတွေ အို့သေ့ဘယ်က လာသလဲ? ခန္ဓာကလာတယ်။ ဒါဖြင့် ခန္ဓာ ဘယ်ကလာသလဲ? နှစ်သက်တဲ့တဏှာ၊စွဲလမ်းတဲ့ဥပါဒါန်၊ ရချင်လို့လုပ်တဲ့ ကမ်က လာတယ်၊ ကိုင်း,ရှင်းဘီနော်။ဒကာဒကာမတွေ၊ အိုရမှာ,သေရ မှာ, ကြောက်လိုက်တာ အလွန်ဘဲ၊ ကြောက်ပေမဲ့လဲ ခွဲလို့မရ, ခွါလို့မရအောင် ဖြစ်နေကြဘီ၊မသိတုန်းက တခါမှားမိလို့ရနေ ကြဒါ၊ တခါမှားမိဒါဟာ သိတ်ကိုနာနေကြဘီ၊ ရိပ်မိကြပလား? ဒီလိုနာနေရတဲ့အထဲကမှ ထပ်ပြီးမှားကြအုံးမယ်ကြံရင် ''နာလံ'' မထူနိုင်တော့ပါဘူး။

ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ အတိတ်က မသိလို့ မိုက် မဲလို့ ဗာလတွေမို့ အတိတ်တဏှာ, ဥပါဒါန်, ကမ်တွေကြောင့် အခုလက်ရှိခန္ဓာကြီး ရလာခဲ့ကြတယ်၊ ယခုခန္ဓာကလဲ အို့သေ့

အက်ကို တားမရ, ဆီးမရနဲ့ ဒိုင်းဒိုင်း ပြေးနေတယ်၊ အခု သေမလား? တော်တော်နေရင် သေမလား? မသိနိုင်အောင် ပြေးနေဒါ၊ ဘယ်လိုနည်းနဲ့မှ တားလို့ ဆီးလို့ မရကြဘူး၊ ဒီအခြေ, ဒီအနေက အခုလဲဘဲ တဏှာ,ဉပါဒါန်,ကမ်တွေ ထပ်လုပ်နေကြမယ်ဆိုတော့ ဘယ့်နှယ်ပြောရမတုံး?။ ရှုးလဲရှုးသေး, ကန်းလဲကန်းသေးလို့ဘဲဆိုဒါ မှတ်လိုက်ကြ၊ ရှင်ပလား?

ဒီအခိပ္ပါယ်ဟာ "သံယုတ်ပါဠိတော်"မှာ လာတယ်လို့ မှတ်ကြ၊ ဒကာဒကာမတွေအဘို့ အခုနေမှာ တော့်တော်သေးရဲ့လို့အောင်းမေ့ကြ။ ဆရာကောင်း, သွားကောင်းနဲ့ ပြုပြင်ပေးမဲ့သူရှိသေးလို့ တော်ကြသေးတယ်၊ ဒီလိုမှ မဟုတ်ရင် ပြင်သူဆင်သူဝေးလို့ ဘေးအမျိုးမျိုးနဲ့ အိုးစား မကွဲတော့ဘူး။ ပြင်သူဆင်သူ, ဆရာသွားနဲ့မကြုံတော့ ကိုယ့်အသေကိုတောင် မမြင်နိုင်ကြဘူး၊ သဘောပါကြရဲ့လား? ကိုယ့်အသေ, ကိုယ်မမြင်လို့ကန်းတယ်။ ဝဋ်ဖြစ်တဲ့ ကမ်တွေ ရှောက်ပီး လုပ်နေပြန်တော့ ရှုးလို့ဘဲ၊ ရှင်းပလား?

ဒကာဒကာမတွေ ဖြစ်စဉ်က ဒီအတိုင်းဘဲ မနာကြနဲ့တော့၊ ဘုရားက ရွှေဉာဏ်တော်နဲ့ကြည့်ပီး, ဖြစ်စဉ်ကိုက်အတိုင်း ဟောတော်မူဒါဘဲလို့ မှတ်ကြ၊ တကယ်လို့ နာတတ်တာဖြင့် ပြင်ကြဆင်ကြဘို့ဘဲ၊ ပြင်ချိန်ရတုန်း ပြင်ကြလို့ ပြောလိုက် ပါတယ်၊ ဒီတခါ ပြင်ရင် ပြင်ကြ၊ မပြင်ရင် ပြင်ချိန်ကို မရှိတော့ဘူး၊

ရိပ်မိကြရဲ့လား? ဒကာဒကာမတွေ ရှေးက မှားခဲ့ဒါတွေ အခု ပြင်ကြ၊ ရှေးကလုပ်ခဲ့မိသမျှ အမှားချည့်ကြုံကြရတယ်၊ ဒကာတို့ လုပ်ခဲ့ကြဒါ "မှုးပါတယ်ဆို" သြဇာရှက်ရှု, တမာရှက်ရှု, ရှု သလိုကျနေတော့ဒါဘဲ၊ ရိပ်မိကြရဲ့လား?

ဒကာဒကာမတွေ ပြောတတ်ကြတယ်၊ " ပန်းလိုမွှေးလို့ ရေလိုအေးပါစေ" ဒကာဒကာမတို့က ပန်းလိုမွှေးချင်, ရေလို အေးချင်ကြမေမဲ့ မအေးရပါဘူး။ ခန္ဓာရှိနေရင် မအေးရဘူးဆိုဒါ မှတ်လိုက်ကြ။ ဒကာဒကာမတွေ တဏှာ, ဥပါဒါန်, ကမ်ကြောင့် ခန္ဓာဖြစ်တယ်၊ ခန္ဓာဖြစ်လို့ အိုသေရတယ်၊ ဒါကို ဉာဏ်နဲ့ သုံး သပ်မှ သိရတယ်။ သူ့လက်သယ်ကကော ဘသူလဲ? ဆက်ပီးတွေး တော့ ခင်စရာ့မင်စရာဘဲ၊ ခင်စရာ့မင်စရာက တဏှာလာတယ်၊ ဒီအို့သေ့ရမှု အရင်းကျတဲ့ လက်သယ်ဟာ ခင်စရာ့ မင်စရာဘဲ တွေ့ရမယ်၊ ရှင်းကြပလား? ကိုယ့်ခန္ဓာမှာရှိတဲ့ စက္ခု, သောတ, ဃာန,ဇိဝှာ,ကာယ,မန ဆိုတဲ့ ကိုယ့်ဒွါရ ခြောက်ခုမှာ ဖြစ်တဲ့ တရားတွေကို ခင်မင်နေလို့ဘဲ၊ သဘောပါပလား?

ဥပမာ ကိုယ့်အလုပ်အကိုင်, အရောင်းအဝယ်, တခုခုမှာ စိတ်ကူး,ဉာဏ်ကူး,နဲ့ လုပ်လိုက်တာ အဆင်ပြေတယ် ဆိုပါတော့၊ အဲဒီအခါမှာ ကိုယ့်စိတ်ကူးကလေး တဲ့တယ်ဟေ့ဆိုပီး၊ ကိုယ့် စိတ်ကူးကလေးကို နှစ်သက် သဘောကျတယ်၊ အဲဒီ နှစ်သက်တဲ့ တဏှာကနေ၊ တဏှာပစ္စယာ ဥပါဒါန်၊ ဥပါဒါနပစ္စယာ ကမ္မ

ဘဝေါ၊ ကမ္မဘဝပစ္စယာ ဇာတိလာဒါဘဲ။ ဇာတိရတော့ ဇရာ, မရဏ,ဆိုတဲ့အို,သေ,က ထက်ကြပ်ပါလာဒါပေါ့၊ရှင်းကြပလား? စိတ်ကူးကလေးကို နှစ်သက်တဲ့ တဏှာက လုပ်ပေး လိုက်တာ၊ ရိပ်မိကြရဲ့လား? ဒီတဏှာ ဘယ်ကလာတဲ့ တဏှာလဲ?

ဒကာဒကာမတွေ ကိုယ်တိုင်လုပ်ယူခဲ့တဲ့ အတိတ်က လာတဲ့ တဏှာဘဲလို့ မှတ်ကြ၊ အချုပ်တော့ အတိတ်ဘဝက စက္ခု, သောတ,ဃာန,ဇိဝှာ,ကာယ,မန က လာတဲ့ တဏှာဘဲ၊ ပေါ်ကြပလား? မျက်လုံးရုပ်ကလေးကိုလဲ နှစ်သက်တယ်၊ တွယ်တာ, ခင်မင်တယ်၊ သူ့အတွက်လဲ ချို့ယွင်းချက် ရှိလာရင်၊ ကုရ,သရ, ကြောင့်ကျ စိုက်ရတယ်၊ နားအတွက်လဲ ဆေးကုရ၊ ရှိတဲ့ဟာလေး ချို့ယွင်းသွားမှာ ပျက်စီး သွားမှာကို စိုးရိမ်လွန်းလို့ ဘယ်လောက်ကုန်ကုန်၊ကုန်ပစေ ကုမယ်၊မျက်စိအတွက် ဘယ်လောက်ကျကျ တဲ့၊ အဲဒါ နှစ်သက်လွန်းလို့ နှစ်မြောလို့ ပြောဒါဘဲ၊ ပေါ်ကြပလား?

ဒကာဒကာမတွေ လုပ်နေကြဒါ ဘုရားဘို့ တရားဘို့ ဆိုတဲ့ စကား မပါ ပါဘူး၊ ကိုယ့်ခန္ဓာအတွက်ချည့်ဘဲ၊ ရှင်းကြပလား? ကိုယ့်ခန္ဓာနှစ်သက်လို့ နှစ်သက်တာ,နှစ်မြောဒါ,တဏှာဘဲ၊ဒကာတို့ ပြောတဲ့စကားကလဲ နားထောင်ကြည့်ပါ "လူမသေ,ငွေမရှား" တဲ့၊ အဲဒါ မိမိခန္ဓာ ခင်လွန်းလို့ ပေါ်တဲ့စကား။ တဏှာက လာတဲ့အသံဘဲလို့ မှတ်လိုက်ကြ၊ ရိပ်မိကြရဲ့လား? မျက်စိခင်,

နားခင်, နှာခေါင်းခင်, လျှာခင်, ကိုယ်ခင်, မနောခင်, ဒကာတို့ မခင်ဒါ, မနှစ်သက်တာ တခုမှ မပါဘူး၊ ရှိသမျှအကုန် နှစ်သက်တာ, စွဲလမ်းဒါနဲ့ မလွှတ်ရက်နိုင်ဒါချည့်ဘဲ။

တဏှာက နှစ်သက်လွန်းလို့ ကိုယ်ထဲမှာ အနာအမျိုးမျိုး ပေါက်လာရင် ငွေနဲ့လဲမယ်၊ ငွေကုန်ရင် ရှိတဲ့စည်းစိမ်ဘဲ ပြုတ်ပြုတ်၊ ကိုယ့်ကိုယ်ကိုယ် ခင်လွန်းလို့၊ မမာရင် ပရိတ်ရွတ်ကြ၊ တဏှာဘယ်လောက် အားကြီးတယ်ဆိုဒါ စဉ်းစားကြ။ ကထိန်ခင်းတော့ တနှစ်မှ တလ၊ တလမှတကြိမ် ခင်းနိုင်ဘို့ အလှန်ခဲယဉ်းတယ်၊ မိမိခန္ဓာ, တန်းဆာဆင်ရဒါကတော့၊ အချိန်ရှိတိုင်း မအားရဘူး၊ ရိပ်မိပလား? အဝတ်အဆင်အမျိုးမျိုး ပေါ်တိုင်း ဘုရား မျက်နှာကြက် အတွက် စိတ်မကူးမိကြဘူး၊ ခန္ဓာအတွက်သာ ကူးကြ၊ ဆင်ကြ, သ,ကြတယ်၊ ရှင်းပလား?

ဒကာဒကာမတွေ ခန္ဓာခင်ကြဒါ မလွန်လွန်းဘူးလား? ခင်ကျိုးကော နပ်ပါရဲ့လား? လို့ မေးရင် ဘယ့်နှယ်ဖြေကြမတုံး? မနပ်ပါဘူး၊ ကိုယ့်ခန္ဓာခင်ဒါ အိုသေရဘို့ဘဲ။ အိုသေ့ကြောက်ရင် မခင်ကြနဲ့တော့၊ ခင်သမျှ အိုသေ့ရမှာဘဲ၊ ခင်ဇောတွေ လျှော့ကြ၊ အခင်ရော့သလောက် အိုသေ့ရော့မယ်၊ ရိပ်မိကြရဲ့လား? ခန္ဓာခင်ရင် အိုသေ, ပြန်ရလိမ့်မယ်၊ ရှင်းပလား? ဒီတော့ ဘယ်လိုနေရမလဲ? နည်းလမ်းကို ပြောရမယ်၊ ပြောပြလို့သိရရင် လိုက်နာကြဘို့ဘဲ။

ခန္ဓာ ခင်လွန်းလို့ ဒကာတို့တတွေ ခန္ဓာကို မနက်တကြိမ်, ညတကြိမ်, အစာကလေးနဲ့ ပူဇော်ကြတယ်၊ ဒါဟာ နေ့စဉ်, လစဉ်,မသေခင်စပ်ကြား မအားမလပ်အောင် အမျိုးမျိုးဖန်တီး ပီး ပူဇော်ရဒါပါ၊ ခန္ဓာ ခနခန, ရေသပ္ပါယ်ကြရ၊ ဘုရားကျ တော့ တနေ့တကြိမ်မှ မှန်ချင်မှ မှန်ကြမယ်။ အဲဒါ ခန္ဓာခင်လွန်း လို့ လုပ်နေကြဒါ၊ ဒီဒုက္ခခန္ဓာ,ခင်လို့ ဘာမှမရပါဘူး။ ရမှာက နောက်ဒုက္ခခန္ဓာ, အိုသေ,သာ ရကြမှာဘဲ၊ သဘောပါကြပလား? ဒကာတို့ ထင်သလို ဘာမှ အပိုမပါဘူး၊ ရချင်းရရင် အိုသေ,ဘဲ ပြန်ရမယ်ဆိုဒါ မှတ်လိုက်ကြ၊ ရှင်းပလား?

ဒကာဒကာမတွေ ဒီအို,သေကိုဖြင့် ကြောက်ပါတယ်၊ရဘဲမရ ချင်တော့ပါဘူးဆိုရင် မခင်ကြနဲ့။ မရချင်ရင် မခင်မှ၊ ဒီခန္ဓာ ခင်တဲ့တဏှာမရှိမှလို့ ဆိုလိုတယ်၊ ရှင်းကြပလား? ဒီအို,သေကို မရချင်ဒါ မှန်ရင် ဒီတဏှာက လွတ်မှ ဖြစ်တော့မှာဘဲ လို့သာ ဆုံးဖြတ်ချက်ချ။ ဒကာဒကာမတွေ အခုဆရာက ပြောပြလို့ သိကြရဘီ၊ သိတော့ ခင်ဇောရော့သွားမယ်၊ ဒီတော့ မတတ်သာ လို့ ပေါင်းသင်းနေရတယ်၊ ဒီတဏှာကလွတ်အောင် ဘယ်လိုလုပ် ပါ့မလဲ? ဒီတဏှာ ဘယ်လိုခွါပါ့မလဲ? ဆိုတဲ့စိတ် ပေါ်မယ်၊ သဘောပါပလား?။

ဒီတဏှာခွါချင်ရင် ဒီခန္ဓာရှိတဲ့ စက္ခု, သောတ,ဃာန,ဇိဝှာ, ကာယ,မန ဆိုတဲ့ ဓမ္မတွေကို မခင်ဘဲနေရမယ်၊ ဒီလိုမခင်မှ စက္ခု

ဝိညာဏ်စတဲ့ မမွတွေနောက်က မင်္ဂကဝင်လာနိုင်မယ်၊နောက်က မင်္ဂဝင်လာရင် ခင်ဗျာတကျော့ သေဒါဘဲ၊ သူမလာနိုင်တော့ဘူး၊ ရှင်ပလား? ဒီတော့ မင်္ဂဝင်လာအောင်လုပ်ရမယ်၊ မင်္ဂဝင်လာအောင်စိတ်ပေါ်တိုင်း ဖြစ်ပျက် ရှုပေး။ ဖြစ်ပျက် ရှုပေးတော့ ဖြစ်ပျက်နောက်က မင်္ဂလာမယ်၊ မင်္ဂလာဒါနဲ့ နောက်ကတဏှာ၊ ဥပါဒါန်၊ကမ်တွေ မလာတော့ဘူး၊ သဘောပါပလား?

ဘာစိတ်ပေါ်ပေါ် ပေါ်တိုင်း၊ ပေါ်တိုင်း ဖြစ်ပျက်ရှုပေး။ ဒီလို ဖြစ်ပျက် ရှုတော့ မင်္ဂလာ၊ နောက်က တဏှာ၊ ဥပါဒါန်၊ ကမ်တွေချုပ်၊ ချုပ်တော့ နောက် ကမ်မလာလို့ အနာဂတ် နောက်ခန္ဓာ မရတော့ဘူး၊ နောက်ခန္ဓာမရတော့ အိုသေဇာတ် သိမ်းဒါဘဲ၊ ကျေနပ်ပလား? ဒီလိုသာ ရှုနိုင်ရင်၊ ဒီအိုသေနဲ့ ကိုယ်နဲ့ အိုးစားကွဲမယ်၊ ရှုတတ်ကြပလား? ရှုတတ်အောင်ရှုကြ၊ မရှုတတ်ရင်၊ ရှုတတ်အောင် ရှုကြ။ အိုသေကြောက်ရင် လက်ရှိ ခန္ဓာကို ဖြစ်ပျက်ရှုပေး။ ကိုယ့်စိတ်ကိုယ် ရှုကြပါလို့ ဒါကြောင့် ပြောဒါဘဲ၊ ရှင်းဘိနော်။

ခန္ဓာမှာပေါ်တဲ့ စိတ်တခုခု ဖြစ်ပျက်ရှုတော့၊ အရှုံစိတ် ချုပ်ပြီး မင်္ဂပေါ်လာတယ်၊ အရှုံစိတ်က ဖြစ်ပျက်၊ ရှုညာဏ်က မင်္ဂဘဲ၊ သဘောပါပလား? ဒီလိုရှုတော့ နောက်လာမဲ့ တဏှာ၊ ဥပါဒါန်၊ကမ်တွေ အကုန်ချုပ်တယ်။ ဒီတရားဟာ "သံယုတ်ပါဠိတော် သမ္မသသုတ်"မှာ ဟောတော်မူတဲ့ တရားဘဲလို့ မှတ်ကြ။

ခန္ဓာမှာ စိတ်ကလေးတခု ပေါ်လာတယ်၊ဒီကြားထဲမှာ ဖြစ်ပျက် မရှုမိရင် မဂ်မဖြစ်ဘူး၊ မဂ်မဖြစ်ရင် ကိုယ့်စိတ်ကလေးကို နှစ်သက်၊ နှစ်သက်တော့ တဏှာလာ၊ လာတော့ ဥပါဒါန်၊ ကံ၊ ဇာတိ ဆိုပြီး သံသရာဆက်လိုက်ရော၊ ဆက်တော့ နောက်ဆက် ခန္ဓာရ၊ ခန္ဓာရတော့ အိုသေက မလွတ်။ အိုသေဘဲ ပြန်ပြီး စွပ်မိနေတော့ဒါဘဲ၊ ရှင်းပလား?

ဒါကြောင့် ခန္ဓာမှာပေါ်တဲ့စိတ် ဘာစိတ်ပေါ်ပေါ် ဖြစ်ပျက်ရှု။ ဖြစ်ပျက်ရှုရင် သာယာတဲ့ တဏှာ မလာဘူး၊ တဏှာချုပ်သွားတယ်၊ ချုပ်တော့ ဥပါဒါန်လဲချုပ်၊ကံလဲချုပ်၊ ဇာတိစတဲ့ ဟာတွေလဲ အကုန်ချုပ်၊ ပဋိစ္စသမုပ္ပါဒ် "စက်ရဟတ်ကြီး" ပြတ်သွားတော့တယ်၊ အနာဂတ် ဇာတိ ချုပ်တော့ နောက် ခန္ဓာလဲ မရဘူး၊ မရတော့ အိုသေက လွတ်သွားဒါဘဲ၊ ရှင်းကြပလား? ဒါကြောင့် အိုသေက လွတ်ချင်ရင် ဖြစ်ပျက်ကိုးစားရှုကြ၊ မြင်အောင်ရှု၊ ဖြစ်ပျက်မြင်ရင် မဂ်ဝင်လာမယ်၊ မဂ်ဝင်လာရင် ပဋိစ္စသမုပ္ပါဒ်တန်းကြီး ပြတ်ပြီး၊ အိုသေကလွတ်ပ်လို့သာ မှတ်ကြ၊ သဘောပါပလား?

မျက်လုံးက မြင်စိတ်ပေါ် ဖြစ်ပျက်ရှု၊ ကြားစိတ်ပေါ် ဖြစ်ပျက်ရှု၊ ဘယ်နေရာကပေါ်ပေါ် ပေါ်သမျှ ဖြစ်ပျက်ရှု။ ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်ပစေ၊ဒီလို ဖြစ်ပျက်မဂ်၊ ဖြစ်ပျက် မဂ် ဆိုပြီး၊ ဖြစ်ပျက်နဲ့မဂ်နဲ့သာ ကိုက်နေရင်၊ တချက်ချက်မှာ

မဂ္ဂင်ရှစ်ပါး၊ ပြည့်သွားမယ်၊ ရှင်းပလား? ဒကာဒကာမတွေ ကြိုးစားကြ။ ဖြစ်,ပျက်,နောက်က မဂ်လာရင် တဏှာ,ဥပါဒါန်, ကမ်,ချုပ်၊ပဋိစ္စသမုပ္ပါဒ်,ဒုက္ခစက်ပြတ်မယ်။ မဂ်မလာရင်၊တဏှာ, ဥပါဒါန်,ကမ်,လာမယ်၊ ပဋိစ္စသမုပ္ပါဒ် "ဒုက္ခစက်ကြီး"ဆက်လာ မယ်ဆိုဒါ မှတ်ကြ၊ ရှင်းကြပလား?

ရှေ့က ဖြစ်,ပျက်၊ နောက်က မဂ်၊ ဒီလိုရှေ့သွား,နောက်လိုက် ညီစေရမယ်၊ ညီရင် တချက်ချက်မှာ မဂ္ဂင်ရှစ်ပါးပြည့်ပီး၊ မဂ်စစ် လာတော့ဒါဘဲ။

မိမိခန္ဓာပေါ်တဲ့ စိတ် ဖြစ်,ပျက်က— ဒုက္ခသစ္စာ။
မိမိခန္ဓာပေါ်တဲ့ အရှုခံတရားက.... ဒုက္ခသစ္စာ။
ဖြစ်,ပျက်,ရှုတဲ့ဉာဏ်က.... မဂ္ဂသစ္စာ။
ဖြစ်,ပျက်,အဆုံးမြင်တဲ့ဉာဏ်က— မဂ္ဂသစ္စာ။
နောက်က သေတဲ့တဏှာက.... သမုဒယသစ္စာ။
ခန္ဓာဒုက္ခသစ္စာနှင့် တဏှာကိလေသာချုပ်တဲ့နေရာ၊ ပေါ်
ဒါက.... နိရောဓသစ္စာ။

အဲဒီလို သစ္စာလေးချက် တပြိုင်နက် ကိစ္စပီးတယ်၊ဒကာဒကာ မတွေ သဘောပါကြပလား? ဒါဖြင့် အို,သေ,လွတ်ချင်ရင်၊ ကြိုး စားကြ။

ကိုင်း, ယနေ့ ဒီတွင်ဘဲ တော်ကြအုံးစို့။

---

# ဓမ္မရတနာ မာတိကာ

"အဖေါ်ကောင်းမှု၊ ချမ်းသာရ, တရားတော်။"

---

## ဆောင်ပုဒ်

သစ္စာသိက၊ သံသာရ၊ ဒုက္ခကိုမည်သာ။
သစ္စာမသိ၊ ဒုက္ခဖိ၊ ရှေဘိသံသရာ။
သစ္စာဟောရန်၊ ပွင့်ကြမှန်၊ ဗုဒ္ဓံဝါဠုကာ။
သစ္စာသိချင်၊ ဝိပဿနာပင်၊ မြဲဖြင့်ရှုကြည့်ရာ။
ခန္ဓာငါးတွင်၊ ဖြစ်,ပျက်,မြင်၊ ဉာဏ်လျှင်ဝိပဿနာ။
ဖြစ်,ပျက်,မြင်ဘိ၊ သစ္စာသိ၊ သတိမလွှတ်ရာ။
ပညာရွှေသွား၊ မှုန်းအောင်ပွါး၊ ဆိုးပြွားမဂ်စစ်လာ။

## သတိချပ်

အဖေါ်တဏှာ၊ လုပ်မိရှာ၊ သံသာဒုက္ခပြော။
အိုနာ,သေလမ်း၊ နပ္ပကမ်း၊ တင်းကျမ်းဆန်စုံမျော။
တဏှာအမိုက်၊ပေါင်းသင်းကြိုက်၊စိုက်စိုက်ပါယ်တကြော။
အမိုက်တဏှာ၊ အပေါင်းခွါ၊ ပညာပြောင်းစိတ်စော။
ပညာပေါင်းရှိ၊ အမှန်သိ၊ လွှတ်၏ဒုက္ခတော။
ခန္ဓာငါးခွင်၊ ပညာဝင်၊ မှန်မြင်နိဗ္ဗုတော။

**တရားသား** ဒကာဒကာမတွေ သတ္တဝါတွေဟာ ဘာကြောင့် သံသရာ ဝဋ်ဒုက္ခက မလွတ်နိုင်ကြသလဲ? ဘာ့ကြောင့် သံသရာရှေရသလဲ? အမှန်တရားလေးခု၊ သစ္စာလေးပါးကို မသိကြလို့ သံသရာရှေတယ်လို့ မှတ်ကြ။ ဒီအမှန်လေးပါး သစ္စာတရားကို သိကြရင်ဖြင့် သံသရာတိုမယ်ဆိုတဲ့ အဓိပ္ပါယ်လဲ ပေါ်ကြဘီ။ ဒီတော့ အကျဉ်းချုပ် မှတ်ထားဘို့က သစ္စာသိရင် သံသရာတိုမယ်၊ သစ္စာမသိရင် သံသရာရှေမယ်ဆိုတဲ့ အချက်ကို မြဲမြဲစွဲစွဲ မှက်လိုက်ကြ၊ ရှင်းပလား?

သံသရာတရှောက်မှာ သစ္စာမသိရင် ပုံစံအမျိုးမျိုး၊ အဖြစ်အမျိုးမျိုးကြုံရမယ်။အငယ်ကလေးဖြစ်လိုက်၊ အကြီးကြီး ဖြစ်လိုက်၊ အလုံးဖြစ်လိုက်,အပြားဖြစ်,အပုဖြစ်, အရှေဖြစ်,နဲ့ ပုံစံကလဲ အမျိုးမျိုး၊ လူ့အဖြစ်,နတ်အဖြစ်,တိရစ္ဆာန်အဖြစ်,ခွေး, ဝက်,ကြက်,ငှက်,ဖြုတ်,ခြင်,ယင်,မှက်, အဖြစ်စတဲ့ အဖြစ်ကလဲ အမျိုးမျိုး ရုံရာက ထပ်ဘို့ဘဲရှိတယ်၊ သဘောပေါပလား? ဒကာဒကာမတွေ ငါဘုရားလဲ သံသရာတရှောက်မှာ ဒီနည်းအတိုင်း အမျိုးမျိုးဘဲ ကျင်လည်ခဲ့ရဒါပါဘဲ။ သစ္စာသိလို့ အခု ဘုရားဖြစ်တော်မူလာဒါ သတ္တဝါတွေ သစ္စာတရား ဟောပြဘို့ ပွင့်လာရဒါဘဲလို့ ဟောတော်မူတယ်။

ဘုရားက ယခုမသိခင်က သံသရာတရှောက်မှာ ပုံစံအမျိုးမျိုး၊ အဖြစ်အမျိုးမျိုးနဲ့ ကျင်လည်ခဲ့ရဘီ။ သင်တို့ တတွေလဲ

ဒီအတိုင်းဘဲ အဖြစ်အမျိုးမျိုး၊ ပုံစံကလဲ အမျိုးမျိုး အထွေထွေနဲ့ ကျင်လည်ခဲ့ကြရဒါဘဲ။ အခုအခါမှာ ငါဘုရားဟာ အမှန်တရား သစ္စာလေးပါးသိမြင်ပီး ဘုရားဖြစ်တော်မူခဲ့တယ်၊ ဒီအချိန်မှာ သံသရာဒုက္ခအမျိုးမျိုးတွေက ကျွတ်လွတ်ခွင့်ရဘီ၊ သံသရာဇာတ်သိမ်းခဲ့ပြီ။ ဒါကြောင့် သင်တို့သတ္တဝါတွေရဲ့ သံသရာ့ ဒုက္ခမြင်လို့, သိလို့, ဒီဒုက္ခက လွတ်မြောက်နိုင်အောင် သစ္စာတရားဟောပြဘို့ ငါဘုရား ပွင့်လာဒါဘဲလို့ ဟောတော်မူတယ်၊ သဘောပါပလား?

ဒီတော့ သံသရာ့ဒုက္ခက လွတ်ချင်ရင် သံသရာ တိုချင်ရင် ဘာလိုသလဲ? သစ္စာသိဘို့လိုတယ်, ဆိုတဲ့အဓိပ္ပါယ် ပေါ်ကြဘီ၊ ရှင်းကြပလား? ဒါကြောင့် ဒကာဒကာမတွေ သစ္စာသိအောင် လုပ်ရမယ်။ သစ္စာသိအောင် ဘာလုပ်ရမလဲ? မေးစရာရှိတယ်၊ ဝိပဿနာ့အလုပ် လုပ်ရမယ်လို့ မှတ်လိုက်ကြ။ ဒါကြောင့် ဒကာဒကာမတွေ သစ္စာသိချင်ရင် ဝိပဿနာ့ ရှုရမယ်။ ဝိပဿနာ မရှုရင်၊ မသိနိုင်ဘူး။ ဝိပဿနာ့ရှုမှသာ သစ္စာသိနိုင်မှာ၊ မရှုရင် ပြောသံကြား သစ္စာဘဲ သိရမယ်ဆိုဒါ မှတ်ကြ၊ သဘောပါပလား?

ဝိပဿနာ့ ရှုမှသာ သစ္စာကို အဟုတ်သိ ဖြစ်မယ်၊ အဲဒီလိုသိမှသာ သမုဒယ ့သေမှာ၊ သမုဒယ ့သေအောင် သိတဲ့ အသိမှ သစ္စာသိ အစစ်ဘဲလို့ ဆုံးဖြတ်ချက်ချကြ၊ ရှင်းပလား? တဆင့်

ကြား အနုသာဝ,သိမျိုး၊ စာသိမျိုး မဟုတ်ဘူး၊ မဂ်ဉာဏ်နဲ့ ထိုးထွင်းပြီးသိတဲ့ အသိမျိုးသာလိုတယ်လို့ မှတ်လိုက်ကြ၊သဘော ပါကြပလား?

သစ္စာ သိရမယ်ဆိုတော့ သစ္စာကို တခြားမှာ သွားသိဘို့ မဟုတ်ဘူး၊ သစ္စာက မိမိခန္ဓာထဲမှာ ရှိတယ်၊ ခန္ဓာထဲမှာရှိတဲ့ ရုပ်ကလေး, နာမ်ကလေးတွေကို မြင်အောင်, သိအောင်, ကြည့်ရ မှာဘဲ။ ခန္ဓာမှာ ရုပ်,နာမ်, ကလေးတခုခု ပေါ်လာရင် ဘယ်လို ဖြစ်သလဲ?လို့ ဉာဏ်နဲ့အကဲခတ်ကြည့်ရင် ပေါ်လာတဲ့ ရုပ်,နာမ် ကလေးဟာ ဖြစ်ပြီး, ပျက်သွားဒါကို တွေ့ရမြင်ရမယ်။

အဲဒီလိုဉာဏ်နဲ့ ဖြစ်,ပျက်, ဒုက္ခသစ္စာကို မြင်ရ,တွေ့ရမှ သစ္စာ သိဒါဘဲလို့ မှတ်ကြ၊ သဘောပါပလား? သစ္စာသိဘို့ အချက်မှာ ဉာဏ်လိုတယ်၊ပြောသံကြားသိ,စာသိမလိုဘူး၊ ရှင်းပလား? ခန္ဓာ အရှိကို ဉာဏ်နဲ့သိဘို့ လိုတယ်လို့ မှတ်လိုက်ကြ။

ဒါကြောင့်

နတ္ထိ ဈာနံ အပညဿ၊ ပညာ နတ္ထိ အဈာယတော။
ယမှိ ဈာနဉ္စ ပညာစ၊ သဝေ နိဗ္ဗာန သန္တိကေ။ ။

လို့ “ဓမ္မပဒပါဠိတော် ဘိက္ခုဝဂ်” မှာ ဘုရားရှင် ဟောတော်မူ ခဲ့တယ်လို့ မှတ်ကြ။

အဓိပ္ပါယ်က

အပညဿ၊ သစ္စာ ရှုပွါးတတ်သည့် ပညာမရှိသောသူ အား။ဈာနံ၊ အနိစ္စစသော အခြင်းအရာအားဖြင့် ရှုပွါး ခြင်းသည်။ နတ္ထိ၊ မရှိ။ အဈာယိနော၊ အနိစ္စ, စသည် ဖြင့် မရှုမပွါးသောသူအား။ ပညာ၊သစ္စာကိုသိတတ်သော ပညာသည်။ နတ္ထိ၊ မရှိ။

ယမှိပုဂ္ဂလေ၊ အကြင်ပုဂ္ဂိုလ်၌။ ဈာနဉ္စ၊ ဝိပဿနာ, ရှုပွါးခြင်းသည်ရင်း။ ပညာစ၊ သစ္စာကို ရှုပွါးတတ်သော ပညာသည်ရင်း။အတ္ထိ၊ ရှိ၏။ သ,သော၊ ထိုပုဂ္ဂိုလ်သည်။ ဝေ၊ စင်စစ်ကေန် အမှန်မုချ အားဖြင့်။နိဗ္ဗာနသန္တိကေ၊ နိဗ္ဗာန်နှင့် နီးလှပါပေ၏။ ။လို့ဆိုတယ်။

ဒကာဒကာမတွေ ပညာမရှိရင် မရှုတတ်ဘူး၊ ပညာရှိတဲ့သူ ရှုတတ်တယ်။ မရှုတတ်ရင် ပညာမရှိလို့ဘဲ၊ ရှုတတ်ရင် ပညာရှိ လို့ဆိုဒါ မှတ်ကြ၊ ရိပ်မိပလား? ရှုတတ်ရင် နိဗ္ဗာန် ရောက်ပီ၊ ရောက်တော့မှာ သေချာဘီလို့သာ မှတ်လိုက်၊ ရှင်းကြပလား? မရှုတတ်ရင် ဘာဖြစ်မလဲ? မရှုတတ်လို့ မရှုတော့ သစ္စာမသိ။ ဖြစ်,ဒုက္ခ၊ပျက်,ဒုက္ခ မမြင်ဘူး၊ ကိုယ့်ဒုက္ခကိုယ် မသိဘူး။ မသိ တော့ နိဗ္ဗာန် မရောက်နိုင်တော့ဘူး၊ ပေါ်ကြပလား? ဒါကြောင့် ရှုတတ်အောင် ရှုရမယ်။

ကိုယ့်ခန္ဓာရဲ့ ဖြစ်ဒုက္ခ, ပျက်ဒုက္ခ, မရှုတတ်၊ မရှုတတ်လို့ မရှုတဲ့သူဟာ၊ကိုယ့်ခန္ဓာ အကောင်းအမြတ်ကြီးထင်။ ကိုယ့်ခန္ဓာနဲ့ မခွဲချင်တော့ဘူး။ ပညာကို မပါတော့ဘူး၊ ပညာမပါတော့ အမှန်မသိ၊ မသိတော့ မခွဲချင်တော့ဘူးပေါ့။ ဒါကြောင့် ပညာမပါရင် မရဘူးဆိုဒါမှတ်ကြ၊ ရိပ်မိကြပလား? မရှုတတ်,ရှုတတ် မရှုရင်လဲ မဖြစ်တော့ဘူးလို့သာ ဆုံးဖြတ်ချက်ချ။မရှုရင် အမှန်အကန်မသိတော့ဘူး၊မသိတော့ ခန္ဓာကို တဏှာနဲ့ခင်, တဏှာနဲ့ အပေါ်လုပ်နေမယ်၊ သားနဲ့မခွဲချင်၊ သမီးနဲ့မခွဲချင်၊ မယားနဲ့ မခွဲချင်၊ အဲဒါ တဏှာနဲ့ အပေါ်လုပ်နေဒါဘဲ၊ သဘောပါကြပလား?

တဏှာ,အပေါ်လုပ်နေကြသမျှဘယ်အခါမှဒုက္ခနဲ့အိုးစားမကွဲတော့ဘူးလို့သာ မှတ်ကြ။ တဏှာက,သမုဒယသစ္စာ၊အကြောင်းတရား သူကဒုက္ခစက်ကို လည်အောင်, သံသရာရှေ့အောင် လုပ်မဲ့တရားဘဲ။ ခန္ဓာခင်တဲ့ တဏှာရှိတော့၊တဏှာပစ္စယာ (စွဲလမ်းတဲ့) ဥပါဒါန်၊ ဥပါဒါနပစ္စယာ ကမ္မဘဝေါ၊ ( ကာယကံ, ဝစီကံ, မနောကံ တွေလာ) နောက် ပဋိသန္ဓေ,ဇာတိ,ဇရာ,မရဏ,သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ,ဥပါယာသ,ပဋိစ္စသမုပ္ပါဒ် ဒုက္ခစက်ကြီး ဆက်ပြီး လာတော့တယ်၊ သဘောပါကြပလား? ဒါကြောင့် တဏှာက ဒုက္ခရှေ့အောင်, သံသရာရှေ့အောင်လုပ်တဲ့ လက်သည်တရားခံဘဲဆိုဒါ မှတ်လိုက်ကြ။

ဒါကြောင့် ဘုရားရှင်က "သုတ္တနိပါတ် ပါဠိတော်" မှာ ဒီအဓိပ္ပါယ်စကားကို ဟောကြားတော်မူခဲ့တယ်ဆိုဒါ မှတ်ရမယ်၊ ကျေနပ်ပလား?

တဏှာ ဒုတိယော ပုရိသော၊ ဒီဃမဒ္ဓါန သံသာရံ။
ဣတ္ထဘာဝညထာဘာဝံ၊ သံသာရံ နာတိဝတ္တတိ။ ။

"တဏှာအဖော်ရှိတဲ့ (တဏှာနဲ့ အဖော်လုပ်နေကြတဲ့) သတ္တဝါများဟာ၊ အလွန်တရာ ရှည်မြင့်စွာသော သံသရာကာလပတ်လုံး၊ ဟိုဘဝမှာ ဖြစ်ရ၊ ဒီဘဝမှာ ဖြစ်ရနဲ့ (ဖြစ်၊ ပျက်) သံသရာကြီးကို၊ ဘယ်တော့မှ မလွန်မြောက်နိုင်ကြဘူး။ ဒီဖြစ်၊ ပျက်၊ ဒုက္ခသစ္စာ သံသရာကြီးထဲမှာဘဲ တဝဲလယ်လယ် လှုပတ်နေရမယ်လို့"ဆိုလိုရင်း အဓိပ္ပါယ် ရှိတယ်လို့ မှတ်ကြ၊ သဘောပါပလား?

ဒကာဒကာမတို့ ဒါကြောင့် တဏှာအဖော်လုပ်မိတဲ့သူများဟာ ဟိုဘဝကနေ၊ ဒီဘဝမှာဖြစ်ကြရ၊ ဟိုဘဝက၊ ဒီဘဝ ကူးပြောင်းပြီး၊ သံသရာရှည်ကြရ၊ ဒုက္ခတောကကို မလွတ်မြောက်နိုင်ကြဘူး၊ ဒီဒုက္ခပြီး၊ ဟိုဒုက္ခပြောင်းရ၊ ဟိုဒုက္ခက ပြီးပြန်တော့လဲ ဒီဒုက္ခဘက် ပြန်ပြောင်းရနဲ့၊ ဒုက္ခတောဘဲ လှုပတ်တိုးနေရတော့တယ်၊ တဒုက္ခပြီး၊ တဒုက္ခ၊ ဒုက္ခကကို မလွန်မြောက် နိုင်အောင်

အဖြစ်ဆိုး ကြုံရတယ်၊ ဒါကြောင့် ဒကာဒကာမတွေ အဖေါ် ပြောင်းကြပါအုံးလို့ သတိပေးလိုက်ပါတယ်၊ ရှင်းကြပလား?

တဏှာကို အဖေါ်မလုပ်ကြနဲ့တော့၊ အဖေါ်ပြောင်းကြတော့ ဆိုတော့၊ ဘယ်အဖေါ်ပြောင်းရမလဲ? မေးစရာရှိတယ်။ ဒီတော့ ရှုတတ်တဲ့ဉာဏ် အဖေါ်ပြောင်းကြ၊ ရှုတတ်တဲ့ဉာဏ်နဲ့ ပေါင်းကြ ပါတော့လို့ ပြောလိုက်ပါတယ်၊ သဘောပါကြပလား? ဒကာ ဒကာမတွေ ရှေးရှေးက သံသရာတရှောက်လုံးမှာ မှောက်ချင် တိုင်းမှောက်၊ ကျချင်တဲ့ချောက်,ကျပြီး လာခဲ့ကြရတယ်၊ ဒီလို လာခဲ့ရဒါဟာ ဘာသူ့ကြောင့်လဲ သိကြရဲ့လား? ဒီတဏှာကြောင့် ဘဲ၊ သူ့အဖေါ်လုပ်မိလို့ဘဲဆိုဒါ မှတ်လိုက်ကြ၊ ရိပ်မိကြရဲ့လား?

ဒကာဒကာမတွေ သူ့လက်ချက်နဲ့ ခုထိအောင်ဘဲ လက်ရှိ ခန္ဓာ ဒုက္ခသစ္စာကြီး ရထားကြတယ်။ ရှေးကလာခဲ့ဒါ အိုဘေး, နာဘေး,သေဘေး,စတဲ့ ချောက်အမျိုးမျိုး ကျပြီးလာခဲ့ရတာလဲ သူ့ကြောင့်ဘဲ၊ အခုလက်ရှိ ဒုက္ခခန္ဓာနဲ့ သူ့ကျွန် ခံနေကြရ တယ်၊ ဒါလဲ သူ့ကြောင့်ဘဲ၊ ရိပ်မိပလား? တဏှာ အဖေါ်လုပ် မိလို့၊ အိုဘေး, နာဘေး, သေဘေးကြီး,ထမ်းပြီး လယ်နေကြရ တယ်၊ ဒီလိုအဖြစ်ဆိုးမျိုးတွေ ကြုံနေဒါ၊ တဏှာ အဖေါ်လုပ်မိ လို့ဘဲဆိုဒါ မှတ်ကြ။ ဒီတော့ ပြောင်းမှဘဲ ဖြစ်တော့မယ်ဆိုတဲ့ အဓိပ္ပါယ် ပေါ်ကြပလား?

ပေါ်ကြရင် ခန္ဓာရှုတတ်တဲ့ဉာဏ်ကို အဖော်လုပ်ကြပါတော့၊ မလုပ်ရင် မဖြစ်တော့ဘူးလို့ မှတ်လိုက်ကြ၊ ရိပ်မိကြပလား? ဒကာ ဒကာမတွေ အရင်က တဏှာနဲ့ဘဲနေခဲ့ကြ၊ သူ့ဘဲအဖော်လုပ်ခဲ့ကြ၊ သူ့ကြောင့်ဘဲ ငရဲကျ၊ အပါယ်လေးပါး ရှိသမျှ ကိုယ်ပိုင်ချည့်ဖြစ်ပီး အနေဆိုး,နေခဲ့ရတယ်၊ စိတ်ချမ်းသာ, ကိုယ်ချမ်းသာကို မရှိခဲ့ကြဘူး။ အဲဒါ တဏှာ အဖော်လုပ်မိလို့၊ အတွင်းအပေါင်းအသင်းလွဲခဲ့လို့ဘဲ၊ သဘောကျရဲ့လား? ဆရာသွားက သနားလို့ ဒကာတို့တတွေ ချောက်အမျိုးမျိုး မကျစေချင်လို့ တိုက်တွန်းနေရဒါ ကြိုးစားယူကြ။

ဒီအချိန်အခါမျိုးမှာ မလိုက်နာလို့ အဖော်ကောင်းနဲ့ မပေါင်းမိရင်ဖြင့် ပြောဘို့မရှိတော့ဘူး၊အိုဘေးချောက်,နာဘေးချောက်, သေဘေးချောက်တွေဟာ ကိုယ့်ဟာချည့်၊ ဒကာတို့ ပိုင်ပစ္စည်းချည့်သာ မှတ်ထားကြ၊ ရှင်းပလား? သူများဝမ်းထဲမှာ အရှက်တကွဲ အကျိုးနဲ့နဲ့ ပဋိသန္ဓေ နေခဲ့ရ၊ အရှက်တကွဲ အကျိုးနဲ့နဲ့ အိုပွဲကြီးတွေရ၊ နာပွဲကြီးလဲတွေရ၊ အခါပေါင်း, အကြိမ်ပေါင်း မပြောနဲ့ ကမ္ဘာပေါင်း မည်မျှလို့ကို မသိနိုင်ကြတော့ပါဘူး၊ ရိပ်မိကြရဲ့လား?

ဘုန်းကြီးတို့ ဒကာဒကာမတွေက ဒါကိုဘဲ အကောင်းကြီး မှတ်နေကြတယ်။ တချို့တွေ မမာတဲ့အခါများ ပြောတတ်တဲ့ စကားရှိတယ်၊ "မမာရပေမဲ့ ခတ်စာများများ စားလို့ရ ဆရာ

ကောင်း၊ သွားကောင်းတွေနဲ့ ကုရ၊ သရ၊ လို့ ညွှဲသယ်လာတော့ လဲ ကောင်းကောင်းမွန်မွန် ညွှဲပါခံလို့ တယ်နေရာကျပါလား၊ ဒီလိုဆိုတော့လဲ မမာရပေဘဲ့ အတော်သားဘဲ”လို့ ဆိုပြီး၊ အားကျနေကြဒါရှိသေးတယ်။ မမာဒါကို အားကျနေဒါ သာမညများ မမှတ်လိုက်နဲ့ မိုက်လွန်းလို့ ရူးလွန်းလို့ သာဘဲဆိုဒါ ဆုံးဖြတ်ချက်ချ၊ ရှင်းကြပလား?

ပြည့်ပြည့်စုံစုံနဲ့ ဒီလိုတော့လဲ မမာစမ်းချင်တယ်၊ တဲ့။ ရူးချက်၊ မိုက်ချက်၊ သန်လွန်းလို့ ထွက်လာတဲ့ စကားဘဲ၊ နဂိုက၊ အပေါင်းအသင်းလွဲခဲ့လို့ ဒီဒုက္ခကြီး ဗျာဓိဆိုတဲ့ နာဒုက္ခကြီးနဲ့ ခွဲခရ၊ ခွါမရ ကိုယ်ပိုင်ရနေကြရဒါ၊ အပေါင်းအသင်းလွဲလို့ ဒီဒုက္ခ သစ္စာ ခန္ဓာကြီး သယ်ဆောင်နေကြရ၊ ထမ်းပိုးနေကြရ၊ ကျွေးရ၊ မွေးရ၊ ပြုရ၊ စုရ၊ ကုသရနဲ့၊ အားရတယ်လို့ မရှိတော့ဘူး။ သူ့အတွက်ဘဲ ကြောင့်ကြစိုက်နေရတယ်၊ ဒီဒုက္ခကြီးဘဲ သယ်ဆောင် ထမ်းပိုးနေရတယ်၊ ရှင်းကြပလား?

ဒီဒုက္ခခန္ဓာကို အကောင်း အမြတ်ထင်ဒါဟာ တော်တော် တန်တန်ရူးဒါ၊ မိုက်တာ၊ မဟုတ်ဘူးလို့ သာ ဆုံးဖြတ်ချက် ချကြ၊ ကျေနပ်ပလား?

ဒကာဒကာမတွေ အလေးအနက်၊ စဉ်းစားကြ၊ ခန္ဓာရှိတော့ ဗျာဓိ၊ လာဒါဘဲ၊ အဲဒါ တဏှာ၊ အဖေါ်လုပ်မိလို့ ခန္ဓာလက်ရှိ

ရလာခဲ့ဒါ၊ခန္ဓာရှိလို့ အနာရှိတော့၊ မမာတဲ့အခါ သူတကာတွေ လာပြီး မေးကြ၊မြန်းကြ၊ လုပ်တာ အကောင်းများ မမှတ်ကြနဲ့၊ လူ့ဝတ္တရား၊ သူ့ဝတ္တရား ဆိုပြီး မတော်လို့မေး၊ မကောင်းလို့ မေးကြဒါပါ၊ တဏှာ အဖော်လုပ်မိဒါနဲ့ မကောင်းလို့ အမေး ခံရဒါဘဲလို့ မှတ်လိုက်ကြ၊ ရိပ်မိပလား?။ နောက် သေတော့လဲ မကောင်းလို့ လိုက်ပို့ကြ။ ပြီးတော့ အခေါင်း ဖွင့်ကြည့်ပြီး၊ တံတွေးထွေးပြီး ပြန်ခဲ့ကြ၊အလောင်းဖွင့်တော့ အပုတ်နံ့ နံလွန်း လို့ ပေါ်ကြပလား?

တဏှာ အဖော်လုပ်မိဒါ ဘယ်လောက် အဖြစ်ဆိုးသလဲ? စဉ်းစားကြ၊ နောက် ကျန်တဲ့လူတွေက တွင်းတူးမြှုပ်၊ မြေဖို့၊ ခြေနဲ့တက်နင်းလိုက်ကြ၊ ခြေနဲ့မနင်းရင် ခွေးစားမှာက သေချာ တယ်၊ ခွေးစားမှာကြောက်လို့ ခြေနဲ့နင်း၊ နင်းပြီး ပြန်သွားကြ၊ တဏှာ,အဖော်လုပ်မိတဲ့ အပြစ်တွေဘဲ၊ ဒကာဒကာမတွေ ဘယ် ဒင်း ကြိုက်သတုံး? ခွေးစားဒါ ကြိုက်သလား? ခြေနဲ့ နင်းဒါ ကြိုက်သလား? အေး၊ မကြိုက်လဲ ခွေးစား၊ ခြေနင်း၊ ခံရအုံး မှာဘဲ၊ ဘယ်ဟာမှ မကြိုက်ရင် ကြိုးစားကြ။

မကြိုက်တာမှန်ရင် လွတ်အောင်လုပ်ကြ။ အသေဆိုဒါ ခြေ နင်းဖတ်ရယ်၊ ခွေးစားခံရယ်၊ မလွဲသာလို့ လိုက်ပို့လာတဲ့လူတွေ ကလဲ မျက်နှာ မသာ,မယာနဲ့ အရှက်တကွဲ အကျိုးနဲကြုံရတယ်၊ ဒါဘာ့ကြောင့်လဲ?တဏှာ,အဖော်လုပ်မိလို့ အသုဘ,ဖြစ်ရဒါဘဲ၊

သဘောပါပလား? သူ့အတွက်နဲ့ကျေးတော့ မွေးတော့ တချို့တွေက "အသုဘအိမ်ကမို့" မသာအိမ်က ထမင်းဟင်း မစားချင်ဘူးတဲ့၊ ဒီအိမ်ကဟာဆို ဘာမှမစားချင်ဘူးတဲ့၊ အရှက်ကွဲလိုက်တဲ့ဖြစ်ခြင်း၊ ပြောစရာမရှိတော့ဘူး၊ အဲဒါ တဏှာအဖော်လုပ်မိလို့ဘဲ၊ ကျေနပ်ပလား?

တဏှာအဖော်မလုပ်ဘဲ၊ ဉာဏ်နဲ့အဖော်လုပ်ကြ၊ ဉာဏ်အဖော်လုပ်တော့၊ "ဓာတ်တော်လုပ္ပ" ကြုံရတယ်။ ပူဇော်ထိုက်တယ်ဆိုပြီး သူမရ, ငါမရ, လုယက်ပြီး ကိုးကွယ်ဘို့ယူကြတယ်၊ ရှင်းပလား? တဏှာသေမှ ပူဇော်ထိုက်တာ ဖြစ်မယ်၊ ဓာတ်တော်ပူဇော်ပွဲ ခံရမယ်။ ခွေးစား,ခြေနင်း,အဖြစ်က လွတ်တယ်၊ ပေါ်ကြပလား? ဒါဟာ အပေါင်းအသင်း ကွာလို့ဆိုဒါ သက်သေခံပါဘဲ၊ ဒကာဒကာမတွေ ဘယ်ဟာကြိုက်သတုံး? အေး—အပူဇော်ခံကြိုက်ရင် ပူဇော်ပွဲဖြစ်အောင် ရှုတတ်တဲ့ဉာဏ်ကို အဖော်လုပ်ကြတော့။

နည်းပေးညွှန်ကြားတဲ့ ဆရာသွားကြုံတုန်း ကြိုးစားကြ၊ ဒါမှမဟုတ်ရင်, တသက်လုံး ဖုံးလာသမျှဟာ အဲဒီသေခါမှ အရှက်တကွဲအကျိုးနဲ့ ကြုံရမယ်, ဆိုဒါ မှတ်လိုက်ကြ။ သူ, သုံးနေကျအဝတ်,အထည်လေးတောင်မှ " ဒါအကောင်းတွေ မထဲ့နဲ့တဲ့၊ ကောင်းဒါ နှုတ်ယူကြတဲ့၊ ထဲ့ရင် အလကားဘဲ" တဲ့၊ အဲဒါ အရှက်ခွဲခံရဒါဘဲ၊ သုသာန်ရောက်တော့လဲ ဝိုင်းပြီး ခြေနဲ့နင်း

လိုက်ကြ၊ အရှက်ကွဲလိုက်တာ ကမ်းကုန်ပါရော။ နောက်ကျပြန်တော့၊ သူ့မကောင်းတဲ့လမ်းများ သွားလေသလား, ရောက်ရာဘဝက အငတ်ပြဿနာ ဖြေရှင်းနိုင်ပါစေ့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆွမ်းများ သွပ်ကြအုံးတဲ့၊ သပိတ်သွပ်, အမျှဝေကြနဲ့၊ အဲဒါ အရှက်ကွဲဒါဘဲ၊ ရိပ်မိကြရဲ့လား?

ဒီလို လူ့တကာတွေဘိတ်ပြီး၊ အရှက်ခွဲခံရပေမဲ့လဲ၊ သူ့အတွက်က မသေချာပါဘူး၊ အမျှပေးလို့ ရနိုင်တဲ့အဖြစ်က အလွန့်အလွန်နဲပါတယ်၊ အရှက်ကွဲ အဖတ်တင်ရုံ ရှိမှာက များပါတယ်။ ဒါဘာ့ကြောင့်လဲ? တဏှာပေါင်းမိလို့ အဖေါ်လွဲလို့ အမိုက်ကို ပေါင်းမိလို့ဘဲဆိုဒါ မှတ်လိုက်ကြ။ ဒါကြောင့် အမှန်သိရရင် ပြင်ကြ၊ အပေါင်းအသင်း ပြောင်းပြစ်ကြ။အမိုက်ကိုခွါ့အလိမ္မာကို ပေါင်းကြပါလို့၊ နက်နက်နဲနဲ တိုက်တွန်း လိုက်ပါတယ်၊ သဘောကျပလား?

ဘုရားက မင်္ဂလာတရားတော်မှာ" အသေဝနာစ ဗာလာနံ " အမိုက်ကို မပေါင်းနဲ့။မိုက်တဲ့ တဏှာကို မပေါင်းနဲ့။ "ပဏ္ဍိတာနဥ္စ သေဝနာ" အလိမ္မာကို ပေါင်းကြ၊ ပညာကို ပေါင်းကြ"လို့ ဟောတော်မူတယ်။ ဘုရားရှင် ဟောလိုရင်းက ပုဂ္ဂိုလ်ကို ဆိုဒါ မဟုတ်ဘူး၊ တရားကို ဆိုဒါဘဲလို့ မှတ်လိုက်ကြ၊ရိပ်မိကြရဲ့လား? ဗာလာဓမ္မာ့အရ၊ အကုသိုလ်တရားကို ကောက်ရတယ်။ပဏ္ဍိတာဓမ္မာ့အရ၊ ကုသိုလ်ကို ကောက်ရတယ်။ ဒီဟာ ဓမ္မသင်္ဂဏီ ပါဠိ

တော်မှာ လာတယ်။ဒါကြောင့် ဒီအဓိပ္ပါယ်ဟာ ထင်ရှားတယ် ဆိုဒါ ဆုံးဖြတ်ချက်ချ။

ဒါကြောင့် ဒီလိုအမှန်အကန် သိရတဲ့အချိန်ကစပြီး၊ပညာနဲ့ ပေါင်းကြ၊ ပညာကို အဖေါ်လုပ်ကြ၊ တဏှာနဲ့ အိုးစားခွဲကြ တော့၊ နွေးနွေးကွေးကွေးနဲ့ အေးဆေးမနေကြနဲ့၊ အချိန်က သိတ်မရတော့ဘူး၊ မြန်မြန်ဆန်ဆန် လုပ်ကြပါလို့ သတိပေး လိုက်တယ်၊ အသက်ကြီးတော့ အသက်ကြီးလို့ သေချိန်က နီးနေပြီ၊ အခုလား? တော်တော်နေတော့လား? မသိနိုင်ဘူး၊ အသက်ငယ်တော့လဲ ငယ်လို့လုပ်ရမှာဘဲ၊ 'အဇ္ဇေဝ ဝါ သုဝေဝ ါ' နက်ဖြန် သဘက် ချိန်းချက် မရှိဘူး၊ စိတ်မချရဘူး၊ ရိပ်မိကြရဲ့ လား?

ဒါကြောင့် အခုသိရရင့်အခုလုပ်ကြပါလို့ တိုက်တွန်းလိုက် တယ်၊ သဘောပါကြပလား? ဒကာဒကာမတို့ မြတ်စွာဘုရား သခင် ကုရုတိုင်းမှာ သီတင်း သုံးတော်မူစဉ် အခါမှာ၊ ရဟန်း များကို အတွင်း သုံးသပ်ကြ၊ အတွင်းသုံးသပ်ကြလို့ မိန့်ကြား တော်မူတယ်၊ အဲဒီ အခါမှာ ရဟန်းတပါးက တပည့်တော် အတွင်းသုံးသပ်ပါတယ်ဘုရားလို့ လျှောက်ထားတော့၊ ဘုရားက အသင် ဘယ်လိုများ သုံးသပ်ပါသလဲ? လို့ မေးတော်မူတဲ့အခါ "တပည့်တော် ဆံပင်,မွေးညှင်း,စတဲ့ သုံးဆဲ့နှစ်ပါးသော ကော

ဋ္ဌာသ, အသုဘ, ဘာဝနာကို ပွါးများပါတယ်, ဆိုတဲ့အကြောင်း နဲ့ လျှောက်ထားတယ်။

ဒီတော့ ဘုရားရှင်က ဒီလိုမဟုတ်ဘူး၊ ဒီကောဋ္ဌာသကို သုံးသပ်ခိုင်းဒါ မဟုတ်ဘူး၊ အမှန်က မင်းတို့သန္တာန်မှာ ဇရာ,ဆိုတဲ့ အိုခြင်းတရား၊ မရဏ,ဆိုတဲ့ သေခြင်းတရားတွေ ရှိတယ်၊ ဒီလို ရှိတဲ့ ဇရာ,မရဏ၊ အို,သေ,ဟာ၊ ဒုက္ခသစ္စာပါလားလို့ သုံးသပ်ရမယ်၊ ဒီလိုသုံးသပ်ကြလို့ မိန့်ကြားဟောပြတော်မူတယ်၊ ဒကာ ဒကာမတွေ သဘောပါပလား?

ဒကာဒကာမတို့ အခုရထားတဲ့ ခန္ဓာကြီးက ဇာတိကနေ တောက်လျှောက် ဇရာဖက်လာခဲ့ပြီး, မရဏဖက်, ဒိုင်းဒိုင်းပြေးနေဒါ၊ ရိပ်မိကြရဲ့လား? တချိန်ထက်တချိန်,တစက္ကန့်ထက်,တစက္ကန့် ဆိုသလို ခန္ဓာထဲမှာ ဇရာဆိုတဲ့ အိုခြင်းက နှိပ်စက်နေဒါ၊ သူက အသေဘက် အရောက်ပို့ပေးနေဒါဘဲ၊ ရှင်းပလား? ဒီ, အိုတတ် သေတတ်တဲ့ ခန္ဓာကို ဒုက္ခသစ္စာပါလားလို့ သုံးသပ်ကြရမယ်၊ သုံးသပ်တတ်ကြပလား? ဒီလို ဉာဏ်နဲ့သုံးသပ်တော့၊ ဒုက္ခသစ္စာမှန်း အမှန်အကန် သိမြင်နိုင်ကြမယ်။

ဒီခန္ဓာမှာ အိုဒါနဲ့ သေဒါဘဲရှိတယ်၊ အို,သေ,ဒုက္ခက လွဲရင် ဘာမှမရှိပါကလားလို့ ဉာဏ်နဲ့တွေးရမယ်၊သုံးသပ်ရမယ်၊ အဖန်ဖန် ဆင်ခြင်ရမယ်၊ဒီလိုဉာဏ်နဲ့တွေးတော့၊တွေးဒါက မဂ္ဂသစ္စာ၊

ရှိဒါက ဒုက္ခသစ္စာဘဲ၊ ရှင်းကြပလား? ဒါကြောင့် သုံးသပ်ကြ၊ ကိုယ့်ခန္ဓာထဲမှာ အို,သေ, ဒုက္ခသစ္စာကလွဲလို့ ဘာမှ မရှိပါက လားလို့ တွေးကြ။ ခန္ဓာမှာ အမှန်ရှိဒါက ရုပ်နဲ့နာမ်ဘဲရှိတယ်၊ ရုပ်,နာမ် ရှိရင် ဇရာ,မရဏ,ရှိတယ်၊ ဒီပြင် အပိုစွက်စရာ ဘာမှ မရှိဘူး၊ ရှင်းပလား?

ဒကာဒကာမတို့ ခန္ဓာမှာ အကျဉ်းချုပ် နာမ်,နဲ့ရုပ်ဘဲရှိတယ် ဆိုဒါ သိကြဘီ၊ နာမ်,ရုပ်,ရှိရင် ဇရာ,မရဏ, အိုသေက လွတ် ပါ့မလား? မလွတ်နိုင်ဘူး၊ဒါကိုသိရရင်, မေ့မေ့လျော့လျော့ နေလို့ ဖြစ်ပါ့မလား? မဖြစ်တာသိရင် ကြိုးစားကြ။ ဒကာတို့ တတွေက အခုနေမှာ ဥပမာအားဖြင့် အဆိပ်လဲ စားမိထားဘီ, အဆိပ်စားပီး,ခတ်ပျော်ပျော်ကလေးဘဲ နေပါတော့မယ်ဆိုသလို ကျနေကြဘီ။ဇရာ,မရဏ, အို,သေ,ဒုက္ခသစ္စာလဲ့ ကိုယ်ပိုင်ရထား တယ်၊ မေ့မေ့လျော့လျော့လဲ နေမယ်ဆိုတော့၊ ဘယ်လိုအစား မျိုးတွေတုံး? လို့ မေးလိုက်ပါတယ်။

ဒီလိုဆိုရင်, ဒကာတို့ဟာ လူကောင်းတွေမှ ဟုတ်ကြပါရဲ့ လား? အဆိပ်လဲ စားမိထားဘီ၊ ခတ်ပျော်ပျော်လေးလဲ နေနိုင် ကြတယ်ဆိုရင်, ပင်ကိုယ်စိတ် ပျောက်နေတဲ့ အရူးမို့ဘဲ၊ဆိုသင့် မဆိုသင့်, ကြပ်ကြပ် စဉ်းစားကြ၊ သဘောပါကြပလား? ဒါဖြင့် အေးအေး,ဆေးဆေး လုပ်မနေကြနဲ့၊ သုံးသပ်ကြ၊သုံးသပ်တတ်

တဲ့ဉာဏ်နဲ့ အဖော်လုပ်ကြ၊ တဏှာနဲ့ အဖော်မလုပ်ကြနဲ့တော့ ဉာဏ်,အဖော်လုပ်ကြ၊ ကျေနပ်ပလား?

ဒကာတို့တတွေ ရှေးကနေခဲ့ ထိုင်ခဲ့ကြဒါ ဘယ်လိုများပါ လဲ?လို့ မေးရင်၊ တပည့်တော်တို့ တသံသရာလုံး တဏှာနဲ့ဘဲ အဖော်လုပ်ပြီး,နေခဲ့ကြပါတယ် ဖြေရမှာဘဲ၊ ဒါပေမဲ့ ဒကာတို့ ဟာ အို,သေ, သံကိုတော့ နဲနဲမှ မကြားချင်, မကြားလိုဘူး မဟုတ်လား? မကြားချင်ပေမဲ့ ကိုယ်တိုင်ကြုံ, ကိုယ်တိုင် တွေ့ရ မှာက သေချာပြီးသားချည့်ဘဲ၊ ရိပ်မိကြပလား? ကိုယ်တိုင်က တော့ တဏှာ,အဖော်လုပ်နေမယ်၊ အို,သေ,သံကိုတော့ မကြား ချင်ပါဘူးဆိုရင် ဟုတ်နိုင်ပမလား?

ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ အဲဒီလူတော့ သွားဘီ၊ အို, သေ,က ရှောင်လို့လဲ မလွတ်ပါဘူး၊ ကိုယ့်အထဲမှာ ရှိနေတဲ့ အို,သေ,က ပြေးမလွတ်နိုင်တော့ဘူး၊ ပေါ်ကြပလား? အို,သေ ကြောက်လို့ ဒီအသံ မကြားချင်ဒါဖြင့်, တဏှာနဲ့ခွဲကြ၊ဉာဏ်နဲ့ ပေါင်းကြ၊ ဉာဏ်နဲ့ပေါင်းပြီး, အို,သေ,မြင်အောင် ကြည့်ရမယ်၊ အို,သေ, မြင်နေရင်, တဏှာ သေတယ်၊ တဏှာသေရင်, နောက် လာမဲ့ ခန္ဓာတွေ ဟိုဘဝ, ဒီဘဝ,တွေ မသွားရတော့ဘူး၊ ရှင်း ကြပလား?

ဒကာဒကာမတွေ အို,သေ,ကြောက်ရင် အို,သေ, ဉာဏ်နဲ့ ကြည့်၊ ဉာဏ်နဲ့ အို,သေ,မြင်တော့ ရှေ့ဆက်ပြီးတွေး၊ ဒီ အို,သေ,

ဘယ်က လာပါလိမ့်မလဲ? ဘယ်က လာဒါလဲလို့ ဉာဏ်နဲ့တွေး တော့ အို့သေ့ခန္ဓာငါးပါးက လာတယ်ဆိုဒါ သိရမယ်၊ ဒကာ ဒကာမတွေ အို့သေ့ဘယ်ကလာသလဲ? ခန္ဓာငါးပါးကလာတယ်၊ ရိုပ်မိကြအီ။ ဒီတော့ ခန္ဓာက အကြောင်းသမုဒယသစ္စာ၊အို့သေ က အကျိုးဒုက္ခသစ္စာဘဲ။ခန္ဓာငါးပါးက အကြောင်း၊အို့သေက အကျိုးလို့ သိဒါက သိတဲ့ဉာဏ်က မဂ္ဂသစ္စာ။ အော်.... ဒီလို ဆိုတော့ သုတို့နှစ်ခု မရှိမှ အေးမှာဘဲ၊ သုတို့နှစ်ခု မရှိမှ အို့သေ က လွတ်မှာဘဲ၊ အဲဒီ အို့သေ့လွတ်ရာက နိရောဓသစ္စာဘဲ၊ ရှင်း ပလား?

ဒကာဒကာမတွေ ပြန်ပြီး ပြောပါအုံးမယ်၊ အို့ သေ့ ဘာ ကြောင့်ပေါ်တယ်? အို့ သေ့ ခန္ဓာကြောင့် ပေါ်တယ်၊ ခန္ဓာ ဘာကြောင့် ပေါ်သလဲ? တဏှာကြောင့် ပေါ်တယ်၊ ခင်တတ် မင်တတ်တဲ့ တဏှာကြောင့် ခန္ဓာရခဲ့ဒါ၊သူ့လက်သယ်က တဏှာ ဘဲ၊ ပေါ်ကြပလား?တဏှာကြောင့် ခန္ဓာရ၊ ခန္ဓာရလို့ အို့သေ့ ရဒါဘဲ၊ ဒီတော့ အို့ သေ့ ဟာ တဏှာကြောင့် ရတယ်ဆိုဒါ ရှင်းကြပလား? ဒါကြောင့် အို့ သေ့ ကြောက်ရင် တဏှာနဲ့ မပေါင်းနဲ့၊ ဉာဏ်နဲ့ ပေါင်းပြီး၊ တဏှာ ချုပ်အောင် လုပ်ကြ၊ တဏှာချုပ်မှ အို့သေ့ကလွတ်ကြမယ်၊ ကျေနပ်ပလား?

ဒါကြောင့် တဏှာက သမုဒယသစ္စာ၊ ခန္ဓာက ဒုက္ခသစ္စာ၊ သိဒါက သိတဲ့ဉာဏ်က မဂ္ဂသစ္စာ၊ အကြောင်းအကျိုးတွေ ချုပ် တာက ချုပ်ရာက နိရောဓသစ္စာ၊ သဘောကျရဲ့လား?

ဒကာဒကာမတွေ တဏှာဟာ လက်သယ် တရားခံဘဲဆိုဒါ ပေါ်ကြဘီ၊ ဒီလိုသိပီး ဒီကနေ ဆက်တွေးအုံး “ ဒီတဏှာ” ဘယ်ကလာသလဲ?လို့ ဆက်ပီး ဉာဏ်နဲ့တွေးကြ။ ခင်မင်မှုတဏှာ ဟာ ဘယ်ပေါ်မှာ ခင်မင်ဒါလဲ? ဘယ်အပေါ်မှီပီး ဖြစ်လာဒါ လဲ? ဒီလိုဆက်တွေးတော့ အာယတနခြောက်ပါးကိုတွေ့ရမယ်။ ဒီတဏှာဟာ အာယတနခြောက်ပါးက ဖြစ်တာ၊ အာယတန ခြောက်ပါးကြောင့် လာဒါဘဲဆိုဒါ ပေါ်ကြမယ်။ အာယတန ခြောက်ခုမရှိရင် မလာဘူး၊သူတို့ရှိလို့သာ လာဒါဘဲ၊ရှင်းပလား?

စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မနဆိုတဲ့ အာယတန ခြောက်ပါးကြောင့် တဏှာဖြစ်လာရတယ်၊ တဏှာဖြစ်တော့ တဏှာ,ဥပါဒါန်,ကမ္မဘဝ,သံသရာဆက်ပီး, နောက် ဇာတိဒုက္ခ, ဇရာဒုက္ခ,ဗျာဓိဒုက္ခ,မရဏဒုက္ခ စတဲ့ “ဒုက္ခအစုကြီး” လိုက်လာ တော့ဒါဘဲ၊ ရိပ်မိပလား? ဒီတော့ တဏှာ,ဥပါဒါန်,ကမ်တွေက ဒုက္ခသစ္စာ၊ အာယတနခြောက်ပါးက သမုဒယသစ္စာ၊ သိဒါက မဂ္ဂသစ္စာ၊ ဒုက္ခသမုဒယနှစ်ခုလုံး ချုပ်တာက နိရောဓသစ္စာဘဲ၊ ရှင်းကြပလား?ဒီလိုသိကြရမယ်၊ ဒါကို သိသိသွားကြရမယ်။

ဒကာဒကာမတွေ သဘောပါကြပလား? ဒီလို သိသိ သွား အောင် ကြိုးစားကြ။ ဥပမာအားဖြင့် သစ်ပင်ဟာ အမြစ်ကို ဖြတ်ရင် ပင်လုံးချောက်သွားရတယ်၊ တပင်လုံးချောက်တဲ့ နောက်တော့၊ အကိုင်း, အခက်, ရွက်လက်တွေ လုံးဝမထွက်နိုင်

တော့ဘူး၊ ဒီဥပမာအတိုင်းဘဲ၊ ရေသောက်မြစ်နဲ့တူတဲ့ ဒီ အာယတနခြောက်ပါးကို ဖြတ်ရမယ်၊အာယတနခြောက်ပါးအရင်းခံကို ဖြတ်လိုက်ရင်၊ ကိစ္စပြီးတယ်ဆိုဒါ မှတ်ကြ။ဒီအာယတနကို ဘာနဲ့ဖြတ်ရမလဲ? ဉာဏ်နဲ့ဖြတ်ရမယ်၊ မလိုချင်တဲ့ဉာဏ်နဲ့ ဖြတ်ရင် ပြတ်တယ်လို့ မှတ်လိုက်ကြ၊ သဘောပေါက်ကြပလား?

ဒကာဒကာမတို့ အာယတနခြောက်ခုကို မလိုချင်တဲ့ဉာဏ်နဲ့ ဖြတ်လိုက်ရင်၊ တဏှာသေ၊ခန္ဓာလဲချုပ်၊ အိုသေလဲ ငြိမ်းတော့ဒါဘဲ၊ ရှင်းပလား? ဒါကြောင့် အိုသေ ကြောက်ရင်၊ အို သေ လွတ်အောင် ဖြတ်တတ်တဲ့ဉာဏ် လက်ကိုင်ထားကြရမယ်၊ဒီဉာဏ် လက်ရှိဖြစ်အောင် လုပ်ရမယ်ဆိုတဲ့အချက် လေးလေး နက်နက် မှတ်လိုက်ကြ။ ဒါကြောင့် ရှုတတ်တဲ့ဉာဏ်အပေါ် လုပ်ရမယ်လို့ ဆိုဒါဘဲ၊ အာယတန ခြောက်ပါး ရှုတတ်တဲ့ဉာဏ်ကို ပြောဒါ၊ သူနဲ့မှ ဖြတ်နိုင်မှာဘဲ၊ ရိပ်မိကြပလား?

ဒီဉာဏ်နဲ့ အာယတနကို ဖြတ်ရမယ်၊ အိုသေရခဲ့ဒါ သူ့ကြောင့်ဘဲ၊ သူလက်သယ်ဘဲ၊ ဒါကြောင့် သူ့ကို ရှုဉာဏ်နဲ့ဖြတ်ရမယ်၊ သူ့ဖြတ်နိုင်မှ အိုသေက လွတ်ကြရမယ်ဆိုဒါ မှတ်ကြ၊ ဒကာဒကာမတွေ အိုသေရဒါ ဒီအာယတနက လက်သယ်ဘဲ၊ အာယတနခြောက်ပါးဆိုဒါက "စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊မန"ဆိုတဲ့ခြောက်ပါး။ ခြောက်ပါးဆိုပေမဲ့ ချုံးလိုက်ရင် ရုပ်နဲ့ နာမ်ဘဲ။ ရှုတဲ့အခါမှာ နှစ်ခုမလိုဘူး၊ ရုပ် ကြိုက်ရင်ရုပ်၊

နာမ်၊ ကြိုက်ရင် နာမ်၊ တခုထဲ တလုံးထဲကို ရှုပါ၊ ရှုရမှာ၊ နားလည်ကြပလား?

ရှုတတ်ကြပလား? "ကော မမ္မော" ဆိုတဲ့အတိုင်း၊ တလုံးထဲကို ပိုင်အောင်ရှုရမယ်။ ရှုတော့ စိတ်ရှုကြပေါ့၊ အာယတနကို မှီဖြစ်တဲ့ စိတ်ခြောက်မျိုး၊ မျက်လုံးစိတ်၊ နားစိတ်၊ နှာခေါင်းစိတ်၊ လျှာစိတ်၊ ကိုယ်စိတ်၊ မနောစိတ်၊ ဒီခြောက်မျိုးကိုရှု၊ ခြောက်မျိုးတခုခုပေါ်ရာ မိအောင်၊ ပိုင်အောင်ရှု၊ သဘောပါပလား? မရှုမိရင် မရှုဒါနဲ့ တဏှာလာဒါဘဲ၊ တဏှာလာလို့ တဏှာ အပေါ်လုပ်မိရင်၊ ဟိုဘဝ၊ ဒီဘဝ၊ ပြေးရမယ်၊ ဒုက္ခကျော မျှောလေအုံး၊ မြုပ်လေအုံးတော့ဘဲဆိုဒါ မှတ်ကြ၊ ရှင်းပလား?

ခန္ဓာမှာ ဘာစိတ်ပေါ်ပေါ်ရှု၊ သားလေး တွေးတဲ့စိတ်၊ သမီးကလေး တွေးတဲ့စိတ်၊ ပေါ်လာသမျှ ဖြစ်၊ပျက်၊ ရှုချ၊ မရှုမိရင် ဆွေးစိတ်လာမယ်၊ တွေးစိတ်မမိရင်၊ ဆွေးစိတ်ကို မလွှတ်စေနဲ့ ရှုပစ်၊ ရိပ်မိပလား? ဆွေးစိတ်မလာရင်၊ ဒေါသ လာမယ်၊ ဒါလဲ ဖြစ်၊ပျက်၊ရှု၊ ရှုရင် မဂ်လာမယ်၊ အရှုခံစိတ်က ဖြစ်၊ပျက်၊ ရှုတဲ့ ဉာဏ်က မဂ်ဘဲ၊ ဒါကိုမှ မရှုမိလိုက်ရင်၊ ဒီဘဝ၊ မကောင်းလို့ နောက်ဘဝအတွက်၊ကောင်းချင်တဲ့တဏှာ၊ ဝင်လာမယ်၊ ကောင်းဒါရချင်တဲ့ တဏှာလာတော့ ဘာဖြစ်သလဲ?

"တဏှာပစ္စယာ ဥပါဒါနံ ဥပါဒါနပစ္စယာ ကမ္မဘဝေါ ကမ္မဘဝပစ္စယာ ဇာတိ၊ ဇာတိက၊ အပါယ်လေးပါးဇာတိ၊ အပါယ်

ပဋိသန္ဓေ၊ အဲဒါတွေ ဆက်တိုက်လာမယ်၊ ရိပ်မိကြရဲ့လား? အဲဒါ မရှုမိရင် ဘာဇာတိလာလာ အို,နာ,သေ,တွေဆက်မယ်၊ အို,နာ,သေ,က မလွတ်တော့ဘူး၊ သဘောပါပလား? ဒါကြောင့် ဘာစိတ်လာလာ ဖြစ်,ပျက်,ရှုမယ်၊ ရှုတော့ လာတဲ့ စိတ်ကလေးက ဖြစ်,ပျက်၊ ရှုဒါက မဂ်, ဖြစ်လာမယ်၊ ရှင်းပလား? တွေးစိတ်ကလေး မရှုမိရင်, ဒီဘက် ပဋိစ္စသမုပ္ပါဒ် တန်းသွားမယ်၊ တန်းရင်, အသေဆိုးမယ်လို့ သာ မှတ်လိုက်ကြ၊ ကျေနပ်ပလား?

ဒီနည်းအတိုင်း စိတ်ခြောက်မျိုးထဲက လာသမျှကို မလွတ်အောင် ဖြစ်,ပျက်ရှု၊ရှုရင် အရှုအပွါးများသလောက် ဉာဏ်တက်လာမယ်၊ ဖြစ်,ပျက်တွေ များများ မြင်လာမယ်၊ နောက် မုံးလာမယ်၊ နောက် တချက်ချက်မှာ ဖြစ်,ပျက်တွေ ဆုံးသွားမယ်၊ ရှင်းပလား? ဖြစ်,ပျက်တွေ ဆုံးသွားဒါက ဒုက္ခသစ္စာ၊ ဒုက္ခတွေ ချုပ်ဆုံးတော့၊ နောက်က သေဒါက သမုဒယသစ္စာ၊ ဒုက္ခချုပ်တဲ့နေရာ ပေါ်ဒါက နိရောဓသစ္စာ၊ ဒုက္ခဆုံးရာ မြင်တဲ့ဉာဏ်က မဂ္ဂသစ္စာ၊ ကျေနပ်ပလား?

ကိုင်း, ယနေ့ ဒီတွင်ဘဲ တော်ကြစို့ နာရီစေ့ပြီ။

# ဓမ္မရတနာ မာတိကာ

"ဘုရမ်းဘုတာ ဘေး၊ လွတ်မြောက်ရေး, တရားတော်"

**ထူးခြားချက်**

သေခါနီးတွင်, ပျော်ရွှင်နိုင်သူမှာ.... အရိယာ။
သေခါနီးတွင်, ကြောက်လန့်ရသူမှာ—ပုထုဇဉ်။

**ဆောင်ပုဒ်**

ခြောက်ခွင်ဒွါရ၊ ပသာဒ၊ ခြောက်ဝ ဝိညာဏာ။
တဏှာဘီလူး၊ အစဉ်ပူး၊ အရှုးအကန်းသာ။
ဝိညာဏ်ခြောက်ဝ၊ သာယာစွ၊ မှောက်ကြငါးပါးသာ။
တဏှာဆိပ်ခင်၊ မျိုမိလျှင်၊ ဆိပ်ပင် ရခန္ဓာ။
အို,နာ,သေဆိုး၊ ဆိပ်သီးမျိုး၊ ပွါးတိုးထပ်ထပ်သာ။
တဏှာမျိုကင်း၊ ခန္ဓာရှင်း၊ လွတ်ကင်း အို,သေ,နာ။
အို,နာ,သေက၊ လွတ်လိုကြ၊ ခြောက်ဝဝိညာဏာ။
ခန္ဓာပေါ်ခိုက်၊ တပါး၌၊ စူးစိုက်ဉာဏ်ရှုကာ။
ဖြစ်,ပျက်,မြင်သိ၊ မုံ,ဆုံးဘိ၊ သန္တိချမ်းငြိမ်းစွာ။

**သတိချပ်**

တနေ့ကုန်ထွေ၊ သေနီးလေ၊ ပူတွေကြောက်ဖောက်ြွ။
ဘုရမ်းဘုတာ၊ ဘေးကြီးမှာ၊ လွန်စွာနီးကပ်လှ။

ယောင်ရှက်ကျကြေ၊ ပမာနေ၊ ထွေထွေဖြန့်ကြကျ။
ဒုက္ခဆုံးဉာဏ်၊ မရပြန်၊ ကေန်ဘေးသင့်ကြ။
ခွင့်ခါကြုံကြိုက်၊ ခန္ဓာစိုက်၊ ဉာဏ်လိုက်အားထုတ်မှ။
ဥပရိဒေဝီ၊ ချေးပိုးတီ၊ ပုံမှီဝတ္ထုပြ။
ဒုက္ခဆုံးမြင်၊ ဉာဏ်ရလျှင်၊ အေးခွင်နိဗ္ဗူတာ။

**တရားသား** ဒကာဒကာမတွေ တစက္ကန့်ထက်၊ တစက္ကန့်၊ တမိနစ်ထက်၊ တမိနစ်၊ တနေ့ထက်၊ တနေ့' ဆိုသလို၊ အချိန်တွေ၊ နေ့ရက်တွေ တရွေ့ရွေ့ ကုန်၊ ကုန်လာကြတယ်၊ ဒီလိုအချိန်တွေ ကုန်လာဒါဟာ၊ နေ့ရက်က ကုန်ဒါမဟုတ်ပါဘူး၊ အသက်တန်း တရက်ထက်၊ တရက် ရော့ ရော့သွားဒါမို့၊ အသက်တန်းကသာ ကုန်၊ ကုန်သွားရဒါဘဲ၊ ရိပ်မိကြရဲ့လား? နေ့တွေ၊ ရက်တွေက ဘယ်တော့မှ မကုန်နိုင်ပါဘူး၊ အမှန်ကုန်ဆုံးသွားခဲ့ဒါ၊ အမှန်တကယ် ပျောက်ပျက် သွားဒါကတော့၊ ဒကာ ဒကာမတို့ အသက်တန်းဘဲ၊ ရှင်းကြရဲ့လား?

ဒါကြောင့် ဒကာတို့တတွေ အထူးသတိပေးချင်ဒါက၊ နေ့က မကုန်၊ အသက်တန်းကသာ ကုန်ဒါပါ၊ ဒီလိုဆိုတော့ နေ့ရက်၊ အချိန်နာရီတွေ ကုန်ဒါဟာ ဝမ်းသာစရာလား? မဟုတ်ကြဘူး၊ အချိန်ကုန်ဒါဟာ ဝမ်းသာစရာမဟုတ်၊ ဝမ်းနဲစရာ၊ စိတ်မချစရာဘဲဆိုတဲ့အချက် လေးလေး နက်နက်ကြီး စဉ်းစားကြ၊ သဘောပါကြပလား? နေ့ရက်အချိန်၊ နာရီတွေ ကုန်လေလေ၊ ဒကာဒကာ

မတွေ့ အသက်တန်း ရှေ့ရှေ့သွားလေလေ၊ သေဘို့အချိန်နဲ့ နီးလေလေဘဲ။ သေရဘို့အချိန် နီးလာလေ၊ နေဘို့ အချိန်က နဲသွားလေဘဲ၊ ပေါ်ကြပလား?

နေရဘို့ အချိန်က နဲလာသလောက်, မေ့မေ့ လျှော့လျှော့ ပေါ့ပေါ့တန်တန်နဲ့ အမှတ်တမဲ့ သေသွားရရင်၊ လှလှကြီး ဒုက္ခ ရောက်ရမယ်၊ ဒါကြောင့် အချိန်ကုန်ဒါ, စိတ်မချစရာကြီးဘို့ဘဲ၊ ဒီတော့ အချိန်တွေ ကုန်သလောက်, အမှုမဲ့ အမှတ်မဲ့ စိတ်ချနေ လို့ မဖြစ်သေးပါလားလို့ ရိပ်မိကြရမယ်။ ။တညအိပ်ပီး, မိုး လင်းသွား၊ အင်း.... တညကုန်သွားဘီလို့ အောင်းမေ့ကြတယ်၊ ဒကာဒကာမတွေ ည, ကုန်ဒါ မဟုတ်ဘူး၊ ကိုယ့်အသက်တန်း ကုန်သွားဒါ၊ ရိပ်မိပလား?

အချိန်ကုန်သမျှ, နေ့ရက် ကုန်သမျှ, ကိုယ့်အသက်တန်း ကုန်ဒါ၊ ကိုယ့် အသက်တန်း ဆုတ်ယုတ်မှုဘဲ ဆိုဒါ မှတ်ကြ၊ သဘောပါပလား? ကုန်ဒါဟာ, နေ့ကုန်ဒါမဟုတ်၊ ည,ကုန်ဒါလဲ မဟုတ်ပါဘူး၊ ကိုယ့်အသက်တန်းသာ ကုန်နေဒါ၊ ဒီလိုကုန်ဒါ ဟာ သေဘို့ နီးဒါဘဲ၊ သေဘို့အချိန် နီးလာလေ စိုးရိမ်ရလေ ဘဲ၊ အော်...သေရအုံးမယ်, သေရရင်ဖြင့် ဘယ်ဘုံ,ဘယ်ဘဝ, ရောက်ရပါ့မလဲ? လို့ တွေးလုံးလာတယ်၊ အဲဒီတွေးလုံးလာဒါဟာ ဘာ့ကြောင့်လဲ? စိတ်မချလို့ ပေါ်တာဘဲ၊ ရိပ်မိပလား?

ကိုယ့်ကိုယ်ကိုယ် စိတ်မချရလို့ တွေးလုံး၊ ဆွေးလုံး၊ ပူပန်လုံးတွေ ဝင်လာတယ်၊ အဲဒါ လက်ကိုင်မရှိလို့ အားကိုး၊ အားထားမရှိလို့ဘဲဆိုဒါ ထင်ရှားတယ်၊ အားကိုးစရာ လက်ကိုင်မရှိတော့ စိတ်မချရဘူးပေါ့၊ ဒါကြောင့် ဒကာ ဒကာမ တွေကို အားကိုးစရာ၊ အားထားစရာ၊ လက်ကိုင် ကိုယ်ပိုင် ရှိကြပါစေ ဆိုတဲ့ စေတနာနဲ့ ကရုဏာ ရှေ့ထားပြီး၊ ဆရာ ဘုန်းကြီးက ပေးနေဒါဘဲ၊ ဒီတော့ ပေးထိုက်လို့ ပေးတာမို့၊ ယူထိုက်အောင် ယူကြပါလို့ တိုက်တွန်းလိုက်တယ်။

ဒကာတို့တတွေ ဖြစ်ပျက်အဆုံး မမြင်ရသေးသမျှ၊ ဒီဉာဏ်မရသေးသမျှ၊ စိတ်ချနေလို့ မဖြစ်သေးဘူး၊ ဒီဉာဏ်ရမှသာ စိတ်ချရဘာ၊ ဒါကြောင့် ဒီဉာဏ်ရအောင် ကြိုးစားယူကြ။ ။ အဲ.... ဖြစ်ပျက်အဆုံး၊ ဒုက္ခအဆုံး၊ မြင်တဲ့သူကတော့ နေ့ည ကုန်လေလေ၊ ဝမ်းသာလေလေဘဲလို့ မှတ်ကြ၊ သူက နေ့ရက်အချိန် ကုန်လေလေ၊ ဒုက္ခလွတ်ရက် နီးလေလေဆိုတော့ ဝမ်းသာနေဒါပေါ့၊ ဥပမာ၊ ထောင်ကျတဲ့သူလိုဘဲလို့ မှတ်လိုက်ကြ။ ထောင်ကျနေတဲ့သူဟာ အချိန်နေ့ရက် ကုန်လေလေ၊ လွတ်ရက် နီးလာလေလေဆိုတော့ ဝမ်းသာနေသလိုဘဲတဲ့။

ဒီမှာလဲဘဲ ဒုက္ခဝဋ်ကောင်၊ ခန္ဓာဝဋ်ကောင် ထမ်းရဒါ၊ တာဝန်ကြီးလွန်းလို့ ဆင်းရဲလွန်းလို့ ဒီဝဋ်ဒုက္ခက လွတ်လုဘာ၊ ကျွတ်လုဘာဆိုပြီး ဝမ်းသာနေတော့တယ်။ ။ဒါကြောင့် ဒကာဒကာမ

တွေက အခုနှယ်က စိတ်ချရအောင် လုပ်ထားကြ။ ခန္ဓာဆုံးရာ နိဗ္ဗာန်မြင်ရအောင်, နိဗ္ဗာန်ရအောင် ကြိုးစားကြ၊ အခုလိုကြိုးစား ထားရင်၊ နေ့ညတွေ ကုန်လေလေ ဝမ်းသာလေလေဘဲလို့ သာ မှတ်လိုက်ကြ၊ သဘောပါကြပလား?

နိဗ္ဗာန် မြင်တဲ့ဉာဏ်, မဂ်ဉာဏ်အစစ် မရသေးတဲ့သူကတော့၊ ကျိန်းသေပေါက် မရှိဘူး၊ ဘယ်သွားလို့ ဘယ်လာရမှန်း မသိလို့ သေခါနီးလေ စိတ်မချရလေဘဲ၊ ကိုယ့်ဟာကိုယ် စိတ်မချရတော့ စိတ်မချရလေ နှလုံးမသာယာလေဘဲလို့ မှတ်လိုက်ကြ၊ သဘော ပါကြပလား? အဲဒီလို နှလုံးမသာမယာနဲ့သာ သေသွားရရင် အပါယ်လေးပါး ဒုဂ္ဂတိ ဘဝဘဲ ဆိုဒါ သေချာဘီ။ ဒကာတို့ တတွေ ဘယ်လိုများ စဉ်းစားမိကြသတုံး? ဆရာသွားက, ဒကာ တို့ မချကြိုတွေ့ရမဲ့ ဒုက္ခတွေ သိလို့, မြင်လို့ ကရုဏာရှိလို့ ပြော နေဒါဘဲ၊ ဒကာတို့က ကိုယ့်အကြောင်း ကိုယ်သိပီး လုပ်မှ ကောင်းမယ်၊လုပ်မှသာ ဖြစ်တော့မယ်လို့ ဆုံးဖြတ်ချက်ချကြ။

သေခါနီးမှာ ပျော်တဲ့သူကတမျိုး၊ သေခါနီးမှာ ကြောက်တဲ့ သူက တမျိုးလို့ ပုဂ္ဂိုလ် နှစ်မျိုး, နှစ်စား ရှိတယ်။နိဗ္ဗာန်မြင်တဲ့ သူက ပျော်တယ်၊ နိဗ္ဗာန် မမြင်သေးတဲ့သူက ကြောက်တယ်လို့ မှတ်ကြ။ဒီစကား အဓိပ္ပါယ်ဟာ အင်္ဂုတ္တိုရ်ပါဠိတော်မှာလာတယ်၊ သဘောပါကြပကား? နိဗ္ဗာန်မမြင်သေးတဲ့သူက ပုထုဇဉ်အဖြစ် နဲ့ဆိုတော့ ဘယ်စခန်းနဲ့ ဘယ်လမ်း သွားရမယ်ဆိုဒါ မသိဘူး၊

မှန်းချေပေါက် မရှိဘူး၊ မသိတော့ ကြောက်တယ်၊ ရှင်းပလား? အနုဲဆုံး သောတာပန်ဆိုရင်တောင်, ဝဋ္ဋကောင်နဲ့ လွတ်ရတော့မယ် ဆိုပြီး, ခန္ဓာဝန်လေးလို့ သဘောကျနေတယ်၊ ငါသေရင် သုဂတိ, ဘဲဆိုဒါ သိတော့ မြန်မြန် သေချင်တယ်၊ သေရမှာ မကြောက်ဘူး ပျော်တယ်၊ သေခါနီးလေ ပျော်လေဘဲ ဆိုဒါ မှတ်ကြ။

ဒကာဒကာမတွေ အလေးအနက် စဉ်းစားကြ၊ ပေါ့ပေါ့ ကလေးများ မအောင်းမေ့ကြနဲ့၊ ဒုက္ခအဆုံး, ဖြစ်,ပျက်အဆုံး မြင်တဲ့ဉာဏ်ရမှ စိတ်ချရမယ်၊ ဒီဉာဏ်မရသေးရင်, အေးနေလို့ မဖြစ်သေးဘူး၊ ဒီဉာဏ်မရသေးရင်၊ သေခါနီးမှာ, ဒုက္ခကြီးလှလှ ရောက်တော့မယ်၊ ရိပ်မိပလား? ဒုက္ခအဆုံး မြင်ထားတဲ့ သူမှ သေခါနီးလေ ပျော်လေလေဘဲ၊ သဘောပါပလား? ဖြစ်, ပျက် အဆုံး, ဒုက္ခအဆုံး မမြင်သေးတဲ့သူ ဆိုရင်၊ သေခါနီးမှ, စိတ်သောက အကြီးအကျယ် ရောက်ပြီး၊ အရမ်းသေ, သေရမယ်၊ အရမ်းသေ, အကန်းသေ, ဆိုတော့ မှန်းချေ မပေါက်နိုင်ဘူး၊ ကျချင်တဲ့ချောက်, ရောက်ချင်ရာ ရောက်ရတော့မယ်။

ဥပမာဆိုရင်, ယောင်ရှက် ကြွေသလိုဘဲဆိုဒါ မှတ်ကြ၊ ရင့် ယောင်နေတဲ့ သစ်ရွက်ဟာ၊ ကြွေချိန်တန်လို့ ကြွေတော့၊ ဘယ်မှာ ကျမယ်လို့ အတပ်မသိနိုင်ဘူး၊ သူကျချင်တဲ့နေရာ, သူကျချင် သလိုသာ ကျသွားမှာဘဲ၊ အကျမမှန်ဘူး၊ ဆူးတောထဲ ကျချင်

ကျမယ်၊ ရွှံ့ဗွက်ထဲ ကျချင်လဲ့ ကျမယ်၊ ဘယ်နေရာ ကျမယ်လို့ မပြောနိုင်ဘူး၊ ကျချင်သလို ကျရမယ်။ ဒီ ဥပမာ အတိုင်းဘဲ၊ ဒုက္ခအဆုံး, မမြင်ရသေးဘဲနဲ့ သေပွဲဝင်ရရင်၊ ကြောက်ဇော ဝင်ပြီး, ရောက်ချင်ရာရောက်, ကျချင်ရာ ကျတော့မယ်။ ဘရမ်းဘတာဘေး, ဝိနိပါတဘေးကြီး, သင့်တော့မယ်။

သောတာပန်, မတည်သေးရင်၊ ဒီဘေးဆိုးကြီးက မလွတ်နိုင်တော့ဘူး၊ ဘရမ်းဘတာ, ကျချင်ရာကျမဲ့ ဘေးဆိုးကြီးက မုချသင့်ရတော့မယ် ဆိုဒါ စိတ်သာ ချကြတော့၊ ပေါ်ကြ ပလား? ဒီဉာဏ်မရဘဲသာ သေသွားရင်၊ ဖြစ်ချင်သလိုဖြစ်, ရောက်ချင်တဲ့နေရာ ရောက်မယ်၊ ရှင်းပလား? ဒကာဒကာမတွေ ဒီကနေ့ ဒုက္ခအဆုံးမြင်တဲ့ဉာဏ်ရ၊ ဒီနေ့ သူက ကယ်နိုင်တယ်၊ ဒကာတို့ကို ကယ်နိုင်, ယူနိုင်ဒါဟာ ဒီဉာဏ်ဘဲ ရှိပါတယ်၊ ဘယ်သား, ဘယ်သမီး, ဘယ်ပစ္စည်းနဲ့, ဘယ်ဉာတိ, ဘယ်ဆွေမျိုးကမှ မကယ်နိုင်ကြဘူး။

ဒါကြောင့် ကယ်မဲ့ ယူမဲ့ ဉာဏ်အလုပ် လုပ်ကြ၊ ဒုက္ခအဆုံးမြင်တဲ့ဉာဏ်, မဂ်ဉာဏ်ရအောင်, အခုထပြီး အမြန်ရအောင်လုပ်ကြ၊ သားရေး, သမီးရေးတွေကမကယ်နိုင်ဘူး၊ ဒီအရေးတွေက ကိုယ့်ကို မကယ်နိုင်ကြဘူး၊ ဉာဏ်ကမှ ကယ်မှာဆိုတဲ့အချက်ကို လေးလေးနက်နက်ကြီး သတိပေးလိုက်ပါတယ်။

ဥပရိဒေဝီ,မိဖုရားဟာ စုတိကျသွားတော့၊ နောက်ချေးပိုးထိုး (နွားချေးပိုးထိုး)ကောင် ဖြစ်သွားရရှာတယ်၊ အဲဒါ ဘာ့ကြောင့်

လဲ? ကယ်မဲ့ယူမဲ့ဉာဏ်,မဂ်ဉာဏ်, မရလို့ဘဲ၊ သူ့ကြင်ယာတော် ဘုရင်ကြီးကလဲ မကယ်နိုင်၊ရွှေနန်းစည်းစိမ် ကြက်သရေ, ဘယ်ဆွေ့ဘယ်မျိုးတွေမှလဲ မကယ်နိုင်ကြတော့ဘူး၊ ဝိနိပါတ ဘေးသင့်ပီး, ဘရမ်းဘတာ,ဖြစ်သွားရရှာတယ်၊ ရိပ်မိကြပလား? ဒီလို အဖြစ်ဆိုး ဘရမ်းဘတာဘေး, ကယ်နိုင်ဒါဟာ ဖြစ်,ပျက်အဆုံး မြင်တဲ့ဉာဏ်, မဂ်ဉာဏ်ကမှသာ ကယ်နိုင်ဒါ ဆိုတဲ့ အချက် မြဲမြဲ မှတ်ကြ။

ဒီတော့ ဒကာဒကာမတွေ ပေါ့ပေါ့တန်တန် နေကြရင်ဖြင့် သေခါကျ ဒီ ဘရမ်းဘတာ ဘေးဆိုးနဲ့ မုချ ကြုံရတော့မယ်၊ မှန်းခြေပေါက် လုံးဝမပါဘူး၊ ဒီဘေးကြောက်ရင်ဖြင့်၊ အခုနေ အခါက ပေါ့တန်နေလို့ မေ့လျော့နေလို့ မဖြစ်တော့ဘူးဆိုဒါ ဆုံးဖြတ်ချက်ချပီး, အမြန်လုပ်ကြမှ ဖြစ်တော့မယ်၊ ဒါကြောင့် ဒီဘေးဆိုးက လွတ်အောင်, ကိုယ့်စိတ်ကလေး ဖြစ်,ပျက်, မြင် အောင် ကြည့်ဘို့အရေးဟာ အလွန်ကြီးတဲ့ အရေးဘဲလို့ ရိပ်မိ ပီး, မြင်အောင်ကြည့်ကြ၊ သဘောပါကြပလား?

ဘုရားရှင်ရွှေလက်ထက်တော်အခါက၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ၊ဦးတိဿ,ဆိုတဲ့ ရဟန်းတော်တပါးရှိတယ်၊ အဲဒီ ရဟန်းတော်ဟာ၊ စုတိကျချိန်မှာ သူ့မှာရှိတဲ့ သင်္ကန်းလေး တစုံကို ခုံမင်စွဲလမ်းမိတဲ့အတွက်၊ သေတော့ အဲဒီသင်္ကန်းပေါ်မှာ သွားပီး, "သန်း" ဖြစ်ရရှာတယ်။ ဒီပြင် သံဃာတော်တွေက

ဒီသင်္ကန်းကို သံဃာက အဖြစ်နဲ့ ဝေချမ်းမယ် လုပ်ကြတော့၊ ဘုရားရှင်က ဒီအကြောင်း မြင်တော်မူလို့ ခုနစ်ရက် ဆိုင်းကြအုံးဆိုပြီး တားမြစ်တော်မူရတယ်။

အဲဒီအခါမှာမှ ရဟန်းတော်တွေလဲ၊ ဒီရဟန်းကြီး သင်္ကန်းစွဲလမ်းပြီး သန်းပြိတ္တာ ဖြစ်သွားရတဲ့အကြောင်း ရိပ်မိ သိရှိကြတော့တယ်၊ အဲဒါ ဘာ့ကြောင့်လဲ? ဒီ ဖြစ်ပျက် အဆုံးမြင်တဲ့ မဂ်ဉာဏ် မရရှာလို့ဘဲ၊ဒီဉာဏ်ရရင် ဒီလိုဘေးမျိုးက လွတ်ကင်းသွားဘီ၊ ဒီဉာဏ် မရသေးတော့ ရဟန်းတော်ဖြစ်ပေမဲ့လဲ သက်သာရာ မရနိုင်ဘူး၊ ပေါ်ကြပလား?

ဒါကြောင့် အခု ဒကာဒကာမတို့ တတွေမှာ ဘာရမ်းဘာတာ ဘေးကလဲရှိပြန်၊သေဘို့အချိန်အသေနဲ့ကလဲ နီးနေပြန်ဆိုတော့ မြန်မြန်လုပ်မှ ဖြစ်တော့မယ်လို့သာ ဆုံးဖြတ်ချက် ချလိုက်ကြ။ မဂ္ဂင်အလုပ်၊ ဒီအလုပ်တခုဘဲ ကယ်တင်နိုင်ဒါ ရှိတယ်၊ ဒီမဂ္ဂင်အလုပ်မှာဘဲ အားကိုးလောက်တယ်။ ဒီမဂ္ဂင်အလုပ်က လွဲရင်ဖြင့် ဒိပြင် ဘာမှ အားကိုးစရာ မရှိတော့ဘူးဆိုတဲ့အချက် လေးလေးနက်နက်ကြီး မှတ်လိုက်ကြ၊ ရှင်းကြပလား?

အခု ဒကာဒကာမတွေမှာ အချိန်ပိုင်းလိုက်ရင် ဘာမှ မကျန်တော့ဘူး၊ အလွန်ဘဲ နဲနေကြဘီ၊ ဒီလို ကပ်ကုပ်ကပ်ကပ် အချိန်ကလေးကျန်ဒါကိုမှ နောက်မှဘဲ လုပ်မယ်ဆိုတဲ့ ဆင်ခြေမျိုးနဲ့ အချိန်ဆွဲအုံးမယ်၊ ဆိုင်းနေအုံးမယ်ဆိုရင်ဖြင့် အလွဲကြီး လွဲချင်

လို့ဘဲ၊ အချိန်ဆိုင်းရင်ဖြင့် အမှားကြီးမှားဘီလို့သာ မှတ်လိုက်ကြ။ ဒီတော့ ကိုယ့်ကိုယ်ကို ဆုံမကြ၊ "မင်းကသာ အချိန်ဆိုင်းနေဒါ၊ နေရဘို့ အချိန်က နဲနဲသွားဘီ၊ ဘာမှ မရှိတော့ဘူး၊ သေချိန်က အလွန် နီးကပ်နေဘီ" လို့ အောင်းမေ့ ဆင်ခြင်ပီး ဆုံမကြ။

ဒီလိုမှ မဟုတ်ရင်၊ ဒုက္ခကြီးလှလှ ရောက်ရတော့မှာဘဲ၊ ဆင်ခြေတွေ ဆင်လက်တွေ လဲနေဘို့ အချိန် မရတော့ဘူး၊ နောက် ဆင်ခြေလဲနေရင် ဆင်ခြေလွဲဒါ ကိုယ်ဒုက္ခရောက်ဘို့ လုပ်နေဒါ ဆိုဒါ မှတ်လိုက်ကြ၊သဘောပါကြရဲ့လား? အခုလို အမှန်အကန် သိရလို့ သတိရတုန်း အခွင့်ကောင်းတုန်းမှာ အခုထပီး လုပ်ကြမှ ဖြစ်မယ်ဆိုဒါ ဆုံးဖြတ်ချက် ချလိုက်ကြ၊ ရှင်းပလား?

ဘာရမ်းဘာတာ ဘေးဆိုဒါ ကုသိုလ်ကံ, အကုသိုလ်ကံ ရှိတဲ့သူတိုင်း, သင့်မှာချည့်ဘဲ၊ ဒီကံတွေက လွတ်မှ ဒီဘေးက လွတ်ကြမှာ၊ ဒီကုသိုလ်ကံ,အကုသိုလ်ကံဆိုတဲ့ ဘာရမ်းဘာတာဘေးသင့်ရင်, ပြဟ္မာပြေက လာပီး ဝက်ဖြစ်ရ၊ ချီးတွင်း ( မစင်တွင်း ) ထဲ သွားပီးလဲ လောက်,ဖြစ်ချင်ဖြစ်ရနဲ့ ဘာရမ်းဘာတာ ဖြစ်ချင်ရာ ဖြစ်ရတယ်၊ သဘောပါကြပလား? ဘယ်ဘုံ,ဘယ်ဘဝ,ဘယ်ဌာန ရယ်လို့ အတိအကျမရှိဘူး၊ မှန်းချေပေါက် မပါဘူး။ဒါကြောင့် ဘာရမ်းဘာတာဘေးဟာ,ဘေးတကာ့ဘေးတွေထက်,ကြောက်စရာ အကောင်းဆုံးဘဲဆိုဒါ မှတ်ကြ။

ဒီတော့ ဒီဘေးက လွတ်အောင်လုပ်မှ ဖြစ်မယ်၊လွတ်အောင် ဒုက္ခအဆုံးမြင်တဲ့ဉာဏ် ရအောင်လုပ်ရမယ်၊ သဘောပါပလား? ဒုက္ခ အဆုံးမြင်ရင်, ဒီဘေးက လွတ်ပီလို့သာ မှတ်လိုက်ကြ။ ဒကာဒကာမတွေ ဒီအရေးက အလွန်အရေးကြီးတယ်၊ ဒီအရေး အရင်ပီးအောင်လုပ်ကြ၊ နောက်မှ ဒိပြင်အရေးတွေလုပ်၊ဒီအရေး ကမှ ကိုယ့်အရေးဘဲ၊ ကိုယ့်အရေး တစ်,နံပါတ်ထား၊ ဒိပြင် သားရေး,သမီးရေး, စီးပွါးရေးတွေကို နှစ်,နံပါတ်ထား၊ ကိုယ့် အရေးမပီးခင် သူ့များအရေး အသာထား၊ ရှင်းကြပလား?

ဒကာတို့တတွေမှာ ကိုယ့်အရေး မပါကြသေးဘူး၊ သူတို့ အရေးတွေ ဆောင်ရွက်နေရဒါနဲ့ ဘေးသင့်နေကြတယ်၊ ရိပ်မိ ကြရဲ့လား? ဒီဘေးလက်ရှိ ဖြစ်ရက်နဲ့၊ နောက်ထပ်ပီး သင့်လိမ့် အုံးမယ်၊ အဲဒါ ဒီဉာဏ် မရသမျှ ကြုံရမှာက များပါတယ်၊ နောက်ထပ်ဆိုဒါက သား,သမီး,ပစ္စည်း စုံလမ်းပီးသေ၊ သေတော့ အိမ်ကပ်ပီး ပြိတ္တာဖြစ်ရ၊ အဲဒီအခါမှာ ကျန်တဲ့ သားသမီး, သား မယားတွေက ဘုန်းကြီးတွေပင့်ပီး ကမ္မဝါနဲ့ နှင်ထုတ်ကြတော့ မယ်၊ တခါနဲ့မရ, နှစ်ခါ,သုံးခါဆိုသလို မထွက်, ထွက်အောင် နှင်ထုတ်ကြတော့ဒါဘဲ၊ အဲဒါ ဘေးနှစ်ခါသင့်ဒါဘဲလို့ မှတ်ကြ၊ ပေါ်ကြရဲ့လား?

အဲဒီလို အခါမျိုးကျမှ "ငါ့အရင်က, အားကိုးမိတယ်၊ အခု တော့ အားကိုး မှားပါပေါ့ကလား၊ ဗုဒ္ဓံသရဏံ, ဓမ္မံသရဏံ,

ဆိုဒါ မလုပ်ဘဲ၊ သား သရဏံ့မယား သရဏံ့ပစ္စည်းသရဏံတွေ လုပ်မိတဲ့အတွက် မှားခြင်းကြီး မှားပီး, ဒုက္ခ အကြီး အကျယ် ရောက်ရဘီ” ဆိုပီး၊ နောင်တ ရကြမယ်၊ နောင်မှ တ တဲ့ နောင်တ ဘာမှ မတတ်နိုင် ကြတော့ဘူး၊ ဒါကြောင့် အခုနှယ်က သတိတရား, အသိတရား, ရတုန်း အခွင့်အခါ သင့်နေတုန်းမှာ၊ ဒီဉာဏ်ကို မရ ရအောင် အားထုတ်ယူကြပါလို့ လေး လေး နက် နက် တိုက်တွန်း လိုက်တယ်။

ဒီလို သဘောတွေကြောင့် ဒကာတို့တတွေက ကိုယ့်အရေး မပီးသေးဘဲ၊ သားသမီးအပေါ်မှာ သိတ်ပီးလဲ လောကွတ်မချော် ကြပါနဲ့အုံးလို့ အထူးဘဲ တားမြစ်လိုက်ပါတယ်၊ ကျေနပ်ကြ ပလား? ဒါကြောင့် ဖင့်နွဲ့နေလို့ နှေးကွေးနေလို့ မဖြစ်ကြဘော့ ဘူး၊ နှေးမနေကြနဲ့တော့၊ နှေးနှေးကွေးကွေး လုပ်လေလေ,ကံမွဲ ဉာဏ်မွဲ ဖြစ်လေလေ နေမှာဘဲ၊ အချိန်အရွယ်လွန်ခါမှ လုပ်မယ် ဆိုရင်, ကံတွေကလဲမွဲ, ဉာဏ်တွေကလဲ မွဲကုန်တော့၊ ထက်ထက် မျက်မျက် မရှိတော့ဘူး၊မထက်မျက်တော့ မရနိုင်ဘူး၊ဒါကြောင့် ကံမွဲ, ဉာဏ်မွဲ, ဖြစ်လေလေ, မရလေလေဘဲဆိုဒါ မှတ်လိုက်ကြ၊ ရိပ်မိပလား?

အခုလို အချိန်အခါ ကောင်းတုန်း, ကံကလဲ ကောင်းတုန်း၊ ဉာဏ်ကလဲ ထက်မျက်တုန်းမှာ ကြိုးစားလိုက်ကြ၊ မဖြစ်တဲ့အချိန် ရောက်ခါမှ အသုံးချရင်, ဘာမှ အသုံးမကျနိုင်တော့ဘူး၊ မဖြစ်

တဲ့အချိန်ကျမှ လုပ်နေဒါမို့ အလကားဘဲ၊ ရှင်းကြပလား? ဒါကြောင့် အချိန်မဆွဲနဲ့၊ဆင်ခြေမလှဲနဲ့၊အခုအချိန်ဟာအကောင်းဆုံး အချိန်ဘဲလို့သာ ဆုံးဖြတ်ချက် ချလိုက်ကြ၊ သဘောပါကြပလား?

ဒီတော့ ဒကာဒကာမတွေ အရင်က ပေါင်းခဲ့ သင်းခဲ့တဲ့ အပေါင်းဟောင်းကို ပြောင်းပစ်ကြ၊ ရှေးက တဏှာကို အပေါင်းလုပ်ခဲ့ကြတယ်၊ အပေါင်းမှားလို့ ဒုက္ခက မလွတ်နိုင်ခဲ့ကြဘူး၊ ဒါကြောင့် အခုလို အသိဉာဏ်ရတဲ့အခါမှာ အပေါင်းပြောင်းကြ၊ တဏှာကို အပေါင်းမလုပ်ကြနဲ့တော့၊ ဒီအချိန်ကစပြီး, ဉာဏ်ကို အပေါင်းလုပ်ကြ၊ ဖြစ်ပျက်အဆုံးမြင်တဲ့ဉာဏ်, ဒီဉာဏ်ကမှ ဘေးအမျိုးမျိုးကို ကယ်နိုင်မှာဘဲဆိုဒါ မှတ်ကြတော့၊ သဘောပါကြရဲ့လား?

ဘုရားက ဟောတော်မူတယ်၊ "ဒကာဒကာမတို့ဟာ၊ ကိုယ့်မျက်လုံးကလေးကို ကိုယ် သာယာတယ်၊ ကိုယ့်နားလဲ ကိုယ်သာယာတယ်၊ ကိုယ့်နှာခေါင်းလဲ ကိုယ်သာယာတယ်၊ ကိုယ့်လျှာလဲ ကိုယ်သာယာတယ်၊ ကိုယ့်စိတ်ကလေးကိုလဲ ကိုယ်သာယာဒါဘဲ" လို့ ဟောတယ်၊ ဒီလိုသာယာဒါ တဏှာနဲ့သာယာဒါ၊ သာယာတော့ အဲဒီ တဏှာအဆိပ်ကို မျိုမိလိုက်တာဘဲလို့ မှတ်ကြ၊ ဒီတဏှာ အဆိပ်သီး မျိုမိလိုက်တာနဲ့၊ နောက်အဆိပ်ပင် ခန္ဓာ ရလာကြစော့တယ်၊အဆိပ်ပင် ခန္ဓာရတော့၊ ဒီအပင်က အိုသီး, နာသီး, သေသီးတွေသီးပြီး သတ်ချလိုက်ပါရော။

ဒီလိုဘဲ တဏှာအဆိပ်မျိုမိ၊ အဆိပ်ပင်ခန္ဓာရ၊ အို့နာ့သေ အသီးတွေသီး၊ ဒီ အို့နာ့သေသီးက သတ်ချလိုက်နဲ့၊ အသေ လက်စ, ဒုက္ခမဆုံးနိုင်တော့ဘူး၊ သဘောပါကြပလား? ဒီတဏှာ မမျိုမိရင် ဒီခန္ဓာမရ၊ ဒီခန္ဓာ မရတော့၊ ဒီ အဆိပ်သီးတွေက မသတ်နိုင်ကြတော့ဘူး၊ အို့နာ့သေ့ဒုက္ခတွေက လွတ်ကင်းသွား ဘီ၊ ဒါကြောင့် ကိုယ့်ခန္ဓာ့ကိုယ့်မျက်စိ့နား့နှာ့လျှာ့ကိုယ့် စိတ့်ကလေးတွေကို မသာယာကြနဲ့၊ တဏှာနဲ့ မမျိုမိအောင် ကြိုးစားကြ၊ သဘောပါကြပလား?

မိမိခန္ဓာ, စက္ခု့သောတ့ဃာန့ဇိဝှါ့ကာယ့မန ဆိုတဲ့တရား တွေပေါ်မှာ၊ တဏှာက သာယာ နှစ်သက်တယ်၊ ဒီလိုသာယာမိ့ နှစ်သက်မိရင်၊ တဏှာအဆိပ် မျိုမိဒါဘဲလို့သာ မှတ်ကြတော့၊ တဏှာအဆိပ်မျိုမိဒါနဲ့ အသတ်ခံရဘို့သာ ပြင်ထားကြ၊သဘော ပါပလား? အသတ်ခံဘဝ့အသေခံ အဖြစ်က လွတ်ချင်ရင်၊ မိမိ ခန္ဓာပေါ်လာတဲ့ အခိုက်မှာ ဖြစ့်ပျက့်ရှုပေးရမယ်၊ ပေါ်လာလို့ မရှုမိရင်၊ မရှုမိဒါနဲ့ တဏှာအဆိပ်မျိုမိဒါနဲ့ တချက်ထဲဘဲဆိုဒါ မှတ်လိုက်ကြ၊ ရှင်းပလား?

ရှုတဲ့အခါမှာတော့ စက္ခု, သောတ, ဃာန, ဇိဝှါ့ကာယ့မန ဒီခြောက်ခုထဲက တခုထဲသာ ရှုကြ၊ တခုထဲရှုတော့လဲ စိတ်တခု ထဲဘဲ ရှုကြ၊ အများ ရှုဘို့ မလိုဘူး၊ သဘောပါပလား? ဒီတော့ ဒကာဒကာမတွေ တခုထဲကိုဖြင့် ကြိုးစားဘို့များ မသင့်သေးဘူး

လား? သင့်ရင် ကြိုးစားကြ၊ မကြိုးစားရင်, ဘုရမ်းဘတာဘေး သင့်ပြီး၊ နေချင်သလိုနေ, သေချင်သလို သေကြရမယ်၊ ဖြစ်ချင်ရာဖြစ်ကြရမယ်၊ ကျေနပ်ကြရဲ့လား?

ပေါ်တန် မနေကြနဲ့တော့၊ တလုံးထဲဆို မခဲယဉ်း ပါဘူး၊ ဒီတလုံး ဆုံးအောင် လိုက်ကြ၊ ပဌမ မြင်အောင်, နောက် မှုံး လာအောင်, နောက်ဆက်ပြီး ဆုံးအောင်လိုက်ရမယ်၊ရှင်းပလား? ဒကာတို့ရဲ့ သဒ္ဓါ,ပညာ,ဝီရိယ,အားကောင်းရင်၊ အားကောင်း သလောက် အရမြန်မယ်။ ဒီ အားကသေးရင်လဲ သေးသလောက် အရ, နှေးမယ်ဆိုဒါ မှတ်လိုက်ကြ၊ သဘောပါပလား? ရှုရမှာက စိတ်တခု၊ ပေါ်ရာဌာနက ခြောက်ဌာန၊ ခြောက်နေရာ၊ပေါ်တော့ တခုထဲ တနေရာမှာသာ ပေါ်မှာ၊ အဲဒီ ပေါ်တဲ့နေရာ မိအောင် လိုက်ရှု၊ နားလည်ကြပလား?

ခြောက်ဌာန, ခြောက်နေရာ ပေါ်လာတဲ့ စိတ်ကလေးကို မလွတ်အောင် ဖြစ်,ပျက်, ရှုပေး၊ ပေါ်လာတဲ့ စိတ်ကလေးဟာ ပေါ်လာပြီး ပျက်သွားဒါ တွေ့ရမယ်။ ဥပမာ မျက်လုံးထဲ မြင်စိတ်ကလေး ပေါ်လာ၊ ဉာဏ်နဲ့ ကြည့်လိုက်တော့၊ ဖြစ်,ပြီး ပျက်သွားဒါ တွေ့ရမယ်၊ ဒီလိုတွေ့တော့ မျက်လုံးထဲပေါ်တဲ့ စိတ်ကလေးက ဖြစ်,ပျက်၊ ရှုတဲ့ဉာဏ်က မဂ်, ဖြစ်သွားတယ်၊ သဘောပါပလား? ဒီနည်းအတိုင်း မလွတ်တမ်း ဖြစ်,ပျက်နဲ့မဂ် ကိုက်နေအောင် ရှုပေးကြ။

ဒီတော့ အရှုခံတရားက ဖြစ်ပျက်၊ ရှုဉာဏ်က မဂ်၊ သေဒါက တဏှာ၊ ဥပါဒါန်၊ ကမ်တွေ၊ ဒါတွေသေတော့ အို၊ နာ၊ သေ ဒုက္ခ ခန္ဓာ မလာတော့ဘူး၊ ဒီတော့ ခန္ဓာနိရောဓနိဗ္ဗာန်၊ နောက်က နိဗ္ဗာန်ပေါ်လာတယ်၊ ကျေနပ်ပလား? ဒါကြောင့် ဒကာဒကာမ တွေ ဒီအလုပ်ကိုဖြင့် မရရအောင် ကြိုးစားတော့မယ်လို့ ဆုံး ဖြတ်ပြီး လုပ်ကြတော့လို့ တိုက်တွန်းလိုက်တယ်။ ဒါမှ အားကိုး ရာ၊ အားထားရာ၊ အစစ်အမှန် ကေန်ရကြမယ်လို့မှတ်ကြ။

ဒကာဒကာမတို့ ရုပ်နာမ်ခန္ဓာ ဖြစ်ပျက်ဟာ ဒုက္ခသစ္စာ၊ စင်စစ်တော့ ဖြစ်ပျက်ဟာ ဒုက္ခအစစ်ဘဲ၊ အဲဒီဖြစ်ပျက်ဒုက္ခ အဆုံးမြင်ရင် ဘုရမ်းဘတာ ဘေးကြီးက လွတ်ကင်းပြီလို့သာ မှတ်ကြ။ ဒီလို ဒုက္ခအဆုံးမြင်တဲ့ဉာဏ် မဂ်ဉာဏ်ကမှ ကာကွယ် နိုင်မယ်။ ဒါမှသာ ဒီမဂ်မှသာ အားကိုးရာ၊ အားထားရာ၊အစစ် ဘဲဆိုဒါ မြဲမြဲမှတ်ကြ၊ ရှင်းကြပလား? ဒီမဂ်လဲ ရှုမှတ် ပွါးများမှ လာနိုင်မှာ၊ မရှုရင် မလာဘူး၊ ဒါကြောင့် မိမိသန္တာန် ပေါ်လာ သမျှ မပြတ်မလပ် အထပ်ထပ် ရှုမှတ်ပေးရမယ်၊ သဘောပါ ပလား?

ဖြစ်ပျက်မြင်ရင်၊ မုန်းရင် မဂ္ဂင်ငါးပါးရတယ်၊ ဖြစ်၊ ပျက် ဆုံးမှ အဆုံးမြင်တဲ့ဉာဏ်ရမှ မဂ္ဂင်ရှစ်ပါးပြည့်မယ်။ ငါးပါးဆို သိပ်ပြီး မသေချာသေးဘူး၊ ရှစ်ပါးပြည့်မှ သေချာမယ်၊ ရှစ်ပါး ပြည့်မှ စိတ်ချရတယ်။

အဲဒီအခါကျမှ " နိယတဂတိကော သောတာပန္နောနာမ " ဆိုဒါဖြစ်ပီး ဂတိမြဲဘီ၊ပေါ်ကြပလား? အဲဒါ ဒုက္ခအဆုံးမြင်ရင် ရှစ်ပါးပြည့်လို့ အောက်ဖြစ်တဲ့ ဒုဂ္ဂတိက လွှန်မြောက်သွားဘီ၊ သုဂတိဆိုတဲ့ လားရာဂတိမြဲတဲ့ သောတာပန် ဖြစ်ပီလို့ ဆိုတဲ့ အချက်ဘဲ၊ သဘောပါကြရဲ့လား?

မိမိသန္တာန်မှာ စိတ်ခြောက်ပါးထဲက တပါးပါးဟာပေါ်နေမှာဘဲ၊ တပါးမပေါ် တပါး အမြဲပေါ်နေမယ်၊ ဒီလိုပေါ်တဲ့အခါ ပေါ်တိုင်း ပေါ်တိုင်း မလွတ်အောင် ဖြစ်ပျက်ဉာဏ် ဝင်ပေး ရှုပေးရမယ်၊ မရှုမိရင် မရှုမိဒါနဲ့ တပြိုင်နက်, ဖဿ, ဝေဒနာ, တဏှာဆိုပီး တန်းလာတော့ဒါဘဲ၊ အဲဒီ စိတ်ခြောက်ပါး တဏှာနဲ့ သာယာလိုက်တာနဲ့ တဏှာဆိပ်မျိုဒါဘဲဆိုဒါမှတ်ကြ၊သဘောပါကြရဲ့လား?စိတ်ခြောက်ပါးကို သာယာကြရင်, ငါးပါးမှောက်မယ်။ ငါးပါးမှောက်ရင်, ချောက်ကျဘို့သာ ပြင်ကြပေတော့ဘဲ၊ ရှင်းပလား?

ဒကာဒကာမတို့က သံသရာခရီးသယ်တွေဘဲ၊ သံသရ လမ်းကြမ်းထဲမှာ အလွှန်ခရီးပမ်းပီးလာခဲ့ကြရဒါ၊ သံသရ ခရီးသယ်တွေ ဆိုတော့ မောပန်း လာဒါဘဲ၊ ဒီတော့ ခရီး တထောက် တထောက်မှာ ငတ်ငတ်နဲ့ တွေ့တဲ့ရေ သောက်လိုက်ကြ၊ရေဆိုး ရေကောင်း မရွေးနိုင်တော့ဘူး၊တွေ့တဲ့ရေဘဲ သောက်မိကြတယ်၊ ရိပ်မိကြပလား? တဏှာ အငတ်မပြေတော့၊ တွေ့ရသမျှ ခင်ပွန်း

သယ် ခင်ကြ,မင်ကြ, တွယ်တာကြ၊ အဲဒါ သောက်မှားဒါဘဲလို့ မှတ်ကြ။

ဒကာဒကာမတွေ ဥပမာဆိုရင်, အဆိပ်ရောထားတဲ့ အရက် သဘော၊ ဒီအရက်ကို သောက်မျိုမိသလိုဘဲလို့ မှတ်ကြ။ ဒီဟာ သောက်မိဒါနဲ့ မူးမေ့ပီး သေဘေးနဲ့တွေ့ အသေဆိုး ကြုံရဘို့ဘဲ ရှိတယ်။ မိမိ သန္တာန် ပေါ်လာတဲ့ စိတ်ခြောက်ပါး တဏှာနဲ့ သာယာဒါဟာ အဆိပ်ရေ သောက်တာဘဲ၊ ဘာလို့ သောက်မိ သလဲ? မောလာလို့ ငတ်လာလို့ "မောလို့ ငတ်လို့"သောက်မိ ဒါဘဲဆိုဒါ မှတ်ကြ။ သောက်တော့ အို့ကြ၊သေ့ကြ၊ ဒီအဆိပ် မျိုရင် အို့ကြ သေ့ကြမှာဘဲ၊ သဘောပါကြပလား?

တဏှာနဲ့မျိုရင်၊ အို့သေ့လာမယ်၊ နောက်ဆက်ပီး ပဋိသန္ဓေ လာမယ်၊ ဒါကို ဘေးတွေဘဲလို့ သိရင်, မမျိုမိဘူး၊ မမျိုမိရင် အိုဘေး,နာဘေး, သေဘေး, ပဋိသန္ဓေဘေးတွေ မလာတော့ဘူး၊ ဒါကို အမှန်အကန်သိဘို့ သိအောင်ဟာ စိတ်ခြောက်ပါး ပေါ် သမျှ မဂ်ဝင်ရမယ်၊ မဂ်နဲ့ ဖြစ်,ပျက် ရှုပေးရမယ်၊ အဲဒီဉာဏ် ကိုယ်ပိုင်ရအောင် လုပ်ရမယ်၊ ရှင်းပလား? အရှု အမှတ် များရင် များသလောက် ဉာဏ်တက်လာမယ်၊ နောက် အမှန်အကန် ကိုယ် တိုင်ဒိဋ္ဌ သိလာရမယ်၊ သဘောပါကြပလား?

အို့နာ့သေ ပဋိသန္ဓေတွေဟာ ဘေးတွေဘဲလို့ အမှန်အကန် သိတဲ့အခါ၊ သိတဲ့ဉာဏ်က.... မဂ္ဂသစ္စာ။

သိတော့ သိတဲ့နေရာမှာ ဘေးတွေချုပ်၊ ဘေးတွေသေသွားတယ်၊ အဲဒီနေရာမှာ ပေါ်လာဒါက—နိရောဓသစ္စာ။

အဲဒီဘေးအမျိုးမျိုးတွေက....ဒုက္ခသစ္စာ။

သိတဲ့ဉာဏ်ပေါ်တော့ နောက်ကချုပ်တဲ့အကြောင်းတွေက.... သမုဒယသစ္စာ။

**ဒကာဒကာမတွေ သဘောပါကြရဲ့လား?**
**ဒါဖြင့် ကြိုးစားအားထုတ်ကြ။**

ကိုင်း, ယနေ့ ဒီတွင်ဘဲ တော်ကြစို့ နာရီစေ့ဘီ။

———

# ခန္ဓရတနာ မာတိကာ

## " ခန္ဓာ့သဘော၊ ဉာဏ်စောကြော တရားတော် "

---

**ဆောင်ပုဒ်**

ခန္ဓာမူလ၊ သဘာဝ၊ ဒုက္ခပိဋ္ဌနှင့်။
ဟုတ်မှန်မသိ၊ ခင်မင်မိ၊ မြဲဘိကြောင့်ကြကပ်။
မသေမချင်း၊ ဒုက္ခညှင်း၊ လွန်မင်းနှိပ်စက်တတ်။
ကိုယ့်လိုမလိုက်၊ သူ့စရိုက်၊ ပြလိုက်စဉ်တပ်တပ်။
သောကလောင်မီး၊ ပူဆာကြီး၊ ငိုငြီးရှိုက်ငင်ထပ်။
ခန္ဓာ့သဘော၊ ဉာဏ်စောကြော၊ သင့်သောနှလုံးကပ်။
ခန္ဓာ့ဟုတ်မှန်၊ သဘာဝံ၊ မြင်ဉာဏ်ခင်ဇောပြတ်။
တဏှာသေက၊ နိဗ္ဗာန၊ ချမ်းမြလွန်ထူးမြတ်။

**သတိချပ်**

လမ်းတွေများရှိ၊ မှန်မသိ၊ လွဲဘိတက်တက်နာ။
အို့နာ့သေ့မွဲ၊ ရှင်သေကွဲ၊ ဆင်းရဲထက်ချပ်ပါ။
အပါယ်လူနတ်၊ ပြဟ္မာရပ်၊ ထပ်ထပ်ကြမ်းမည်သာ။
တခါလွဲဘိ၊ ဆုံးမရှိ၊ အတိဒုက္ခဖြာ။
နိဗ္ဗာန်လမ်းစဉ်၊ မသိလျှင်၊ ကွာစင်ဝေးတော့မှာ။
နိဗ္ဗာန်သွားလမ်း၊ လွန်ဖြောင့်တန်း၊ မဂ်လမ်းတခုသာ။
မဂ္ဂါနံ့ဘော၊ ဋ္ဌင်္ဂိကော၊ သေဋ္ဌော့မိန့်ခွန်းလာ။

အို့ နာ့ သေ့ မွဲ၊ ရှင်သေကွဲ၊ လွတ်ရှိနိဗ္ဗာန်ာ။
အချိန်ဆွဲလျှင်၊ မှားဘို့မြင်၊ မှားချင်ထပ်ထပ်နာ။

**တရားသား** ဒကာဒကာမတွေ ရှေးက ဘာနဲ့ နေခဲ့ကြရသလဲ? မသိရင့် မှတ်ထား၊ အို့ နာ့ သေ့ မွဲ့ ကွဲဘေးတွေနဲ့ နေခဲ့ကြရတယ်၊ ဒိပြင် အပိုမပါဘူး၊ ဒီဘေးအမျိုးမျိုးတွေနဲ့ ဘဲ ချာချာလှဲ့ပီး၊ လာခဲ့ကြရဒါဘဲ၊ ရိပ်မိကြရဲ့ လား? ဒီဘေးတွေ ကြောက်လွန်းလို့ ဒီဘေးတွေ လွတ်ကင်းချင်ကြတယ်၊ လွတ်ချင်လို့ အမျိုးမျိုး့ အထွေထွေ ပြုလုပ်နေကြတယ်၊ လွတ်နိုင်ပါ့မလား? သုံးဆဲ့တဘုံ လုပ်ငန်းနဲ့ ဖြင့် မလွတ်နိုင်ကြဘူးလို့ သာ မှတ်ကြ။

အို့ နာ့ သေ့ မွဲ့ ကွဲ မရှိဒါက နိဗ္ဗာန်ဘဲ၊ အဲဒီ နိဗ္ဗာန်ရောက်မှ ဒီဘေးတွေက လွတ်မြောက်ကြမှာ၊ လွတ်မြောက်ချင်ရင့် နိဗ္ဗာန် ရအောင် လုပ်ကြရမယ်၊ ရှင်းပလား? ဒီနိဗ္ဗာန်ကလဲ လမ်းမသိရင် မရောက်နိုင်ကြဘူး၊ လမ်းမှန်သိမှ လမ်းစဉ်မှန်မှသာ ရောက်နိုင်ကြမယ်၊ သဘောပါကြဘီ၊ အို့ နာ့ သေ့ မွဲ့ ကွဲ မရှိဒါက နိဗ္ဗာန်၊ ဒီနိဗ္ဗာန်လလဲ လမ်းမသိရင် မရောက်ဘူး၊ ရှင်းကြပလား? ဒီလမ်း သိအောင် ဆရာသွားက ညွှန်ပြပေးမယ်၊ ဒကာ ဒကာမ တို့က ကြိုးစားပီး လိုက်ကြ။

အပါယ်လေးပါး့ လူနဲ့ နတ်ပြေခြောက်ထပ့် ဗြဟ္မာနှစ်ဆယ် ဆိုတဲ့ ဒီလမ်းတွေကသာ များနေတယ်၊ လမ်းတွေ များတော့

ဒကာ ဒကာမတွေဟာ ဘယ်လမ်း လိုက်ရမှန်း မသိတော့ဘူး၊ သဘောပါကြရဲ့လား? ဘယ်လမ်း လိုက်ရမှန်း, သွားရမှန်း မသိတော့ ထင်မိထင်ရာ ရမ်းသွားတော့ လမ်းမှားနဲ့ ချည့် တိုးနေကြရတယ်၊ သံသရာရှေသမျှ ဘယ်အခါကမှ, လမ်းမှန်မကျခဲ့ကြဘူးဆိုရင်, မမှားပါဘူး၊ ရိပ်မိကြရဲ့လား?

နိဗ္ဗာန်လမ်းက တလမ်းထဲဘဲ ရှိတယ်၊ တလမ်းထဲ ဆိုတော့၊ ၃၁ ဘုံလမ်းတွေက လွှမ်းမိုးသွားတယ်။ လမ်းမျှားတော့ ရောက်မိရောက်ရာနဲ့ ရှောက်မိရှောက်ရာ, ကြုံရတော့ဒါဘဲ၊ ရိပ်မိကြရဲ့လား? လမ်းမှန်မသိ, ရမ်းသွား, ရှောက်မိ, ရှောက်ရာ ရှောက်၊ ရောက်မိ,ရောက်ရာရောက်တော့၊ အို,နာ,သေ,မွဲ, ကွဲနဲ့ဘဲ အဆုံးမသတ်နိုင်ကြတော့ဘူး။ ဒကာဒကာမတွေ ရှေးက ၃၁ ဘုံလမ်း လိုက်လို့ ခုအချိန်ထိအောင် အို,နာ,သေ,မွဲ, ကွဲနဲ့ဘဲ မျက်ရေနဲ့ မျက်ခွက်နဲ့ နေကြရဒါဘဲ။

ဒါကြောင့် ၃၁ ဘုံလမ်း မလိုက်ကြနဲ့တော့၊ နိဗ္ဗာန်လမ်း တလမ်းထဲဘဲ လိုက်ကြ။ တလမ်းထဲကိုမှ မလိုက်ရင်, ကိုယ်ကျိုးနဲ့ မကုန်ကြတော့ဘူး လို့သာ မှတ်လိုက်ကြ၊ သဘောပါပလား? တလမ်းထဲမလိုက်ရင်,လမ်းမှားကြုံချင်သေးလို့ဘဲ၊ ရှင်းကြပလား? လမ်းမှားနဲ့ ကြုံတွေ့ရဒါဟာ ဒုက္ခတွေမျိုးစုံ အကုန်ကြုံတွေ့ကြဘို့ဘဲဆိုဒါ မှတ်လိုက်ကြ၊ ရိပ်မိကြပလား? ဒီတော့ လမ်းမလွှဲအောင်, တလမ်းထဲကို လိုက်ကြရမယ်။

ဒကာဒကာမတွေ ရှေးကမှားခဲ့တဲ့အမှားမျိုးတွေ နောက်ထပ် မမှားရအောင်၊ အခုနေ အခွင့်ကြုံတုန်းမှာ၊ ပြင်ကြ၊ ဆင်ကြ တော့လို့ ပြောလိုက်ပါတယ်။ ဘယ်လိုပြင်လို့၊ ဘယ်လိုဆင်ကြရ မယ်ဆိုဒါ "သံယုတ်ပါဠိတော်" မှာ လာတယ်၊ အို၊နာ၊သေ၊မှဲ့ ကွဲဘေးက လွတ်ရအောင်၊ အဲဒီလမ်း လိုက်ကြတဲ့။ သဘောပါ ပလား? အဲဒီလမ်းက ဘယ်လမ်းလဲ? ဆိုတော့၊ " ကတမောစ ဘိက္ခဝေ အသင်္ခတဂါမိမဂ္ဂေါ " ဘယ်လမ်းဟာ အို၊နာ၊သေ၊ မှဲ့ ကွဲလွတ်ရာလမ်းပါလဲ? "အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ" မဂ္ဂင်လမ်းပါဘဲတဲ့။

ဘုရားရှင်က "အို၊နာ၊သေ၊မှဲ့၊ကွဲ၊လွတ်တဲ့လမ်းဟာ၊ မဂ်လမ်း တခုထဲဘဲရှိတယ်၊ မဂ်လမ်းလိုက်ကြ " လို့ ဟောတော်မူခဲ့တယ်၊ သဘောပါကြပလား? ဒကာဒကာမတွေအတွက် အားကိုးအချက် ရကြဘီ၊ ဘာလိုသေးသလဲ? လမ်းညွှန်တဲ့သူကညွှန်ရင်၊ တန်းတန်း မတ်မတ် လိုက်ဘို့ အရေးကြီးတယ်၊ တန်းလိုက်နိုင်အောင်၊ မဂ္ဂင် ရှစ်ပါးအလုပ် လုပ်ကြရမယ်၊ ကြိုးစားယူကြ၊ ကျေနပ်ပလား?

အမေးက "ကတမောစ ဘိက္ခဝေ အသင်္ခတဂါမိ မဂ္ဂေါ"တဲ့။ ဒကာဒကာမတွေ နဂိုက ဒါန၊သီလ၊သမထတွေဟာ၊လမ်းဖြောင့် လမ်းမှန်ဘဲလို့ထင်ထားကြတယ်၊ဒီလမ်းတွေက လမ်းတလျှောက် လုံးမှာ ခလုတ်တွေ၊ကံသင်းတွေ၊ငြောင့်တွေ၊ကျင်းတွေ၊ အများ ကြီး တွေ့ကြရမယ်၊ ငရဲ၊တိရစ္ဆာန်၊ ပြိတ္တာစတဲ့ ခလုတ်၊ကံသင်း၊

ပြောင့်တံသင်းတွေဘဲလို့ မှတ်ကြ။ ဒါကြောင့် လမ်းမှန်, လမ်း ဖြောင့် လိုက်မိဘို့ အလွန်အရေးကြီးတယ်၊ သဘောပေါက်ကြပလား?

အဖြေက "အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ"တဲ့။ အို့,နာ, သေ, မွဲ, ကွဲဘေးအမျိုးမျိုးတို့ လွတ်ရာ နိဗ္ဗာန်သွားလမ်း ဟာ၊ တဖြောင့်တည်း,တတန်းတည်းဖြင့် ဒီမဂ္ဂင်ရှစ်ပါး အကျင့် တရားဆိုတဲ့ လမ်းတခုတည်းသာ ရှိတယ်လို့ ဆိုလိုတယ်။ ဓမ္မပဒ မှာလဲ "မဂ္ဂါနံ အဋ္ဌင်္ဂိကော သေဋ္ဌော"လို့ဘဲ ဟောတော်မူတယ်၊ သတိပဋ္ဌာန်ပါဠိတော်မှာလဲ 'ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ' လို့ ဟောတော်မူတယ်။ ဒီတော့ မဂ္ဂင် အလုပ်တခုသာ နိဗ္ဗာန် သွားရာ လမ်းကောင်း,အစစ်အမှန်ဘဲလို့ မှတ်လိုက်ကြ။

သဘောပေါက်ကြရဲ့လား? လမ်းစစ်, လမ်းမှန် ကေန် ရပြီမို့၊ ကြိုးစားပြီး လုပ်တော့မယ်၊ လုပ်မှဖြစ်မယ်လို့သာ ဆုံးဖြတ်ချက် ချကြ။ ဒီအခါမျိုးမှ လမ်းမှားကြအုံးမယ်ဆိုရင်၊အိုဘေး,နာဘေး, သေဘေးတွေနဲ့ မျက်ရည်ကျကြရ၊ မျက်ရည်ကျမဲ့ လမ်းချည့် လိုက်နေကြ၊ မျက်ရေခန်းတဲ့လမ်းကို မပါကြတော့ဘူး၊ မျက်ရေ လမ်းစ, ဘယ်တော့မှ မဆုံးတော့ဘူးဆိုဒါ မှတ်ကြတော့။ ဒီလို ဆိုရင်ဖြင့် ဒကာဒကာမတွေဟာ "ကျောက်ခဲရေကျ"ဘဲ၊ ပေါ် စရာ လမ်းစမရှိကြတော့ဘူး၊ ရိပ်မိကြရဲ့လား?

ဒကာ ဒကာမတွေ အခုလို အခွင့်ကောင်း, အခါကောင်း ရတုန်း၊ လမ်းမှန်တွေ့တုန်းမှာ၊ ကြိုးကြိုးစားစား, လိုက်နာကြ

အချိန်ဆွဲ, နာရီဆွဲ ဆွဲမနေကြနဲ့တော့၊ အချိန်ဆွဲ, အချိန်ဆိုင်း နေကြအုံးမယ်ဆိုရင်၊ လွဲစရာ, ချော်စရာ လမ်းစတွေနဲ့ အများကြီးကြုံရမယ်၊ အမေမှားတွေ,အဘောမှားတွေ,ဆရာမှားတွေ, ဝါဒမှားတွေ,အယူမှားတွေက မနဲဘူး၊ အဲဒီ အမှားအမျိုးမျိုးတွေနဲ့ တွေ့ကြရမယ်ဆိုဒါ မှတ်လိုက်ကြ၊ ရှင်းကြပလား?

ဒို့ဒကာဒကာမတွေ ရှေးက လမ်းလွဲ, လမ်းမှားတွေ လိုက်နေကြလို့ ခုထိအောင်ဘဲ ဒုက္ခဝန်ထမ်းသွား,ခန္ဓာဝန်ထမ်းသွားတွေ ဖြစ်နေကြရဒါဘဲ၊ပေါ်ကြပလား? ခန္ဓာဝန်ထမ်းသွားဆိုတဲ့ အချက်ကို လေးလေးနက်နက် စဉ်းစားဝေဘန်ကြည့်ကြ။သူ့ကို နေ့စဉ်,နေ့တိုင်း ကျကျနန,ပြုစု,ကျွေးမွေးနေပေမဲ့၊ ကိုယ့်အလိုကို တခုမှ မလိုက်ဘူး၊ ဖေါက်ပြန်လိုက်သေးဒါဘဲ။ကိုယ်ထင်သလို မဖြစ်လာဘူး၊ သူ့သဘာဝ,သူသဘောအတိုင်း, ဖေါက်ပြန်လိုက် ချို့ယွင်းလိုက် ဖြစ်နေဒါဘဲ၊ သဘောပါကြပလား?

ဒီတော့ ဒီဒုက္ခခန္ဓာဝန်ထမ်းသွားအဖြစ်က ကျွတ်လွတ်မှသာ နေရာကျမယ်၊ ဒီခန္ဓာနဲ့နေရသမျှ ဘယ်တော့မှ ဒုက္ခနဲ့အိုးစား မကွဲဘူး၊ အိုးစားကွဲအောင်, မဂ္ဂင်အလုပ်,ဝိပဿနာလုပ်ကြရမယ်၊ သဘောပါပလား? ဝိပဿနာလုပ်နေရင်, မဂ္ဂင်လမ်းဘဲ။ ဒီလမ်းမှ အားကိုးရာလမ်းမှန်ဘဲ၊မဂ္ဂင်ရှစ်ဖေါ်၊လမ်းမတော်သည်သာလျှင် ဘေးရန်ကင်းတဲ့လမ်း။ဒီလမ်းနဲ့မှ နိဗ္ဗာန်ရကြမယ်။ အို,နာ,သေ,

မွဲ့,ကွဲလွတ်ရာ ရောက်ဘို့ လမ်းဟာ၊ ဒီမဂ္ဂင်လမ်းဘဲလို့ မှတ်လိုက်ကြ၊ ရှင်းကြပလား?

ခန္ဓာဝန်ထမ်းသွား ဘဝနဲ့တော့ ဘယ်အခါမှ အေးကွက် မရနိုင်ကြဘူး၊ ခန္ဓာရှိသမျှ ဒုက္ခက အမြဲတန်း တွဲရက်၊ကပ်ရက် ချပ်ရက်, ဒုက္ခစက်ထဲက လွတ်ရက် မရှိတော့ဘူး၊ ခန္ဓာက သူ့ အလို့ သူ့အကြိုက်၊လိုက်ပြီး ဘယ်လိုဘဲ ဆောင်ရွက် ပေးပေမဲ့၊ ကိုယ့်အကြိုက်ကို နဲနဲကလေးမှ မလိုက်ပါဘူး၊ သူ့သဘော အတိုင်း, သူ့ဖြစ်စဉ်အတိုင်း, သူဖြစ်ချင်သလိုသာ ဖြစ်နေမှာ ပါဘဲ၊ ရိပ်မိကြရဲ့လား?

နေ့အခါကျ အိုက်လို့, ပူလို့ ယပ်ခပ်ပြီးပေးရ၊ သောက်ရေ အေးအေး, ထားပေးရ၊ အေးပါစေလို့ ပြူတင်းပေါက်, ဖေါက် ပေးရနဲ့၊ အားလပ်ခွင့်ကို မရကြဘူး၊ဒီခန္ဓာအတွက်ပဲ၊ကြောင့်ကြ စိုက်, အလို လိုက်နေကြရတယ်၊ ဒီကြားထဲက လေမလာတော့ အိုက်၊ လေလာမျှားပြန်တော့ ချမ်း၊ဒီလိုနဲ့ဘဲ တနေ့မှ ကောင်း ကောင်းနေရတဲ့အခါ မပါဘူး၊ တနေ့မှ ကောင်းကောင်းနေမယ် လို့ သူကမပြောဘူး၊ ဖေါက်ပြန်မယ်, နာလိုက်မယ်, သေလိုက် မယ်,နဲ့ တကဲကဲဘဲ၊ ရိပ်မိကြရဲ့လား?

ဒကာ ဒကာမတွေ ခန္ဓာက ကောင်းတဲ့ အချက်ဆိုလို့ ဘာ များပါသေးတုံး? ဒကာတို့ အလို့, အကြိုက်ကို တယ်အခါမျှား

လိုက်ပါသတုံး? ဘယ်အခါမှ မလိုက်ပါဘူး၊ ကောင်းဒါလဲ တခုမှ မပါ ပါဘူး၊ ရှင်းကြပလား? သူ့ကို မကျေးပြန်တော့ တောင်းတယ်၊ ဝမ်းကပဟာလို့ ဗိုက်က ဆာလို့တဲ့၊တောင်းလို့ ကျွေးပြန်တော့လဲ မကောင်းပါဘူး၊ ဗိုက်က အောင့်သတဲ့၊ ရင်တောင့်ပြန်အီတဲ့၊ အစာက မကြေလိုက်ပြန်ဘူးတဲ့၊ ဘယ်မှာ ကောင်းဒါ ရှိသေးတုံး? ကြပ်ကြပ်ဉာဏ်နဲ့ စဉ်းစားကြ၊ ဒါမှ သူ့အကြောင်း အမှန်အကန် သိရမယ်။

ဉာဏ်နဲ့ကြည့်ရင် အမှန်သိလာကြမယ်၊ ဆင်းရဲတဲ့ ခန္ဓာမှန်း နှိပ်စက်တတ်တဲ့ ခန္ဓာမှန်း သိလာမယ်၊ သဘောပါပလား? ကိုယ့်ကို အမြဲမပြတ် မသေမချင်း နှိပ်စက်မှာဘဲ၊ နှိပ်စက်တတ်တဲ့ခန္ဓာမှန်း သိလာမှ၊ ဒီခန္ဓာ မုန်းလာမှာ၊ မလိုချင်လာမှာ၊ ရိပ်မိကြရဲ့လား? ဒီလက်ရှိ ခန္ဓာဟာ လိုချင်လို့ ရလာဒါ၊ လိုချင်ရချင်တဲ့ တဏှာနဲ့ တောင်းယူလို့ ရလာခဲ့ဒါဘဲ၊ သဘောပါကြပလား? ဒကာဒကာမတွေ အရင်က တဏှာနဲ့ အပေါင်းလုပ်မိလို့ ဒုက္ခနဲ့ ခွဲမရ ခွါမရ လက်ရှိဖြစ်နေကြရဒါ။

ဒါကြောင့် အခုကစပြီး တဏှာနဲ့ မပေါင်းကြနဲ့၊ အပေါင်းပြောင်းကြ၊ဉာဏ်နဲ့ ပေါင်းကြတော့လို့ ပြောလိုက်တယ်၊ရှင်းကြပလား? ဉာဏ်နဲ့ အပေါင်းလုပ်လိုက်ရင်၊ အမှန်မြင် အမှန်သိလာကြမယ်။ခန္ဓာကအမြဲနှိပ်စက်နေမှန်း သိမယ်၊ဘယ်လောက် အလိုလိုက်လိုက် ကိုယ့်အကြိုက် ဘာတခုမှ မဆောင်ရွက်ပါဘူး၊ကျွေး

လဲ နှိပ်စက်တာဘဲ၊ မကျွေးလဲ နှိပ်စက်မှာဘဲဆိုဒါ သိလာမယ်၊ ဒီလို အမှန်အကန် သိလာတော့ " ယနေ့က စပြီး တဏှာနဲ့ မပေါင်းတော့ဘူး၊ ဉာဏ်နဲ့ ပေါင်းတော့မယ်"လို့ ကိုယ်တိုင်က ဆုံးဖြတ်ချက် ချတော့ဒါဘဲ။

ဒီလို ခန္ဓာရဲ့အဖြစ်, အစစ်အမှန်သိတော့၊ ဉာဏ်နဲ့ပေါင်းမိမယ်၊ဉာဏ်နဲ့ကျတော့ တဏှာဟာ သေသွားတော့ဒါဘဲ၊သဘောပါပလား? ဒကာဒကာမတွေ အပေါင်းအဖေါ် ပြင်ကြတော့၊ ခန္ဓာနဲ့ပေါင်းရင်, နှစ်မှုသင့်မယ်၊ ရိပ်မိကြရဲ့လား? ကျွေးလဲ ကျွေးလို့တမှု,သင့်မယ်၊ မကျွေးတော့လဲ မကျွေးလို့ သင့်ဒါဘဲ၊ ဒီတော့ ခန္ဓာနဲ့သာ ပေါင်းရင်, နှစ်မှုသင့်မယ်၊ နှစ်ဖြစ်ရောက်မယ်ဆိုဒါ မှတ်လိုက်ကြ။

ဒကာဒကာမတွေ ကျေနပ်ကြပလား? ခန္ဓာက အေးတယ်ဆိုလို့ အဝတ်ထူထူဝတ်ပေးရ၊ဝတ်ပေးတော့ မိတ်တွေ,ယားဖုတွေ ပေါက်လာ၊ပါးပါးဝတ်ပေးပြန်တော့ အအေးပတ်မယ်တဲ့၊ဘယ့်နှယ်များ ထင်ကြသတုံး? ခန္ဓာက ဒကာတို့ကို သက်သက် နှိပ်စက်မလို့ ဒုက္ခပေးမလို့ ပေါ်လာဒါဘဲ၊ ကိုယ့်အပေါ် နှမ်းတလုံးစာမှ ကြည်ညိုစရာ မရှိပါဘူး၊ ပေါ်ကြပလား?

" ဒုက္ခသာ ပီဠနဋ္ဌော" တဲ့၊ ခန္ဓာက " ခင်တဲ့သူကို အမြဲနှိပ်စက်တတ်တယ်"တဲ့၊ သဘောပါကြရဲ့လား? မခင်မှန်းသိရင် မနှိပ်

စက် နိုင်တော့ဘူး၊ ခင်ရင် ခင်သူကို နှိပ်စက်မှာဘဲ၊ ဒါကြောင့် မခင်ကြနဲ့တော့၊ ခင်ရင် အနှိပ်စက် ခံချင်သေးလို့ဘဲ ဆိုဒါ မှတ်ကြ၊ ရှင်းပလား? ကလေး ကတောင် သူ့ကို ခင်မှန်းသိရင် ပိုပြီး ဆိုးတတ်တဲ့သဘောရှိတယ်၊ဒီသဘောပါဘဲ။ ခန္ဓာက သူ့ခင် တဲ့သူကို မအားမလပ်အောင်, နှိပ်စက်ရအောင်, လာခဲ့ဒါဘဲ၊ ရိပ်မိကြရဲ့လား?

ဒီတော့ ခန္ဓာသဘော အမှန်အကန်သိဘို့လိုတယ်၊သူ့သဘော သိအောင်, ဉာဏ်နဲ့ ကြည့်ရမယ်၊ ခန္ဓာ့သဘော ခန္ဓာ့အမူအရာ အမြဲစောင့်ကြည့်ရင်, အမှန်သိကြရမယ်၊ ကျေနပ်ပလား? ကြည့် ပေးကြ။ ခန္ဓာကို,ဘယ်လို ပေါင်းပေါင်း၊ သူကတော့ နှိပ်စက်မှာ ဘဲ၊ မသေမချင်း,နှိပ်စက်မှာ၊သူလာကတဲကိုက အသေသတ်မလို့ လာဒါ၊ သဘောပါပလား? ကျွဲကလေး,ကို မယဉ်,ယဉ်အောင် မွေး, ပြုစု,ယုယပေး, ဘယ်လိုမွေးပေမဲ့လဲ၊ ကျွဲဟာ ယဉ်တယ် လို့ ရှိပါ့မလား? ကျွဲမွေးပေမဲ့ ဘယ်တော့မှ မယဉ်သလိုဘဲ ဆိုဒါ မှတ်လိုက်ကြ။

ဒီခန္ဓာကလဲ ဘယ်တော့မှ ယဉ်တဲ့အမျိုး မဟုတ်ဘူး၊ တနေ့ ထက်, တနေ့၊ နာရီပိုင်း,စက္ကန့်ပိုင်းနဲ့ ချို့ယွင်းဖေါက်ပြန်နေဒါ၊ မဖေါက်ပြန်တဲ့ အချိန် လုံးဝမပါဘူး၊ ခေါင်းကိုက်, လေနာထ, ရင်နာထ, ကိုက်ခဲ့ညောင်းညာ ဆိုသလို တမျိုးတမျိုး အမျိုး မျိုး နှိပ်စက်နေဒါဘဲ၊ ရိပ်မိကြပလား? ဒီလိုနှိပ်စက်တတ်တဲ့ သူ့

သဘောအမှန်ကို ဉာဏ်နဲ့မြင်အောင်,သိအောင်,ကြည့်ပေးရမယ်၊ ဒကာဒကာမတွေ ကြည့်ရင် မြင်မယ်၊ မကြည့်ရင်ဖြင့် မမြင်ကြဘူး၊ ရှင်းပလား?

ဒါမြင်တဲ့ ဉာဏ်ရဘို့ မဂ္ဂင်လမ်းမှ မြင်ရမယ်၊ မြင်အောင် မဂ္ဂင်လမ်း လိုက်ရမယ်၊ မဂ္ဂင်ပွါးရမယ်၊ သဘောပါပလား? မဂ္ဂင်မပွါးရင်၊ ဒီအမြင်ဉာဏ် မရနိုင်ဘူး၊ နှိပ်စက်တတ်တာ မမြင်ဘဲနဲ့လဲ၊အနှိပ်စက် လွတ်လိုတဲ့ဉာဏ် မလာဘူး၊ ဒီတော့ ပဌမ,ခန္ဓာရဲ့ နှိပ်စက်တတ်တဲ့ သဘောအမှန် မြင်အောင် ကြည့်ကြ၊ ဒါမှ နောက်ဉာဏ်, ခန္ဓာ့ နှိပ်စက်မှုက လွတ်ချင်တဲ့ဉာဏ် လာမယ်၊ ရှင်းကြပလား?

ဒီဉာဏ်ကို လမ်းမတော် မဂ္ဂင်နဲ့ရှာတော့ တွေ့တယ်။ ဒီဉာဏ် ရအောင်,မဂ္ဂင်အလုပ်နဲ့ရှာကြရင်၊ခန္ဓာဒုက္ခသစ္စာမြင်ရ,တွေ့ရဘီဆိုဒါ မှတ်တော့၊ဒုက္ခသစ္စာမြင်တဲ့သူမှသာ တွေ့မယ်၊ ရှင်းပလား? ဒုက္ခသစ္စာမမြင်ရင်, ခင်ဇောမပြတ်ဘူး၊ ခင်ဇောမပြတ်ရင်, ခန္ဓာ ရချင်တယ်၊ အဲ....ခန္ဓာရချင်တဲ့သူဆိုရင်၊ အနှိပ်စက် ခံချင်သေးလို့ဘဲဆိုဒါ ဆုံးဖြတ်ချက်ချ၊ ကျေနပ်ပလား? ခန္ဓာက ဒကာတို့ကို အကြီးအကျယ် ဒုက္ခဖြစ်အောင်, နှိပ်စက်နေဒါ၊နှိပ်စက်တာ မြင်အောင် ကြည့်ပေးကြ၊ ခန္ဓာနှိပ်စက်တာမြင်မှ၊ မဂ္ဂင်လမ်း ပေါ်တယ်၊ သဘောပါပလား?

ကိုယ့်အလို၊ကိုယ့်အကြိုက်၊ မလိုက်တာဟာ ဒုက္ခသစ္စာဘဲ။ နှိပ်စက်တာက နှိပ်စက်တဲ့ခန္ဓာက ဒုက္ခသစ္စာ၊ဒီခန္ဓာကို ဒုက္ခမှန်း သိဒါက မဂ္ဂသစ္စာဘဲ၊ရှင်းကြပလား၊ နှိပ်စက်တာက ဒုက္ခ၊ ဒုက္ခမှန်း သိဒါကမဂ္ဂ၊ ကျေနပ်ကြပလား၊ ခန္ဓာက သူ့ကျွေးချင်လို သရက်သီးဝယ်ပေး၊ စားပီးတော့ ဓာတ်ရှော၊ ဓာတ်ရှောတော့၊ မသေအောင်လို့ဆိုပီး ဆေးနဲ့ဝါးနဲ့ မနဲပိတ်ယူရတယ်၊ကောင်း ကြသေးရဲ့လား၊ မကျွေးတော့ မကျွေးလို့ တမျိုး ဒုက္ခပေးပြန် တယ်၊ သဘောပါကြရဲ့လား၊

ဒကာဒကာမတို့ ခန္ဓာကို မရ၊အရ ဆုတောင်းပီးယူထားကြ၊ ယူထားလို့ ရလာပြန်တော့လဲ အပြစ်တင်ခံရ၊ အနှိပ်စက်ခံရ တယ်၊ သဘောပါကြပလား၊ ဒီကြားထဲ၊ ဒကာတို့ တတွေက "ကိုယ်တိုင်ပြုပါရစေ"တဲ့၊"သူများကြောင့်ကြ မခံပါရစေနဲ့"တဲ့ အဲဒီလိုဆိုဒါ ကျွန် အမြဲခံရပါလို၏လို့ ဆိုလိုက်တာဘဲ။ အဲဒါ ခန္ဓာ့ကျွန်အဖြစ် ခံယူနေချင်ကြလို့ဘဲဆိုဒါ မှတ်လိုက်ကြ။အဲဒါ ဘာ့ကြောင့်လဲ၊ ခန္ဓာ့အပြစ် မမြင်ကြလို့မသိကြလို့သာဘဲ။

ခန္ဓာ့အပြစ်၊မြင်ရင်သိရင်၊ ကျွန်ခံချင်စိတ် မလာနိုင်ပါဘူး။ ဒကာဒကာမတွေ ခန္ဓာ့အပြစ်မြင်အောင် ကြည့်ပေးကြ။ ခန္ဓာ့ အပြစ်၊မြင်မှ မဂ္ဂင်လမ်းပေါ်မယ်၊ ရိပ်မိကြရဲ့လား၊ ခန္ဓာ့အပြစ် မမြင်ရင်၊ မသိရင်၊ ဝိပဿနာ လုပ်နေပေမဲ့ ခရီးမရောက်နိုင်ဘူး၊ မမြန်နိုင်ဘူး၊ရှင်းကြပလား၊ ခန္ဓာက ဒုက္ခသစ္စာကြီးဘဲ၊ဒုက္ခသစ္စာ

ဘယ်မှာ ရှာရမလဲ? ဘယ်မှရှာဘို့မလိုဘူး၊ အခု ဒကာတို့ ဆုတောင်း ယူလို့ လက်ရှိရထားတဲ့ ခန္ဓာကြီးမှာ ရှာရမယ်လို့ မှတ်လိုက်ကြ။

ခန္ဓာက အမြဲတစေ နှိပ်စက်ပီးနေဒေါ၊ ဒါကို ဉာဏ်ရောက်ဘို့ အရေးကြီးတယ်၊ သိအောင်,မြင်အောင် လုပ်ရမယ်၊ သဘောပေါ ရဲ့လား? နှိပ်စက်တာက ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာမှန်း သိဒါက မဂ္ဂသစ္စာဘဲ၊ ရှင်းကြပလား? ကြိုးစားယူကြ၊ ဉာဏ်နဲ့ကြည့်ပေး ကြ၊ ဉာဏ်နဲ့ကြည့်မှ အမှန်သိကြမယ်။ ဉာဏ်နဲ့ကြည့်ရင် နှိပ်စက် တာ အမှန်မြင်ရမယ်၊ နှိပ်စက်တာ မြင်တိုင်း,မြင်တိုင်း,ဒုက္ခသစ္စာ သိတယ်။ မြင်ဒါက, မဂ္ဂ၊ သူ့မြင်မှ မဂ္ဂင်လမ်း ပေါ်မှာဘဲ၊ သဘောပေါပလား?

ဒကာ ဒကာမတွေ ဘာလိုသေးတုံး? ဘာမှ မလိုတော့ဘူး။ ဉာဏ်နဲ့ ခန္ဓာ့သဘော မြင်အောင်ကြည့်ဘို့ဘဲ၊ သူ့ကိုကြပ်ကြပ် ကြည့်၊ နှိပ်စက်တာတွေ မြင်အောင်ကြည့်။ နှိပ်စက်တာမမြင်ဘဲ အကောင်းထင်နေရင် ချောက်ကျဘို့သာပြင်ကြ။ လှတယ်,ပတယ် ကြည့်မနေနဲ့၊ လှတယ်,ပတယ်မြင်ရင်၊ မိစ္ဆာမြင်ဘဲ၊ အမှားမြင်မိ ရင်, သူ့ကြောင့် ဒုက္ခ ရောက်ရမယ်၊ သူ့အတွက်ကြောင့် အပါယ် ရောက်ကြရမယ်လို့သာ မှတ်ထားကြ၊ ရိပ်မိကြပလား?

ခန္ဓာအတွက် လှချင်,ပချင်၊ ဆင်ချင်, ပြင်ချင်၊ ကျွေးချင်, မွေးချင်၊ အဲဒီ လောဘ, ဒေါသ, မောဟတွေ ဘိစီးပီး သေရင်၊

အပါယ်သွားမှာ၊ သေချာမယ်၊ သေပြီးတဲ့နောက် သူကသုဿာန်သွား၊ ကိုယ်က အပါယ်သွားဘဲ၊ သဘောပါကြရဲ့လား? ခန္ဓာက ပြုတဲ့စုတဲ့၊ ကျွေးတဲ့မွေးတဲ့သူက အပါယ်သွား၊ ငါက ခေါင်း ထဲသွားမယ်လို့ ဆိုသလိုပါဘဲ၊ ရိပ်မိကြပလား? ခန္ဓာ့သဘောက ဒကာတို့တတွေကို ဘယ်အခါမှ ကောင်းကျိုးမပေးပါဘူး။ ဒကာတို့က အမြင်မှား၊ အထင်မှား နေကြသေးလို့သာဘဲ။

အမြင်၊ အထင်တွေက တက်တက်စင်အောင် မှားနေကြလေတော့၊ ခန္ဓာအတွက်နဲ့ မှားချက်တွေ အလွန်နာကြရတယ်၊ ခန္ဓာ့အတွက် အမေ့သတ်လိုသတ်ကြ၊ အဘေ့သတ်လိုသတ်နဲ့၊ တခါထဲ မိစ္ဆာဂိုဏ်းထဲ ဒိုးစိုင်း ဝင်သွားတော့ဒါဘဲ၊ ခန္ဓာအတွက် သံသရာ အဆက်ဆက်မှာ မှားချက်တွေ အလွန် နာခဲ့ကြတယ်။ ကြောင်ဖြစ်တော့ ကြောင့်ခန္ဓာအတွက်၊ ကြွက်ကို သတ်ရတယ်၊ ကျားခန္ဓာအတွက် သားကောင် အမျိုးမျိုး သတ်ရပြန်တယ်။ ဒီခန္ဓာအတွက်နဲ့ အပါယ် သွားရဒါချည့်ဘဲ၊ သဘောပါကြရဲ့လား?

ဒကာဒကာမတွေ ဒီခန္ဓာက ကောင်းကျိုးပေးဒါများ ရှိပါသေးရဲ့လား? ကောင်းတဲ့အချက်များ ပါပါသေးရဲ့လား?လုံးဝ မပါဘူးလို့သာ ဆုံးဖြတ်ချက် ချလိုက်ကြ၊ ရှင်းပလား? ဒီတော့ ဒီခန္ဓာအပြစ် မြင်အောင် ကြည့်တတ်ဘို့ ကြည့်ကြဘို့ လိုတယ်၊ ကြည့်တတ်အောင် ဝိပဿနာ့ပွါးရမယ်၊ ဝိပဿနာ့ပွါးရင်၊ ခန္ဓာ့

အပြစ် မြင်မယ်၊ မြင်ရင် မလိုချင်, မုန်းညဏ်ဝင်၊ အမုန်းများ တော့ ခန္ဓာဆုံး, နိဗ္ဗာန်ရဒါဘဲ၊ သဘောပါကြပလား?

ဒီခန္ဓာ့ဒုက္ခ နိဗ္ဗာန်ရမှသာ လွတ်နိုင်ကြမှာ၊ဒီတော့ ဝိပဿနာ ပွါး,ပွါးပီး မဂ္ဂင်နဲ့သွားရမယ်၊ ဒီလိုပွါးပီးသွားမှ ခန္ဓာ၎့အပြစ် ကို မြင်မယ်၊ ခန္ဓာ့အပြစ်မြင်မှ နိဗ္ဗာန်ရမယ်ဆိုဒါ မှတ်လိုက်ကြ၊ ရှင်းပလား? ခန္ဓာ့ဒုက္ခ လွတ်ဘို့ ကျွတ်ဘို့ တခြားလမ်း မရှိတော့ ဘူး၊ ဒီမဂ္ဂင်လမ်းတခုသာ ရှိတယ်၊ ခန္ဓာချမ်းသာချင်လို့,ကျန်း မာချင်လို့ ဆိုပီး မေတ္တာပို့ကြ။ မေတ္တာပို့ရင်းက အညောင်း နှိပ်စက်ခံရ၊ နောက် မကြာခင်, အမောနှိပ်စက်ခံရ၊ မြင်ကြရဲ့ လား?

သူ့အတွက် ကျန်းမာအောင်, ချမ်းသာအောင်လို့ မေတ္တာ ပို့ရင်းက နှိပ်စက်နေဒါ၊ ဒါတွေ မြင်အောင်ကြည့်ကြ၊ နှိပ်စက် တာမြင်အောင် ကြည့်ပေးကြ၊သဘောပါကြပလား? နှိပ်စက်တာ မြင်ရင်၊ နှိပ်စက်ပီ,နှိပ်စက်ပီ,နှိပ်စက်ပြန်ပီလို့ရှုပေး၊နှိပ်စက်တိုင်း ရှု,ရှုပေး၊လက်ရှိခန္ဓာ မခင်အောင်, ခင်ဇောပြတ်အောင်ရှုပေးကြ ရမယ်၊ လက်ရှိခန္ဓာ မခင်မှ၊နောက်ခန္ဓာ မလာမှာ၊ သဘောပါကြ ပလား? နောက်ခန္ဓာမလာမှ ဒုက္ခချုပ်မှာ၊ ရှင်းကြပလား?

ဒီသဘောကို လေးလေးနက်နက် ပေါက်အောင်၊ညဏ်ရောက် အောင်လုပ်ကြ။ ဒီအခုလက်ရှိခန္ဓာ မခင်ပါမှ၊ နောက်ခန္ဓာ မလာ

မှာ၊ ဒီခန္ဓာ ခင်နေရင်၊ နောက်ခန္ဓာလဲ အမြင်ဘယ်တော့မှ မပြတ်တော့ဘူးဆိုဒါ မှတ်လိုက်ကြ၊ ပေါ်ကြပလား? တနေ့သောအခါမှာ၊ ရှင်အာနန္ဒာမထေရ်က ဘုရားထံ ရှောက်ထားမေးမြန်းတယ်၊ "အရှင်ဘုရား သေတဲ့အခါ ဘယ်နည်းနဲ့သေဒါ အကောင်းဆုံးပါလဲ? သေနည်း အကောင်းဆုံးကို မိန့်ကြားတော်မူပါဘုရား" လို့ လျှောက်ထားတယ်။

ဒီအခါမှာ ဘုရားရှင်က "အာနန္ဒာ, အကောင်းဆုံးဖြစ်တဲ့ သေနည်းဟာ၊ လက်ရှိခန္ဓာ မခင်တွယ်ဘဲ၊ လက်မဲ့ခန္ဓာ မတောင့်တဘဲ သေရဒါ အကောင်းဆုံးဘဲ" လို့ ဖြေကြားတော်မူတယ်။ ဒီတော့ ဒို့ဒကာဒကာမတွေက " လက်ရှိခန္ဓာ မခင်တွယ်ဘဲ၊ လက်မဲ့ (နောက်) ခန္ဓာ မခင်တွယ်, မတောင့်တဘဲ သေဒါဟာ အကောင်းဆုံးသော သေ,နည်းဘဲလို့ မှတ်လိုက်ကြ၊ရှင်းပလား?

**ကိုင်း, ယနေ့ ဒီတွင်ဘဲ တော်ကြစို့ နာရီစေ့ဘီ။**

# ဓမ္မရတနာ မာတိကာ

" ခန္ဓာဖြစ်ပျက်၊ ဒုက္ခစက်, တရားတော် "

---

**ဆောင်ပုဒ်**

ဝိညာဏ်စမှု၊ ကမ်တိုင်ပြု၊ ရှစ်ခုစဉ်တိုက်လာ။
ပဝတ္တိတွင်၊ မပြတ်ပင်၊ အစဉ်လှည့်လည်ကာ။
ပဋိစ္စကြီး၊ ဒုက္ခမီး၊ ငြိုးငြိုးလောင်မြိုက်ရှာ။
တခုချုပ်သော်၊ တခုပေါ်၊ ဘယ်သော်မပြတ်ပါ။
ကြောင်းကျိုးစဉ်ဆက်၊ ဖြစ်ပြီးပျက်၊ သက်သက်ဒုက္ခသာ။
ဖြစ်ပျက်နောက်တွင်၊ ရှုဉာဏ်ဝင်၊ အစဉ်ရှုမှတ်ရာ။
ရှုမှတ်များမြောက်၊ မုန်းဉာဏ်ပေါက်၊ ချုပ်ပျောက်ပဋိစ္စာ။
အစဉ်ချုပ်သော်၊ သုခပေါ်၊ အဟော်နိဗ္ဗုတာ။

**သတိချပ်**

ဒုက္ခရဟတ်၊ လှည့်ကာပတ်၊ မပြတ်ခန္ဓာခွင်။
ဖြစ်ပျက်ဆင်းရဲ၊ ကိုယ့်ကြိုက်လွဲ၊ အမြဲကန့်လန့်ပင်။
ယခုဖြစ်ပျက်၊ နောက်ဖြစ်ပျက်၊ သက်သက်ဒုက္ခစဉ်။
ဖြစ်ပျက်ဒုက္ခ၊ ဆင်းရဲစွ၊ ဉာဏ်ကအဟုတ်မြင်။
ဉာဏ်မြင်ထွင်းဖေါက်၊ ဒုက္ခပျောက်၊ မျက်မှောက်နိဗ္ဗူဝင်။
ယုံမှားကင်းလတ်၊ ဒိဋ္ဌိပြတ်၊ ပါယ်ရပ်လွတ်ငြိမ်းစင်။
ဤနည်းသုံးသပ်၊ လေးကြိမ်ဖြတ်၊ လွတ်လပ်ဘုံသုံးခွင်။

**တရားသား** ဒကာဒကာမတွေက မေးတယ်ဆိုပါတော့ "တပည့်တော်တို့ တရားအားထုတ်တာ ဘယ်အခြေရောက်မှ ကိစ္စပြီးပါမလဲ? ဘယ်ဉာဏ်ရမှ ကိစ္စပြီးနိုင်ပါမလဲ? ဒီလိုမေးခဲ့ရင်၊ သေသေချာချာ မှတ်လိုက်ကြ၊ ဘုန်းကြီးက အဖြေပေးလိုက်မယ်၊ ဒကာတို့တတွေ....

"တရားအားထုတ်တဲ့အခါ၊ဒုက္ခသစ္စာကို ကိုယ့်ကိုယ်တိုင် ဆုံးဖြတ်ချက် ချနိုင်အောင်၊ ကိုယ်တိုင် သိမြင်တဲ့ ဉာဏ်ကိုရရင်, ကိစ္စပြီးပါတယ်"လို့ တိတိကျကျ, အဖြေပေးလိုက်တယ်၊ ဒကာဒကာမတွေ ကျေနပ်ကြပလား?

ဒီလို ဆိုတော့ ခဲယဉ်းစရာ ရှိသေးသလား? မခဲယဉ်းရင်, ဒီဉာဏ်တခုထဲကိုဖြင့် မရ,ရအောင်,ကြိုးစားတော့မယ်လို့ ဆုံးဖြတ်ချက်ချ၊ သဘောပါပလား? ဒုက္ခသစ္စာဘဲလို့ ပိုင်ပိုင်နိုင်နိုင်,ဉာဏ်နဲ့ ပိုင်းခြားနိုင်ရင်ဖြင့် နေရာကြဘီလို့ သာ မှတ်ကြတော့'ဒီဉာဏ်ရအောင်, အားထုတ်ယူဘို့ မသင့်သေးဘူးလား? သင့်ဒါသိရင် အမြန်လုပ်ကြ။ ဆရာသွား ဟောပြောပြတဲ့အတိုင်း ထင်မြင်ရင် အမှန်ကျဘီ။ အမှန်ကျတဲ့ အမြင်ဟာ ဒုက္ခသစ္စာဘဲ၊ ဒုက္ခသစ္စာမြင်မှ အမြင်မှန်ဘဲ၊ ရှင်းပလား?

ခန္ဓာဒုက္ခသစ္စာ မမြင်,မထင်သေးသမျှ အမြင်မှန် မကျသေးဘူး၊ သဘောပါကြရဲ့လား? ဒီသဘော အဓိပ္ပါယ် သိရတော့ မြင်ပြီးသားဖြစ်တဲ့သူက ဝမ်းသာဘို့၊မမြင်ရသေးတဲ့သူ့အတွက်က

အားထုတ်ဘို၊ အားထုတ်ပြီး ကြိုးစားဘို့ဘဲလို့ မှတ်ကြ၊ ကျေနပ်ပလား? ခန္ဓာဟာ ဒုက္ခသစ္စာ အစစ်အမှန်၊ ဒုက္ခမီးက ခန္ဓာကို အမြဲတောက်လောင်ပြီး နေဒါပါ၊ ဒါကို ဉာဏ်နဲ့ကြည့်မှ မြင်ရမယ်၊ အမှန်အကန်မြင်အောင် ဉာဏ်နဲ့ကြည့်ရမယ်၊ ကြည့်ဆိုဒါ ဝိပဿနာ အားထုတ်ကြလို့ ပြောဒါဘဲ၊ သဘောပါရဲ့လား?

ခန္ဓာမှာ ဒုက္ခမီးလောင်နေဒါ ဘယ်အချိန်မှာ လွတ်တယ်လို့ မရှိဘူး၊ အမြဲမပြတ် ဒလစပ် လောင်မြိုက်နေဒါဘဲ၊ ဒါကို ဝိပဿနာရှုမှ ဒီဉာဏ်နဲ့ကြည့်မှ မြင်မယ်၊ ဝိပဿနာ ရှုကြည့်ရင်၊ အမှန်ကို သိမြင်ကြရမယ်။ ပဝတ္တိအခါ အခုဖြစ်ဆဲ ပစ္စုပ္ပန်ခန္ဓာမှာ ကြည့်ရင် ရုပ်နာမ်အစဉ်တွေ ဖြစ်ပြီး ပျက်နေတဲ့ ဒုက္ခစက်ကြီး လည်နေဒါကို မြင်ရ သိရမယ်၊ သဘောပါပလား? ဉာဏ်နဲ့ကြည့်တော့ ''အော်—စက်လိုပါဘဲကလား၊ တခုချုပ် တခုပေါ်၊ တခု ချုပ်သွား တခုပေါ်လာနဲ့၊ စက်ကြီး လည်နေသလိုပါဘဲလား'' လို့ ဉာဏ်ထဲမှာ မြင်ရမယ်။

ဉာဏ်ထဲမှာ မြင်လို့ အမြင် ရှင်းသလောက်၊ ဉာဏ်တက်သလောက် ဆက်စသပ်တော့၊ အော်.... ဒုက္ခတွေ လည်နေဒါပါလားလို့ ထင်လာ မြင်လာမယ်၊ ရှင်းကြပလား? ပဌမ ဖြစ် ပျက် ချုပ် ဒုတိယ ဖြစ် ပျက်ပေါ်၊ ဒုတိယ ဖြစ် ပျက် ချုပ်ပြန်တော့ တတိယ ဖြစ် ပျက်ပေါ်၊ ဒီလိုအဆက်မပြတ် ဖြစ် ပျက်ဒုက္ခစက်ကြီး လှည့်ပတ်နေဒါဘဲ၊ ဒါကို ဉာဏ်က ခန္ဓာထဲမှာ ကြည့်တော့

မြင်ရမယ်၊ရိပ်မိကြပလား? ရှုမှတ်နေရင်းက ဉာဏ်ဝမှာ"အော်— ဒုက္ခစက်ကြီး လယ်နေပါလား" လို့ ထင်လာ, မြင်လာ ရမယ်၊ သဘောပါကြပလား?

ဒကာဒကာမတွေ သဘောပါကြပလား? ခန္ဓာမှာ ဉာဏ်နဲ့ ကြည့်တော့ အမှန်သိ,အမှန်မြင်၊အဲဒီအခါမှာ၊ အော်....ဒီသဘော တရားတွေ ရုပ်,နာမ်တွေဟာ စင်စစ်တော့ ဘာမှမဟုတ်ပါဘဲ ဘလား၊ ဒုက္ခကြီး လယ်နေဒါပါလား၊ "ဒုက္ခ သက်သက် အပြင် ဘာမှအပိုမစွက်ပါဘဲကလား"လို့မြင်လာတော့တယ်၊ဒီလိုမြင်ရင် ဒုက္ခမြင်ဒါဘဲ၊ ဒုက္ခမြင်တဲ့ဉာဏ်ရဘီလို့ မှတ်လိုက်ကြ၊ ရှင်းကြရဲ့ လား? ဒုက္ခမြင်တော့ ဒုက္ခကလွတ်ချင်, ဒီဒုက္ခနဲ့မနေချင်, ဒုက္ခ မလိုချင်, မုန်းဉာဏ်ဝင်လာမယ်။

ဉာဏ်ရှေ့မှာ ဒုက္ခတွေချည့် အဆက်မပြတ် မြင်ရဖန်များလေ မုန်းဉာဏ်ရင့်လာလေ၊ဒီအတိုင်းဆက်ပီးရှုတော့၊ဒုက္ခကြီးက လွတ် ချင်လှဘီ၊ ဒီဒုက္ခကြီး လုံးဝမလိုချင်တော့ပါဘူးဆိုပီး၊စွန့်ချင်တဲ့ သဘော လာမယ်၊ ဒီလို လာပီးတဲ့နောက်, ဒုက္ခစက် ရပ်စေချင် တယ်ဆိုတော့ ရပ်သွားဒါ ဉာဏ်နဲ့မြင်ရမယ်၊ ရှင်းကြရဲ့လား? ဒုက္ခစက်ရပ်စေချင်လို့ ရပ်သွားဒါမြင်ဒါက သုခ,ရောက်တာဘဲ လို့ မှတ်ကြ။ သုခ,ရောက်တာ နိဗ္ဗာန်ပေါ်ဒါဘဲ၊ အဲဒီတော့မှ အပါယ်လေးပါး တံခါးပိတ်တဲ့"သောတာပန်"စခန်း ဆိုက်ပီလို့ မှတ်ကြ။

ဒကာဒကာမတွေ သဘောပါကြပလား? ခန္ဓာဉာဏ်နဲ့ စိုက်ကြည့်တော့၊ ရုပ်နာမ်တွေ အစဉ်မပြတ် ဖြစ်ပျက်နေဒါ မြင်ရမယ်။ နောက်, ဉာဏ်တက်လာတော့၊ ရုပ်နာမ်မမြင်၊ ဖြစ်ပျက်လွန်ပြီး, ဒုက္ခဆက်နေဒါဘဲလို့ မြင်လာမယ်၊ ပဌမ ဖြစ်ပျက်လဲ့ ဒုက္ခ၊ ဒုတိယ ဖြစ်ပျက်လဲ ဒုက္ခ၊ ပေါ်သမျှ အကုန် ဒုက္ခချည့်ဘဲလို့ မြင်မယ်၊ ဒီလိုမြင်တုန်း, ရုတ်တရက်ချင်း, ဒုက္ခစက်ဟာ ပြတ်ကနဲဆို ရပ်သွားတော့တယ်။ အဲဒါ,နိရောဓသစ္စာဘဲ၊နိဗ္ဗာန်ကို မဂ်ဉာဏ်နဲ့ မြင်ဒါဘဲလို့ မှတ်ကြ၊ ကျေနပ်ကြပလား?

ဒီလိုမြင်ရင်, သံသယ, ဟူသမျှ အကုန်ပျောက်ပြီ၊ ရတနာသုံးပါးနဲ့ ခန္ဓာ ရုပ်နာမ် သံသရာစတဲ့ အရာတွေမှာ၊ယုံမှားခြင်း မရှိတော့ဘူး၊ အမိုက်တိုက်ထဲ အလင်းရောင်ကြီး ဝင်လာလိုက်သလို၊ အသိအမြင် စင်ကြယ်သွားပြီ၊ ဉာဏ်အမြင် ရှင်းသွားပြီ။ အဲဒီအခါမှာ၊ငရဲ,တိရစ္ဆာန်,ပြိတ္တာ,စတဲ့ မကောင်းဆိုးဝါး၊ဒုဂ္ဂတိဘဝ ဌာနတွေဟာ ဒို့နဲ့မဆိုင်တော့ဘူး။လွတ်ပြီ,ကျွတ်ပြီ,လို့ သာဆုံးဖြတ်ချက် ချကြတော့၊ သဘောပါကြပလား?

ရုပ်,နာမ် ဖြစ်,ပျက်က.... ဒုက္ခသစ္စာ။

ရုပ်,နာမ် ဖြစ်,ပျက်အဆုံးမြင်တဲ့ဉာဏ်က— မဂ္ဂသစ္စာ။

ရုပ်,နာမ် ဖြစ်,ပျက်အဆုံးမှာ ပေါ်လာဒါက....နိရောဓသစ္စာ။

ရုပ်,နာမ် ဖြစ်,ပျက်အဆုံးချုပ်တဲ့ ဒိဋ္ဌိ,ဝိစိကိစ္ဆာက—

သမုဒယသစ္စာ။

ဒကာဒကာမတို့ ဘာများလိုနေသလဲ? ဘာမှ မလိုတော့ဘူး။ ဒုက္ခသစ္စာတချက် မြင်အောင် ကြည့်ဖို့ဘဲ လိုတယ်၊ အများကြီး မလိုဘူး။ ဒီတချက်ဖြင့် မခက်တော့ဘူး၊ လွယ်ဒါမို့ အမြန်ဆုံး လုပ်မှာဘဲဆိုဒါ ဆုံးဖြတ်ချက် ချကြ၊ သဘောပါရဲ့လား? သဘောပါရင်, ကြိုးစားယူကြ။ ဒုက္ခသစ္စာတချက်,ပိုင်ရင်၊ အားလုံးကိစ္စ ပြီးနိုင်တယ်။ ဒုက္ခမြင်ဖို့သာ အရေးအကြီးဆုံး အချက်ဘဲဆိုဒါ မှတ်လိုက်ကြ၊ ရှင်းကြပလား?

ဒုက္ခအဆုံး, ဖြစ်,ပျက်အဆုံး တခါမြင်ရင်၊ သောတာပန် အစစ်၊ မဟာသောတာပန်ကြီး,ဖြစ်သွားဘီ၊ဒုဂ္ဂတိ အပါယ်သံသရာစခန်း ရုပ်သိမ်းဘီ၊ ကျေနပ်ကြပလား? အကြာဆုံး, သံသရာ ပျော်နိုင်လှရင်၊ သုဂတိ ခုနစ်ဘဝဘဲ ကျန်တော့တယ်။ နောက် ဒုက္ခ ဘဝမလိုချင်,မကူးချင်ရင်၊ဖြစ်,ပျက်ဒုက္ခသစ္စာဘဲပြန်ကြည့်၊ ဒီလိုကြည့်လို့ ဒုက္ခတွေ တခါချုပ်သွားပြန်ဘီ, ဆိုရင်၊ တဆင့် တက်တာဘဲ၊ သဘောပါပလား? ဒီနည်းအတိုင်းပြန်ရှု၊ဖြစ်,ပျက် ဒုက္ခတွေ လေးကြိမ်ဆုံးရင်, ကိစ္စပြီးဘီ။ လုပ်စရာကိစ္စ အားလုံး ပြီးသွားဘီလို့ မှတ်တော့၊ ရှင်းကြပလား?

ဒီလိုလုပ်လို့ မြင်သိတော့၊ ကိုယ်ပိုင်ဉာဏ်နဲ့ ဆုံးဖြတ်ချက် ချနိုင်ဘီ၊ လုပ်မှ မြင်ကြ,သိကြရမှာ၊ မြင်သိမှလဲ ကိုယ်တိုင် ဆုံးဖြတ်နိုင်မှာ၊ သူပြော,လူပြော, ဆရာပြော, မလိုတော့ဘူး၊ ရှင်းမလား? ဒါကြောင့် ဒကာတို့တတွေက ဆရာ ညွှန်ပြတဲ့အတိုင်း

ကြိုးစားလုပ်ကြဘို့ဘဲ။ ဖြစ်ပျက်ဆိုတဲ့ ဒုက္ခအစစ်မြင်ဒါက ဒုက္ခသစ္စာ ပိုင်းခြားဒါ၊ ဒုက္ခစက် ပြတ်သွားဒါ မြင်ဒါက နိရောဓ မျက်မှောက်ပြုဒါဘဲ၊ ရှင်းကြရဲ့လား? ဒီလိုမြင်ရင် ဆရာရှာစရာ မလိုဘူး၊ ကိုယ်ပိုင်သိပီး ကိုယ်တိုင် ဆုံးဖြတ်ချက် ချနိုင်တယ်။ ဒါက ပဝတ္တိ ပစ္စုပ္ပန်မှာ ဉာဏ်ထဲထင်မြင်ပုံပြောဒါလို့ မှတ်ကြ။

ဒကာဒကာမတွေ သဘော ပါကြပလား? သဘော ပါရင် ကြိုးစားယူကြ။ ခန္ဓာက ပဋိစ္စသမုပ္ပါဒ် ခန္ဓာကြီးပါ၊ ဒါကို အမှန် မသိဒါ၊ အတိတ်က မသိတဲ့ အဝိဇ္ဇာဘဲ။ ဒီမသိတဲ့ အဝိဇ္ဇာကြောင့် ကုသိုလ်ကံ အကုသိုလ်ကံတွေ ပြုလုပ်ကြ။ အဲဒီတော့ "အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ" ဖြစ်တော့ဒါပါဘဲ။ မိမိသန္တာန်မှာ ဖြစ်ပေါ်ခဲ့ တဲ့၊ ပဋိသန္ဓေဝိညာဏ်၊ အခုအထိဖြစ်ပေါ်နေကြတဲ့ ပဝတ္တိဝိညာဏ် တွေဟာ၊ နောက် အတိတ်ဘဝက အဝိဇ္ဇာ၊ သင်္ခါရ တို့ကြောင့် ဖြစ်ပေါ်လာရဒါ၊ ဒါကြောင့် "သင်္ခါရပစ္စယာ ဝိညာဏံ" လို့ ဟောတော်မူဒါဘဲ၊ ရှင်းပလား?

ဒီဝိညာဏ်ကြောင့်လဲ စိတ်တွေ၊ စေတသိက်တွေ၊ ရုပ်တွေ ဖြစ် ပေါ်လာရကယ်၊ ဒီလက်ရှိခန္ဓာမှာ အစဉ်မပြတ် ဖြစ်ပေါ်နေတဲ့ စိတ်၊ စေတသိက်ဆိုတဲ့ နာမ်တရားတွေ၊ ပီးတော့ ရုပ်တရားတွေ ဟာ၊ ဝိညာဏ်ကြောင့် ဖြစ်ပေါ်လာရဒါလို့ မှတ်ကြ။ ဒါကြောင့် "ဝိညာဏပစ္စယာ နာမရူပံ" လို့ ဟောတော်မူဒါဘဲ၊ သဘောပါ ပလား?။ နောက်ပီး၊ နာမ်ရုပ်ဖြစ်တော့ သဠာယတန ၆ မျိုးလာ

တယ်။ ၆ မျိုးက မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်၊ ဆိုတဲ့ ၆ မျိုး။ ဒီ ၆ မျိုးဟာ နာမ်ရုပ်ကြောင့် ပေါ်လာဒါဘဲ၊ ဒါကို "နာမရူပ ပစ္စယာ သဠာယတနံ" ဆိုဒါဘဲ။

ဒကာဒကာမတွေ သဘောပါပလား? အခုပြောတဲ့ အာယတန ၆ ခုဖြစ်တော့၊ ဖဿ ဆိုတဲ့အတွေ့ ၆ မျိုးလာတယ်၊ အဲဒါက "သဠာယတနပစ္စယာ ဖဿော" ဘဲ၊ ဒီ ၆ မျိုးလာတော့၊ ဒီအတွေ့ပေါ်မှာ အကောင်းအဆိုး ရွေးချယ်တဲ့ ဝေဒနာ ခံစားမှုလာတယ်။ ဒီတော့ "ဖဿပစ္စယာ ဝေဒနာ" ဘဲ၊ ဒီဝေဒနာက ခံစားမိရင် ကြိုက်တယ်၊ ကြိုက်တော့ တဏှာရဒါဘဲ၊ ဒါက "ဝေဒနာ ပစ္စယာ တဏှာ" ဘဲ။ ဒီတဏှာ နှစ်သက်မှုဖြစ်တာနဲ့ မရရင် မဖြစ်ဘူးဆိုတဲ့ ဥပါဒါန် လာတယ်၊ သဘောပါကြပလား?

ဒီ ဥပါဒါန် စွဲလမ်းမှုလာတော့ ကမ်လာဒါဘဲ၊ ဥပါဒါန်လာရင် ပြုလုပ်မှုဆိုတဲ့ ကမ်လာတယ်။ ဒီတော့ "ဥပါဒါနပစ္စယာ ကမ္မဘဝေါ" ဘဲ။ ဒီကမ္မဘဝ ပြုလုပ်မိတော့၊ ကမ္မဘဝကြောင့်ဘဲ၊ နောက် ဘဝပဋိသန္ဓေ ဇာတိလာဒါဘဲ၊ ဇာတိရတော့ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ၊ ဆိုတဲ့ ဒုက္ခ အစုအဆင်းရဲထုကြီး ထပ်ချပ်လိုက်ပါလာတော့ဒါဘဲ၊ ရိပ်မိပလား? ဒကာဒကာမတွေ၊ ရှင်းကြပလား?

ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ်၊ ဆိုတဲ့ ဒီရှစ်ခုဟာ၊ အခုပစ္စုပ္ပန်ဘဝ၊ ပစ္စုပ္ပန်ခန္ဓာမှာ၊

အဆက်မပြတ်, လှည့်ပတ်ပီး, ဖြစ်ပေါ်နေကြဒါဘဲ၊ ပစ္စုပ္ပန်မှာ ဒီရှစ်ခုဘဲ လှည့်ပတ်ဖြစ်နေဒါဘဲရှိတယ်၊ ရှင်းကြပလား? ဒီရှစ်ခု ထဲကလဲ ဝိညာဏ်ကိုကြည့်၊ ဉာဏ်နဲ့ကြည့်တော့ ဖြစ်လာ, ပျက် သွား၊ ဖြစ်ပေါ်လာပီး, ပျက်စီးသွားနဲ့၊ ဖြစ်,ပျက်ဘဲ ရှိတယ်။ နာမ်, ရုပ်ခတွလဲကြည့်၊ ဖြစ်,ပျက်ဘဲ၊ သဠာယတန, ဖြစ်,ပျက်၊ ဖဿ,ဖြစ်ပျက်၊ ဝေဒနာ,ဖြစ်ပျက်၊ တဏှာ,ဖြစ်ပျက်၊ ဥပါဒါန်, ဖြစ်ပျက်၊ ကမ်, ဖြစ်ပျက်၊ လာသမျှ, ဖြစ်ပျက်ချည့်ဘဲ။

ခန္ဓာမှာ ဒီရှစ်ခုလှည့်ပတ်ပီး. ဖြစ်ပျက်နေဒါဘဲ၊ ဒါတွေဟာ ဖြစ်ပျက်ဒုက္ခသစ္စာချည့်ဘဲလို့မှတ်ကြ၊သဘောပါပလား?ဒီအစဉ် အဆက်, ဖြစ်ပျက်နေတဲ့ ဓမ္မတွေဟာ၊ဒုက္ခသစ္စာတွေပါလားလို့ ဉာဏ်နဲ့ မြင်ရမယ်။ ဒါက ရှုတဲ့သူမှ မြင်ရမယ်၊ မရှုရင်,မမြင်ဘူး၊ ရှင်းရဲ့လား? ခန္ဓာမှာ သုခပေါ်ပေါ်, ဒုက္ခပေါ်ပေါ်,ဥပေက္ခာဘဲ ပေါ်ပေါ်၊ ပေါ်ချင်ဒါပေါ် ရှုလိုက်ရင် ဝေဒနာ,မတွေ့ရဘူး၊ ဖြစ်,ပျက်သာ တွေ့ရမယ်။ တဏှာ, လာပြန်တော့လဲ ဖြစ်,ပျက် ဘဲ၊ ဒါတွေရှုတော့၊ ဉာဏ်က ဒုက္ခဘဲတွေ့ရမယ်၊ရှင်းကြရဲ့လား?

"ဝိပရိဏာမလက္ခဏံ ဒုက္ခသစ္စံ"ဆိုတဲ့အတိုင်း၊ ဘာလာလာ ရှုတော့၊ ဖြစ်ပီးပျက်,ဖြစ်ပီးပျက်နဲ့ ဖြစ်,ပျက်ဒုက္ခစက်ကြီး လယ် နေဒါသာ ဉာဏ်ထဲတွေ့ရမယ်၊ ကျေနပ်ပလား? ရုပ်ဘဲလာလာ၊ နာမ်ဘဲလာလာ၊ လာချင်ဒါလာ၊ ရှုတော့ ဒုက္ခသာ မြင်ရမယ်၊ တခုဖြစ်,တခုပျက်၊ တခုဖြစ်,တခုပျက်နဲ့၊ မနားမရပ် ဖြစ်,ပျက်

စက်ကြီး, လယ်နေဒါကို မြင်ရမယ်၊ ဒုက္ခကြီး လယ်နေဒါကိုးလို့ ဉာဏ်ထဲမှာ ထင်ရှ,မြင်ရမယ်၊ သဘောပါကြဘီလား?

ဒီနောက်, တဖြေးဖြေး ဉာဏ်တက်လာမယ်၊ ဉာဏ်တက်လာတော့၊ ဒုက္ခစက်ကြီးလယ်နေဒါ အမြင်တွေ များလာမယ်၊အမြင်များလာတော့၊ ဒုက္ခစက်, လယ်နေဒါ၊ မကြည့်ချင်တော့ဘူး၊ ဒီစက်ကြီး ရပ်သွားစေချင်တယ်၊ရပ်စေချင်တော့ ရပ်သွားဒါဘဲ၊ ရှုဉာဏ်က ဒုက္ခစက်ကြီး, ရပ်သွားဒါ မြင်ရတော့တယ်၊ ရှင်းကြပလား? ဒကာဒကာမတို့ ဒီဟာ ဘာသူ့ပဋိစ္စသမုပ္ပါဒ်လဲ့?ဒကာတို့ရဲ့ ပဋိစ္စသမုပ္ပါဒ်ဘဲ၊ဘာသူ့ပဋိစ္စသမုပ္ပါဒ်မှမဟုတ်ဘူး။ဒါ့ကြောင့် ကိုယ့်ခန္ဓာထဲမှာ ကြည့်ကြ,ကြည့်ကြလို့ ပြောနေရဒါ၊ သဘောပါပလား?

ဥပမာအားဖြင့်ဆိုရင်၊ စက်ဘီးတခု, တနေရာမှာ ထုံးကလေးနဲ့မှတ်ပီး,လှဲလိုက်တဲ့အခါ၊ မျက်စိရှေ့ ရောက်လာတဲ့ ထုံးမှတ်ကို ကြည့်ရ,မြင်ရသလို၊ ဉာဏ်ရှေ့ ရောက်လာတဲ့ တရားကို ဖြစ်,ပျက် ရှုကြ၊ သဘောပါကြပလား? ရှုတဲ့အခါ မိအောင်ရှုဘို့ အရေးကြီးတယ်။စက်ဘီးလယ်တဲ့အခါ၊ ထုံးမှတ်ရှေ့တဲ့တဲ့ ရောက်တိုင်း ရောက်တိုင်း၊မျက်စိနဲ့တဲ့တဲ့မြင်ရသလို၊ ဉာဏ်ရှေ့ ရောက်လာတဲ့ ဖြစ်,ပျက်ကို မလွတ်အောင် ရှုကြရမယ်၊ ဒီလိုရှုရင်, ခန္ဓာမှာ ဒုက္ခစက် အသစ်,အသစ်, ဖြစ်ပျက်နေဒါကို တွေ့ကြရမယ်။

ရှုတဲ့ဉာဏ်မှာ ဒီလိုဒုက္ခ အသစ်, အသစ်, ဖြစ်ပျက်နေဒါပါလားလို့ မြင်တော့၊ အော်....ဒီဟာ ဖေါက်ပြန် ပြောင်းလဲနေတဲ့ သဘောပါလားလို့ သိလာမယ်၊ ပိုင်ပိုင်နိုင်နိုင် သဘောပေါက်လာမယ်၊ ရှင်းပလား? ဒီလို ဉာဏ်နဲ့သိဒါ ကိုယ့်ဒုက္ခ သစ္စာကို ကိုယ်သိဒါဘဲလို့ မှတ်ကြ။ကိုယ့်ဒုက္ခသစ္စာ ကိုယ်သိတော့၊ကိုယ့်အရုပ်ဆိုးဒါ ကိုယ်မြင်ကြမယ်၊ သဘောပါကြရဲ့လား? ကိုယ့်အရုပ်ဆိုးဒါ, ကိုယ့်ဒုက္ခသစ္စာ, ကိုယ်တိုင်မြင်ရတော့၊စွန့်ချင်တဲ့စိတ် ပေါ်မယ်၊ ပျော်ပြင်ချင်တဲ့စိတ် မရှိတော့ဘူး၊ရှင်းပလား?

ခန္ဓာ့အကြောင်း, ကိုယ့်အကြောင်းကို ကောင်းကောင်းသိသွားဘီ၊ ဒုက္ခစက် မပြတ်အောင်, ဒရစပ် ဖြစ်,ပျက် နေတယ်၊ ဖေါက်ပြန် ပျက်စီးနေတယ်ဆိုဒါ ဉာဏ်နဲ့ ဆုံးဖြတ်နိုင်ဘီ၊ဒီအခါမှာ ဒီခန္ဓာအပေါ်မှာ ပျော်ပြင်ချင်တဲ့စိတ်မလာဘူး၊ စွန့်ချင်တဲ့စိတ်ဘဲပေါ်တော့တယ်၊ အဲ စွန့်ချင်တဲ့စိတ်ပေါ်တော့၊ နောက်,တယ် မကြာလိုက်ဘူး၊ ဒုက္ခစက်ကြီးဟာ ဖြတ်ကနဲဆို, ပြတ်သွားတော့တယ်၊ ရှင်းကြပလား? ဒီလိုပြတ်သွားဒါဟာ " စက္ခုံဥဒပါဒိ " ဖြစ်တာဘဲ။ အစ်ပွါယ်က ကိုယ့်ဒုက္ခသစ္စာကို မြင်တဲ့ဉာဏ် ရဘီတဲ့၊ ကျေနပ်ပလား?

အမှန်သဘာဝက ကိုယ့်အဖြစ်ဟာ အခုဖြစ်,အခုပျက်၊ အခုမွေး,အခုသေ၊ဒီလိုဘဲ မပြတ်မလပ်,တသေထဲသေနေဒါဘဲရှိတယ်၊ ဒါကို ဉာဏ်နဲ့ကြည့်တော့ ကိုယ့်အရုပ်ဆိုးဒါ ကိုယ်တိုင်သိရ

တယ်၊ ရိပ်မိကြပလား? ကိုယ်အရုပ်ဆိုးဒါ ဉာဏ်နဲ့ ကိုယ်တိုင်ကိုယ်ကျ ကေန်သိရတော့၊ အဝိဇ္ဇာ, တဏှာ,အပေါ် အပြစ် မြင်လာမယ်၊ သူ့ဒဏ်ချက်ကြောင့် ဒီဒုက္ခကြီး ရခဲ့ဒါ၊ သူ့ဒါဏ်ချက် တယ်ဆိုးပါကလား?လို့ အပြစ်မြင်တယ်။ အပြစ်မြင်တော့ မဂ်လာဒါဘဲ၊ မဂ်လာတော့ အဝိဇ္ဇာ,တဏှာ,မလာဘူး ချုပ်တော့ဒါဘဲ၊ ဒါဟာ ဒုက္ခမြင်တဲ့ ပုဂ္ဂိုလ်ရဲ့ ဖြစ်စဉ်ဘဲလို့ မှတ်ကြ၊ သဘောပါပလား?

ဒီလိုမြင်တဲ့ ပုဂ္ဂိုလ်ကတော့၊ ဘာစိတ်ပေါ်ပေါ်, ငါမထင်ဘူး၊ရုပ်နာမ်,ဖြစ်ပျက်အစဉ်,ဒုက္ခအစဉ်တွေဘဲမြင်နေတော့တယ်၊ ငါလို့မထင်, ငါလို့မမြင်တော့ဘူး၊ ရှင်းရဲ့လား? ငါလို့မထင်မမြင်တော့၊ဒီရုပ်နာမ်,ဖြစ်ပျက်တွေဘဲ ထင်နေ့မြင်နေတယ်၊ဒီလိုမြင်တဲ့သူမှာက ဒုက္ခစက်ကြီး, လယ်နေဒါဘဲလို့ ဉာဏ်နဲ့မြင်ရတယ်၊ သဘောပါကြပလား? ဒီလို မြင်ဒါလဲ အလုပ် လုပ်နေတဲ့အခါ၊ ရှုမှတ်နေတဲ့အခါကိုသာ ပြောဒါ၊ ရှင်းပလား?

ခန္ဓာ ရုပ်မှာမ်ကလဲ့လို့ ဘာမှမရှိပါကလား? ငါဆိုဒါလဲမရှိ, ပုဂ္ဂိုလ်သတ္တဝါဆိုဒါလဲမရှိ,ယောကျ်ားမိန်းမဆိုဒါလဲမရှိ၊ အမှန်က ဘာမျှ မရှိပါကလား၊ စင်စစ်, ဒုက္ခစက်ကြီး လယ်နေဒါဘဲ ရှိဒါပါကလား၊ခန္ဓာမှာ, ဒုက္ခအပြင် ဘာမျှမရှိဘူးလို့ မြင်ရမယ်၊ဒီလိုမြင်မှ အမြင်မှန်ဘဲလို့ မှတ်ကြ၊ သဘောပါကြပလား? ခန္ဓာမှာ ဉာဏ်နဲ့ကြည့်ရင်,ဒီအတိုင်းဘဲမြင်ရမယ်၊ ဒီလိုမြင်ရင်,အမြင်ကြာ

လာတော့၊ ဒုက္ခစက်, ရပ်သွားတော့ဒါဘဲ၊ ဒုက္ခစက်, ရပ်တော့ နိရောဓ, ပေါ်လာတယ်၊ ‘‘ ဒုက္ခနိရောဓော နိဗ္ဗာန်” ဘဲ၊ ရှင်းကြပလား?

ဉာဏ်ဝမှာ ပေါ်လာဒါ တခုကို ကြည့်ရမယ်၊ဘာကြည့်ကြည့် ဖြစ်,ဒုက္ခနဲ့ ပျက်,ဒုက္ခဘဲ ရှိဒါတွေ့ရမယ်၊ ဝိညာဏ်ကလေးကြည့် ဖြစ်,ပျက်၊ နာမ်ရုပ်ကြည့်လဲ ဖြစ်,ပျက်၊ သဠာယတန ကြည့်လဲ ဖြစ်,ပျက်ဘဲ၊ ဖဿကြည့်၊ဝေဒနာကြည့်၊ တဏှာကြည့်၊ ဥပါဒါန်ကြည့်၊ကမ်ကြည့်၊အားလုံး ဖြစ်,ပျက်ဘဲ၊ကြည့်ချင်ဒါကြည့်၊ ဖြစ်ပျက် ဒုက္ခသစ္စာဘဲ တွေ့ရမယ်၊ သဘော ပါကြပလား? အစားအစာ, စားသောက်နေ,ဘောင်းတောင်ကျဉ်ကျဉ်,တွေးကြံနေ,ရောင်းဝယ်နေ,ဘာလုပ်နေနေ, မိမိစိတ်နဲ့ ရုပ်ကတော့၊ တခုပျက်သွား, တခုအစားတိုးနဲ့ ဒုက္ခစက်, လည်နေဒါဘဲရှိတယ်၊ ဒါကိုမြင်မှ ဒုက္ခသစ္စာမြင်, အမှန်မြင်ဘဲသို့ မှတ်ကြ။

ဒီလို ခန္ဓာမှာ ဒုက္ခစက်ကြီး,အဆက်မပြတ်အောင်,လှည့်ပတ်နေဒါချည့် အမြင်များတော့၊ကိုယ့်ဒုက္ခ,ကိုယ့်အသေတွေ့ ကိုယ်မြင်လို့ ‘‘ဒီဒုက္ခက ဘယ်တော့များ လွတ်ပါ့မလဲ? ဆိုပြီး ငြီးငွေ့လာတယ်၊ ရွံမုန်းလာတယ်၊ ဒီအခါမှာ ရွံမုန်း အားကြီးတော့ ဒုက္ခစက်, ဆုံးသွားတော့ဒါဘဲ၊ ပေါ်ကြပလား? ဒုက္ခဆုံးသွားတော့၊သုခနိဗ္ဗာန်တွေ့ဒါဘဲ” ဒီတော့ တဏှာ,ဥပါဒါန်,ကမ်,စတဲ့

တရားတွေ အကုန်ချုပ်တယ်။ ဒါဘာကြောင့်လဲ? အကြောင်း ချုပ်အောင်လုပ်တဲ့ ဉာဏ်ကြောင့်ဘဲ၊ ရိပ်မိကြရဲ့လား?

ခန္ဓာလက်ရှိဒုက္ခ, နောက်လာမဲ့ ဒုက္ခတွေချုပ်ရဒါဟာ၊ ဒုက္ခ သစ္စာကို ပရိညာကိစ္စ,လုပ်လိုက်လို့ဘဲ၊ သဘောပါရဲ့လား? ဒုက္ခ သစ္စာ မဂ်နဲ့ ပရိညာကိစ္စ, လုပ်လိုက်တဲ့အတွက်၊ ဒုက္ခတွေချုပ်, နောက်က သမုဒယ မလာဘူး၊ သေသွားတယ်၊ မဂ္ဂင်ရှစ်ပါးပေါ် လာ၊ ပေါ်လာတော့ နိရောဓ, ဆိုက်တာဘဲ၊ ရှင်းကြရဲ့လား? ဒီတော့မှ သစ္စာလေးချက် တပြိုင်နက် ကိစ္စပြီးသွားတယ်ဆိုဒါ မှတ်ကြ၊ သဘောပါကြပလား?

ဝိပဿနာ, ရှုတယ်ဆိုဒါ ရုပ်,နာမ်, ဖြစ်ပျက်ကို တွေ့မှသာ ဝိပဿနာ,ဖြစ်တယ်၊ ရုပ်နာမ်,ဖြစ်ပျက် မမြင်ဘဲ ဝိပဿနာရှုတယ် ဆိုဒါ အဓိပ္ပါယ်မရှိဘူးလို့ မှတ်ကြ၊ ဒါကြောင့်, ပဌမ ဖြစ်,ပျက် မြင်အောင် ရှုကြဘို့ အရေးကြီးတယ်ဆိုဒါ မှတ်ကြ၊ ရှင်းပလား? ဖြစ်,ပျက်ကိုတွေ့မှ၊ဩဘာသ,ပီတိ,ပဿဒ္ဓိစတဲ့ အခြင်းအရာတွေ တွေ့မယ်၊ ဖြစ်,ပျက်မှ မတွေ့သေးရင်၊ ဒါတွေ မလာနိုင်ဘူး၊ ဖြစ်, ပျက် မမြင်တဲ့သူဟာ၊ ဒီဘဝ မဂ်,ဖိုလ်မရနိုင်ဘူးဆိုဒါမှတ်တော့။ နောက်နောက် ဘဝအတွက် အဆက်ဖြစ်မယ်၊ ပါရမီဖြစ်မယ်။

ဒကာဒကာမတွေ သဘောပါပလား? ဝိပဿနာ, ကြိုးစားရှု ကြ၊ ဖြစ်,ပျက်မြင်ရင် မညံ့တော့ဘူး၊ မမြင်သေးတဲ့သူလဲ မြင် အောင်, နောက်အခါ ပါရမီအဆက်ရအောင် ကြိုးစားရမှာဘဲ၊

ရှင်းကြပလား? ရှုမှတ်ဘို့က မိမိတာဝန်၊အကျိုးရဘို့က ဓမ္မတာဝန်ဘဲ၊ ဓမ္မက လုပ်သလောက် အကျိုးပေးမှာ သေချာတယ်၊ ကျေနပ်ပလား? အခုမျက်မြင်မှာ ဉာဏ်ကောင်းဒါ၊ဉာဏ်ထိုင်းဒါ ဟာ လိုရင်း မဟုတ်ဘူးလို့ မှတ်ကြ၊ ဉာဏ်ထိုင်းဒါနဲ့ တိဟိတ် မဟုတ်ဘူးထင်ပြီး၊အားမလျှော့လိုက်ပါနဲ့လို့ သတိပေးပါတယ်။

ဘုရားလက်ထက်တော်က၊ စူဠပန္ထကမထေရ်၊တိဟိတ်မှ အရင့်အမာကြီးဘဲ၊ ဒါပေမဲ့ ဉာဏ်က ထိုင်းလိုက်တာ ပြောစရာမရှိဘူး၊ တိဟိတ်က၊တိဟိတ်ဉာဏ်ထိုင်း၊ ဉာဏ်ထိုင်းပေမဲ့ ဒွိဟိတ် မဟုတ်ဘူး၊ လေးလလုံးလုံး က၊ကြီး ခ၊ကွေးတောင် မရနိုင်ဘူး၊ဒါပေမဲ့ အလုပ် လုပ်ကြည့်တော့ ရဟန္တာ၊ဖြစ်သွားတယ်၊ပေါ်ကြပလား? ဒါကြောင့် လုပ်ကြည့်ကြ၊ လုပ်ကြည့်မှ သိရမယ်လို့ ပြောလိုက်ပါတယ်။

ဝိပဿနာ၊လုပ်ကြည့်မှ ကိုယ့်အကြောင်း အမှန်အကန်သိရမယ်၊ မိမိအကြောင်း အမှန်အကန် သိနိုင်ဒါ ဒီအလုပ်ဘဲရှိတယ်၊ လုပ်ကြည့်တော့၊ မိမိခန္ဓာ သဘောအမှန်ကို ကောန်သိရမယ်၊ ဖြစ်ပျက် ဒုက္ခစက်ကြီး၊လယ်နေဒါကို သိရမယ်၊ရှင်းပလား? ဒီနည်းအတိုင်း လောကကြီးထဲမှာ ဘာကိုဘဲ ကြည့်ကြည့် ဒုက္ခစက် လယ်ဒါဘဲမြင်ရမယ်၊ ဒုက္ခစက်က ပင်ကိုယ်အရှိ၊အမှန်ရှိ၊အဟုတ်ရှိ၊ အမြဲရှိနေတဲ့ တရားဘဲ ဆိုဒါ မှတ်ကြ၊ ရှင်းပလား?

ဘုန်းကြီးတို့ ဒကာဒကာမတွေက၊ ဒါကို မသိကြဘူး၊ အမှန် တကယ်ရှိနေဒါကို မသိကြဘူး၊ တကယ်မရှိ၊ အမှန် မရှိဒါကို သိနေကြတယ်၊ဟုတ်ကြရဲ့လား? ဒီလိုဆိုရင်, ရှိဒါတခြား၊ သိဒါတခြား ဖြစ်မနေကြဘူးလား? ရှိဒါကတခြား သိဒါကတခြားဆိုရင်၊အရှုး သိဘဲ ဆိုထိုက်၊ မဆိုထိုက်၊ စဉ်းစားကြ။ အရှိနဲ့ အသိ ကိုက်ညီမှ အကောင်းသိ၊ ဖြစ်မယ်၊ အရှိနဲ့ အသိ ကိုက်မှ၊ ဒုက္ခပိုင်းခြားသိဒါ ဘဲ၊ ရှင်းပလား? ဒါကြောင့် ဒကာဒကာမတွေ, အရှိနဲ့ အသိ ကိုက်အောင် ကြိုးစားကြ၊ ရိပ်မိကြဘီနော်။

အရှိနဲ့ အသိ မကိုက်တော့၊ မရှိဒါ၊ အရှိထင်ပီး, ဒုက္ခ မမြင် တော့ဘူး၊ ဒုက္ခမမြင်တော့ ဒုက္ခခန္ဓာဘဲ ခင်မင်နေကြဒါဘဲပေါ့။ ခန္ဓာခင်ရင်, ဒီဒုက္ခစက် လယ်ရမှာဘဲလို့သာ မှတ်ကြတော့၊ သဘောပါကြရဲ့လား?ခန္ဓာရမှတော့ ဒီဒုက္ခစက်က ရွှေ့ပြောင်း လို့ လွှဲဖယ်လို့ မရနိုင်တော့ဘူး၊ မြင်ကြရဲ့လား? ဒုက္ခစက်ထဲ မှာဘဲ တဝဲလယ်လယ် နေရမှာဘဲ၊ ဒါကြောင့် ဒီဒုက္ခစက်က လွတ်ချင်ရင်, အမှန်အရှိကို ဉာဏ်နဲ့သိအောင် လုပ်ကြ။

ဒီဒုက္ခစက်က ဘယ်လိုလွတ်ရမလဲ? လွတ်အောင် ဘယ်လို လုပ်ရမထဲ? "နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ" တဲ့၊ ငြီးငွေ့ရှုမုန်းပီး, မလိုချင်၊ မလိုချင်တော့ မရဘူး၊ တွယ်တာမှု မရှိတော့ လွတ်တာဘဲ၊ လွတ်တယ်ဆိုဒါ မဂ်လာဒါဘဲလို့ မှတ်ကြ၊သဘော ပါပလား? ဒီလိုလွတ်ချင်ရင်, ပဌမဒုက္ခစက် မြင်အောင် ကြည့်

ပေး၊ နောက် မုန်းအောင် ဆက်ကြည့်၊ အမုန်းများတော့ မလိုချင် လွတ်တော့ဒါဘဲ၊ ရှင်းကြရဲ့လား?

အဲဒီအခါမှာမှ ဒီပုဂ္ဂိုလ်ရဲ့ ဉာဏ်အမြင်မှာ စင်ကြယ်သွားဘီ၊ ပုဂ္ဂိုလ် သတ္တာ အခွန်မရှိဒါ သိသွားဘီ၊ ငါမရှိ၊ သူမရှိ၊ ယောက်ျားမရှိ မိန်းမ မရှိ၊ အမှန်ရှိဒါက နာမ်နဲ့ ရုပ်၊ ဖြစ် ပျက် ဒုက္ခစက်ဘဲလို့ ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ချက် ချနိုင်ဘီ၊ ရှင်းကြပလား? ဒကာဒကာမတွေ အထူးမှတ်ဘို့က "အားထုတ်တဲ့အခါမှာ၊ ဘာမျှမရှိ၊ နာမ် ရုပ် ဖြစ်ပျက်ဘဲ ရှိတယ်လို့ သိနေတယ်၊ မထုတ်တဲ့အခါတော့ သမုတိနယ်၊ ငါ သူ ကျား မ ဆိုဒါတွေ သညာအနေမှာ ရှိနေဒါဘဲလို့"မှတ်ကြ။

အားထုတ်တဲ့အခါမှာ၊ ဘယ်သူ့ကြည့်ကြည့်၊ ဒုက္ခစက်ကြီး လည်နေဒါဘဲ မြင်ရမယ်၊ သဘောပါပလား? ဒုက္ခစက်လည်ဒါ တနေ့မှာ ဘယ်နှစ်ပတ်ရယ်လို့ မပြောနိုင်ဘူး၊ ဘာကစပီးလှဲလှဲ ဘယ်မှာဘဲဆုံးဆုံး ဒုက္ခစပီး ဒုက္ခဆုံးဒါဘဲရှိတယ်၊ တခြား ဘာမှ အပိုမပါဘူး၊ ရိပ်မိကြရဲ့လား? ခန္ဓာ အားလုံးဟာ၊ ဒုက္ခစက် လည်ဒါသာရှိတယ်၊ ခန္ဓာပေါ်သမျှဟာ ဒုက္ခစက် လည်ဒါဘဲလို့ မှတ်ကြ၊ စပေါ်ဒါလဲ ဒုက္ခ၊ ဆုံးသွားဒါလဲဒုက္ခ ဒုက္ခစပီး ဒုက္ခဆုံး ဒါဘဲရှိတယ်၊ ဒီပြင် ဘာမျှမရှိ၊ ဒုက္ခစက်ခန္ဓာဘဲလို့ သိကြရမယ်၊ သဘောပါပလား?

ဒီမဂ္ဂင်အလုပ် မလုပ်ရင်၊ နောက်လဲ ဒီဒုက္ခစက်ဘဲ လည်နေမယ်၊ တသံသရာလုံး ဒုက္ခလည်ဒါကလွဲရင် တခြားဘာမျှမရှိဘူး

လို့သာ မှတ်လိုက်ကြ၊ ရိပ်မိကြပလား? ဒကာ ဒကာမ တွေ ကံကောင်းအကြောင်းသင့်လို့ အခုမှ ကိုယ့်အဖြစ်မှန်, သဘော မှန်ကို သိကြရဒါ၊ ဒီလို အခွင့်မျိုး ကြုံရဘို့ မလွယ်ဘူး၊ ရှေးက ဒီအဖြစ်မှန်ကို မသိခဲ့ကြရဘူး၊ နွားမှာလေသံ၊တရံတဆစ်၊ ကြား ရဘို့,နာရဘို့ အလွန့်အလွန် ခဲယဉ်းတယ်ဆိုဒါ မှတ်လိုက်ကြ။

ဒကာဒကာမတွေ ရှေးက အဝိဇ္ဇာဖုံးလွှမ်းလို့မသိခဲ့ကြဘူး၊ ဇဝိဇ္ဇာက ဖုံးလွှမ်းထားတော့၊ ဝိဇ္ဇာဉာဏ် အလင်း မရခဲ့ကြဘူး၊ အလင်းမရတော့၊ အမှောင်ထဲမှာမွေး,အမှောင်ထဲမှာနေ,အမှောင် ထဲမှာဘဲသေ,ကြရတယ်၊ ဒီတော့ အလင်းရောင်မရကြလို့၊ အမှန် အကန် မမြင်ကြရ၊ မသိကြရဘူးပေါ့၊ သဘော ပါကြရဲ့လား? ဒါကြောင့် ဘုရားက "အန္ဓဘူတော အယံလောကော" အယံ လောကော၊ဤလောကသားအပေါင်းသည်၊ဝါ၊လူများအပေါင်း သည်။ အန္ဓဘူတော၊ အမိုက်အတိ, အကန်းအတိ, ဖြစ်ချေ၏" လို့ ဟောတော်မူဒါဘဲ။

အဝိဇ္ဇာက ဖုံးလွှမ်းထားတော့ အမှန်မသိ၊ မကောင်းဒါ အကောင်းထင်ပီး,တဏှာကစွဲလမ်း,ကမ်ကအားထုတ်၊ အဲဒီလိုနဲ့ ရှစ်ပါးသော ဒုက္ခစက်ကြီး အခုပစ္စုပ္ပန်မှာ ပေါ်လာရောပေါ့၊ သဘောပါကြရဲ့လား? ကမ်ကအားထုတ်တော့ ဒီဘဝမှာ ဇာတိ ကစပီး,ပဋိသန္ဓေ ဝိညာဏ် ရလာတယ်၊ ဝိညာဏ်ရတော့ ဝိညာဏ် နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာ,တဏှာ,ဥပါဒါန်, တမ္ဘဝ,

ဆိုတဲ့ ရှစ်ခုဒုက္ခစက်ကြီး တဝဲလယ်လယ် လှဲပတ် နေတော့ဒါဘဲ၊ ရှင်းကြရဲ့လား?

ဒကာဒကာမတွေ အားထုတ်တော့ ဘာရကြတုံး? ဒုက္ခအစု ဘဲရတယ်၊ ဒုက္ခအစု ခန္ဓာကြီး ကိုယ်ပိုင်ရကြတယ်၊ ဒီဟာကိုလဲ မသိလေတော့၊ တဏှာက ဆက်လက်ပြီး လိုချင်ပြန်တယ်၊ လိုချင် တော့ ကာယကမ်, ဝစီကမ်, မနောကမ်တွေ ထပ်လုပ်တော့ဒါ ပေါ့၊ ဒီကမ်တွေ စုမိတော့ လူ့ဒုက္ခစက်ကြီး, နတ်ဒုက္ခစက်ကြီး, ဗြဟ္မာဒုက္ခစက်ကြီး, ဒီဒုက္ခစက်ကြီးတွေ လာဒါဘဲ။ အဲဒါ မသိတဲ့ အဖြစ်ဟာ၊ဘယ်လောက်များဆိုး ဝါးတယ်ဆိုဒါပေါ့ကြပလား?

ဒကာဒကာမတို့ သာမည အရေးလို့များ မမှတ်လိုက်ကြပါ နဲ့၊ အလွန်ကြီးတဲ့ အရေးမို့ လေးလေးစားစားနဲ့ မှတ်သားပြီး လိုက်နာကြ။ သာမညအရေးဖြစ်ရင်, ဘုန်းကြီးတို့က ဒါလောက် အပင်တပန်းခံပြီး, ပြောဟောနေလိမ့်မယ် မဟုတ်ပါဘူး ဆိုဒါ ယုံကြတော့၊ သဘောပေါက်ကြရဲ့လား?လောကမှာ ချမ်းသာတယ်, ရာထူးကြီးတယ်, ဂုဏ်ကြီးတယ်ဆိုပေမဲ့လဲ, အချည်းနှီးဘဲလို့သာ မှတ်ကြ၊ ဘာမင်းကြီး, ဘာဘုရင်ကြီး ဖြစ်ဖြစ်, ဒုက္ခစက်ကြီး လယ်နေဒါဘဲရှိတယ်၊ ကျေနပ်ကြပလား?

အပြောကဖြင့် ဘာကြီး,ညာကြီး,ပြောကြဲပေမဲ့၊ စင်စစ်တော့ ဒုက္ခစက်ကြီး လယ်နေဒါဘဲရှိတယ်၊ တခုပေါ်တခုချုပ်၊တခုချုပ်

တခုဖြစ်၊ မိနစ်၊စက္ကန့်မလပ်၊ဒရစပ်၊မရပ်မနား ဖြစ်ပီးပျက်စီးနေတဲ့ ရုပ်နာမ်အစဉ်တွေဘဲရှိတယ်၊ ဝိညာဏ်၊နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ်၊ ဒီရုပ်နာမ် အစဉ်တွေဖြစ်၊ပျက်နေတဲ့ဒုက္ခစက်ဘဲရှိဒါပါ။ ကိုယ့်ခန္ဓာမှာလဲ ဒီရှစ်ပါး၊ သူတို့မှာလဲ ဒီရှစ်ပါးဘဲ၊ ပေါ်ကြပလား?

ခြားနားဒါက အရင်တရားနဲ့ နောက်တရားသာ၊ခြားနားဒါပါ၊တရားကတော့ ဒီရှစ်ပါးဘဲ၊ ဒီရှစ်ပါးတရားဆိုဒါလဲ ဖြစ်ဒုက္ခနဲ့ ပျက်ဒုက္ခပါဘဲ၊ ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခအပြင်၊ ဘာမှအပိုမစွက်ဘူး။ ဖြစ်ပီးပျက်သွား၊ ဖြစ်ပီး ပျက်သွားနဲ့ ဒရစပ် မနားမရပ်ဒုက္ခစက်ရဟတ် လှည့်ပတ်နေဒါဘဲ ရှိပါတယ်၊ သဘောပါကြရဲ့လား? ဒီသဘောအမှန်ဟာ ရှုတဲ့သူမှာ တွေ့ရမယ်၊ မရှုတဲ့သူမှာမတွေ့နိုင်ဘူး၊ ရိပ်မိပလား? ဒါကြောင့် ဒကာတို့တတွေ ဒီအမှန်သဘာဝကို စာပြောမဟုတ်၊ ဆရာပြောမဟုတ်၊ကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ်တိုင် တွေ့ရ၊သိရ၊အောင် ကြိုးစားကြ။

ဆရာသွားထံက နာ တရားလောက်နဲ့ တင် တင်းတိမ်မနေကြပါနဲ့လို့ ပြောလိုက်ပါတယ်၊ ကိုယ်တိုင် ရှုကြည့်တော့ ကိုယ်တွေ့သိရမယ်၊ရှင်းကြပလား? ဒီလိုရှုလို့ ဒုက္ခစက်ကြီးတွေ့ရရင်၊ဆက်သာရှု၊ အရှုအပွါးများလာရင်၊မုန်းလာမယ်၊ မုန်းလဲ ဆက်သာရှု၊ တချက်ချက်မှာ ဆုံးသွားမယ်၊ ရှင်းပလား? ဆုံးအောင်သာရှုကြ၊ ဆုံးရင် နိဗ္ဗာန်ပေါ်ဒါဘဲ။

ဒီတော့….

ဒုက္ခစက်ကြီးက…ဒုက္ခသစ္စာ။
ရှုဉာဏ်က….မဂ္ဂသစ္စာ။
ဒီနေ့ရာသေဒါက….သမုဒယသစ္စာ။
ပေါ်လာဒါက….နိရောဓသစ္စာ။

ကိုင်း, ယနေ့ ဒီတွင်ဘဲ တော်ကြစို့။

# ဓမ္မရတနာ မာတိကာ

" ဆန္ဒရာဂံ၊ ပယ်သတ်ရန်, တရားတော် "

---

**ဆောင်ပုဒ်**

ဗုဒ္ဓဝါဒ၊ သိရန်က၊ ပဓာနရေးကြီးမှတ်။
ဆန္ဒရာဂံ၊ ပယ်ဘို့မှန်၊ ကျင့်ရန်ဟောမိန့်မှတ်။
ခန္ဓာပေါ်ဝယ်၊ ရာဂတွယ်၊ဖြတ်ပယ်ကျင့်ဟောတတ်။
ဘုရားအယူ၊ သိပေမူ၊ လွယ်ကူလိုက်နာအပ်။
ဆန္ဒရာဂံ၊ မပယ်လျှန်၊ သောက ပူမီးထပ်။
သောတစစ္စာ၊ အဝိဇ္ဇာ၊ ပဋိစ္စာမွေ့ရဟတ်။
ဆန္ဒရာဂ၊ ရှိလေက၊ ပါယ်ဝဟင်းလင်းလပ်။
ရာဂပယ်နှုတ်၊ ဒုက္ခချုပ်၊ ဝိမုတ်နိဗ္ဗူကပ်။

**သတိချပ်**

ကာမရာဂါ၊ နှိုသယာ၊ ခန္ဓာခင်တွယ်မက်။
မပယ်သမျှ၊ ဘုံထိုမျှ၊ သူကစဉ်တွဲလျက်။
တဏှာရင်းခံ၊ ဥပါ,ကမ်၊ ဝိညာဏ်ဇာတိဆက်။
ဇရာ,မရဏ၊ ပူသောက၊ ဒုက္ခတခဲနက်။
ဒုက္ခလွတ်ချင်၊ ခန္ဓာခင်၊ လျှင်လျှင်တဏှာဖျက်။
လေးဆွဲငါးဝါ၊ ဟောမိန့်ရှာ၊ သည်ဟာလိုရင်းချက်။

ဓန္ဒာငါးခွင်၊ သတိယှဉ်၊ ဉာဏ်မြင်ဝိပဿီစွက်။
ဖြစ်ပျက်မြင်ချေ၊ နှစ်ပါးသေ၊ ငါးထွေမဂ္ဂင်နှင်။
ဖြစ်ပျက်ဆုံးမြင်၊ ရှစ်မဂ္ဂင်၊ ဉာဏ်လျှင်အာဒိမင်။

**တရားသား** ဒကာဒကာမတွေ အားလုံးဟာ ဘုရားရှင်ရဲ့ အယူဝါဒကို အမှန်အကန် သိထားကြဘို့ အရေးကြီးတယ်လို့ သတိပေးလိုက်တယ်၊ ဒကာဒကာမတွေဟာ၊ သိတတ်တဲ့ အချိန်ကစပြီး၊ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊" ဘုရားရှင်ကို ကိုးကွယ်ပါ၏လို့ ဆိုလာခဲ့ကြတယ်၊ ပါးစပ်က ဘုရားကို ကိုးကွယ်ပါ၏ ဆိုပေမဲ့ အရေးမပြီးသေးဘူး။ ဘုရားအယူဝါဒကိုလဲ ကိုယ်တိုင်က သိထားကြဘို့ အရေးကြီးတယ်ဆိုတဲ့ အချက်ကို အလေးအနက် မှတ်ထားကြ။

အခု ဒကာဒကာမတွေကို အရှင်သာရိပုတ္တရာ မထေရ်ကြီး ဟောခဲ့တဲ့ စကား အချက် အလက်တွေကို ပြောရမယ်၊ အရှင်သာရိပုတ္တရာ ဟောတဲ့ တရားအမိပ္ပါယ်ကို နာကြရလိမ့်မယ်လို့ မှတ်ကြ။ ။တနေ့သောအခါမှာ၊ သိတင်းဝါလကျွတ်လို့ မြတ်စွာဘုရား ခြေတော်ရင်းမှာ၊ ဝါကပ်ကြတဲ့ ရဟန်းတော်တွေက " တပည့်တော်များ ပစ္စာဘူမ, အရပ်ပြန်ပါရစေ " ဆိုတဲ့ အကြောင်းနဲ့ ဘုရားထံ လျှောက်ထားကြတယ်။

အဲဒီအခါမှာ၊ ဘုရားရှင်ကလဲ ရှေ့ဖြစ်ပေါ်လာမယ့် အကြောင်းချင်းတတွေ မြင်တော်မူ, သိတော်မူတယ်၊ သိမြင်တော်မူတော့

အဲဒီ ပဋ္ဌာဘာမှ ကို ပြန်မယ့် ရဟန်းတော်များကို “ အသင်တို့ နောင်တော်ကြီးဖြစ်တဲ့ ရှင်သာရိပုတ္တရာထံ ရောက်ခဲ့ကြ ပလား? ဝင်ပြီးပန်ကြားခဲ့ကြဘီလား” ဆိုတဲ့ အကြောင်း မေးမြန်းတော်မူတယ်၊ အဲဒီအခါမှာ“တပည့်တော်များ မရောက်ခဲ့ရသေးကြောင်း မပန်ကြားရသေးတဲ့ အကြောင်းနဲ့” ပြန်လည် လျှောက်ထားကြတယ်လို့ မှတ်ကြ။

အဲဒီတော့ ဘုရားရှင်က “ ချစ်သားတို့ သာရိပုတ္တရာဟာ၊ အကျိုး စီးပွါးကို အလွန် အလိုရှိသူ ဖြစ်ပေတယ်၊ ဒါကြောင့် အသင်တို့ မပြန်ခင်မှာ၊ သာရိပုတ္တရာထံ ဝင်ရောက်ပြီး ပန်ကြားကြ၊ သူ့ ဆီခွင့်ပန်ပြီးမှ ပြန်ကြ”လို့ ရဟန်းတော်များကို မိန့်တော်မူလိုက်တယ်။ အဲဒီအချိန်မှာ အရှင်သာရိပုတ္တရာ မထေရ်က လဲ၊ ကြက်ဆူခြုံမှာ နေ့သန့်စင်တော်မူနေတဲ့အခါ ဖြစ်တယ်လို့ မှတ်ကြ။

ဒါနဲ့ အဲဒီ ပဋ္ဌာဘူမ ပြန်ကြမယ့် ရဟန်းတော်တွေက၊ အရှင်သာရိပုတ္တရာထံ ဝင်ရောက် ပန်ကြားကြ၊ ဘုရားရှင် အမိန့်တော်ရှိတဲ့ အကြောင်းကိုလဲ စုံလင်အောင်လျှောက်ထားကြတယ်၊ အဲဒီအခါမှာ၊ အရှင်သာရိပုတ္တရာ မထေရ်ကြီးကလဲ ဉာဏ်နဲ့ စဉ်းစားကြည့်တော့၊ ရိပ်မိ,သိရှိတယ်။ “ ပဋ္ဌာဘူမအရပ်မှာ ရဟန်းပညာရှိ, ပုဏ္ဏားပညာရှိ, စတဲ့ ပညာရှိအထွေထွေ ရှိနေကြတယ်၊ ဒီတော့ ဒီရဟန်းတွေဟာ၊ ဘုရားရှင်ရဲ့ အဆုံးအမ,အယူဝါဒကို

ပိုင်ပိုင်နိုင်နိုင် မသိကြရင်၊ နေရာကျမှာ မဟုတ်ဘူး၊ ဟိုရောက်လို့ ဆီးပြီး မေးကြ၊ မြန်းကြလို့ ဖြေပုံနေရာမကျရင်၊ ဘုရားကို စွပ်စွဲရာ ရောက်နေကြလိမ့်မယ်”လို့ တွေးတောသုံးသပ်မြင်တော်မူတယ်။

“ဒီရဟန်းတွေ ဘုရားအဆုံးအမကို ကျကျနန မသိကြရင် စွပ်စွဲရာရောက်တော့မယ်၊”လို့ ကြံစီတွေးတောပြီး၊ အဲဒီ ရဟန်းတွေကို မိန့်ဆိုသင်ကြားပေးတော်မူလိုက်တယ်လို့ မှတ်ကြ၊ ရှင်းကြပလား? ရှင်သာရိပုတ္တရာ မထေရ်ကြီးက အဲဒီ ရဟန်းတွေကို “အသင်တို့ ပြန်ဒါတော့ ပြန်ဒါပေါ့၊ ဒါပေမဲ့ ဟိုကျရင် မေးကြလိမ့်မယ်၊ အသင်တို့ဆရာက ဘာအယူ ယူပြီး၊ အဘယ်သို့ ဟောလေ့ရှိတာကို အရှင်တို့ ကြားဘူး၊ နလုံးသွင်းဘူးပါသတုံး? ဆိုပြီး၊ မေးကြလိမ့်မယ်၊ မေးရင် ဖြေတတ်ဘို့ရာ သင်ကြား ပေးလိုက်မယ်” ဆိုပြီး မိန့်တော်မူတယ်လို့ မှတ်ကြ။

“ အသင်တို့ဆရာ ဘုရားက ဘာတရားဟောပါတုံး? လို့ မေးခဲ့ရင်၊ ဘုရားက “ဆန္ဒရာဂ ပယ်ဘို့ရာ ဟောနေတယ်၊ဆန္ဒရာဂ ပယ်ဘို့ရာအကျင့် ကျင့်ဘို့ကိုဘဲ သွန်သင်ဆုံးမနေတယ်၊ ဟောပြောနေတယ်” လို့ ပြန်ပြီး ဖြေကြ” ဆိုတဲ့အကြောင်း သင်ကြားပေးလိုက်တယ်၊ သဘောပါကြပလား?

ဒကာတို့တတွေ အခုသိဘို့က ‘ ဘုရားက သမုဒယသစ္စာ ပယ်ဘို့ ဟောလေ့ရှိတယ်၊ သမုဒယသစ္စာပယ်ကြောင်း အကျင့်

နည်းလမ်းကိုလဲ ပေးလေ့ရှိတယ်” လို့ မှတ်ထားကြ။ ဆန္ဒရာဂ ဆိုတော့ စာသိပါနေလို့ နားမလည်ဘဲ ရှိနေကြအုံးမယ်၊ နား လည်လွယ်အောင် သမုဒယ လို့ ဘဲမှတ်ကြ၊ သမုဒယ ဆိုဒါနဲ့ လောဘ တဏှာ ဆန္ဒရာဂ ဆိုဒါတွေဟာ၊ အတူတူဘဲလို့ သာ မှတ် ထားကြ၊ ရှင်းကြပလား?

အရှင်သာရိပုတ္တရာက ရဟန်းတော်တွေကို ဆက်ပီးမိန့်တော် မူပြန်တယ်၊ “ငါ့ရှင်တို့ ပညာရှိတွေက ဒါလောက်နဲ့ ကျေနပ် ကြအုံးမယ် မဟုတ်သေးဘူး၊ တဆင့်တက်ပီး မေးကြလိမ့်အုံး မယ်၊” ကောသလမင်းတို့ စတဲ့သူတွေက “အရှင်ဘုရားတို့ ဘယ် ပေါ်မှာရှိတဲ့ ဆန္ဒရာဂကို ပယ်ရမှာလဲ? ဘယ်ပေါ်မှာရှိတဲ့ ဆန္ဒ ရာဂကို ပယ်ဘို့ဟောလေ့ရှိပါသလဲ? လို့ တဆင့်တက်ပီး မေးကြ လိမ့်မယ်။”

“ဒီလိုမေးရင် ငါ့ရှင်တို့ ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ ဆိုတဲ့၊ ခန္ဓာ ငါးပါးပေါ်မှာ ရှိတဲ့ ဆန္ဒရာဂကို ပယ်ဘို့ဟောလေ့ရှိတယ်၊ ဒီဆန္ဒရာဂကိုပယ်ဘို့ ကျင့် နည်းကိုလဲ ဟောလေ့ ညွှန်ကြား ဆုမ္မလေ့ရှိတယ်လို့ ပြန်ဖြေ ကြ” ဆိုတဲ့အကြောင်းကို အရှင်သာရိပုတ္တရာက သင်ကြားပေး လိုက်တယ်လို့ မှတ်ကြ၊ သဘောပါပလား?

ဘုန်းကြီးတို့ ဒကာဒကာမတွေ ဒီနေရာမှာ အထူးတလည် မှတ်ထားဘို့က၊ ‘ဘုရားအယူဝါဒဟာ ဘယ်ဟာလဲ? ခန္ဓာငါး

ပါးပေါ်မှာရှိတဲ့ ခန္ဓာပေါ်မှာ တွယ်တာတဲ့ ဆန္ဒရာဂကို ပယ်ဘို့ဟောပြတဲ့အယူ၊ ကျင့်ကြံဘို့ ညွှန်ပြတဲ့အယူဟာ၊ ဘုရားအယူဝါဒ” ဘဲဆိုဒါ ဆုံးဖြတ်ချက် ချကြ၊ ရှင်းပလား? ခန္ဓာငါးပါးပေါ်မှာရှိတဲ့ ဆန္ဒရာဂကို ပယ်ဘို့ဟောတဲ့အယူနဲ့ ကျင့်တဲ့အယူဟာ၊ ဘုရားအယူဘဲလို့ မှတ်ကြ၊ ကျေနပ်ကြပလား?

ဒါနဲ့ အရှင်သာရိပုတ္တရာက ထပ်ပီးအမိန့်ရှိပြန်တယ်၊ “ ငါ့ရှင်တို့ အဲဒီပညာရှိတွေက “ ဆန္ဒရာဂ မပယ်ရင်၊ ဘယ်လိုအပြစ်ရှိပါသလဲ?” ဒီလိုတဆင့်တက်ပီး မေးခဲ့ရင်၊ ခန္ဓာ ငါးပါးပေါ်မှာ ဆန္ဒရာဂ မပယ်ရင်၊ ခန္ဓာငါးပါးထဲက တပါးပါး ဖေါက်ပြန်တဲ့အခါမှာ။ နောက်က သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ ဆိုတဲ့ ဒုက္ခအစုတွေ၊ အဝိဇ္ဇာ, သင်္ခါရ စတဲ့ ဒုက္ခစက်တွေပါ ဆက်တိုက် လိုက်လာလိမ့်မယ်လို့ ဆိုတဲ့အကြောင်း, ပြန်ပီးဖြေကြရမယ်”လို့ ညွှန်ကြားတော်မူတယ်။

နောက်ပီး အဲဒီပညာရှင်တွေက “ အကယ်၍ ခန္ဓာပေါ်မှာ ဆန္ဒရာဂကို ပယ်ခဲ့ရင်၊ ဘယ်လိုအကျိုးခံစားရမတုံး?”လို့ထပ်ပီး မေးကြလိမ့်မယ်၊ ဒီလိုမေးခဲ့ရင်၊ ‘ခန္ဓာငါးပါးပေါ်မှာ ဆန္ဒရာဂ ပယ်လိုက်ရင်၊ နောက်က သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ ဆိုတဲ့ ဒုက္ခအစုတွေ မလာတော့ဘူး၊ နောက်ထပ် အဝိဇ္ဇာ, သင်္ခါရစတဲ့ ဒုက္ခစက်ကြီးလဲ မလာဘူး၊ပြတ်တော့ဒါဘဲ၊ လို့ ဖြေကြ” ဆိုပီး သင်ကြားတော်မူတယ်။

"ငါ့ရှင်တို့ နောက်ဆက်ပြီး, အဲဒီဆန္ဒရာဂဟာ၊ကုသိုလ်လား? အကုသိုလ်လား?လို့ မေးလိမ့်မယ်၊ မေးခဲ့ရင်, ဆန္ဒ ရာဂ ဟာ အကုသိုလ်ဓမ္မဘဲ၊ ဒါရှိနေရင်, အပါယ်သွားလိမ့်မယ်။ ဒီဆန္ဒရာဂ ပယ်ရင်, သုဂတိဘဝနဲ့ နိဗ္ဗာန်ရလိမ့်မယ်" လို့ ဖြေကြဆိုပြီး သင်ကြား ပေးတော် မူလိုက်တယ်လို့ မှတ်ကြ၊ သဘော ပါကြ ပလား?

ဘုန်းကြီးက ဒကာဒကာမတွေကို အကွက်ကျအောင် ရှင်း လင်းပြောပြမယ်၊ဆန္ဒရာဂ,ဆိုတဲ့ သမုဒယသစ္စာတလုံးဟာ ခန္ဓာ ပေါ်မှာ အမြဲတန်း ငြိကပ်နေတယ်၊ မဂ်နဲ့ မပယ်သေး သရွေ့၊ သူက အမြဲကပ်နေမှာဘဲ၊ ဆန္ဒရာဂ ပယ်ဘို့ဆိုဒါဟာ၊ အနုသယ ကိလေသာကို ဆိုဒါဘဲလို့ မှတ်ကြ၊ ရှင်းကြရဲ့လား? ဆန္ဒရာဂ ဆိုဒါ ကိုယ့်ခန္ဓာခင်တဲ့ လောဘကိုပြောဒါဘဲ၊ သဘောပါကြ ပလား?

ဒီဆန္ဒရာဂဆိုတဲ့ ခန္ဓာခင်တဲ့ အနုသယ လောဘကို မဂ်နဲ့ မပယ်သေးရင်၊ ဒီတဝမှာလဲ တွဲရက်၊ ဟိုဘဝလဲ တွဲရက်၊ အမြဲ တွဲရက်ချည့်နေဒါဘဲ၊ မဂ်နဲ့မှ မပယ်ရသေးရင်၊တဏှာ,ဥပါဒါန်, ကမ်,ဇာတိ,ဇရာ,မရဏ,စတဲ့ ဒုက္ခအစုတွေလာတော့ဒါဘဲ၊ဒါတွေ လာသမျှ ဒုက္ခလက်စ ဘယ်တော့မှ အဆုံးမသတ် ရတော့ဘူး၊ ရိပ်မိကြပလား? ဒါကြောင့် ဘုရားအယူဟာ ဒီဆန္ဒရာဂကို ပယ်ဘို့ ဟောလေ့ရှိတယ်၊ဒါကို ပယ်ဘို့ ကျင့်နည်းကိုလဲ ဟော လေ့ရှိတယ်၊ ပေးလေ့ရှိတယ်ဆိုဒါ မှတ်ကြ။

ဒကာဒကာမတွေ သဘောပါကြပလား? ဒကာတို့သန္တာန်မှာ ခန္ဓာခင်တွယ်တဲ့ လောဘကိန်းနေတယ်၊ ဒီလောဘကို ပယ်ရမှာဘဲ၊ ဒါကို မဂ်နဲ့ ပယ်မှသာ ရမယ်၊ ဒါကြောင့် မဂ်နဲ့ ပယ်ကြ၊ ပယ်နိုင်အောင်,မဂ်အလုပ်, မဂ္ဂင်အလုပ်, လုပ်ရမယ်လို့ ဟောတော်မူဒါဘဲ၊ ရိပ်မိကြပလား? ဘုရားရှင် ၄၅, လေးဆဲ့ငါးဝါ လုံးလုံး ဟောတော်မူခဲ့ဒါမှာ ဒီအချက်ဟာ လိုရင်းဘဲဆိုဒါမှတ်ကြတော့။

ဒကာတို့သန္တာန်မှာ တဏှာက အန္နဲ့သယ့်သဘောနဲ့ ကိန်းနေဒါ၊ဒီတော့ အလုပ်တရားဝင်ပီးပြမှ ရှင်းမယ်၊ကျေနပ်ပလား? ကိုင်း, ဂရုစိုက်နာယူကြ။

ဒါက ဒကာတို့ရဲ့ တရားနာနေဆဲ ခန္ဓာငါးပါး၊ ဒီခန္ဓာမှာ အဆင်းကလေးကို ကြည့်ကြစမ်း၊ ကြည့်တော့ အသားအရေပြည့်ဖြိုးပီး အရောင်အဆင်းကလေးနဲ့ ပါလားလို့ ဆိုပီး, နှစ်သက်လုံး, သဘောကျလုံးလေး ပေါ်လာတယ်၊ဟုတ်ကြရဲ့လား?အဲဒါရူပက္ခန္ဓာပေါ်မှာ ဆန္ဒရာဂ, ရှိနေဒါဘဲလို့ မှတ်ကြ၊ သဘောပါကြပလား?

ကိုယ့်ဟာကိုယ် ပြောကြတယ် " အင်း နေလို့ ထိုင်လို့ကောင်းဒါ တော်သေးရဲ့ "တဲ့၊အဲဒါ ဝေဒနာက္ခန္ဓာ ခင်နေဒါဘဲ၊ နောက်ပီး " ကျုပ်က မှတ်မိသားဘဲ၊ ကျုပ်က မှတ်ဉာဏ် သိပ်ကောင်းဒါ" နဲ့ ပြောကြဒါဟာ သညာက္ခန္ဓာ ခင်တဲ့ တဏှာဘဲ၊

"ကျုပ်က စေတနာကောင်း ထားပါရဲ့၊ သူတို့က မကောင်းကြဘူး၊ ကျုပ်စေတနာ ဝေဒနာ ဖြစ်တာဘဲ" နဲ့ ပြောကြဒါဟာ သင်္ခါရက္ခန္ဓာ ခင်ဒါဘဲ၊ နောက်ပီး "ကျုပ်မကောင်းဒါမလုပ်ဘူး ကျုပ်စိတ်က တသမတ်ထဲ၊ ကျုပ်လောက်ကောင်းဒါ ရှာကြအုံး" နဲ့ ပြောဒါဟာ ဝိညာဏက္ခန္ဓာမှာ ဆန္ဒရာဂ ဝင်နေဒါဘဲ၊ ရှင်းကြပလား?

ဘုရားက ဒီဆန္ဒရာဂကို ပယ်ဘို့ဟောတယ်၊ ဒကာတို့တတွေကတော့ တွယ်နေကြတယ်ဆိုရင် ကောင်းပါ့မလား? မကောင်းမှန်းသိပီး ပြင်ကြ၊ ဘုရားက ဆန္ဒရာဂ ပယ်ဘို့ အကျင့်ကိုလဲဟောတယ်၊ ဒါကို အကျင့်တရားနဲ့ ပယ်ရမယ်၊သဘောပါပလား? ကျင့်ဘို့ဆိုဒါက ဒီခန္ဓာငါးပါး ဝိပဿနာ ရှုရမယ်လို့ မှတ်ကြ၊ ရှင်းပလား?

ဝိပဿနာရှုတဲ့အခါ၊ ခန္ဓာငါးပါးလုံးကို မရှုရဘူး၊ ငါးပါးထဲက ခန္ဓာတပါးပါးကို သတိပဋ္ဌာန် လေးပါးထဲက တပါးပါးနဲ့ ရှုရမယ်၊ ရိပ်မိကြပလား? အဲဒီလို ရှုကြည့်တော့ ခန္ဓာရဲ့ မမြဲတဲ့သဘော ဖြစ်,ပျက် အနိစ္စကို မြင်ရမယ်၊ မြင်လာတော့မှ အရင်မသိတုန်းက မြဲတယ်ထင်လို့ ခင်နေမိတယ်၊ အခုဉာဏ်နဲ့ရှုကြည့်တဲ့အခါမှာ၊ မမြဲတဲ့ အနိစ္စချည့် တွေ့နေရ မြင်နေရလို့ မခင်မင်တော့ဘူး၊ ခင်ဇောကွာသွားတယ်၊ သဘောပါကြရဲ့လား?

အဲဒီလို ခန္ဓာမှာ ဝိပဿနာဉာဏ်နဲ့ ကြည့်လို့ အနိစ္စတွေ့ရင် ပရိယုဋ္ဌာန,နဲ့ ဝီတိက္ကမ ခေါ်တဲ့၊ ထကြွကိလေသာနဲ့ လွန်ကျူး

ကိလေသာတွေ မလာတော့ဘူး၊ အခိုက်အတန့် ချုပ်စဲသွားကြ တော့တယ်။ ဒါကို အပြီးသတ် ချုပ်စဲသွားအောင် လုပ်ရမယ်၊ ဒါမှ နောက်ထပ်မပေါ်နိုင်မှာ၊သူက ခန္ဓာမှာ အနုသယ သဘော နဲ့ ကိန်းနေဒါ၊ သူ့ကိုအမြစ်ပြတ်အောင့်လုပ်မှ ဒုက္ခအစု ချုပ် မှာ၊ ရိပ်မိကြပလား?

ခန္ဓာရှိတော့ သူကရှိနေတယ်၊ သူရှိနေပေမဲ့ ခင်မခင့်မသိသာ ဘူး၊ မသိသာအောင့်အနုသယ သဘောနဲ့ အောင်းနေတယ်လို့ မှတ်ကြ။ ဥပမာ ကိုယ့်မျက်နှာရိပ်ကလေး မှန်ထဲ ကြည့်လိုက် တယ်ဆိုပါတော့၊ အဲဒီအခါမှာ၊ မျက်နှာကလေးက ပြည့်ပြိုးပြီး နေဒါ၊ ချောမွတ်နေဒါ တွေ့လိုက်ရတော့၊ တခါထဲ သဘောကျ သွားတယ်၊ အဲဒါ ပရိယုဋ္ဌာန ကိလေသာတွေ ထ့ကြွလာဒါဘဲ၊ ဒီအပေါ်မှာ ကိုယ်ကထပ်ပြီး့ ပေါင်ဒါတွေ့ အမွှေးနံ့သာတွေနဲ့ ထပ်ပြီး ချယ်လယ်လိုက်ပြန်တယ်၊ အဲဒါက ဝီတိက္ကမ့ဆိုတဲ့ လွန် ကျူးကိလေသာတွေ ထ့ကြွလာဒါဘဲ၊ ရိပ်မိကြရဲ့လား?

ဒီခန္ဓာကို အနိစ္စမြင်အောင့် ဝိပဿနာရှုတဲ့ အခါကျတော့၊ ဖြစ့်ပျက် အနိစ္စတွေ့ ဉာဏ်ကမြင်ရရော၊ ဒီအနိစ္စအချက် ခန္ဓာ့ ဖြစ့်ပျက်မြင်တော့၊ "ပရိယုဋ္ဌာန၊ ဝီတိက္ကမ"ဆိုတဲ့ ထကြွကိလေ သာနဲ့ လွန်ကျူးကိလေသာနှစ်ခုကို ဝိပဿနာဉာဏ်က ပယ်သတ် လိုက်တယ်၊ သဘောပါပလား? ဒီလို ဝိပဿနာဉာဏ်နဲ့ ခန္ဓာမှာ ဖြစ့်ပျက် ရှုနေတုန်းမှာတော့၊ကိလေသာ နှစ်ပါးသာ သေတယ်၊

အနုသယ ဆိုတဲ့ မသိမသာကပ်နေတဲ့ ကိလေသာက မသေသေးဘူး၊ ကပ်မြဲကပ်နေသေးတယ်၊ ရှင်းကြပလား?

ဘုရားက ဒီအနုသယ သဘောနဲ့ ကပ်နေတဲ့ ကိလေသာကိုပယ်ဘို့ အကျင့်မှ ဟောရိုးဖြစ်တယ်၊ ဘုရား ကျင့်ရိုး ဖြစ်တယ်လို့ ဟောတော်မူပါဘဲလို့ မှတ်ကြ၊ ဒီတော့ ဒကာဒကာမတွေ သိထားဘို့က ဝိပဿနာရှုရုံနဲ့လဲ ဘုရားအယူ အကုန်လိုက်တာ မဖြစ်သေးဘူး၊ ဘုရားအလိုတော် အကုန် မကျသေးဘူး၊ ကပ်နေတဲ့ အနုသယလေးပါး အမြစ်ပြတ်မှ ဘုရားအယူ ဘုရားအလိုတော်အစစ်ကျတယ်ဆိုဒါ မှတ်လိုက်ကြ။

အခု ဒကာဒကာမတွေ သန္တာန်မှာ၊ ဒိဋ္ဌာနုသယ ရှိနေတယ်၊ ဒီ ဒိဋ္ဌာနုသယကလေး ကပ်နေဒါဘဲဆိုရင် မမှားဘူး၊ ဒီဟာလေးက ဝိပဿနာရှုတုန်းတော့ သိပ်လိုချင်တဲ့ လောဘလေးက ငြိမ်းနေတယ်၊ သူရှိမှန်း မသိသာဘူး၊ ဒါပေမဲ့ အကြောင်းရှိရင်တော့ သူပေါ်လာမယ်၊ ဒါကြောင့် ဝိပဿနာဉာဏ်လောက်နဲ့ ကျေနပ်နေလို့ မဖြစ်သေးဘူး၊ မကျေနပ်နဲ့အုံးလို့ ပြောလိုက်ပါတယ်၊ သဘောပါကြရဲ့လား?

ဥပမာ.... အနာတခုဟာ အပေါ်ယံကသာ ပျောက်နေပြီး အတွင်းမှာ ငုပ်နေတယ်ဆိုရင် မပျောက်သေးဘူး၊ အမြစ်ကျန်နေသေးတယ်၊ အဲဒါ ငန်း မန်း ထလာနိုင်တယ်၊အညှော်တို့ မသင့်မတင့် အစာတို့နဲ့တွေ့ရင်၊ ငန်း မန်း ထလာပြီး သေနိုင်တယ်၊

ထလာရင် ဒုက္ခရောက်ရမယ်။ အဲဒီသဘောအတိုင်းဘဲ၊ အနုသယ ဆိုတဲ့ အမြစ်မပြတ်သေးရင် နေ့ရာမကျသေးဘူး၊ နှစ်သက်လွန်းတဲ့အာရုံနဲ့ တွေ့ရရင့် ထောင်းကနဲ ထလာမယ်၊ မျက်ရေကျစရာနဲ့ တွေ့ရင်လဲ ပြိုက်ကနဲ ကျမှာဘဲ၊ အကြောင်းရှိရင့် အနာကြွလာမယ်၊ သဘောပါကြရဲ့လား?

ငုပ်နေဒါဆိုတော့ ရုတ်တရက် မသိနိုင်ဘူး၊ တော်လှဘီ့တန်လှဘီ့လို့ ထင်နေရတယ်၊ တော်တယ့် တန်တယ် အောင်းမေ့ရတယ်၊ အဲ... အကြောင်းရှိလို့ ထကြွလာသိုက်တော့၊ ကိလေသာ သုံးခုလုံး ပြန်ပြေ့တော့ဒါဘဲ၊ ဘာမှမထူးခြားတော့ဘူး၊ ရှင်းကြရဲ့လား? ဒါကြောင့် တခုကို ဖြုတ်မှဖြစ်မယ်၊ တစ်ကိုမဖြုတ်ရင် နှစ်သုံး ပြန်ပွါး လာအုံးမယ်၊ ရိပ်မိကြပလား? ဒါကြောင့်.... ဘုရားက ဒီဆန္ဒရာဂကို ပယ်ဘို့ဘုရားကို ဟောလေ့ ရှိတယ့် ကျင့်လေ့ရှိတယ့် ဆိုတဲ့ အဓိပ္ပါယ် ပေါ်ကြပလား?

ဒကာ ဒကာမတွေ သဘော ပါကြပလား? ဘုရား ဝါဒက သမုဒယသစ္စာ ဒိဋ္ဌာနုသယတို့ကို အမြစ်အရင်းနှင့်တကွ ကျွတ်ရေးရအောင် ဟောလေ့ကျင့်လေ့ရှိဘာယ်၊ ဒါကို မြဲမြဲစွဲစွဲ မှတ်ထားကြ။ ဝိပဿနာရှုလို့ ဖြစ်ပျက်မြင်ရင်၊ အနုသယ တချို့ကျန်တော့တယ်၊ ကိလေသာ နှစ်မျိုးသာ သေတယ်၊ အနုသယ ကျန်နေတော့၊ ရောဂါ အငုပ်အရင်းသေတဲ့ ဝေဒနာသယ် မဟုတ်သေးဘူး၊ သွားလို့ လာလို့ ဖြစ်ရှိလောက် ဆေးကု ထားဒါဘဲ၊

ရိုပ်မိကြရဲ့လား? ခန္ဓာနဲ့ကပ်ပီး ကိန်းနေတဲ့ အနုသယက ကျန်နိုနေတယ်၊ သူက ရှိမှန်းလဲ မသိသာဘူး။

ဒကာဒကာမတွေ ဒါလောက်နဲ့စိတ်မချရသေးဘူး။ အနာကို ရှင်းရှင်းပျောက်မှ စိတ်ချရမယ်၊ ရှင်းပလား? ရှင်းရှင်း မပျောက်သေးရင်၊အညှော်နံ့ မခံနိုင်သေးဘူး၊ အစားမှားလဲ မခံသေးဘူး၊ အညှော်နံ့ရင် အသားတွေ ကွဲအက်ပီး, သွေး, ပြည်, သနံ့ရေတွေ ယိုစီး ထွက်ကျလာမယ်၊ အနာဝင်ပီး, ချက်ချင်း ဒုက္ခရောက်နိုင်တယ်၊ ဒီတော့ ဒီအနာ ရှင်းရှင်းပျောက်မှ အမြစ်ပါကျွတ်မှသာ စိတ်ချရမယ်၊ သဘောပါကြပလား?

ဒါကြောင့် အနုသယခေါ်တဲ့ တစ်, ကိလေသာကို ပယ်မှ, ပယ်နိုင်မှသာ,စိတ်ချရမယ်ဆိုဒါ မှတ်လိုက်ကြ၊ ဒါမှ "ဆန္ဒရာဂ ဝိနယဂ္ဂါဟိဝါ" ဆိုတဲ့ အတိုင်းဖြစ်မှာ၊ ရိပ်မိပလား? ဝိပဿနာရှုဒါဟာ၊ ပဋ္ဌမ, ဒိဋ္ဌာနုသယ, ပယ်ဒါဘဲလို့ မှတ်ကြ၊ ဒါပေမဲ့ ဝိပဿနာဉာဏ်က အစွမ်းကုန်မပယ်နိုင်သေးဘူး၊တစ်,ကိလေသာကျန်နေသေးတယ်၊ ဖြစ်, ပျက် မြင်လို့ အားထုတ်တာတောင်, ဒါလေးကကျန်နေသေးတယ်၊ဖြစ်,ပျက်,မြင်ဒါတောင်,အနုသယမကွာနိုင်သေးဘူး။

ဒကာဒကာမတွေ ရိပ်မိကြရဲ့လား?ဖြစ်,ပျက်မြင်ဒါနဲ့တောင်မရသေးဘူး,ဆိုတော့၊ သိရုံနဲ့ ပီးတယ်ဆိုတဲ့ စကားဟာ၊ အမှန်ကျပါ့မလား? မကျပါဘူး၊ တချို့တွေက သိရင် ပီးရောတဲ့၊

ကျင့်ဘို့မလိုဘူးနဲ့, ယောင်ယောင်မှားမှား ပြောတတ်ကြတယ်၊ ဒကာဒကာမတွေ သိရှိနဲ့ ရောက်တယ်ဆိုဒါမျိုး နားမယောင် လိုက်ကြပါနဲ့လို့ အထူးတလည် သတိပေးလိုက်ပါတယ်။

ဒီ သာဓကကို ဆုံးဖြတ်ချက် ချနိုင်အောင်,ဆန္ဒမထေရ်ဝတ္ထု သွားကို ကြည့်ကြ။ ဆန္ဒမထေရ်ဟာ ဖြစ်,ပျက်တွေ မြင်နေဒါ အနှစ် ၄၀,နီးပါး ကြာလိမ့်မယ်၊ အဲဒီ ရုပ်,နာမ် ဖြစ်ပျက်တွေ မြင်ပီး, ကိုယ့်ဟာကိုယ်, အထင်ကြီးနေရှာတယ်၊အထင်ကြီး နေ ပေမဲ့ ဘာမှမဟုတ်ရှာဘူး၊ ဒါလေးက ကပ်နေတယ်၊ ဒီအနုသယ လေးကပ်နေဒါ သူမသိရှာဘူး၊ဒါကြောင့် သူ့ဟာသူ အခြောက် တိုက် အထင်ကြီးနေမိပေဒါပေါ့၊သဘောပါပလား?

ဝိပဿနာရှုလို့ ဖြစ်,ပျက်တွေမြင်၊ ဒီလို ဖြစ်,ပျက်တွေ ရှုနေ ဒါတောင်, အနုသယက ကျန်တယ်၊ ကိလေသာ နှစ်မျိုး သေ သွားပီး, တမျိုးက မဖြုံ့သေးဘူး၊ သဘောပါကြပလား? ဒီ ဖြစ် ပျက်တွေ မြင်လို့ ဖြစ်,ပျက် တခါဆုံးပါမှ၊ ဒိဋ္ဌာနုသယ ကိလေ သာကို ပယ်နိုင်တယ်၊ ဒါတခုပယ်နိုင်ရင်, အပါယ်မကျရတော့ ဘူး၊ "စတုပာယေဟိစ ဝိပ္ပမုတ္တော၊" ဆိုဒါဖြစ်ပီ၊ အပါယ် လေးပါးအတွက် စိတ်ချရဘီ၊ ဒါတခုမှ မပယ်ရသေးရင်၊အပါယ် စိတ်မချရသေးဘူး၊ ရိပ်မိကြပလား?

ဒကာဒကာမတွေ သဘောပါကြပလား? ကိုယ့်မှာ တိုက် တာ, အိုးအိမ်,စည်းစိမ်ချမ်းသာတွေ, ကားတွေတဝီဝီ,စီးနေနိုင်

ပေမဲ့၊ ဒါကို မပယ်ရသေးရင်၊အလကားဘဲလို့ သာမှတ်လိုက်ကြ၊ ဒါမပယ်ရသေးသမျှ ငရဲမျိုးစေ့က ကျန်နေသေးလို့ဘဲ၊ ရိပ်မိကြရဲ့လား? ငရဲမျိုးစေ့ ရှိနေသေးရင်၊ ဘယ်လိုနေနေ, အနေကောင်း မဟုတ်သေးဘူး၊ ဒိဋ္ဌိနုသယ မပယ်ရသေးသူဟာ၊ အခုနေ့ မော်ကြွားနေပေမဲ့ အချည်းနှီးဘဲ၊ အခု မော်သလောက်, နောက်အခါ မျက်ရည်,ကျရမယ်ဆိုဒါ မှတ်ကြတော့၊ရှင်းပလား?

> အခုလို အခွင့်အခါ ကောင်းတုန်းမှာမှ မေ့လျော့ပေါ့တန်နေကြရင်၊ အခု မော်သလောက်, နောက်အခါ ဒုက္ခရောက်ရမယ်ဆိုဒါ မှတ်ကြ။

ဒကာဒကာမတို့ အချိန်မလွန်ခင်က ကြိုးစားယူကြ၊ သောတာပန်,ဖြစ်မှ စိတ်ချရမယ်၊သောတာပန်,ဆို အပါယ်မကျတော့ဘူး၊မလွဲသာလို့ အကုသိုလ်ပြုလဲ မကျတော့ဘူး၊ရှင်းကြပလား? ဝိပဿနာရှုလို့ ဖြစ်,ပျက်မြင်နေဒါ မဂ္ဂင်ငါးပါးနဲ့ မြင်နေဒါဘဲ၊ ဖြစ်,ပျက်တွေ မြင်နေရင် တခု ကျန်တယ်၊ ကိလေသာ နှစ်ခုက သေဘီ၊တခုကျန်နေတော့ အကင်းမသေသေးဘူး၊ ဒါလောက်နဲ့ စိတ်မချရသေးဘူး၊ ရိပ်မိပလား?

ဒကာတို့တတွေ ဝိပဿနာရှုတော့ ဖြစ်,ပျက်တွေမြင်၊ တသံသရာလုံးက မမြင်ဘူးတဲ့ ရုပ်,နာမ်,ဖြစ်ပျက်,အနိစ္စတွေမြင်ရတော့ အော်....တယ်ဟုတ်တဲ့ ငါပါလား,သေပျော်ဘီလို့ အောင်းမေ့ မီး ပြောထက်ကြတယ်၊ အဲဒါ— ဇီကျန်နေသေးတဲ့ အဆင်းကို

မသိလို့ ပြောကြဒါပါ၊ မသေပျော်သေးဘူးလို့ ဘုန်းကြီးက သတိပေးလိုက်တယ်၊ ရှေ့ဆက်ပြီး, မုန်းလာအောင်, နောက် ဆုံး သွားအောင်, လိုက်ရှုကြ၊ သဘောပါပလား?

ဖြစ်,ပျက်တွေရှု၊အများမြင်ပြီး, နောက်မုန်းဉာဏ်လာ,အလွန် ကိုဘဲ မုန်းနေဘီပြောပေမဲ့ အဲဒီအခါမှာ ကိလေသာတခုကျန်ဒါ ဘဲ၊ မဂ်နားမှာကပ်နေတဲ့ အနုလုံ– ဂေါတြဘူတွေကကို ကိလေ သာ နှစ်ခုဘဲ သတ်နိုင်တယ်၊ တစ်ကတော့ ကျန်ဒါဘဲ၊ ရိပ်မိကြ ပလား? ဒါကြောင့်–ဒကာဒကာမတွေ ကြိုးစားကြ၊ ပဌမ ဖြစ်, ပျက် မြင်အောင်ကြည့်၊ နောက်–ဒီ ဖြစ်,ပျက်ကိုဘဲ သစ္စာဆိုက် အောင် ကြိုးစားလိုက်ကြ၊ ရှင်းကြပလား?

ဖြစ်,ပျက်မြင်တဲ့ဉာဏ်နဲ့လဲ တစ်ခုကျန်ဒါဘဲ၊မုန်းတဲ့ဉာဏ်လဲ့ တစ်ခုကျန်ဒါဘဲ၊ရိပ်မိပလား? ဒီ ဖြစ်,ပျက်ဟာ အနိစ္စဆိုလဲ့ ဟုတ် တယ်၊ ဒုက္ခလဲ ဟုတ်တယ်၊ အနတ္တလဲ ဟုတ်တယ်၊ ဒီ ဖြစ်,ပျက် ကြည့်ရင်၊ ဒီဉာဏ်သုံးချက်,တပါတည်း ကိစ္စပြီးတယ်။ ခန္ဓာမှာ– မမြဲဒါရယ်, ဆင်းရဲဒါရယ်, အစိုးမရ,အလိုမကျဒါရယ်, ဒါတွေ အမှန်ရှိတယ်၊ ဒါတွေက–တခုမှ ကောင်းဒါ, အသုံးကျဒါ မပါ ဘူး၊ ခန္ဓာဟာ– စက်ဆုတ်စရာ, အသုံးမကျဒါ အမှန်ချည့်ဘဲ၊ ဒီအမှန်ကို သိအောင် ကြိုးစားကြ။

ဒကာဒကာမတို့ ဒိဋ္ဌိက မိစရာမရှိမှပြုတ်မှာ၊ မိစရာမရှိအောင် မှီစရာ ပြုတ်အောင်, လုပ်ရမယ်၊ ဒီခန္ဓာဟာ ဒုက္ခသစ္စာ အစစ်ဘဲ

လို့ အမှန်သိရင် မလိုချင်ဘူး၊ မလိုချင်ဒါ ကြာလာလို့ တကယ့်ကို မလိုချင်တော့ပါဘူး၊ ဒီခန္ဓာက လွတ်မှ ကောင်းမှာဘဲဆိုပြီး ခန္ဓာပျောက်ထွက်သွားဒါဘဲ၊ အဲဒီအခါ–ဒိဋ္ဌာနုသယဟာ မှီစရာ မရှိတော့ဘူး၊ မဂ်, ရှစ်ပါးကလဲ သူ့ကို သတ်ချလိုက်တော့တယ်၊ သဘောပါကြရဲ့လား?

ဒိဋ္ဌိမရှိတော့ ဒိဋ္ဌုပါဒါန်လဲ မရှိတော့ဘူး၊ ဒိဋ္ဌုပါဒါန် မရှိတော့ ဒီဟာကို အုပ်ချုပ်တဲ့ နောက်က ကမ်လဲ မရှိဘူး၊ ကမ်မရှိတော့ အပါယ်ဇာတိ မလာတော့ဘူး၊အပြီးသတ် ချုပ်ငြိမ်းသွားတော့တယ်၊ ဒါဘာ့ကြောင့်လဲ? “ဆန္ဒရာဂ ဝိနယက္ခါဟိ” ဆိုတဲ့အတိုင်း၊ “ဒိဋ္ဌိလောဘ” ဆိုတဲ့ ဒိဋ္ဌုပါဒါန်, သူ့ကို အုပ်ချုပ်တဲ့ ကမ်, အဲဒီ အပါယ်ဇာတိ မျိုးစေ့ကုန်လို့ဘဲဆိုဒါ မှတ်လိုက်ကြ။ ဒီက အပါယ်ဇာတိ မျိုးစေ့ကုန်တော့၊ဟိုမှာလဲ ငရဲမျိုးစေ့ကုန်, ငရဲအိုးသိမ်း, ငရဲမီးလဲ ငြိမ်းတော့ဒါဘဲ၊ ရှင်းပလား?

ဘုရားဟောတဲ့ ဆန္ဒရာဂဝိနယက္ခါဟိဝါ, ဆိုတဲ့အတိုင်း၊ ဒိဋ္ဌိပြုတ်ဘို့ အရင်ပဌမဆုံး, အရေး ကြီးတယ်၊ သဘော ပါပလား? ဒကာဒကာမတွေ ပဌမ, ဒီ ဒိဋ္ဌိပြုတ်ဘို့ အရေး ကြီးတယ် ဆိုဒါ မှတ်လိုက်ကြ။ သူက အပါယ်မျိုးစေ့ကျတဲ့ ဒိဋ္ဌာနုသယ၊ ခန္ဓာကို တွယ်ဒါ သူက တွယ်နေဒါဘဲ၊ ရိပ်မိကြပလား? ဒိဋ္ဌာနုသယ, ဒိဋ္ဌုပါဒါန်နဲ့ ခန္ဓာ တွယ်နေသမျှ အပါယ်မျိုးစေ့ ကျမှာချည့်ဘဲဆိုဒါ မှတ်ကြ၊ ရှင်းပလား?

ခန္ဓာတွယ်တဲ့ ဒိဋ္ဌာနုသယပြုတ်ရင်၊ ဒိဋ္ဌိ, ဒိဋ္ဌုပါဒါန်, အုပ်ချုပ်တဲ့ ကမ် အပါယ်ဇာတိတွေပါ ချုပ်သွားတော့ဒါဘဲ၊ ရှင်းပလား? ဒီတရားကို ဘုရားက ရဟန္တာဖြစ်အောင်, ဟောတော်မူဒါ၊ အခုဘုန်းကြီးက သောတာပန်အတွက် ဟောရဒါဘဲ၊ ဒါကြောင့်—ဒကာဒကာမတွေ ကြိုးစားကြ၊ ဖြစ်ပျက် မြင်ရုံမျှနဲ့, မုန်းရုံမျှနဲ့ တင်းမတိမ်ကြနဲ့၊ ဖြစ်ပျက် အဆုံးမြင်တဲ့ဉာဏ်ရမှ တင်းတိမ်ကြ၊ မဂ်ဉာဏ်ရမှ တင်းတိမ်ကြ၊ ကျေနပ်ကြလို့ဆိုတယ်၊ သဘောပါပလား?

ကိုင်း, ယနေ့ ဒီတွင်ဘဲ တော်ကြစို့။

# ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်း။




" ပဋိစ္စသမုပ္ပါဒ်–ဖြတ်လမ်း "

ကြည့်ရှုစရာ–စက်ဝိုင်းဒေသနာ။

# ဓမ္မရတနာ မာတိကာ

## " ပဋိစ္စဖြစ်ပျက်၊ ဒုက္ခစက်, တရားတော် "

---

**ဆောင်ပုဒ်**

အဝိဇ္ဇာနှင့်၊ တဏှာရင်းခံ၊ ဥပါဒါန်၊ ကံကြောင့် ရုပ်နာမ်ပေါ်။

အပင်မှမျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည့်ဟန်၊ ကံကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဘန်ဘန်၊ ဖြစ်ပြန် နည်းအလျှော်။

ဗြဟ္မာသိကြား၊ စသည်များက၊ ထင်ရှားပြုပြင်၊ စီရင်ဘန်ဆင်း၊ အကြောင်းရင်းကြောင့်၊ ခပင်းလောကဓါတ်၊ လူနတ်များစွာ၊ သတ္တဝါတို့၊ ဖြစ်လာရမှု၊ မဟုတ်ဟု၊ ဉာဏ်ဖြင့်ရှု၍မြော်။

**သင်္ချာ**

မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလွှာ၊ အင်္ဂါဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့်၊ သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝဋ္ဋသုံးဝနှင့်၊ ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာဝဋ္ဋမှ လွတ်ကြောင်းတည်း။

**အထူးမှတ်** အထက် စက်ဝိုင်းပါ, ဝေဒနာနိရောဓာ, တဏှာနိရောဓော, ဟူသော ဖြတ်လမ်း၏အလုပ် လုပ်စဉ်မှာ၊ ဝေဒနာကို အနိစ္စမြင်လျှင်၊ ဝိပဿနာမဂ်, ဝင်လာသောကြောင့်၊ ပဋိစ္စသမုပ္ပါဒ်စက်,ပြတ်လေ၏။

ထို့အတူ— ဝေဒနာနှင့် သဟဇာတ, တကွ ဖြစ်ဘက်ဖြစ်ကြသည့် သညာ၊ သင်္ခါရ၊ဝိညာဏ်၊ ရုပ်၊ ဝိတက်၊ဝိစာရ,တို့ကိုသော်လည်း ရှုနိုင်ကြပါ၏။ ဤရှုမှတ်နည်းမှာ " နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်၊ သမ္မသနသုတ်"တွင် လာသော ရှုမှတ်နည်း ဖြစ်ပါ၏။

" စက်ဝိုင်း ဒေသနာအတွက်၊ ရှင်းလင်းသိမှတ်ရန် "
အချက်အလက်များ။

**အင်္ဂါအစိတ်အပိုင်း ဆဲ့နှစ်ပါး.......**

| | |
|---|---|
| အဝိဇ္ဇာ,သင်္ခါရ,ဝိညာဏ်,နာမ်ရုပ်,သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာ မရဏ, | ၁၂ပါး |

**မူလ, အကြောင်းရင်း နှစ်ပါး....။**

| | |
|---|---|
| ၁....အတိတ်အကြောင်း၏အစ၊မသိမှု,အဝိဇ္ဇာသည် မူလတပါး။<br>၂—ပစ္စုပ္ပန်အကြောင်း၏ အစ၊ တပ်မက်မှု တဏှာသည် မူလတပါး။ | ၂ပါး |

## ကြောင်း,ကျိုး,နှစ်ဖြာ-ခြင်းရာနှစ်ဆယ်၊ အလှ္ဘဝယ်လေးထပ်၊ အစပ်သုံးဖြာ၊ သစ္စာ,နှစ်ပါး၊ သိဘွယ်များ။

၁—အဝိဇ္ဇာ,သင်္ခါရ,တဏှာ,ဥပါဒါန်,ဘဝ, အတိတ် အကြောင်း, အခြင်း အရာ ငါးပါး။ အလှ္ဘာအားဖြင့် တခု၊ သမုဒယ သစ္စာစု။

၂—ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ပစ္စုပ္ပန် အကျိုး, အခြင်းအရာ ငါးပါး။ အလှ္ဘာအားဖြင့် တခု၊ ဒုက္ခ သစ္စာစု။

၃—တဏှာ,ဥပါဒါန်,ဘဝ,အဝိဇ္ဇာ, သင်္ခါရ, ပစ္စုပ္ပန်အကြောင်း, အခြင်းအရာ ငါးပါး။ အလှ္ဘာ အားဖြင့် တခု၊ သမုဒယ သစ္စာစု။

၄—ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, အနာဂတ် အကျိုး, အခြင်းအရာ ငါးပါး။ အလှ္ဘာအားဖြင့် တခု၊ ဒုက္ခ သစ္စာစု။

## အစပ်အားဖြင့်, လေးလှ္ဘာဖြစ်၍ သုံးစပ်ရသည်ဟူ၍မှတ်။ အစပ်သုံးပါး, တနည်းကား။

၁.... သင်္ခါရ,နှင့် ဝိညာဏ်, နှစ်ရပ်က တစပ်,စပ်။
၂—ဝေဒနာ,နှင့် တဏှာ, နှစ်ရပ်က တစပ်,စပ်။
၃—ဘဝ(ကမ္မဘဝ)နှင့် ဇာတိ,နှစ်ရပ်က တစပ်,စပ်။

} ၃,ပါး။

**ကာလ,သုံးပါး···—**

၁—အဝိဇ္ဇာ,သင်္ခါရ,က အတိတ်ကာလ။
၂—ဝိညာဏ်အစ,ကမ္မဘဝအဆုံး,အလယ်ရှစ်ပါး,က ပစ္စုပ္ပန်ကာလ။
၃....ဇာတိ,ဇရာမရဏ,က အနာဂတ်ကာလ။ } ၃-ပါး။

**ဝဋ်, သုံးပါး····**

၁....အဝိဇ္ဇာ,တဏှာ,ဥပါဒါန်,သုံးခုက ကိလေသဝဋ်။
၂—သင်္ခါရ,နှင့် ကမ္မဘဝ,နှစ်ခုက ကမ္မဝဋ်။
၃—အကြွင်းတရား ရှစ်ခုက ဝိပါကဝဋ်။ } ၃-ပါး။

**အစပ်သုံးရပ်, ဉာဏ်ဖြတ်ရန်····**

၁....ဝေဒနာ,နှင့် တဏှာ, အစပ်ကို ဝိပဿနာဉာဏ်ဖြင့်ဖြတ်။
၂....သင်္ခါရ,နှင့် ဝိညာဏ်,အစပ်ကို ဂေါတြဘူဉာဏ်ဖြင့်ဖြတ်။
၃—ကမ္မဘဝ,နှင့် ဇာတိ,အစပ်ကို မဂ်ဉာဏ်ဖြင့်ဖြတ်။

**တရားသား** ဒကာဒကာမတွေ, ဒီကနေ့ကစပြီး, ပဋိစ္စသမုပ္ပါဒ် တရားကို ရှင်းလင်းပြောပြရမယ်, စူးစူး စိုက်စိုက် သတိထားပြီး, ကြိုးစား နာယူကြလို့ သတိပေးလိုက်တယ်။

ဒကာဒကာမတွေ ဘုရား ဖြစ်တော်မူဒါ ဘာ့ကြောင့်လဲ? သိကြရဲ့လား? ဘုရားဖြစ်တာ သူ့ပဋိစ္စသမုပ္ပါဒ် ပြတ်သွားလို့ ဖြစ်တာဘဲ၊ ပဋိစ္စသမုပ္ပါဒ်ပြတ်ပြီး အလုံးစုံသောဝဋ်က ကျွတ်လွတ်သွားလို့ ဘုရားဖြစ်တာဘဲ၊ ရှင်းကြရဲ့လား? ဘုရားဟာ ပဋိစ္စသမုပ္ပါဒ် ဝဋ်အဆင့်ဆင့်ဖြတ်ပြီး သောတာပန်ကစ ဖြစ်တော်မူရဒါဘဲ၊ ဘုရားလဲ သောတာပန်က စ ပြီး၊ ဆိုင်ရာပဋိစ္စသမုပ္ပါဒ် ဖြတ်တော်မူရတယ်၊ သဘောပါကြရဲ့လား?

ဒကာဒကာမတွေလဲ သောတာပန် ဖြစ်ချင်ရင်၊ ဆိုင်ရာ ပဋိစ္စသမုပ္ပါဒ် ဖြတ်ကြရမယ်၊ ရိပ်မိပလား? ဖြတ်တော့ ဘယ် ပဋိစ္စသမုပ္ပါဒ် ဖြတ်ရမလဲ? သိကြရဲ့လား? ဒကာတို့ လက်ရှိခန္ဓာ ပဋိစ္စသမုပ္ပါဒ် ဖြတ်ရမှာဘဲလို့ မှတ်ကြ။ ဒီခန္ဓာက ပဋိစ္စသမုပ္ပါဒ်ခန္ဓာကြီး၊ ဘဝစက် အဆက်မပြတ် လည်နေတဲ့ခန္ဓာကြီးဘဲ၊ ယခုဘဝက ပြီးတဲ့နောက်၊ အနာဂတ်ဘဝ ခန္ဓာလှဲ့သွားရမယ်၊ ရှင်းကြရဲ့လား?

ဒီဘဝက စုတိနဲ့ ဟိုဘက်ဘဝ ပဋိသန္ဓေ ဆက်နေတယ်၊ အဲဒါလဲ ပဋိစ္စသမုပ္ပါဒ်ဘဲ၊ ထမ်နဲ့အကျိုးပေး ဆက်တာလဲ ပဋိစ္စသမုပ္ပါဒ်ဘဲ၊သဘောပါကြပလား? ဒါတွေပြတ်ရင် ပဋိစ္စသမုပ္ပါဒ် ပြတ်တာဘဲ၊ပဋိစ္စသမုပ္ပါဒ်ပြတ်ရင် နိဗ္ဗာန်ဘဲဆိုဒါမှတ်ကြ၊ကျေနပ်ပလား? ဒကာဒကာမတွေ နိဗ္ဗာန်လိုချင်ရင် ခန္ဓာ့ ပဋိစ္စသမုပ္ပါဒ် ပြတ်မှဘဲ၊ ခန္ဓာ့ပဋိစ္စသမုပ္ပါဒ် ပြတ်မှ အနုပါဒိသေသ နိဗ္ဗာန် ရကြမယ်၊ ရှင်းကြပလား?

ဒီတော့ ခန္ဓာ့ ပဋိစ္စသမုပ္ပါဒ် ပြတ်တဲ့ အရေးဟာ နိဗ္ဗာန်ရတဲ့ အရေးဘဲ ဆိုဒါ မှတ်လိုက်ကြ၊ သဘောပါ ပလား?

ဒကာဒကာမတွေ ခန္ဓာ့ပဋိစ္စသမုပ္ပါဒ် ပြတ်တဲ့နည်းကို သိကြရဲ့လား? မသိကြဘူး၊ အဲ ခန္ဓာ့ပဋိစ္စသမုပ္ပါဒ် ပြတ်နည်း မသိဒါက ဘာလဲ? အဝိဇ္ဇာဘဲလို့ မှတ်လိုက်ကြ။ ဒီအဝိဇ္ဇာ လက်ချက်ဆိုးရွားပုံ အဓိပ္ပါယ်ကို ဆက်ပီးပြောရမယ်။ ။ဒကာဒကာမတွေ့ကို ဘယ်သူက ဖြစ်စေသလဲ? ဒကာဒကာမတွေ့ ဘာ့ကြောင့် လူဖြစ်လာရဒါလဲ?ဆိုရင်၊ ဒို့အဘေနဲ့ အမေက မွေးလို့၊ လူဖြစ်ရတယ်၊ အမေ့ အဘေ့က သား့ သမီး မွေးလို့ ဖြစ်တာဘဲလို့ ဆိုချင်ဆိုကြမယ်။

အဲဒီလို မဆိုကြနဲ့၊ အဲဒီလို မယူကြနဲ့၊ အဲဒီလိုယူရင့် အားလုံး မမှန်နိုင်ဘူး၊ အမိ့အဘ့သည် သား့ သမီး ဖြစ်ကြောင်းလို့ ယူရင်၊ အလုံးစုံ မမှန်နိုင်ဘူး၊ တစိတ်တဒေသသာ မှန်တယ်၊ အကုန် မမှန်ဘူးလို့ မှတ်ကြ၊ လူတိုင်း အိမ်ရာ ထောင်ကြ ပေမဲ့ တချို့တွေမှာ သား့ သမီး မထွန်းကားကြဘူး ဆိုပီး၊ စေဒက တချက် ဝင်ရင်လဲ ရတယ်၊ ဒါကြောင့် ဒီအယူ မဟုတ်ဘူးလို့မှတ်ကြ၊ ဘာ့ကြောင့်လဲ? စေဒကဝင်စရာရှိလို့ဘဲ၊သဘောပါပလား? ဒါဟာ ဝေးတဲ့ အကြောင်းဘဲလို့ မှတ်လိုက်ကြ။ အဘေ့အမေ့က ဝေးတဲ့အကြောင်းတခုဘဲ။

ဒကာဒကာမတွေ နောက်တခု စဉ်းစားပြန်တော့၊ထာဝရက ဖန်ဆင်းဒါတဲ့၊"ထာဝရက,ဖန်ဆင်းလို့ ဖြစ်ရဒါလို့ ဆိုကြတယ်၊ ခရစ္စယမ်တွေ,မဟာမေဒင်တွေ ယူကြတယ်၊ ဒါလဲ အကြောင်း မကုန်ဘူး၊ ရှေ့တဆင့်တက်ပီး,ထာဝရ,ကိုကော ဘယ်သူက ဖန်ဆင်းပေးဒါလဲ?လို့ မေးစရာ ကျန်နေတယ်၊ ဒါကြောင့် ဒီအယူ ဟာလဲ အကြောင်းမကုန်လို့ မဟုတ်သေးဘူးဆိုဒါမှတ်ကြ။

နောက်ပီး, ဟိန္ဒူဝါဒက ပြဟ္မာကြီးရဲ့ ခေါင်း,ကိုယ်,လက်, ခြေ, ဆိုတဲ့ လေးဌာနက အမျိုးလေးပါးကို မွေးဖွါးယူတယ်လို့ ဆိုကြပြန်တယ်၊ရှေ့ဆက်ပီး,ဒီလိုဖြင့် ဒီပြဟ္မာကြီးကို ဘယ်သူက တည်ထောင်ပေးသလဲ? ဆိုတဲ့ မေးခွန်း ထွက်နေတယ်၊ ဒီအယူလဲ မေးစရာကျန်လို့ မဟုတ်ဘူးလို့ မှတ်ကြ၊ ဒါကြောင့် မေးစရာ ကျန်လို့ မလုံလောက်ဘူးလို့ မှတ်ရမယ်၊ သဘောပါကြပလား?

အမေ,အဘေ,ကြောင့်ယူတဲ့အယူက မနဲ့စပ်ဘူး၊ ဟိန္ဒီ,ပြဟ္မ ဏ,မဟာမေဒင်,ခရစ္စယမ်,အယူတွေက မလုံလောက်ဘူး၊သံသယ ရှိစရာ တွေ့ရတယ်၊ အားလုံး သံသယ ရှိစရာချည့်ဘဲ၊ ရှေးက ဒီသံသယနဲ့ဘဲ သေသွားကြရတယ်၊ ဒီသံသယနဲ့ဘဲ သံသရာရှေ့ ခဲ့ကြရတယ်၊ ရိပ်မိကြရဲ့လား?"ငါဟာ ဒီအဖြစ်ကို ဘာ့ကြောင့် ရသလဲ?" ဆိုပီး သံသယ, ဖြစ်လာတယ်၊ ရှေးက ဒီသံသယရှိပီး, ဒါနဲ့ဘဲ ဒုက္ခရောက်ခဲ့ကြရတယ်ဆိုရင် မလွဲဘူး။

ဘုရားကလဲ မပွင့်၊ မပွင့်တော့ ဆရာကောင်းနဲ့လဲ မတွေ့ရ၊ မတွေ့ရတော့ ဒီသံသယ ဖျောက်ပေးနိုင်သူ မတွေ့ရတော့ဘူး၊ ရှင်းကြရဲ့လား? “ ငါသည် ဘယ်လိုဟာလဲ? ငါဟာ ဘယ်လို ငါပါလိမ့် စတဲ့ ဒိဋ္ဌိဝင်လာတယ်၊ ဒိဋ္ဌိဝင်တော့ ဝိစိကိစ္ဆာလဲ ဝင်လာတော့ဒါဘဲ၊ သဘောပါကြပလား? ဘုရား မပွင့်တဲ့အခါ ဘယ်သူကမှ ဖျောက်မပေးနိုင်ကြဘူးဆိုဒါ မှတ်လိုက်ကြ။

ဒီ နာမ်တွေ ရုပ်တွေဟာ ငါဘဲလား?ဆိုပြီး ဒိဋ္ဌိ, ဝိစိကိစ္ဆာ ဝင်ဒါဟာ၊ ပဋိစ္စသမုပ္ပါဒ် နားမလည်လို့ဘဲ၊ နားမလည်ရင်, ဒါတွေဝင်လာ, အားလုံး အပါယ်သွားကြ။ ပဋိစ္စသမုပ္ပါဒ် နား မလည်ဘဲ၊ ဒိဋ္ဌိ ဝိစိကိစ္ဆာနဲ့သေ၊ ဒါနဲ့သေရင်, အားလုံး အပါယ် သွားကြရမယ်ဆိုဒါ မှတ်လိုက်ကြ၊ သတ္တဝါတွေ အပါယ်သွား များဒါဟာ၊ ဒီပဋိစ္စသမုပ္ပါဒ် နားမလည်လို့ဘဲ၊ ဒါကြောင့် အပါယ်သွား ပိတ်မှု, အပါယ်လမ်း ပိတ်မှုဟာ, ဒီ ပဋိစ္စသမုပ္ပါဒ် ဟောမှု, ပြောမှုဘဲ,ဆိုဒါ ဆုံးဖြတ်ချက် ချကြ၊ ရှင်းပလား?

အပါယ်ပိတ်မှုဟာ ဒိဋ္ဌိဝိစိကိစ္ဆာ သတ်မှုဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ် နားလည်ရမယ် ဆိုဒါ ရိပ်မိကြဘီ၊ အခု ဒကာဒကာမတွေဟာ ကံထူးတဲ့ သူတွေဘဲလို့သာ မှတ်ကြတော့။ ပဋိစ္စသမုပ္ပါဒ် နား မလည်လို့ သစ္စာလဲမသိ၊ မသိတော့ ဒိဋ္ဌိ ဝိစိကိစ္ဆာလဲ မပယ်နိုင်။ သစ္စာမသိလို့ သံသရာရှည်။ ဒိဋ္ဌိ, ဝိစိကိစ္ဆာ မပယ်လို့ အပါယ် သွား၊ အပါယ်သွားနဲ့ သံသရာရှည်ဒါဘဲ လွဲနေတယ်၊ ဒို့ဒကာ

တွေ ဘယ်ဟာ ကြိုက်ကြတုံး? ဘယ်ဟာမှ မကြိုက်ရင့် ကြိုးစား ကြ၊ ဒါလေး နားလယ်ကာမတ္တနဲ့ဘဲ အပါယ်ထဘ၀ ပိတ်တယ်၊ ရှင်းပလား?

ဒီ ပဋိစ္စသမုပ္ပါဒ်သိရင် သောတာပန်,အမြန်တည်မယ်၊မတည် သေးလဲ အပါယ်ကလွတ်တယ်။ အခု ဒကာဒကာမတွေ ဒီ ပဋိစ္စ သမုပ္ပါဒ် အဝိုင်းထဲ ရောက်နေကြတယ်၊ ဒါကို ဆရာသွားက ပြလို့ ဟောလို့ ဒီ အဝိုင်းက လွတ်ရတော့မယ်၊ ကျေနပ်ကြ ပလား? ဒကာတို့ ရှေးက နေခဲ့ထိုင်ခဲ့သမျှဟာ၊သားရေး,သမီးရေး စီးပွါးရေး,ကြီးပွါးရေးတွေနဲ့ သံသရာလယ်လမ်း,ပဋိစ္စသမုပ္ပါဒ် လမ်းချည့်ဘဲ၊ ပေါ်ကြပလား?

ဒီ ခန္ဓာ, ဘယ်သူ တည်ထောင်ဒါလဲ? ဟိန္ဒီ, မဟာမေဒင်, ခရစ္စယမ်,အမိ.အဘ,ဆိုတဲ့အထက်ကပြောခဲ့တဲ့အယူတွေအားလုံး မမှန်ဘူး၊ လေးချက်လုံး, လွဲတယ်၊ ဒကာဒကာမတွေက လွဲဒါ သိရရင်, အမှန်အစစ်ကို ရှာကြရမယ်၊ ရိပ်မိပလား? ဒကာဒကာ မတွေ အခု တရားနာနေဒါ ခန္ဓာငါးပါးနဲ့ နာနေကြဒါ၊ အခု ရထားတဲ့ ခန္ဓာငါးပါး ဘယ်သူက ဖန်ဆင်းသလဲ? ဘယ်သူ တည်ထောင်လို့ ရထားကြဒါလဲ? ဒို့ဒကာတွေ သိဘို့က ပုဂ္ဂိုလ် မရှိ, သတ္တာမရှိ, ဓမ္မသာ,ရှိတယ်၊ ဒီ ဓမ္မက တည်ထောင်တယ် လို့ မှတ်ကြ။

မြတ်စွာဘုရားသခင့်၊ ဘုရားဖြစ်တော်မူစမှာ၊ သတ္တဝါတွေရဲ့အစ၊ ရှာမယ်ဆိုပြီးရှာကြည့်တော်မူတယ်၊ဟိုဘဝ၊ ဒီဘဝ၊ တိရစ္ဆာန်ဘဝ၊ လူဘဝ. နတ်ဘဝ၊ စသည်အားဖြင့်၊ သတ္တဝါတဦးတယောက်ရဲ့ အကြောင်းကို ရှာကြည့်တော်မူရာမှာ မဆုံးနိုင်ဘူး၊ အသေတွေ၊ အနေတွေ၊ များခဲ့ဒါဘဲ တွေ့မြင်တော်မူရတယ်၊ အသေ၊ အနေ မဆုံးနိုင်အောင် များဒါတွေ့ပေမဲ့၊ ပုဂ္ဂိုလ်အစ၊ သတ္တဝါအစ၊ မြင်တော်မမူဘူး၊ ပုဂ္ဂိုလ်အဖြစ်နဲ့ တွေးလို့တော့ မဆုံးနိုင်တော့ဘူး၊ သဘောပါပလား?

ဒီ အဓိပ္ပါယ်ဟာ နိဒါန်းဝဂ္ဂ အနမတဂ္ဂ သံယုတ်မှာ လာတယ်လို့ မှတ်ကြ။ ဒကာဒကာမတွေ အနေ၊ အသေ၊ ဘယ်လောက်များခဲ့သလဲဆိုဒါ တွေးလို့မဆုံးနိုင်ဘူး၊ ပုဂ္ဂိုလ်အစကို မမြင်ရဘူး၊ ဘယ်ခန္ဓာကစပြီး ဖြစ်တာလဲ?လို့ တွေးတော့၊ အစကုန်အောင်၊ မမြင်ရဘူး၊ ဘယ်လောက် ရှေ့တယ်လို့ကို မပြောနိုင်အောင်ဘဲ များပြားလှတယ်၊ အသေချင်း၊အနေချင်းဟာ၊ စပ်ပြီးနေတော့ဒါဘဲ၊ ရိပ်မိကြပလား? အခုရှိတဲ့ မြေပြင်ကြီးဟာ ဒကာဒကာမတို့ရဲ့ အသားတွေ၊အရိုးတွေဘဲလို့ သာမှတ်ကြတော့။

ဒကာဒကာမတို့ အခုအောက်ကခံနေတဲ့ ရေတွေ၊ မြေတွေဟာငါတို့ အသား၊ အသွေး၊ အရိုး၊ အရေတွေ ခံနေဒါဘဲလို့ သာ ဆုံးဖြတ်ချက်ချကြ၊ရှင်းပလား? ဘုရားက အင်မတန် ကြီးကျယ်တဲ့ဉာဏ်နဲ့ တွေးဒါ၊ ဒီဘဝကနေ၊ နောက်ဆုတ်၊ ဆုတ်ပြီး တွေးကြည့်ဒါ၊ အစကို မတွေ့ရဘူး။

" အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော၊ ပုဗ္ဗာ ကောဋိ နပညာယတိ, အဝိဇ္ဇာနီဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ၊ "

ဘုရားရှင်က အင်မတန်လျှင်မြန်တဲ့ ဉာဏ်တော်နဲ့ တွေးဒါ၊ သတ္တာအစကို ရှာမတွေ့ဘူး၊ ဆုံးကို မဆုံးနိုင်တော့ဘူး၊ ရှင်းကြရဲ့လား?

ဒါကြောင့် မသိအပ်သော အစ ရှိတယ်လို့ ဟောတော်မူတယ်၊ ဒါတွေကို ကြည့်နေရင်, လူတယောက်ထဲရဲ့အကြောင်းကို ကြည့်ရဒါနဲ့ဘဲ မဆုံးနိုင်တော့၊ တရားဟောချိန် မရှိတော့ဘူး၊ ဘယ်လောက်ရှေတယ်ဆိုဒါ ပြောမဖြစ်တော့ဘူး၊ ဒီတော့ ဒကာဒကာမတွေ ရှေးက သေခဲ့ဒါတွေ့နေခဲ့ဒါတွေဟာ သံသရာ ရှေ့လှဘီဆိုတဲ့ အမိပ္ပါယ်ပေါ်ကြပလား? ဒါနဲ့မှ နောက်ထပ် ရှေ့ချင်အုံးမယ်ဆိုရင် ဘယ်နှယ်ဆိုရမတုံး?

ကိုယ့်အသား ကိုယ့်အရိုးတွေကဖြစ်တဲ့ မြေပေါ်မှာ နေ့ နေကြ၊ ကိုယ့် အသား, အရိုးပေါ်မှာဘဲ အပင်တွေ ပေါက်လာ, ဒီအပင်က အသီးအပွင့်တွေဘဲ ပြန်စားကြရ၊ ကိုယ့်မြေ ကိုယ်ပြန်စားနေကြရတာဘဲ၊ အဲဒါမှ ကိုယ့်မြေပိုင် အစစ်ဘဲလို့ မှတ်လိုက်ကြ၊ ရှင်းကြရဲ့လား? ဒါမှ မြေပိုင်ရှင် အစစ်တွေဘဲ၊ ကိုယ့် အသား, အရိုးကို ဒီပေါ်မှာချ၊ မြေဩဇာဖြစ်ရ၊ ဒီပေါ်ပြန်စိုက် အပင်တွေ ပြန်ပေါက်လာ၊ ကိုယ်တိုင် ပြန်စား၊ ဒါ မြေကောင်းဟုတ်ပါအုံးမလား? မြေကောင်းမဟုတ်ဘူး။

ဒကာဒကာမတွေ ဒီမြေဟာ မြေကောင်း မဟုတ်တော့ဘူး၊ မင်္ဂလာမြေ, မဟုတ်တော့ဘူး၊ အိမ် ဆောက်တဲ့အခါ အန္တရာယ်ကင်းအောင်, မင်္ဂလာဖြစ်အောင်, ပရိတ်ရွတ်, ကမ္မဝါဘတ်, ဘတ်ကြပေမဲ့ မကောင်းတော့ဘူး၊ ကောင်းနိုင်ပါအုံးမလား? စဉ်းစားကြည့်ကြ၊ အန္တရာယ်ကင်းအောင် လုပ်ကြပေမဲ့ မကောင်းတော့ဘူး၊ ဒါကြောင့် ဒကာဒကာမတွေ မြေကြီး, ကြီးပွါးရေး နောက်ထပ် မလုပ်ကြနဲ့တော့၊ လျော့ကြ တော့လို့ သတိပေးလိုက်တယ်။

ဤကုသိုလ်ကြောင့် လူ့ပြေ, နတ်ပြေ, အကြိမ်ကြိမ်, ခံစားစံစား,ရပါလို၏လို့ ဆိုကြတယ်၊ ဒီလိုဆိုဒါ သာမည မဟုတ်ဘူး၊ တပည့်တော်တို့ အဖန်ဖန် သေခြင်းဆိုးနဲ့ ဖြစ်ရ ပါလို၏ လို့ ဆိုလိုက်တာဘဲ၊ အဲဒါဟာ မြေကြီး,ကြီးပွါးရေး, လုပ်တာဘဲလို့ မှတ်ကြ၊ သဘောပါပလား? ဗြဟ္မာ,ဖြစ်ရပါလို၏ဆိုတော့၊ မသာကြီးချ, ချရပါလို၏ ဆိုဒါဘဲ၊ ဗြဟ္မာက, အထည်ကိုယ် ကြီးတော့ မသာကြီးချဘဲ၊ နတ်ပြေ,ဗြဟ္မာပြေ,တောင်းဒါဟာ၊ အကြိမ်ကြိမ် သေရပါလို၏ဆိုဒါဘဲ၊ ရှင်းကြရဲ့လား?

လူ့ပြေကတော့ မြေကြီး,ကြီးပွါးရေး၊ မြေကြီး,ကြီးပွါးရေး ရယ်, အဖန်ဖန်သေရယ်,မသာကြီးချရယ်, ဒကာဒကာမတို့တတွေ ဘယ်ဟာ ကြိုက်ကြသတုံး? အေး.... ဘယ်ဟာမှ ကြိုက်စရာ မပါဘူး။ အားလုံးဟာ " မရဏံ ပိ ဒုက္ခသစ္စံ " ဒုက္ခသစ္စာဘဲ၊

သဘောပါကြပလား? မကောင်းဒါသိရင်, နောက်ထပ်ဘဝ မလိုချင်ဘူး၊ မလိုချင်ရင်, မရချင်ရင်, ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ သတ်ကြရမယ်၊ ဒိဋ္ဌိ, ဝိစိကိစ္ဆာသတ်ရင်, ဒီဘဝဘဲ နိဗ္ဗာန်ရနိုင်ကြမယ်။

ကိုင်း....ဒိဋ္ဌိ ဝိစိကိစ္ဆာ သတ်ကြစို့။? ဒီပုံစံ စက်ဝိုင်းကိုကြည့်ကြ။ ဒီ့ စက်ဝိုင်းထဲမှာ လက်ျာဘက်ထိပ် ၁, နံပါတ်အကွက်က "အတိတ် အကြောင်း အခြင်းအရာ ငါးပါး" တဲ့၊ ဒီ အတိတ် အကြောင်းအခြင်းအရာ ငါးပါးဆိုဒါက လွန်ခဲ့တဲ့ အတိတ်ဘဝက, ဖြစ်ခဲ့ဒါဘဲလို့ မှတ်ကြ၊ ဒီ ငါးပါးဟာ အတိတ်က ဖြစ်ခဲ့ဒါဘဲ၊ ဒီ ငါးပါးက ဘာတဲ့လဲ? အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ဘဝ, မြင်ကြရဲ့လား?

ဒကာတို့ အခုလက်ရှိခန္ဓာကို ဘယ်သူက တည်ထောင်ဒါတုံး? ပုဂ္ဂိုလ်သတ္တာက တည်ထောင်ဒါ မဟုတ်ဘူး၊ဓမ္မက,တည်ထောင်ဒါဘဲ၊ဘယ်တုန်းကလဲ? အတိတ်တုန်းကဘဲ။ ဒကာတို့ အခုလက်ရှိခန္ဓာငါးပါး ဘယ်တုန်းက တည်ထောင်ဒါလဲ? အတိတ်တုန်းက ဘယ်သူက,တည်ထောင်ဒါလဲ? ဓမ္မက,တည်ထောင်ဒါဘဲ၊ ဘယ်ဓမ္မတွေကလဲ? အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ဘဝ, ဆိုတဲ့ ဒီ ဓမ္မတွေက တည်ထောင်လိုက်တာ၊ ရှင်းကြပလား?

ဒီ အတိတ် အကြောင်း အခြင်းအရာ ငါးပါးက လူ့ခန္ဓာ ဖြစ်စေတဲ့ တရားငါးပါးဘဲ၊ ပေါ်ကြပလား? ဒီငါးပါးက, ဘယ်ဟာလဲ? အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ဘဝ, ဒီငါးပါးဘဲ၊

ထပ်တလဲလဲ ပြောနေတယ်၊ ကျေအောင် မှတ်ဒိအောင် မှတ်ကြ။ ဒကာတို့ဘဝတွေ ဘာတွေ လုပ်ခဲ့သလဲ? အတိတ်က ဒါတွေကို လုပ်ခဲ့ကြတယ်၊ ဒီ ငါးမျိုး တည်ထောင်ခဲ့လို့ ဒီငါးမျိုးက တည်ထောင်လို့ ခန္ဓာရလာကြတယ်။ ဒီကနေ့အတွက် အငံပွါယ်ကို ဒီလိုဘဲ ခပ်ကြမ်းကြမ်း မှတ်ထားကြအုံး၊ နောက်တော့ စိပ်လာမယ်။

ဒကာဒကာမတွေ အဝိဇ္ဇာ ဆိုဒါဘာလဲ? အဝိဇ္ဇာ ဆိုဒါ မသိဒါ၊ သစ္စာလေးပါး မသိတဲ့တရားဟာ အဝိဇ္ဇာဘဲလို့ မှတ်ထားကြ၊ သူက ခေါင်းဆောင်နေတယ်၊ နောက်ဘဝက သစ္စာ မသိတဲ့ အလွန်မိုက်မဲတဲ့ အဝိဇ္ဇာက ဝမ်းထဲမှာ ကိန်းနေတယ်၊ ရှိနေခဲ့တယ်၊ ဒီအလွန်ယုတ်မာတဲ့ ခေါင်းဆောင်ကြီးဟာ၊ ဒကာတို့ သန္တာန်မှာ ကိန်းနေတယ်ဆိုဒါ ရိပ်မိကြပလား? သူက ရှိနေတာနဲ့ သင်္ခါရက ပြုပြင်တယ်၊ လူ့ပြေရချင်လို့ သင်္ခါရက ပြုပြင်ဒါ၊ မသိတဲ့သူက ပြုပြင်ခိုင်းလို့ဘဲ၊ ပေါ်ကြပလား?

ဒီ သင်္ခါရ ဆိုဒါ စေတနာဘဲ၊ ဒကာတို့တတွေ သင်္ကန်း ဆွမ်း ကွမ်းစတဲ့ ဒါနဝတ္ထုတွေ လှူဒါန်း ပေးကမ်းပြီး၊ နောက်ဘဝ လူချမ်းသာ ဖြစ်ရပါလို၏ ရရပါလို၏နဲ့ ဆိုပီး ဆုတောင်း ယူခဲ့ကြတယ်၊ လှူဒါန်းဒါက စေတနာ- ကုသိုလ်သင်္ခါရ၊ ဆုတောင်းယူဒါက တဏှာ၊ ကုသိုလ်သင်္ခါရပြုပီး တဏှာနဲ့ ဆုတောင်းယူခဲ့ကြတယ်၊ ရှင်းကြပလား?

အဝိဇ္ဇာက မသိဒါ၊ သင်္ခါရက ကုသိုလ်ပြု၊ တဏှာနဲ့ ဆု တောင်း၊ မရ မနေနိုင်ဘူး ဆိုတော့ ဥပါဒါန်ကလဲ တပါတည်း စွဲလမ်းလိုက်တော့ဒါဘဲ၊ နောက်ပြီး ကာယကံနဲ့ ရှိခိုး၊ ဝစီကံနဲ့ ဆုတောင်းဆိုတော့လဲ၊ ကံနဲ့ ပြုပြင်လိုက်တာဘဲ၊ အဲဒါ ဘဝ ဆိုတဲ့ ကမ္မဘဝဘဲလို့ မှတ်ကြ၊ ရှင်းကြ လား? ကုသိုလ်တရား ဟာ နိဗ္ဗာန်ကိုလဲ ပေးနိုင်တယ်၊ လူ့နတ်ချမ်းသာကိုလဲ ပေးနိုင် တယ်၊ ဒကာတို့က နိဗ္ဗာန်တော့ မတောင်းဘဲ၊ လူ့နတ် တောင်း ကြလို့ အခု ဒုက္ခခန္ဓာကြီး ကိုယ်ပိုင်လက်ရှိ ရလာကြတော့တယ်။

အဲဒါ ဘာ့ကြောင့်လဲ? သစ္စာ မသိတဲ့တရားရဲ့ အုပ်ချုပ်ရေး ခံရလို့ဘဲ၊ အဝိဇ္ဇာက လူ့နတ်ခန္ဓာဟာ ဒုက္ခသစ္စာဘဲလို့ မသိ ဘူး၊ ဒီသစ္စာမသိတဲ့ အဝိဇ္ဇာရဲ့ အအုပ်အချုပ် ခံနေရလို့ဘဲလို့ မှတ်လိုက်ကြ၊ သဘောပါကြပလား? ဒီတော့ "အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ" ဖြစ်လာတော့ဒါဘဲ။ အဝိဇ္ဇာက မသိဒါ၊ သင်္ခါရက အုပ်ချုပ်ခံရဒါ၊ တဏှာက မပြည့် ပြည့်အောင် တောင်းယူ၊ ဥပါဒါန်က စွဲလမ်း၊ ကာယကံ ဝစီကံ ပြုလုပ် ပြောဆိုပြီး ဆုတောင်း၊ အဲဒါ အတိတ် အကြောင်း အခြင်းအရာ ငါးပါးဘဲ။

ဒကာ ဒကာမတွေ စက်ဝိုင်း ပြန်ကြည့်၊ အဲဒီ ၁ နံပါတ် အကွက် အောက်ဆုံးမှာ ကြည့်ကြ၊ ဘာတဲ့လဲ? သမုဒယသစ္စာတဲ့၊ ဒီအကွက်ထဲက ဒီ အတိတ် အကြောင်း အခြင်းအရာ ငါးခုက သမုဒယသစ္စာဘဲလို့ မှတ်လိုက်ကြ၊ ပေါ်ကြပလား? သမုဒယ

ဆိုဒါက အကြောင်း၊ သစ္စာက မှန်ဒါ၊ ပေါင်းလိုက်တော့ အကြောင်းမှန်ကို လုပ်ထားခဲ့လို့တဲ့၊ ဘယ်တုန်းကလဲ ဆိုတော့ လွန်လေပြီးသော အတိတ်ကာလကဘဲ၊ အတိတ်က အကြောင်းမှန် လုပ်ထားခဲ့လို့ဘဲတဲ့၊ ရိပ်မိကြရဲ့လား?

ဒါကြောင့် ဒီ ၁ နံပါတ်အကွက်ထဲက ဒီငါးခုကို အတိတ်ကြောင်းတလွှာလို့ မှတ်လိုက်ကြ။ ဒါက ပဌမ အလွှာ၊ အတိတ်အကြောင်းတလွှာ၊ သမုဒယသစ္စာဘဲ၊ ရှင်းကြပလား? နိဗ္ဗာန်ရောက်ဘို့ရဘို့ရာမသိလို့၊ မသိဒါနဲ့ သမုဒယသစ္စာ သွားဖြစ်ရဒါဘဲ၊ ပေါ်ကြပလား? ဒကာဒကာမတွေ နောက်က သစ္စာလေးပါးမသိတဲ့ အဝိဇ္ဇာကြောင့် ကုသိုလ်သင်္ခါရ ပြုလုပ်ကြ၊ ပြုပြီးတဏှာနဲ့ ဆုတောင်း၊ ဉပါဒါန်နဲ့စွဲလမ်း၊ ကာယကံ, ဝစီကံနဲ့ ပြုလုပ်, ဆုတောင်း အားထုတ်၊ ဒီတော့ အခု ဒုက္ခသစ္စာ, ရထားကြဘီ၊ ရိပ်မိကြပလား?

ဒကာတို့တတွေက ဒီဘဝ နိုန်ချမ်းသာတယ်၊ နောက်ဘဝ ဒီထက် ချမ်းသာချင်တယ်နဲ့ မြော်မှန်းကြတယ်၊ အဲဒါ ဒီ ဒုက္ခသစ္စာ မသိကြလို့ဘဲ၊ ဒါမသိလို့ နောက်ဘဝ ချမ်းသာချင်တယ်ဆိုဒါဘဲ၊ ရိပ်မိကြရဲ့လား? မသိတော့ အခု သမုဒယတွေ ပြန်ကြိုးစားနေကြတယ်၊ အဲဒါ မသိကြလို့၊ ရှင်းကြပလား? မသိတဲ့အဖြစ်ဟာ ဘယ်လောက်ဆိုးရွားသလဲ? သိကြတော့ မြင်ကြတော့လို့ ပြောလိုက်တယ်။ ဒီဘဝ ဒုက္ခသစ္စာ ရနေဒါ၊ အတိတ်က

ကြိုးစားခဲ့လို့၊ ဒါကြောင့် ဒီငါးပါးက အတိတ် အကြောင်း တလွှာ ဆိုဒါဘဲ။

မသိဘဲနဲ့ လှူတဲ့အလှူ၊ မသိလို့ လှူတဲ့ အလှူမှာ၊ မသိဒါက အဝိဇ္ဇာ၊ လှူဒါက သင်္ခါရ၊ တောင့်တဒါက တဏှာ၊ စွဲလမ်းဒါက ဥပါဒါန်၊ အားထုတ်တာက ဘ၀ ဆိုတဲ့ ကမ္မဘ၀၊ ဒီလိုဆိုတော့ ဒီအလှူ့ဒကာမှာ၊ ဘာတွေရသလဲ? သမုဒယတွေဘဲ, နောက်က ရတယ်၊ ကောင်းဒါ ပါသေးရဲ့လား? မပါတော့ဘူး၊ မသိလို့ လုပ်သမျှ, ဒုက္ခနဲ့ချည့် ကြုံရတော့မှာဘဲ၊ ဆရာသ္မားက မပြော ခဲ့ရင်၊ ဒါတွေဘဲ ထပ်လုပ်နေကြမှာဘဲ၊ ကြောက်ဘို့ကောင်းလိုက် တာ အလွန်ပါဘဲ။

ဒီ အကြောင်း သမုဒယတွေလုပ်နေရင် နောက်အခါ အကျိုး ဒုက္ခဘဲ ရကြမယ်၊ သမုဒယသစ္စာက အကြောင်း၊ ဒုက္ခသစ္စာက အကျိုး၊ ဒီ အကြောင်းက ဒီအကျိုးဘဲ ပေးမယ်၊ ဒီအကြောင်း က ဒုက္ခသစ္စာဘဲ အကျိုးပေးတတ်တယ်၊ ဒါကြောင့် သမုဒယ သစ္စာ လုပ်နေသမျှ ဒုက္ခရောက်မှာ သေချာတယ်လို့သာ ဆုံး ဖြတ်ချက် ချကြ။ အတိတ်က သမုဒယတွေ ကြိုးစားခဲ့တဲ့အတွက် ဒုက္ခသစ္စာ မယူချင်လို့ မရတော့ဘူး၊ သဘောပါပလား?

သင်္ခါရ, တဏှာ, ဥပါဒါန်, ကမ်, ဒီလေးခုကို အဝိဇ္ဇာက အုပ် ချုပ်ထားဒါမို့ ဒါတွေဟာ ကမ်ကောင်းမဟုတ်ဘူး၊ ကမ်ဆိုးတွေ ဘဲ၊ သူ့အဆက်အနွယ်က တခုမှ မကောင်းဘူး၊ ဒီတော့ အဝိဇ္ဇာ

အုပ်ချုပ်တဲ့ ကမ်ဟာ၊ ကမ်ဆိုး ဘဲလို့သာ မှတ်လိုက်ကြ။ ဒါကြောင့် ကုသိုလ်လုပ်တဲ့အခါ လူ့ဘဝ၊ နတ်ဘဝ၊ ဆိုတဲ့ ဒုက္ခသစ္စာတွေ မထဲ့ကြနဲ့၊ ဒီဒုက္ခသစ္စာတွေ မထဲ့ရင်၊ အဝိဇ္ဇာချုပ်ပြီး၊ ဝိဇ္ဇာ ဖြစ်မယ်၊ သဘောပါကြရဲ့လား? လူ့ဘဝ၊ နတ်ဘဝ၊ ဒုက္ခသစ္စာတွေ ဘာမှမထဲ့နဲ့၊ နိဗ္ဗာန်ဆု တောင်းကြ၊ ဒီတော့ အဝိဇ္ဇာက ဝိဇ္ဇာ ဖြစ်လာတယ်။

ဒကာဒကာမတို့ ကုသိုလ်ဆိုပေမဲ့ ဘုံဘဝကို တောင့်တပြီးလုပ်တဲ့ ကုသိုလ်ဟာ သမုဒယသစ္စာဘဲ၊ မသိတော့ အရမ်း ပြောတတ်ကြတယ်၊ " သူတို့တတွေ ကုသိုလ်တွေ သိတ် လုပ်ကြဒါဘဲ၊ နိဗ္ဗာန်နဲ့ နီးပေါ့တဲ့" နဲ့ ပြောတတ်ကြတယ်၊ နောင်၊ အကျိုးပေးက နိဗ္ဗာန်မလာဘူး၊ ဒုက္ခသစ္စာသာ လာမယ်၊ ရိပ်မိကြရဲ့လား?

ဒကာတို့တတွေက ဒီဘဝ၊ အသင့်အတင့် နေနိုင် ထိုင်နိုင်ရှိဘိ၊ နောက်ဘဝ ဒီထက် သင့်တင့်ပြီး နေနိုင်အောင် လုပ်မယ်ဟာဆိုပြီး ကုသိုလ်တွေ လုပ်လိုက်ကြ။ ရတော့ ဒုက္ခသစ္စာဘဲ ရလာတော့တယ်၊ သဘောပါကြရဲ့လား?

ဒကာဒကာမတွေကို အထူး သတိပေးလိုက်တယ်၊ နောက်ကို လှူဒါန်းကြရင် ဒီဘဝ၊ ဒုက္ခက လွတ်ချင်၊ ကျွတ်ချင်လို့ လှူပါတယ်ဆိုတဲ့ စိတ်ထားနဲ့ လှူဒါန်းကြ၊ ဒီလိုလှူရင် ခန္ဓာကိုယ်ကို ပေါင်ပြီးလှူအုံး လှူထိုက်တယ်၊ အဲဒါမှ အလှူအစစ် အလှန်မှန်မြတ်တဲ့ အလှူဒါန ဖြစ်တယ်ဆိုဒါ မှတ်လိုက်ကြ။ အခု ဒကာဒကာမ

တွေ ၂,နံပါတ် အကွက်ထဲက မထွက်ကြရသေးဘူး၊ မပြောင်းသေးဘူး၊ ဒီကြားထဲက အခု ဘာသစ္စာတွေ ထပ်ပီး ကြိုးစားနေကြသလဲ?

မသိပါဘူးတဲ့၊ အဲ မသိဒါ အဝိဇ္ဇာဘဲ၊ အဝိဇ္ဇာ, ဆိုတော့၊ နောက်ဆက်ပီး သင်္ခါရ. တဏှာ, ဥပါဒါန်, ဘဝ. ဆိုတဲ့ ဒီငါးခု သမုဒယသစ္စာတွေဘဲ ထပ်တလဲလဲ ကြိုးစားနေကြတယ်၊ မြင်ကြရဲ့လား? (၁) ငါးခုလုပ်ရင် (၂) ငါးခုကို ရမယ်၊ ၁, ငါးခုလုပ်ရင် ၂, ငါးခုနဲ့ သွားဆက်ရမယ် သဘောပါပလား? ၁, ငါးခုနဲ့ စပ်နေဒါက ဘာတွေလဲ? ဝိညာဏ်. နာမ်ရုပ်, သဠာယတန, ဖဿ,ဝေဒနာ,ဆိုတဲ့ ဒုက္ခသစ္စာ ခန္ဓာငါးပါးဘဲ။

ဒီ ငါးခုက ဘယ်ကလာဒါလဲ? ဘာ့ကြောင့်ရသလဲ? အတိတ်အကြောင်း ငါးခု လုပ်မိတဲ့အတွက် ရဒါဘဲ၊ သဘော ပါပလား? စက်ဝိုင်းကို ပြန်ကြည့်ကြ၊ အခု ဒကာဒကာမတွေ ဘယ်အကွက်ထဲ ရောက်နေကြသလဲ? ဒကာတို့တတွေ အခု ၂,နံပါတ်အကွက်ထဲမှာဘဲ၊ ၂,အကွက်ထဲ ဝိညာဏ်,နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, အဲဒီထဲမှာ ရောက်နေကြတယ်၊ သဘောပါပလား?

၁, နံပါတ်ထဲက ငါးလုံးက သမုဒယသစ္စာ, အတိတ်က ဖြစ်ခဲ့ဒါ၊ အခု ဒကာတို့ ရနေဒါက ရနေတဲ့ ငါးလုံးက ဒုက္ခသစ္စာ, အခု ပစ္စုပ္ပန်မှာ အဲဒါ အလှည့်တခုဘဲ၊ စက်ဝိုင်း အတွင်းဘက်မှာ ပြန်ကြည့်၊ရှင်းကြရဲ့လား? အခုဒကာဒကာမတွေ ဒုက္ခသစ္စာ

ကိုယ်ပိုင် ရထားကြဘီ၊ ဘာ့ခကြောင့်လဲ? အတွင်းက – မျှားကြိုး လေးပြဒါ လိုက်ကြည့်၊ အဝိဇ္ဇာ့,တဏှာ,ဥပါဒါန့်,ဆိုတဲ့ ကိလေသဝဋ် သုံးခုနဲ့၊ သင်္ခါရ, ကမ္မဘဝ, ဆိုတဲ့ ကမ္မဝဋ်က နှစ်ခု၊ ဒီဝဋ် နှစ်ခု လုပ်ထားမိလို့ဘဲ၊ ရှင်းပလား?

ဒီလို တရားမျိုး မသိရှာကြတော့ " ကျုပ်လုပ်တဲ့ အလှူ သာဓုသာ ခေါ်ကြတော့တဲ့၊" ဒီက, အလှူရှင်က သမုဒယသစ္စာ ချည့် လုပ်ခဲ့တယ်၊ ကုသိုလ်လုပ်တာ ဘုံဘဝ တောင့်တပီးလုပ်ရင် သမုဒယသစ္စာဘဲ၊ ဒါလုပ်မိရင် ဒုက္ခသစ္စာက ထွက်ခွင့်မရဘူး၊ ထွက်ချင်လို့လဲ မရတော့ဘူး၊ သဘောပါပလား? ဒကာဒကာမတွေ ဒီစက်ဝိုင်း ကြည့်ကြ၊ နိဗ္ဗာန်နဲ့ နီးပေါ့လို့ ပြောနေပေမဲ့၊ မနီးပါဘူး၊သူလုပ်လို့ ရမှာက ဒုက္ခသစ္စာ၊ သဘောပါကြပလား?

ဒကာတို့က ဒီဘဝ အသင့်အတင့်ရှိဘီ၊ ဟိုဘဝလဲ အသင့် အတင့် ရှိအောင်လုပ်မှာဘဲ ဆိုပီး၊ဒီဘဝ ဒုက္ခက သေးလို့၊ဟိုဘဝ ဒုက္ခကြီးကြီး ရအောင် လုပ်တာဘဲ၊ သဘောပါပလား? ဒကာဒကာမတွေ ဒီ ၁,နံပါတ်က အတိတ်အကြောင်း ငါးခု, သမုဒယကို လုပ်ရင်၊ ဒီ ၂,နံပါတ်က ပစ္စုပ္ပန်အကျိုး ငါးခု, ဒုက္ခအစုရတော့မှာဘဲ၊ ဘယ်လိုမှ လွဲဖယ်လို့ မဖြစ်နိုင်တော့ဘူး၊ ရိပ်မိကြရဲ့လား? ၁,ထဲက ငါးခုနဲ့၊ ၂,ထဲက ငါးခု ဆက်နေတယ်၊ ဆက်လိမ့်မယ်ဆိုဒါ မှတ်ကြ။

၂၊ နံပါတ်ထဲက ငါးခုကိုကြည့်၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ အခု ဒကာတို့ ဝိညာဏ်၊ ပဋိသန္ဓေက လာခဲ့တယ်၊ အခုလဲ နာမ်ရုပ်၊ လက်ရှိ၊ အာယတန ၆ ပါး၊ ဖဿ၊ ဝေဒနာ ၆ ပါးစီ၊ အားလုံးလက်ရှိ ကိုယ်ပိုင်၊ ဒါတွေက ဘာသစ္စာလဲ? ဇက်ဝိုင်းထဲမှာ ကြည့်ကြ၊ ဒုက္ခသစ္စာတဲ့၊ မြင်ကြရဲ့လား? ဒီ ငါးခုတွေ စုပေါင်းလိုက်ရင်၊ ခန္ဓာငါးပါးဘဲ၊ ဒီခန္ဓာငါးပါးက ဘာသစ္စာလဲ? ဒုက္ခသစ္စာဘဲ၊ ရှင်းပလား?

ဒကာဒကာမတွေ နောက်ဘဝ ရည်မှန်းပြီး ကုသိုလ်ပြုရင်၊ လူ့ဒါန်းကြရင်၊ ဒုက္ခရမှာဘဲဆိုဒါ ပေါ်ကြပလား? ဝိညာဏ်က လဲ ဒုက္ခသစ္စာ၊ နာမ်ရုပ်ကလဲ ဒုက္ခသစ္စာ၊ အာယတနကလဲ ဒုက္ခသစ္စာ၊ ဖဿ၊ ဝေဒနာတွေကလဲ ဒုက္ခသစ္စာဘဲ။ အတိဘ်အကြောင်း ငါးခု လုပ်မိတဲ့အတွက်၊ အခုပစ္စုပ္ပန်မှာ ဒီငါးခု ရလာဒါ၊ ဒီငါးခု ခန္ဓာဖွဲ့ရင် ငါးပါးဘဲ ရတယ်၊ သစ္စာဖွဲ့တော့ ဒုက္ခသစ္စာဘဲ၊ ကျေနပ်ပလား?

အခု ဘုန်းကြီးတို့ ဒကာဒကာမတွေ ဘယ်လိုများ နေကြသလဲ?။ ဘေးသင့်နေကြတယ်၊ အိုဘေး၊ နာဘေး၊ သင့်နေကြတယ်၊ ရိပ်မိကြရဲ့လား? သားအတွက်၊ သမီးအတွက်၊ ပစ္စည်းအတွက်၊ အိုးအိမ်အတွက်၊ တွေးတောပြီး၊ ပူပန်ကြရ၊ စိုးရိမ်ကြရ၊ အဲဒါ— စိတ်မချရတဲ့ ဒုက္ခသစ္စာ ရထားကြလို့ဘဲ၊ ဟုတ်ကြရဲ့လား? ဒီ၊ သားကိုစွ၊ သမီးကိုစွ၊ ပစ္စည်းကိုစွ၊ မင်းရေးစိုးရာကိစ္စတွေ တွေးရင်း

က ဘယ်သွားနေသလဲ? အိုတက်သွား, နာတက်သွား, နောက် သေဘက်ရောက်မယ်၊ အဲဒါ– တွေးရင်း ဘေးသင့်နေဒါ မြင်ကြ ရဲ့လား?

ဒါဘာကြောင့်လဲ? အကြောင်းမှားခဲ့မှုကြောင့် အကျိုးမှား ဖြစ်တဲ့ လူ ခန္ဓာ ဒုက္ခသစ္စာကြီး ရခဲ့လို့ဘဲ၊ ရှင်းကြပလား၊ အခု ရထားတဲ့ လူ ခန္ဓာကြီးဟာ အကြောင်းမှားမှုကြောင့် အကျိုးမှား ဒုက္ခသစ္စာ ရဒါဘဲလို့ မှတ်လိုက်ကြ၊ ဘယ်ဘဝမှာ ရဒါလဲ? အခုပစ္စုပ္ပန်မှာ ရထားကြတယ်၊ ခန္ဓာ ငါးပါးဟာ ဘာသစ္စာလဲ? ဒုက္ခသစ္စာ၊ ဘာ့ကြောင့် ပေါ်လာရဒါလဲ? ဒီဘက် အတိတ်ဘဝက သမုဒယသစ္စာ လုပ်ခဲ့မိလို့၊ ရိပ်မိကြရဲ့လား?

ဒကာဒကာမတွေ အခုဘဝဒုက္ခခန္ဓာရဒါ အတိတ်က သမုဒယ အားထုတ်လို့ဘဲဆိုဒါ ပေါ်ကြဘီ၊ ဒီ ခန္ဓာဟာ လူ့နတ်ပြဟ္မာ, ထာဝရ ဖန်ဆင်းဒါ ဟုတ်ကြသေးရဲ့လား?မဟုတ်ပါဘူး၊အတိတ် က ဒီအကြောင်းငါးခု လုပ်လို့ ဒီဘဝ အကျိုးငါးခု ပေါ်လာ ဒါပါ၊ ရှင်းကြရဲ့လား? ဒကာဒကာမတွေဟာ အသက်ကြီးလေ ဒုက္ခများလေ၊ ပူစရာတွေ, ဆွေးစရာတွေ များလေလေဘဲ၊ လူ့ ဘဝ, လူ့ခန္ဓာ ဒုက္ခသစ္စာဆိုဒါ သဘောပါကြပလား?

ဒကာဒကာမတွေ ထပ်ပြောအုံးမယ်၊ အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကမ်, ဒီငါးခု အတိတ်က လုပ်ခဲ့တယ်၊ အခု လက်ရှိ ဒီခန္ဓာ ဘယ်သူ ဖန်ဆင်းဒါလဲ? ဘယ်သူမှ ဖန်ဆင်းဒါ

မဟုတ်ဘူး၊ ဘယ်ဘုရား, ဘယ်သိကြား, ဘယ်ထာဝရ,နဲ့ ဘယ် မဟာမက်ကမှ ဖန်ဆင်းဒါ မဟုတ်ဘူး၊ အတိတ်က အကြောင်း ကြောင့်၊ အခုပစ္စုပ္ပန်မှာ အကျိုးတရား ပေါ်လာဒါဘဲလို့ မှတ် ကြ၊ ရှင်းကြပလား?

ဒကာတို့ဘတွေ နောက်က သမုဒယသစ္စာ ကြိုးစားခဲ့လို့ အဝိဇ္ဇာ,သင်္ခါရ,တဏှာ, ဥပါဒါန်, ကမ်, ငါးခုကြောင့် ဒုက္ခသစ္စာ ရလာကြဒါ၊ သဘောပေါက်လား? ပြုပြင်ဒါက ငါးခု၊ ရဒါကလဲ ငါးခု၊ ဝိညာဏ်, နာမ်ရုပ်, သဠာယတနံ, ဖဿ, ဝေဒနာ, ဒီငါးခု၊ ခန္ဓာဖွဲ့တော့ ခန္ဓာငါးပါး, ဒုက္ခသစ္စာဘဲ၊ အကြောင်း သမုဒယ ကြောင့် အကျိုးဒုက္ခပေါ်ဒါ၊ ဘာ့ကြောင့် — ဒါနဲ့ နေနေရ သလဲ? အတိတ်က ငါးပါးကို ကြိုးစားကြလို့ဘဲ၊ အဲဒါ့နောက် တုန်းက ကုသိုလ် မလုပ်တတ်သို့ ဒုက္ခ ရောက်ရဒါဘဲ၊ ရိပ်မိကြ ပလား?

ဒကာဒကာမတွေ ဒီ ခန္ဓာကို အမေ, အဘေ, က မွေးလို့ လား? မဟုတ်ပါ၊ ထာဝရက ဖန်ဆင်းဒါလား? မဟုတ်ပါ၊ ဗြဟ္မာက ဖန်ဆင်းဒါလား? မဟုတ်ပါဘုရား။ အဲ— ဒီလိုသိရင် ဝိစိကိစ္ဆာ, ပြုတ်ပီ၊ ဘယ်သူမှ ဖန်ဆင်းထားဒါ, ပြုသုပ်ထားဒါ မဟုတ်ဘူး။ အဝိဇ္ဇာ,တဏှာ, စတဲ့ အကြောင်းကြောင့် ဖြစ်တာ ဘဲ၊ သူတို့က သမုဒယသစ္စာ၊ အတိတ်က,သူတို့ကြောင့်၊အခု ဒုက္ခ သစ္စာ, အကျိုးခန္ဓာ ရထားဒါဘဲ၊ ဒီလို့ အမှန်အကန် သိရင် ဝိစိကိစ္ဆာပြုတ်ပီလို့ မှတ်ကြ။

ကိုင်း, ဒီနေ့ ဒီတွင် တော်ကြအုံး။နက်ဖြန်မှ ဆက်ကြစို့။

# ဓမ္မရတနာ မာတိကာ

"ပဋိစ္စစက်ရဟတ်၊ လှည့်ကာပတ်, တရားတော်"

---

## ဆောင်ပုဒ်

သတ္တာအစ၊ အဝိဇ္ဇာက၊ ဖြင်ထ ရုပ်နာမ်စက်။
ဘဝများစွာ၊ သံသရာ၊ ဒုက္ခာ ကြောင်းကျိုးဆက်။
ခွင့်ကောင်းကြုံရ၊ ခဏ၊ မုချလွတ်ဘို့တွက်။
ခန္ဓာအဇ္ဈတ်၊ သတိချုပ်၊ ရှုမှတ်ဉာဏ်စွက်ဖက်။
ဝေဒနာဓမ္မ၊ ဖြစ်ပျက်ကြ၊ မဂ္ဂဉာဏ်ကပ်လျက်။
ဝေဒနာလွန်၊ တဏှာကျွန်၊ ဆက်ပြန်ဒုက္ခစက်။
ဒုက္ခလွတ်မှု၊ မြန်ယခု၊ မြဲရှုလုလ္လထက်။

## သတိချုပ်

အတိတ်ကြောင်းရာ၊ နေခဲ့ရှာ၊ သစ္စာမသိရ။
မသိကြောင်းခံ၊ ဆိုးကောင်းကံ၊ တန်တန်ပြုမိကြ။
ပစ္စုပ္ပန်မှာ၊ ဒုက္ခသာ၊ ခြင်းရာကျိုးငါးဝ။
နောက်ကြောင်းသမု၊ ကြိုးစားမှု၊ ယခုကျိုးဒုက္ခ။
လက်ရှိဒုက္ခံ၊ မသိပြန်၊ ပွါးရန်နောက်ကြောင်းစ။
အနာဂတ်မှာ၊ ကျိုးငါးဖြာ၊ ပွါးလာဝဋ်ဒုက္ခ။
ပဋိစ္စရဟတ်၊ လှည့်ကာပတ်၊ မပြတ်ဘယ်ကာလ။

**တရားသား** ဒကာဒကာမတို့ ဝိပဋ္ဋိစ္စသမုပ္ပါဒ်ကို အားကိုးဘို့ မခေမ့ကြနဲ့၊ ကိုယ့်ခန္ဓာအရှိကို သိနိုင်ကြဘို့ဘဲ၊ ဝိပဋ္ဋိစ္စသမုပ္ပါဒ် ဖြစ်စဉ်ကို သဘောပေါက်မှ ကိုယ့် ခန္ဓာအရှိ သိနိုင်ကြမယ်၊ ရိပ်မိပလား? ဘုန်းကြီးတို့ တပည့် ဒကာဒကာမ တွေဟာ၊ သံသရာက ဒီအတိုင်း မသိမှုနဲ့ လယ်နေ ခဲ့ကြဒါ၊ ဒုက္ခကြောင့် သမုဒယဖြစ်လိုက်၊ ဒီသမုဒယကြောင့် ဒုက္ခပြန်ဖြစ် လိုက်၊ ဒါ–နှစ်ခုဘဲ လှဲနေကြရတယ်၊ မဂ္ဂမပါနိုင်ခဲ့ဘူး။

ဒကာဒကာမတွေ အခု ဒုက္ခစက်ထဲ လယ်နေကြရတယ်၊ ရိပ်မိ ပလား? အခု လယ်နေရဒါ ဘာ့ကြောင့်လဲ? ဘယ်လို ဖြတ်မှ ပြတ်နိုင်မှာလဲ? ဆိုဒါ သိဘို့လိုတယ်၊ သိအောင် ဒီ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်း၊စာရွက် ဆောင်ထားကြရမယ်၊ နားလည်အောင် ကြိုး စားရမယ်၊ ကိုယ့်ခန္ဓာ ပဋိစ္စသမုပ္ပါဒ် ပြတ်အောင် ဖြတ်တတ် အောင်လို့ဘဲ ဆိုဒါ မှတ်လိုက်ကြ၊ ရိပ်မိကြပလား?

ကိုယ့်အကြောင်း ကိုယ်သိမှ၊ ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်မသိ တော့ သမုဒယသစ္စာတွေ ထပ်ပွါး၊ ပွါးမိတော့ စတုဣ ၄ နံပါတ် ဒုက္ခသစ္စာ ထပ်ရအုံးမယ်၊ ရိပ်မိကြရဲ့လား? ကိုယ့်ခန္ဓာ လက်ရှိ ဒုက္ခ မသိခမြင်တော့၊ ဒီဒုက္ခက သမုဒယအသီးအပွင့် ရကြမယ်၊ ဒီ ဒုက္ခက သမုဒယ အသီးအပွင့် ပြန်ရရင်၊ အရုပ် အဆိုးဆုံးဘဲ လို့သာ မှတ်သိုက်ကြ၊ ရှင်းကြပလား? ဒါကြောင့်၊ ဘယ်လို ကုသိုလ်ဘဲပြုပြု၊ဉာဏ်ကဒုက္ခဝဋ်က ကျွတ်ချင့်လွတ်ချင်လို့ဆိုပြီး

အာရုံပြုကြ၊ ဒုက္ခဝဋ်က ကျွတ်တဲ့အလုပ် လုပ်ချင်လို့ ဆိုပြီး စိတ်ကို ထားကြ။

ဒကာဒကာမတွေ "သတ္တာအစဟာ အဝိဇ္ဇာ တဏှာ က စ တယ်" လို့ မှတ်ထားကြ၊ သဘောပါရဲ့လား? ငါတို့ကို ဘယ်သူက လုပ်ပေးသလဲ? ဘယ်သူ လုပ်လို့ ဖြစ်တာလဲ? ဆိုရင် ဘယ်နတ် ဘယ်ဗြဟ္မာ ဘယ်ဘုရားကမှ ဖန်ဆင်းလို့ ဖြစ်လာဒါ မဟုတ်ဘူး၊ အတိတ်က သစ္စာမသိတဲ့ အတွက်ကြောင့် ဖြစ်လာဒါဘဲ ဆိုဒါ ဆုံးဖြတ်ချက်ချ၊ သဘောပါရဲ့လား? အခုလက်ရှိ ကိုယ့် ဘဝကို နှစ်သက်တဲ့တဏှာရှိရင် ဒီတဏှာကြောင့်ဘဲ အနာဂတ် ခန္ဓာ ရ ရအုံးမယ်၊ လွှဲဖယ်လို့ မရနိုင်ကြဘူး။

အတိတ် အဝိဇ္ဇာကြောင့် အခုလက်ရှိ ပစ္စုပ္ပန်ခန္ဓာ ဖြစ်တယ်၊ အခုပစ္စုပ္ပန် တဏှာကြောင့်လဲ နောက်ဘဝ အနာဂတ်ခန္ဓာ ဖြစ်မယ်၊ သဘောပါပလား? အတိတ်အဝိဇ္ဇာကြောင့် ပစ္စုပ္ပန်ခန္ဓာဖြစ်၊ ပစ္စုပ္ပန် တဏှာကြောင့် အနာဂတ် ခန္ဓာဖြစ်၊ ဒီတော့.... ပစ္စုပ္ပန်ခန္ဓာ ဖြစ်ခြင်း အကြောင်းမှာ အဝိဇ္ဇာ ဦးစီးတယ်၊ အနာဂတ် ခန္ဓာဖြစ်ခြင်း အကြောင်းမှာ တဏှာ ဦးစီးတယ်၊ ရှင်းကြရဲ့လား? ဒါကြောင့်.... ဒီနှစ်ခု အဝိဇ္ဇာနဲ့ တဏှာ ကို မူလ နှစ်ခုလို့ ပြရ ဒါဘဲ၊ စက်ဝိုင်းအလယ်မှာ ကြည့်ကြ။

ဒကာဒကာမတွေ အခုခန္ဓာ ဘာ့ကြောင့် ရထားကြသလဲ? အတိတ်ဘဝက အဝိဇ္ဇာ ခေါင်းဆောင်လို့၊ အခု ပစ္စုပ္ပန်ခန္ဓာ

ရထားကြဒါဘဲ၊ အဝိဇ္ဇာက သမုဒယသစ္စာ၊ အခု ရထားတဲ့ခန္ဓာ က ဒုက္ခသစ္စာ၊ ရှင်းကြရဲ့လား? ဒကာတို့ အခု ဒုက္ခသစ္စာကြီး ရထားကြဒါဟာ၊အတိတ်က မသိမှုဆိုတဲ့ အဝိဇ္ဇာခေါင်းဆောင် ပီး လျှူဒါန်းပေးကမ်း ခဲ့ကြလို့၊ သမုဒယ ခေါင်းဆောင်လို့ အခု ဝိညာဏ်နာမ်ရုပ်, စတဲ့ ငါးပါးရထားဒါ၊ ဒုက္ခသစ္စာရဒါ၊ အခု ရထားတဲ့ ခန္ဓာငါးပါးဘဲ၊ ရှင်းကြရဲ့လား?

ဒီခန္ဓာရဒါ ဘယ်သူခေါင်းဆောင်လဲ? အဝိဇ္ဇာဘဲ၊ ဘယ်သူ့ ကြောင့် ရဒါလဲ? အဝိဇ္ဇာကြောင့်။ ပြဟ္မာ့သိကြား,ဘယ်ဘုရားမှ ဖန်ဆင်းဒါ မဟုတ်ဘူး၊ အဝိဇ္ဇာကြောင့်ဘဲ၊ ကျေနပ်ကြပလား? အဝိဇ္ဇာဟာ,အခု ပစ္စုပ္ပန်ခန္ဓာရဲ့ ရေသောက်မြစ်ဘဲလို့ မှတ်ကြ၊ ယခုလက်ရှိခန္ဓာ သူ့ကြောင့်ရခဲ့ဒါ၊ ရှင်းကြပလား? ဒကာဒကာမ တွေ စက်ဝိုင်းပြန်ကြည့်၊ (၃) နံပါတ်အကွက်ကြည့်၊ ကြည့်တော့ တဏှာကြောင့် (၄) နံပါတ် ခန္ဓာဒုက္ခသစ္စာပေါ်တယ်၊မြင်ကြရဲ့ လား? ဒါကြောင့်— အဝိဇ္ဇာ, တဏှာ, အလယ်မှာ ပြထားတယ်၊ သူတို့နှစ်ခုက ရေသောက်မြစ်ဘဲလို့ မှတ်ကြ။

ဒီတော့—အဝိဇ္ဇာ, တဏှာ, မချုပ်သရွေ့၊ ပစ္စုပ္ပန်ဒုက္ခခန္ဓာ၊ အနာဂတ် ဒုက္ခခန္ဓာ,ပေါ်အုံးမှာဘဲဆိုဒါ ဆုံးဖြတ်ချက်ချ။ ဒါ— ငြိမ်းချင်ရင်,ဒုက္ခချုပ်ချင်ရင်,အကြောင်းကို သတ်ရမယ်၊ အကျိုး ကို မသတ်ရဘူး၊ အကျိုးသတ်လို့မရဘူးဆိုဒါ မှတ်ကြ။အခုဘဝ ဒုက္ခခန္ဓာ,လွတ်ချင်ရင်၊ အတိတ်အဝိဇ္ဇာ, သတ်ရမယ်။ အနာဂတ်

ခန္ဓာ ဒုက္ခက လွတ်ချင်ရင် တရားသတ်ရမယ်၊ ရှင်းကြပလား? ဘုန်းကြီးက ဒကာဒကာမတွေကို ဝိပဿနာ လုပ်ခိုင်း ဒါဟာ အဝိဇ္ဇာ တရား ချုပ်အောင် လုပ်ခိုင်းဒါ၊ ဒီနှစ်ခု ရေသောက်မြစ် ပြတ်အောင် ဝိပဿနာ လုပ်မှသာ ရမယ်လို့ မှတ်လိုက်ကြ။

ခန္ဓာဟာ ဒုက္ခသစ္စာကြီးပါ ဆိုတဲ့ အချက် ရိပ်မိကြရဲ့လား? သူပြော မဟုတ်ပါဘူး၊ ကိုယ့်အမြင်၊ ကိုယ့်အတွေ့မှာဘဲ အခု ခန္ဓာငါးပါးက ဟိုဘက်ပြောင်းရ၊ ဒီဘက်ပြောင်းရနဲ့ တပြောင်းထဲ ပြောင်းနေကြရတယ်၊ ဒီကြားထဲက လေနာဒါ၊ ရင်နာဒါ၊ ခေါင်းကိုက်တာ၊ ဗိုက်နာဒါ၊ စတဲ့ဟာတွေက ညှပ်လိုက်ပြန်သေးတယ်၊ ကောင်းကောင်း မနေရဘဲနဲ့ သေဘေးရှိရာ အရောက်သွားနေဒါ၊ သဘောပါကြရဲ့လား? လက်ရှိဒုက္ခ မြင်အောင်ကြည့်ကြ၊ ဘာမှကောင်းဒါ မပါဘူး၊ ဒုက္ခသစ္စာချည့်ဘဲ ဖြစ်စရာရှိတယ်၊ ရှင်းကြရဲ့လား?

ဒကာတို့တတွေ ဒုက္ခတခုခု တွေ့ရတော့၊ ကိုယ့်အကြောင်းက မကောင်းဘူးနဲ့ ပြောတတ်ကြတယ်၊ ဘယ် ကောင်းနိုင်ပါတော့မလဲ? အကြောင်းက အဝိဇ္ဇာဘဲ၊ ဒကာ ဒကာမတွေ ကိုယ့်အကြောင်းကိုယ်ပြုပြီး၊ ကိုယ့်ဒုက္ခကိုယ် ရကြဒါဘဲ၊ ဒကာတို့ဟာ ကိုယ့်ဒုက္ခ ကိုယ်ရှာတဲ့ လူတွေဘဲဆိုရင်၊ မှားပါ့မလား? မမှားတော့ဘူး၊ ကိုယ့်မိုက်ပြစ်နဲ့ ကိုယ်ဘဲ၊ ဒီ အကြောင်းနဲ့ ဒီအကျိုးက ဆက်နေဒါဘဲ၊ သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ ဆက်နေတယ်။ အကြောင်းနဲ့ အကျိုး ဆက်သွားဘီ၊ ရှင်းကြရဲ့လား?

ဘယ်သူမပြု မိမိမှားမှုကြောင့်ဘဲ၊အတိတ်က အဝိဇ္ဇာ၊ သင်္ခါရ တွေ မှားလုပ်မိလို့ဘဲ၊ မှားလုပ်မိတော့ အခုတက်ရှိ ဒုက္ခသစ္စာ ကိုယ်ပိုင်ရနေကြဒါဘဲ၊ "သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ"လို့ဟော တော်မူတယ်၊ မသိတဲ့ အဝိဇ္ဇာက အုပ်ချုပ်၊ သင်္ခါရက ပြုလုပ်၊ တဏှာက တောင်းယူ၊ ဒုက္ခသစ္စာ ခန္ဓာငါးပါး ပေါ်လာဒါဘဲ၊ အကောင်း ထင်မနေကြနဲ့၊ ဒကာတို့ လက်ရှိရထားဒါ မှန်သမျှ အားလုံးဒုက္ခသစ္စာချည့်ဘဲ၊ ပေါ်ကြပလား? အခု ဒကာဒကာမ တွေ ဇီလက်သယ်ကို မြင်ကြဘီလား? ရိပ်မိကြဘီလား? ဆရာ သွားနဲ့တွေလို့ ရိပ်မိကြဘီ။

အဝိဇ္ဇာ၊ အတိတ်ခေါင်းဆောင်ကြီး၊ မိဘီ မြင်ကြဘီ၊ဇီအဝိဇ္ဇာ မချုပ်သမျှ ခန္ဓာမချုပ်ဘူး၊ ခန္ဓာမချုပ်သမျှ ဒုက္ခနဲ့တွဲရက်အမြဲ ဘဲ၊ အဝိဇ္ဇာသမုဒယသစ္စာကြောင့်—ဝိညာဏ်၊ စတဲ့ ငါးပါး ဒုက္ခ သစ္စာတွေ ပေါ်လာတယ်၊ မသိမှုအဝိဇ္ဇာဒဏ်ချက် ဘယ်လောက် ထိအောင် ဒုက္ခရောက်မယ်ဆိုဒါ စဉ်းစားကြ။ ဒကာဒကာမတွေ မလှူတတ်၊ မဒါန်းတတ်နဲ့ ရမ်းပီး လှူကြ ဒါန်းကြ ရင်ဖြင့်၊ ကြောက်စရာကြီးပါလား။ လူဘဝ၊ လူခန္ဓာ၊ အကောင်းထင်လို့ တောင်းယူကြ၊ အခု ရလာကြဘီ၊ ဒီ ခန္ဓာရတော့၊ ဇာတိက စ၊ ရဒါ၊ ဇရာ၊ စတဲ့ ဒုက္ခတွေက တဆက်ထဲပါလာပီး၊ ဒုက္ခသစ္စာ ခန္ဓာငါးပါး ရဒါဘဲ၊ သဘောပါပလား?

ဒကာတို့တတွေ အခု ဒုက္ခခန္ဓာ ရလာဒါ၊ ရချင်လို့ ရဒါ မဟုတ်ဘူး၊ ဘာ့ကြောင့်လဲ? နောက် အတိတ်ဘဝက မသိတဲ့

အဝိဇ္ဇာနဲ့ လုပ်မိလို့ ရလာဒါဘဲ၊ သဘောပါရဲ့လား? မသိမှု အဝိဇ္ဇာနဲ့ ကုသိုလ်သင်္ခါရ လုပ်မိရင်, လူ, နတ်, ခန္ဓာ ရမယ်၊ အကုသိုလ်သင်္ခါရလုပ်ရင်, အပါယ်ခန္ဓာရမယ်၊ မသိလို့ ကုသိုလ် လုပ်လဲ ဝိညာဏ်,နာမ်ရုပ်, စတဲ့ ဒုက္ခသစ္စာ ရမှာဘဲ၊ မသိတဲ့လူ အကုသိုလ် လုပ်တော့လဲ ဒီငါးခုဘဲ ဒုက္ခသစ္စာ ရဒါဘဲ၊ ရှင်းကြ ပလား?

"အဝိဇ္ဇာပစ္စယာ သင်္ခါရာ" ဆိုတဲ့နေရာမှာ၊သင်္ခါရက နှစ်မျိုး ရှိတယ်၊ ကုသိုလ်သင်္ခါရက,တမျိုး၊ အကုသိုလ်သင်္ခါရက တမျိုး လို့ နှစ်မျိုးဘဲမှတ်ထား။ သင်္ခါရ,သုံးမျိုးဆိုပေမဲ့ နားလယ်လွယ် အောင်,ဒကာတို့အတွက် ၂.မျိုးလို့ဘဲ မှတ်ထားကြအုံး။ ကုသိုလ် သင်္ခါရက လူ, နတ်. ပြဟ္မာ, ခန္ဓာရမယ်၊ အကုသိုလ် သင်္ခါရက အပါယ်ခန္ဓာ,ရမယ်၊ နှစ်ခုလုံး ဒုက္ခသစ္စာချည့်ဘဲ၊ ဘုံဘဝ,လိုချင် လို့ လုပ်တာ၊အဝိဇ္ဇာပစ္စယာ သင်္ခါရာ,ဘဲ၊ ဒါက, နှစ်မျိုးရတယ်၊ အပါယ်သွားအောင်တမျိုး၊လူ,နတ်,ရအောင်တမျိုးလို့ နှစ်မျိုး၊ တာရရ, ဒုက္ခသစ္စာဘဲ။

ဒကာဒကာမတွေက အတိတ်အကြောင်းခြင်းရာက မကောင်း ခဲ့လို့၊ အခု ပစ္စုပ္ပန်အကျိုးက မကောင်းကျိုးဒုက္ခသစ္စာ ရကြဒါ ဘဲ၊ ရိပ်မိကြရဲ့လား? ဒါဖြင့် လျှုတတ်ဘို့ အရေးကြီးတယ်၊ လျှုတတ်ဘို့လိုတယ်,ဆိုဒါ မှတ်လိုက်ကြ။ လျှုတတ်အောင် ကြိုး စားကြ။ ဘုံဘဝ, တောင့်တပီး ကုသိုလ်လုပ်ရင်, နောက်ဒုက္ခ

မသိကြလို့ဘဲ၊ ကုသိုလ်ပြုပြီး၊ ကြိုက်ရာဘ၀ တဏှာက တောင်းယူ၊ ဒါဟာ မသိတဲ့ အဝိဇ္ဇာကြောင့် တောင်းဒါ၊ နောက်…ကာယကံ ဝစီကံနဲ့ လုပ်၊ လုပ်တော့ ဇာတိဆိုပြီး နောက် ဒုက္ခသစ္စာ ရတော့ဒါဘဲ။

သဘောပါကြရဲ့လား? သမုဒယ သစ္စာကြောင့် ဒုက္ခသစ္စာရဒါ၊ ရိပ်မိကြရဲ့လား? ကောင်းဘီ၊ ဒါဖြင့်– ဒီသမုဒယက ဘာတွေတုံး? အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ဆိုတဲ့ သုံးပါးက ကိလေသဝဋ္ဋ။ သင်္ခါရ၊ ကမ္မဘဝ ဆိုတဲ့ နှစ်ပါးက ကမ္မဝဋ္ဋ။ သုံးပါး နှစ်ပါး ပေါင်းလိုက်တော့ ငါးပါး၊ ဒီငါးပါး နှစ်ခုလုပ်ခဲ့ကြလို့၊ အခုဒုက္ခသစ္စာ ခန္ဓာရလာကြဒါ၊ ရှင်းကြရဲ့လား? တမျိုးထပ်ပြောအုံးမယ်။ ဒကာဒကာမတွေ စက်ဝိုင်း ပြန်ကြည့်? အတိတ်ကြောင်း အခြင်းအရာ ငါးပါးခဲ့တဲ့ အခါမှာ၊ ဝဋ္ဋ ငါးပါး ပါတယ်၊ မြင်ကြရဲ့လား?

အတိတ်အကြောင်း ငါးပါးထဲမှာ၊ အဝိဇ္ဇာ၊တဏှာ၊ဥပါဒါန်၊ သုံးပါးက ကိလေသဝဋ္ဋ။ သင်္ခါရ၊ ကမ္မဘဝ၊ နှစ်ပါးက ကမ္မဝဋ္ဋ၊ နောက်–ဘဝက ဒီဝဋ္ဋနှစ်ပါးကို ကြိုးစားခဲ့လို့၊ ဝိညာဏ်၊နာမ်ရုပ်၊စတဲ့ ခန္ဓာငါးပါး ရထားကြဒါဘဲ၊ ရှင်းကြဘီလား? (၂) နံပါတ် အကွက်က ဒုက္ခသစ္စာ ခန္ဓာငါးပါး ရထားတယ်လို့ မှတ်ကြ။ ဒကာဒကာမတွေ အတိတ်ဘဝက ကိလေသဝဋ္ဋ သုံးပါးနဲ့ ကမ္မဝဋ္ဋ နှစ်ပါးဆိုတဲ့ ဝဋ္ဋငါးပါးကို ကြိုးစားခဲ့မိလို့ ဝိပါကဝဋ္ဋ ခန္ဓာကြီး ရထားကြတယ်ဆိုဒါပေါ့ကြဘီ။

ဒကာတို့တတွေ အခု ဝိဝဋ္ဋက ကျွတ်ကြပလား? မကျွတ် သေးဘူးလား?လို့ မေးရင် အကြောင်းမကုန်ရင် မကျွတ်သေးဘူး၊ အကြောင်းကုန်မှသာ ကျွတ်ကြမှာ၊ ရိပ်မိပလား? အကြောင်း မကုန်ရင်, မသေရ၊ အကြောင်းကုန်မှသာ သေမှာလို့ မှတ်လိုက် ကြ၊ ရှင်းပလား? ဓိသမုဒယသစ္စာ ဝဋ္ဋငါးမျိုးကို လုပ်ခဲ့လို့ ဓိအကြောင်း ငါးခုကြောင့်, ဝိညာဏ်,စတဲ့ အကျိုးငါးပါး ဒုက္ခ ခန္ဓာ ရလာကြဒါ၊ ဓိတော့ ဓိအကြောင်း မကုန်သမျှ ဓိ ဝိပါက ဝဋ္ဋဒုက္ခက မလွတ်နိုင်ကြဘူးဆိုဒါ မှတ်လိုက်ကြ၊ ရှင်းပလား?

ဧကာဒကာမတွေ ဧကာဒကာမတွေမှာ၊ အခု ဒုက္ခသစ္စာ ရထားကြဒါ သိကြရဲ့လား? ဒုက္ခသစ္စာ, ဒုက္ခသစ္စာမှန်း, သိကြ တော့။ သိအောင်လဲ ကြိုးစားကြတော့လို့ ပြောလိုက်တယ်၊ အခုနေ ဒကာတို့မှာ၊ ဇာတိဒုက္ခက ရခဲ့ပြီးဘီ၊ ဇရာဒုက္ခက ရဆဲ ရတုန်း၊ နောက်, မရဏဒုက္ခက ကျန်သေးတယ်၊ဟုတ်ကြရဲ့လား? ဒကာဒကာမတွေ လူ့ပြေလာဒါ ဘေးတွေသင့်ဘို့၊ သေချင်လို့ လာဒါဘဲဆိုရင် မလွဲတော့ဘူး၊ရိပ်မိကြရဲ့လား? အခု မသေကြ နဲ့အုံး၊ ဘာလို့လဲဆိုတော့ ဒုက္ခမစုံသေးလို့ နေကြအုံးလို့ဘဲ ပြောလိုက်တယ်။

ဒကာတို့မှာ လက်ရှိ ဒုက္ခအပြင်- နောက်လာမယ့် ဒုက္ခတွေ ဗျာဓိဒုက္ခ, မရဏဒုက္ခ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါ ယာသ,ဆိုတဲ့ ဒုက္ခတွေ အများကြီး ကျန်နေသေးတယ်၊သဘော

ပါကြပလား? ဒကာတို့ဟာ ဘာ့ကြောင့် ဒီဒုက္ခမျိုးစုံတွေ ကြုံရ ဒါလဲ? ကံမကောင်းကြလို့လား?မဟုတ်ပါဘူး၊ အဝိဇ္ဇာကြောင့် ဘဲလို့ မှတ်ကြ၊ ရှင်းကြပလား? ဒီအဝိဇ္ဇာမရှိရင် ကမ်တို့သင်္ခါရ တို့ ဆိုဒါတွေ မရှိတော့ဘူး၊ ရိပ်မိကြပလား?

အမှန်အကန် မသိတဲ့ အဝိဇ္ဇာက ရှိတော့ လူ့ဘဝ, ရောက် ကြောင်းဖြစ်တဲ့ ကမ်တွေ, သင်္ခါရတွေပြု၊ ပြုပြီးတော့ တဏှာနဲ့ တောင်းယူ၊ဓောင်းယူတော့ ဟော–အခုလက်ရှိ လူ့ဘဝ ဒုက္ခ သစ္စာ ခန္ဓာကြီး, ဒကာတို့တတွေ ရထားကြဘီ မဟုတ်လား? ရထားကြဘီ၊ပဋိသန္ဓေဆိုတဲ့ ဇာတိဒုက္ခက ပီးခဲ့ဘီ၊အခု ဇရာဒုက္ခ နဲ့ အိုနေကြတယ်၊ ဗျာဓိဒုက္ခနဲ့ နာတဲ့အခါနာ၊ နာဘေးက အချိန်မရွေးဘူး၊ နောက် သေဘေး့မရဏဒုက္ခ လာတော့မယ်၊ မြင်ကြရဲ့လား?

ဒကာတို့ဘတွေ ဒုက္ခရောက်တဲ့အခါ၊ ငြီးတတ်ကြတယ်၊ မငြီး ကြနဲ့၊ " ဒါလေ-က်တောင် ဒုက္ခရောက်လှဒါ နေကို့ မနေချင် တော့ပါဘူး" ဆိုပီး မငြီးကြနဲ့၊ မသေသေးဘူး ဒုက္ခမကုန်ရင် မသေသေးဘူးဆိုဒါ မှတ်ကြ၊သေခါနီးမှာ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ,ဥပါယာသ,ဆိုတဲ့ ဒုက္ခတွေက နောက်ထပ် လာ အုံးမယ်၊ ကိုယ်ရှာတဲ့ဒုက္ခ မခံနိုင်, ခံနိုင် အောင့်ပီးသာ ခံကြ ပေတော့လို့ ပြောလိုက်တယ်၊ ကျေနပ်ကြရဲ့လား?

ဒကာဒကာမတွေ အခု ဒုတိယစက် (၂) နံ့ါတ် အကွက် ထဲက မထွက်သေးဘူး၊ အဲဒီ ဒုတိယအကွက်ထဲမှာ ရောက်နေကြ

တယ်၊ ကြည့်ကြ။ ဒကာတို့တတွေ အိုဇာတာ ကောင်းပါ့မလား? ဆိုပြီး ဗေဒင်မမေးကြနဲ့တော့၊ အိုဇာတာ, နာဇာတာ, ကောင်းတယ်ပြောရင်လဲ မယုံကြနဲ့တော့၊ ဘယ်နည်းနဲ့မှ မကောင်းပါဘူး၊ သာမန်လူ မမာတော့ လူမမာ၊ သူဌေးမမာတော့ သူဌေးလူနာဘဲ၊ အားမကျကြနဲ့၊ ဘာရရ, ဒုက္ခသစ္စာဘဲဆိုဒါ မှတ်လိုက်ကြ၊ သဘောပါကြရဲ့လား?

ဇာတိဒုက္ခသစ္စာ ခန္ဓာကြီး, ဘာ့ကြောင့် ရထားကြသလဲ? ဇာတိဒုက္ခသစ္စာရဘို့ အတိတ်အကြောင်းက ငါးပါးတဲ့၊ အဲဒီ ငါးပါးလုပ်ပြီးသေရင်၊ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ဇာတိအကျိုးငါးခု၊ ယခုပစ္စုပ္ပန်မှာ ရမှာသေချာတယ်။ ဇာတိဟာရပြီး, နောက်ရမှာဏ ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ, ဒါတွေဘဲ ရကြမှာ၊ ဒဏာတို့တတွေ, ဘယ်ဟာများ ကြိုက်ချင်ကြသေးသတုံး? မကြိုက်ရင်, ဇာတိဒုက္ခတွေက လွတ်အောင်, အခုအလုပ် လုပ်ကြရမယ်၊ ရှင်းကြပလား?

အခု အလုပ်မလုပ်ရင်၊ ကျွန်အဖြစ်ဏ, မလွတ်နိုင်ကြဘူး၊ ကျွန်က အမှားကျွန်ဘဲ၊ မှားဒါက သမုဒယ၊ ကျွန်ခံဒါဏ ဒုက္ခ၊ ရှင်းကြရဲ့လား? မှားခဲ့ဒါက သမုဒယသစ္စာ၊ ကျွန်ဆိုဒါဏ ဒုက္ခသစ္စာ၊ ကျေနပ်ပလား? ဒကာတို့ဏ နဂိုက မှားခဲ့ဒါဟာ ကိုယ့်တယောက်ထဲ မှားချင်လို့မှားခဲ့ဒါ၊ ဒီအမှားထဲမှာ နောက်ထပ်ပြီး အိမ်ထောင် ပြုကြတယ်၊ အဲဒါ ဘာ့ကြောင့်လဲ? မှားဒါကို ငါ

တယောက်ထဲတွင် မမွှားချင်ဘူး၊ အဖေါ်နဲ့ အခလှာ်နဲ့ မှား ချင်လို့ သားပူ့သမီးပူ့ဆွေပူ့မျိုးပူ့ခံချင်လို့ဘဲ၊ရိပ်မိကြရဲ့လား?

နဂိုလက်ရှိ ရထားဒါက ဒုက္ခသစ္စာ၊ နောက်ရဒါကလဲ ဒုက္ခ သစ္စာ၊ ဒီတော့ ဘာဖြစ်သလဲ? ဒီတော့ ဒကာတို့ဟာ ဒုက္ခ ဒုက္ခ သစ္စာ ရောက်ဘို့ အကြောင်းဘဲ ရှာနေကြတယ်။ အခုလက်ရှိက ဒုက္ခသစ္စာ,ကျေးစရာ,မွေးစရာတွေကလဲ ဒုက္ခသစ္စာဘဲ၊ ဟုတ်ကြ ရဲ့လား? နဂိုက ကိုယ်တိုင် မိုက်ထားရတဲ့ အထဲမှာ၊ နောက်ထပ် မိုက်ပြစ် သင့်နေကြတယ်၊ သဘောပါကြရဲ့လား? ဒကာတို့ဟာ တခါမိုက်မကဘူး၊ နှစ်ခါမိုက် ဖြစ်နေကြဘီ၊ ဒါနဲ့မှ နောက်ထပ် ပီး မိုက်အုံးမယ်ဆိုရင် ဘယ်လိုပြောရမလဲ?

အမှန်အကန် သိရရင်၊ နောက်ထပ်ပီး မမိုက်ချင်ကြနဲ့တော့ အခု ဒကာတို့တတွေ(၂)အကွက်ထဲမှာ ရှိနေကြတယ်၊ မသေကြ သေးဘူး၊ သေတော့လဲ ဒုက္ခသစ္စာဘဲ၊ ယခု ပစ္စုပ္ပန်မှာလဲ ဒုက္ခ သစ္စာ ရနေဒါဘဲ၊ ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာ ဒုက္ခသစ္စာတွေ ရိပ်မိကြရဲ့လား? ဒီအစမှာ ဝိညာဏ် ဆိုတော့ ပဋိသန္ဓေဝိညာဏ်၊ ဒီမှာ ဇာတိပါလာတယ်၊ ဇာတိပါတော့ ဇာတိနောက်က ဇရာ, ဗျာဓိ, မရဏ, ဆိုတဲ့ ဒုက္ခတွေပါ ထက် ချပ်မကွာ ပါလာကြတယ်၊ ရိပ်မိဘီလား?

အခု ဇာတိပီးဘီ၊ ဇရာကရောက်ဆဲ၊ ဗျာဓိမရဏက မပီး သေးဘူး၊မခံနိုင်ခံနိုင်ခံရအုံးမယ်၊ဒီဒုက္ခတွေဟာ ဒီ (၁)နံပါတ်

အကွက်, အတိတ်အကြောင်း ငါးပါးကြောင့် ပေါ်လာဒါဘဲ၊ ဒီ အကြောင်းကြောင့် ဒီ ၂,နံပါတ်ထဲက အကျိုးတွေ ခံရဒါဘဲ၊ ဒကာဒကာမတွေ ကမ်မကောင်းလို့ မဟုတ်ဘူး၊ ဒီဒုက္ခတွေ ရဒါ ဘာ့ကြောင့်လဲ? အတိတ် အဝိဇ္ဇာကြောင့်ဘဲလို့ ဆုံးဖြတ်ချက် ချကြ၊ ရှင်းကြပလား?

အနာဂတ် အကျိုး ဒုက္ခသစ္စာ ပေါ်ဘို့ ရေသောက်မြစ်ကဘယ်သူလဲ? အခု ပစ္စုပ္ပန်က တဏှာဘဲလို့ မှတ်လိုက်ကြ။ အခု ပစ္စုပ္ပန်မှာ တဏှာပေါ်ရင်၊ လာမဲ့ဘဝ အနာဂတ် ဒုက္ခသစ္စာ ခန္ဓာအကျိုး ပေါ်လာမယ်၊ရိပ်မိပလား? အခု ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဒုက္ခသစ္စာထဲမှာဘဲ၊ ပစ္စုပ္ပန် ဒုက္ခသစ္စာထဲမှာဘဲ၊ အခု ဒကာတို့ခန္ဓာ ဘာတွေရနေကြသလဲ? မသေခင်ကာလမှာ ငါးပါး တွေဘဲ ရနေကြတယ်၊ ပဋိသန္ဓေဝိညာဏ်က ရခဲ့ပီးဘီ နာရုပ်တွေ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်,စိတ်,ဆိုတဲ့ အာယတနတွေ ဖဿတွေ, ဝေဒနာတွေ, ဒီငါးပါးတွေဘဲ ရနေတယ်၊ ဒါဟာ— အဝိဇ္ဇာကြောင့် ရဒါဘဲဆိုဒါ ရိပ်မိကြဘီ။

ဒကာဒကာမတို့ အဝိဇ္ဇာကြောင့်, ကမ်ဖြစ်ပီး, ဒီအကျိုးဒုက္ခ တဆူးတွေ ပေါ်လာကြဒါဘဲ၊ ဒီတော့ ဒီအကျိုးတွေပြတ်အောင် ကမ်ကို,ဖြတ်ကြရမယ်၊ အခု,ကမ်ကို ဖြတ်ကြစို့။ အဝိဇ္ဇာက စ, လိုက်တော့၊ ကမ်, သင်္ခါရ, တွေ ပြုလုပ်မိကြ၊ လုပ်မိကြတော့ ဒီဘဝမှာ ဝိညာဏ်, စတဲ့ ဒုက္ခ ရကြတယ်၊ ဒီလို ဒုက္ခ ရကြဒါ

နောက်ဘဝက အဝိဇ္ဇာ ရှိလို့ဘဲဆိုဒါမှတ်ကြ၊ သဘောပါပလား၊ အခု ဒကာဒကာမတွေ ဒုက္ခမျိုးစုံကြပလား၊ မစုံကြသေးပါဘူး၊ အများကြီး ကျန်သေးတယ်။

အခု ဒကာဒကာမတွေ တရားနာ လာနိုင်ကြ သေးတယ်၊ ဗျာဓိ မရဏ ဒုက္ခတွေ မလာသေးလို့သာ တရားနာ လာနိုင်ကြ သေးဒါပါ၊ ရိပ်မိကြပလား၊ ဒီဒုက္ခတွေလာရင် တရားနဲ့ ဝေးကြ မယ်၊ အိပ်ရာထဲ လဲတဲ့ဗျာဓိ, ဒုက္ခသစ္စာ၊ ရှာပြင်ထုတ်တဲ့ မရဏ ဒုက္ခသစ္စာ၊ ဒါတွေ တွေ့ရအုံးမယ်၊ ဒီ, နှစ်မျိုး ကျန်နေသေးတယ်၊ ရှင်းကြပလား၊ ဇာတိဒုက္ခ တွေ့ပြီးဘီ၊ ဇရာဒုက္ခ တွေ့တုန်းတွေ့ဆဲ, ဗျာဓိဒုက္ခ တွေ့ဆဲ, တွေ့လတံ့၊ မရဏ ဒုက္ခကလဲ လာတော့မယ်၊ နေ့လား၊ ညလား၊ အခုလား၊ တော်တော်ကြာမှ ဘဲလား၊ သာ မသိကြဒါပါ၊ ရိပ်မိကြရဲ့လား၊

ဒကာဒကာမတို့ အတွက်၊ ရှေ့ရှောက်ပြီး, ကောင်းစရာများ မြင်သေးသလား၊ ဘယ်တော့မှ ကောင်းစရာ မမြင်တော့ဘူး၊ မကောင်းပေမဲ့ လာမှာကတော့ သေချာပြီးသားဘဲ၊ ဘာ့ကြောင့် သေချာသလဲ၊ ဒကာတို့တတွေ အတိတ်ဘဝက အဝိဇ္ဇာနဲ့ ပြုခဲ့ ကြလို့ဘဲ၊ ရိပ်မိကြဘီလား၊ အတိတ် အဝိဇ္ဇာက သမုဒယသစ္စာ၊ အခု ရဒါက ဒုက္ခသစ္စာ။ ဒကာဒကာမတွေ ဒီ, အဝိဇ္ဇာလက်ချက် မချိမဆန့်ဖြစ်ပြီး, သေရမှာ၊ ဒုက္ခကြုံပြီး, ဒီသမုဒယ စိမံသမျှ ပြီး, သေကြရမှာ၊ သဘောပါကြရဲ့လား၊

ဒဂ.....မတို့ အခု ပဋ္ဌိစ္စသမုပ္ပါဒ် စက်ဝိုင်းထဲမှာ ဘယ်နှစ်ကွက် ကျန်နေသေးသလဲ? နှစ်ကွက်ကျန်နေသေးတယ်၊အေး—ဟုတ်ပြီ။ တတိယ(၃)နံပါတ်အကွက်ကို အလုပ်နဲ့ပြုရမယ်။ အဲဒီမှာ—ဘုရားပွင့်မယ်ဆိုဒါမှတ်ကြ။(၂)နဲ့(၃)အကူးကြားထဲမှာ ဘုရားပွင့်မယ်။ ၂,နဲ့ ၃,အကူးမှာ သောဘာဝပန်, တည်ချင်ရင် အရေးတကြီး,မှတ်ယူကြရမယ်။ ၂,ကနေပြီး ဒုက္ခချုပ်ရာ ကူးချင်ရင် ရတယ်၊ဒီအချက် အလွန် အရေးကြီးတယ်၊ဒါကြောင့် လေးလေးစားစား,မှတ်ရမယ် လို့ သတိပေးလိုက်တယ်၊ရှင်းကြပလား?

ကိုင်း, နာရီစေ့သွားပြီ၊ နက်ဖြန်မှ ဆက်ကြစို့။

# ဓမ္မရတနာ မာတိကာ

"ပဋိစ္စစက်ရဟတ်၊ ရှုဉာဏ်ဖြတ်၊ တရားတော်"

---

**ဆောင်ပုဒ်**

လူနတ်ပြဟ္မာ၊ သတ္တဝါ၊ သူငါ မဖန်ဆင်း။
အတိတ်ကြောင်းခံ ပစ္စုပ္ပန်၊ ခန္ဓံရတင်းလင်း။
အကြောင်းကြောင့်သာ၊ အကျိုးဖြာ၊ ရသာခုလက်ငင်း။
အဝိဇ္ဇာစ၊ သင်္ခါရ၊ ငါးဝအကြောင်းရင်း။
ဝိညာဏ်စသွာ၊ ငါးခန္ဓာ၊ ဒုက္ခာအကျိုးခြင်း။
ပစ္စုပ္ပန်တွင်၊ ရှုဉာဏ်ဝင်၊ ချုပ်စင်ကြောင်းကျိုးခင်း။
ဝေဒနာဓာတ်၊ မဂ်ဉာဏ်ဖြတ်၊ ကင်းပြတ်တဏှာရှင်း။
တဏှာချုပ်ငြိမ်း၊နောက်ကျိုးသိမ်း၊အေးကိန်နိဗ္ဗူချင်း။

**သတိချပ်**

မိုက်မဲအဝိဇ္ဇာ၊ ရင်းခံလာ၊ ကမ္မာသင်္ခါရ။
တဏှာ့စွဲသန်၊ ဘုံတန်တန်၊ ဆုပန်လှဲမှားကြ။
စုတိသန္ဓေ၊ ကမ်ကျိုးဇေ၊ ဆက်လေပဋိစ္စ။
ဒုက္ခသစ္စာ၊ ရလေပါ၊ ခန္ဓာထက်ချပ်မျှ။
ဤနည်းမြုပ်မျော၊ သံသာကြော၊ မဟောအာဒိစ။
ငွေ့ကုန်လူပန်း၊ ထင်ရာရမ်း၊ အကန်းဒုက္ခိတ။
အနမ္တကမ်း၊ သံသာကြမ်း၊ တင်းကျမ်း တိဒုက္ခ။

**တရားသား**　ဒကာ ဒကာမတွေ ဒီကနေ့လဲ မနေ့က ပဋိစ္စ သမုပ္ပါဒ်တရား အဆက်ကိုဘဲ ဟောလိမ့်မယ်လို့ မှတ်ကြ၊ ဒကာဒကာမတို့ အခုလက်ရှိ ခန္ဓာကို ဘယ်သူက ဖြစ်စေသလဲ? မိဘတို့က ဖြစ်စေတယ် ဆိုဒါလဲ တစိတ် တဒေသ သာ ဟုတ်တယ်၊ အကုန်မဟုတ်ဘူး၊ အကြောင်းမလုံလောက်ဘူး၊ ရှင်းပလား? ဗြဟ္မာ, သိကြား, ထာဝရ စတဲ့ အယူတွေလဲ မမှန်ဘူး၊ မိစ္ဆာ အယူတွေဘဲ၊ ဒီမိစ္ဆာ အယူက လွတ်ချင်သူဟာ၊ ဒီ ပဋိစ္စ သမုပ္ပါဒ်တရားကို ကြိုးစားပြီး နာယူရမယ်၊ ဒီဘရားကို နားလယ်မှသာ ဒိဋ္ဌိ အယူမျိုးတွေက လွတ်နိုင်ကြမှာ၊ သဘောပါကြရဲ့လား?

ဒီပဋိစ္စသမုပ္ပါဒ်တရားဟာ၊ဘုရားမပွင့်လဲ သူ့ သဘာဝအတိုင်း ရှိနေဒါဘဲ၊ ဘုရားပွင့်တဲ့အခါလဲ ရှိဒါဘဲ၊ ဒီဓမ္မသဘာဝ သဘော တရားတွေဟာ အမြဲတည်ရှိနေတယ်လို့ မှတ်ကြ။ ဒါပေမဲ့ ဘုရား မပွင့်တဲ့အခါမျိုးမှာ၊ ဘယ်နတ်, ဗြဟ္မာ, ဘယ်သတ္တဝါမျိုးမှ မသိနိုင်ကြဘူး၊ ဘုရားကလွဲရင်,ဘယ်သူမှ သိနိုင်ခွင့် မရှိကြဘူး၊အင်မတန် သိမ်မွေ့နက်နဲ ခက်ခဲလှတဲ့ သဘာဝမျိုးဖြစ်လို့၊ သဗ္ဗညု ဘုရားရှင်တို့ အရာသာဖြစ်ထယ်လို့ မှတ်ကြ၊ ရိပ်မိကြပလား?

အဲဒီတော့ ဒီပဋိစ္စသမုပ္ပါဒ် ဖြစ်ပုံ–ပျက်ပုံ အလုံးစုံကို ကိုယ်တိုင် ပိုင်ပိုင်နိုင်နိုင် ထွင်းဖေါက်ပြီး, အကုန်သိမြင်တော်မူတယ်၊ ဘုရားက ပဋိစ္စသမုပ္ပါဒ် အစကိုလဲ သိမြင်တော်မူတယ်၊အလယ်နဲ့

အဆုံးကိုလဲ့ သိမြင်တော်မူတယ်၊ ရိပ်မိကြပလား? ဘုရားရှင်က ပဋိစ္စသမုပ္ပါဒ်ရဲ့အစကို သိတော်မူလို့ သံဝေဂဉာဏ် ပွါးတော်မူတယ်၊ အဆုံးကိုသိလို့လဲ ဘုရားဖြစ်တယ်၊ ဘုရားအဖြစ် ရောက်တော်မူတယ်လို့ မှတ်ကြ၊ သဘောပါကြရဲ့လား?

ဘုန်းကြီးတို့ ဒကာဒကာမတွေလဲ "ကိုယ့်အတန်းနဲ့ကိုယ်" ပဋိစ္စသမုပ္ပါဒ်ရဲ့အစလဲ သိကြရမယ့်အဆုံးကိုလဲ သိကြရမယ်ဆိုဒါ မှတ်လိုက်ကြ။ ဒီလိုသိမှ ဒိဋ္ဌိ၊ဝိစိကိစ္ဆာ ကင်းမယ်၊ ဒါမှ မဂ်ရမယ် ဆိုဒါ ဆုံးဖြတ်ချက်ချ။ ဒကာဒကာမတွေ ဒိဋ္ဌိ၊ဝိစိကိစ္ဆာ မကင်းရင်၊ ဝိပဿနာအာပေါက်အောင် အားထုတ်ပေမဲ့လဲ မရနိုင်ဘူးလို့သာ မှတ်လိုက်ကြ၊ ရှင်းပလား? ပဋိစ္စသမုပ္ပါဒ်ကို နားမလည်ရင်၊ ဒိဋ္ဌိ ဝိစိကိစ္ဆာ မကင်းဘူး၊ ပဋိစ္စသမုပ္ပါဒ် နားလည်မှသာ ဒိဋ္ဌိ၊ဝိစိကိစ္ဆာ ကင်းနိုင်မယ်၊ ဒီ ဒိဋ္ဌိ၊ဝိစိကိစ္ဆာ ကင်းမှ အားထုတ်ရမယ်၊ အဲဒါမှ မဂ်ဉာဏ်ရမယ်ဆိုဒါ မှတ်ထားကြ။

> ဒကာဒကာမတို့ ဘုရားရှင်ရဲ့အပေါ်၊ ဟောညွှန်ပြသဲ့ ဆရာသွားအပေါ်မှာ ယုံကြည်ပီး၊ကြိုးစား အားထုတ်ကြလို့ သတိပေးလိုက်ပါတယ်၊ ရိပ်မိကြပလား?

အခု ဒကာဒကာမတွေ ဘယ်ထဲမှာ ရောက်နေကြသလဲ? စက်ဝိုင်း ပြန်ကြည့်ကြ၊ နံပါတ် ၂ အကွက်ထဲ ရောက်နေကြတယ်၊ ပစ္စုပ္ပန်အကျိုး ငါးပါးဆိုတဲ့ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ဝေဒနာ၊ဒီခန္ဓာငါးပါးထဲရောက်နေကြတယ်၊မြင်ကြပလား?

ဒီထဲမှာ ပဋိသန္ဓေ ဝိညာဏ်နဲ့လဲ နေခဲ့ကြဘီ၊ အခုပဝတ္တိဝိညာဏ်နဲ့လဲ နေနေကြရတယ်၊ ဒါက အိပ်နေဆဲအခါမှာ၊ မသေအောင် စောင့်ရှောက်နေတဲ့ ဘဝင်စိတ်ကို ခေါ်ဒါဘဲလို့မှတ်လိုက်ကြ။

နောက်ပြီး, နာမ်တွေ,ရုပ်တွေ,စက္ခု,သောတ,စတဲ့ အာယတန တွေ,ဖဿတွေ,ဝေဒနာတွေ, အာရုံခံစားတဲ့ ဝေဒနာတွေကရှိပြီး နေကြတယ်၊ ရှင်းကြရဲ့လား? ဒီထဲမှာ ပဋိစ္စသမုပ္ပါဒ်က ငါးခု၊ ငါးခုကို ခန္ဓာဖွဲ့ရင်၊ ခန္ဓာငါးပါးဘဲ ရတယ်။ ၂, နံပါတ်ကြည့်လိုက်ကြ။ ပဋိစ္စသမုပ္ပါဒ်အရနဲ့ကြည့်တော့၊ ဝိညာဏ်, နာမ်ရုပ်, သဠာယတန,ဖဿ, ဝေဒနာ, တွေနဲ့ နေတယ်ဆိုဒါ ထင်ရှားဘီ၊ အတွင်းဘက် သစ္စာပိုင်းကြည့်တော့၊ ဒုက္ခသစ္စာပိုင်းမှာ ကျနေကြတယ်။

ဒီတော့ ဒကာတို့ အခုလက်ရှိ ပစ္စုပ္ပန်ခန္ဓာဟာ၊ဘယ်သစ္စာ ထဲမှာလဲ? ဒုက္ခသစ္စာထဲမှာဘဲ၊ ဒီတော့ ခန္ဓာမှာ ဘာပေါ်ပေါ် ဒုက္ခဘဲဆိုဒါ မှတ်ရမယ်၊ ရှင်းပလား? ဒါကြောင့်,ခန္ဓာမှာ ရုပ်ဘဲ ပေါ်ပေါ်, နာမ်ဘဲပေါ်ပေါ် ဒုက္ခဘဲလို့သာ မှတ်ကြတော့၊ ဘယ်အခါရှုရှု,ဒုက္ခသစ္စာချည့်ဘဲ၊ ဒိပြင် ဘာမှမပါဘူး။ ခန္ဓာမှာ ဖြစ်မှု,ပျက်မှု,ဟူသရွေ့ ဒုက္ခသစ္စာဘဲတဲ့၊ သဘောပါကြရဲ့လား? အဲဒီ ဒုက္ခသစ္စာဟာ ပစ္စုပ္ပန် အကျိုး တလွှာဘဲ၊ စက်ဝိုင်းထဲမှာ တွေ့ကြရဲ့လား?

ပစ္စုပ္ပန်အကျိုးဟာ ဒုက္ခသစ္စာ၊ ဒီတော့ အခု ဒကာတို့လက် ရှိရထားတဲ့ ခန္ဓာဟာ၊ ဘာသစ္စာလဲ? ဒုက္ခသစ္စာ။ လူ့ဘဝ ဘာ

သစ္စာတုံး? ဒုက္ခသစ္စာ၊ ရိပ်မိကြပလား? " သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ၊"လို့ ဘုရားဟောတော်မူထားတယ်၊ ဒါကြောင့် ဖြစ်ပေါ်သမျှ အားလုံး ဒုက္ခသစ္စာချည့်ဘဲဆိုဒါ ကျေနပ်ပလား? ခန္ဓာမှာ ဉာဏ်နဲ့ကြည့်တော့ ဖြစ်ပျက်ဒုက္ခဘဲ ရှိတယ်၊ ဖြစ်ဒုက္ခ, ပျက်ဒုက္ခ, ရနေဒါဘဲဆိုဒါ သိမြင်ရမယ်၊ ဘာကိုဘဲ ကြည့်ကြည့် ဖြစ်ပျက်ဘဲ ရှိဘယ်၊ ဒါကြောင့်—ခန္ဓာတခုလုံး ရှိသမျှ ဒုက္ခသစ္စာ ချည့်ဘဲလို့သာ မှတ်ကြ။

ဒကာဒကာမတွေ သဘောပါကြပလား? ဒကာတို့ အခု လူ့ဘဝရဒါဟာ ဒုက္ခသစ္စာရဒါဘဲ၊ ရှင်းပလား? ဒီတော့ လူ့ချမ်းသာဆိုဒါ ဘယ်မှာတုံး? လို့ မေးလိုက်ပါတယ်၊ ခန္ဓာငါးပါးဟာ ဒုက္ခသစ္စာတရားကြီး။ လူ့ချမ်းသာဆိုဒါ မပါ ပါဘူး။ ဒကာဒကာမတွေက " လူ့ချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာ, အကြိမ်ကြိမ် ခံစား, စံစား, ရပါလို၏"လို့ ဆိုပြီး ဆုပန်နေကြတယ်၊ အဲဒီလိုဆိုဒါ မှန်ပါ့မလား? မမှန်တော့ဘူး၊ တက်တက်စင် လွဲနေကြဘီ၊ ငါးပါးမှောက်နေဘီဆိုဒါ မှတ်ကြတော့။

ဒီသို့ဆိုတော့ ဒကာ ဒကာမ တွေကို ဘယ့်နှယ် ဆိုရမလဲ? "အကြိမ်ကြိမ် ဒုက္ခဘဲမှာ နေရ၍၊ အကြိမ်ကြိမ် ဒုက္ခခံစားရပါလို၏"လို့ ဆိုလိုက်တာဘဲ၊ ရိပ်မိကြ ပလား? ဒုက္ခကို ဒုက္ခမှန်းမသိကြလို့ ပါးစပ်က ထွက်ရက်တာဘဲ၊မကောင်းဒါကို မကောင်းမှန်းသိရင် တောင်းပါ့မလား? မတောင်းဘူး၊ အမှန်အကန်သိရင်

ဝီအသံမျိုး ပါးစပ်က ထွက်ရက်ပါ့မလား? မထွက်ရက်ပါဘူး၊ ကျေနပ်ပလား?

ဒကာဒကာမတို့ ကြင်ကြပ်သတိပြုကြ၊တောင်ဝှေးဆွဲ—လှဲရင် ခက်မယ်၊ တောင်ဝှေးဆွဲ— ညံ့ရင် ညံ့တဲ့အထဲ ပါသွားမယ်၊ ကောင်းရင့် ကောင်းတဲ့အထဲ ပါသွားမယ်၊ တောင်ဝှေးဆွဲ လွဲရင် ဒုက္ခချောက်ထဲ ကျရမယ်ဆိုဒါ မှတ်လိုက်ကြ။တောင်ဝှေး လဲ ကြည့်ပြီး ဆွဲရမယ်၊ သဘောပါကြရဲ့လား? ဒကာဒကာမတွေ စဉ်းစားကြ၊ ၂—နံပါတ် ဒုက္ခသစ္စာ အဖန်ဖန် ဖြစ်ရပါလို၏လို့ တောင်းကောင်းသလား? မတောင်းကောင်းဘူး၊ဉာဏ်နဲ့စဉ်းစား ကြပါ။ နောက်ပြီး ပါလိုက်သေး ခံစား စံစားပြီး အဆုံးစွန် သောဘာဝမှာတဲ့၊ သူဆုံးချင်မှ ဆုံးမှာ၊ သူမဆုံးချင်ရင့် ဘယ် တော့မှ မဆုံးဘူးဆိုဒါ မှတ်လိုက်ကြ၊ ရှင်းပလား?

ဒကာတို့တတွေ နောက်တခါ တောင်းချင်သေးရင်၊ ဒီလိုဆို ပြီး တောင်းကြ။ "ဒီကုသိုလ်၏အကျိုးကြောင့် ဒုက္ခအကြိမ်ကြိမ် ခံစားရပါလို၏" လို့ တောင်းကြတော့၊ ဘယ့်နှယ်— တောင်းရဲ ပါ့မလား? ဒါမှ တောင်းရဲတဲ့သူ ဆိုရင်— အာဂလူဘဲ၊ အတော် မိုက်တွင်းနက်တဲ့ သူမို့ဘဲလို့သာ မှတ်လိုက်ကြ၊ ကျေနပ်ပလား? အခုကို ဒကာဒကာမတွေ ၂—နံပါတ် ဒုက္ခချောက်ထဲ ကျနေကြ ရတယ်၊ ဒါဘာလို့လဲ? ဒီချောက်ထဲ ဘာ့ကြောင့် ဆင်းမိသလဲ? ရိပ်မိကြရဲ့လား?

၁— နံပါတ်အကွက်ကို ပြန်ကြည့်ကြ၊ အစက— အဝိဇ္ဇာကို တွေ့ကြရမယ်၊ အဝိဇ္ဇာ ဆိုဒါ ဒုက္ခသစ္စာကိုမသိမှုဘဲ။ ၂—နံပါတ် ဒုက္ခချောက်ထဲ ဆင်းမိဒါ ဒီဒုက္ခသစ္စာ မသိမှု အဝိဇ္ဇာကြောင့်ဘဲ ဆိုဒါ ပေါ်ကြလား? ဒီ အဝိဇ္ဇာကြောင့်— ဘုံဘဝကို လိုချင်တဲ့ သင်္ခါရကို ပြုလိုက်တယ်၊ ပြုလိုက်တဲ့အတွက် သေပြီးတဲ့ နောက် ကာလမှာ၊ ဒီ နံပါတ် ၂, ဒုက္ခသစ္စာ ပြန်ရတော့ဒါဘဲ၊ ဒီလို ရ,ရဒါ မသိလို့ ရခဲ့ဒါဘဲဆိုဒါ မှတ်လိုက်ကြ၊ ရှင်းကြပလား?

ဒီ ဒုက္ခရဒါ အဝိဇ္ဇာနဲ့ ဖောင်းယူလို့ ရဒါဘဲ၊ အဝိဇ္ဇာနဲ့ သင်္ခါရတွေလုပ်, လုပ်ပြီးတောင်းယူ, ဥပါဒါန်နဲ့ စွဲလမ်း, ရိပ်မိကြ ပလား? ဒကာဒကာမတွေက ဘုံဘဝ ရစေတဲ့ ကုသိုလ်သင်္ခါရ တွေ လုပ်လိုက်တော့၊ ဒုက္ခသစ္စာကို သေသည်၏ အခြားမဲ့မှာ ရလာဒါဘဲ၊ အကောင်းထင်လို့ တောင်းယူမိဒါ အလောင်းဘဲ အဖတ်တင် ခံရတယ်၊ ဒကာတို့ဟာက ငွေကုန်,လူပန်းဘဲ၊ ငွေကုန် လူပန်းဆိုတော့ ကြောက်စရာကြီးဘဲ၊ သဘောပါပလား?

ဒကာဒကာမတို့က အမှန်အကန်မသိလို့ လူ,နတ်,ဗြဟ္မာကို ချမ်းသာလို့ ထင်မိကြတယ်၊ ချမ်းသာထင်ပြီး, လိုချင်လို့ လုပ် လိုက်တော့ ဒုက္ခသစ္စာကြီး ရလာကြတယ်၊ ဒီတော့ ဒကာတို့ဟာ က ဒီ ၁—ပါတ်မှာ ငွေကုန်ခဲ့ကြရပြီး, ဒီဘက် ၂—နံပါတ်ထဲမှာ လူပန်းကြရတယ်၊ ဒုက္ခသစ္စာကြီး ထမ်းပြီး, လူပန်း နေကြရဘိ၊ ရိပ်မိကြပလား?ဒကာတို့တတွေ အင်မတန်ကိုတောင်း,အကြောင်း

သင့်ကြလို့ အခုလို သိနိုင်မြင်နိုင်တဲ့ အခွင့်အခါမျိုး ကြုံတွေ့လာရဒါ၊ ကြိုးစားယူလိုက်ကြ။

သစ္စာသိနိုင်တဲ့ အခွင့်အရေးဟာ နဲတဲ့အခွင့်အရေး မဟုတ်ဘူး၊ လွယ်ကူတဲ့ အခွင့်အရေးမျိုးလဲ မဟုတ် ပါဘူး ဆိုဒါ မှတ်လိုက်ကြ။ အဝိဇ္ဇာက သစ္စာမသိတော့ သင်္ခါရအလုပ်တွေ ဉာဏ်မပါဘဲ ရမ်းပြီးလုပ်လိုက်ကြ၊ မသိတဲ့သူ လုပ်လေသမျှ အမှန်ကျပါ့မလား? မကျနိုင်ဘူး၊ ဘာ့ကြောင့်လဲ? မသိတဲ့သူ လုပ်တာမို့ဘဲ၊ ရှင်းပလား? မသိသူက ကုသိုလ်ပြုတော့ "သင်္ခါရပစ္စယာ ဝိညာဏံ" ဆိုပြီး ဝိညာဏ်နာမ်ရုပ်သဠာယတနဖဿဝေဒနာ ဒုက္ခသစ္စာကြီး ရလာဒါဘဲ၊ ရှင်းကြရဲ့လား?

ဒကာဒကာမတွေ ၁–အကွက်နဲ့ ၂–အကွက် ကြားမှာ မြှားကလေးရှိတယ်၊ အဲဒီ အလယ်မြှားကလေးကိုကြည့်ကြ။ မသိတဲ့သူ ကုသိုလ်ပြုဘော့ ဘာတွေရသလဲ? မသိဒါက အဝိဇ္ဇာ၊ ပြုဒါက သင်္ခါရ၊ ဒီ အဝိဇ္ဇာနဲ့ သင်္ခါရရှိတော့၊ ဒီဘက်က ဝိညာဏ်နဲ့စပ်သွားတယ်။ ဒီ ၁–အကွက်က သင်္ခါရနဲ့ ၂–အကွက်က ဝိညာဏ် စပ်နေတယ်၊ မြှားလေး မြင်ကြပလား? ဒကာဒကာမတွေ မသိတဲ့သူလုပ်တော့ အဝိဇ္ဇာ,သင်္ခါရနဲ့ စပ်နေဘီ၊ ရှင်းကြရဲ့လား?

အတိတ်ဘဝက ဒုက္ခသစ္စာမသိလို့ ဒုက္ခရကြောင်း ကုသိုလ်လုပ်၊ သေပြီးတဲ့နောက်မှာ၊ ဒီမှာ ဒုက္ခသစ္စာ ပြန်ရလာတယ်၊

ထခု ပစ္စုပ္ပန်မှာ ဧကာတို့ ရလာကြဒါကိုပြောဒါ၊ အခု ပစ္စုပ္ပန်မှာ ပဋိသန္ဓေဒုက္ခ ဝိညာဏ်ကစ ရခဲ့ကြတယ်၊ အိုဘေး, နာဘေး, ဇရာဒုက္ခ, ဗျာဓိဒုက္ခ တွေကလဲ အခု ရနေကြတုန်း ရှိသေးတယ်၊ မရဏဒုက္ခ, သေဘေးကလဲ မလွတ်ကြသေးဘူး၊ ဒကာတို့နေရဒါ ဒုက္ခသစ္စာနဲ့ချည့် နေကြရဒါ၊ ဒါဘာကြောင့်လဲ? အဝိဇ္ဇာ, သင်္ခါရက ပြုလိုက်တာဘဲ၊ သဘောပေါ်ပလား?

ဒီ ခန္ဓာ သိကြားပြဲ့ဟုမှာ, ဘယ်သူမှ ဖန်ဆင်းဒါ မဟုတ်ဘူး၊ အဝိဇ္ဇာ, သင်္ခါရကြောင့် ဖြစ်ရဒါဘဲ၊ ရှင်းကြပလား? ဒကာတို့ တတွေ စိတ်ဝိညာဏ်တွေနဲ့ နာမ်ရုပ်တွေနဲ့ အာယတနတွေနဲ့ နေကြရဒါဟာ မသိတဲ့ အဝိဇ္ဇာကြောင့် ပုညာဘိသင်္ခါရ ဆိုတဲ့ ကုသိုလ်သင်္ခါရ ပြုလုပ်ကြ၊ လုပ်တော့ အကျိုးတရား ပေါ်လာတယ်၊အကျိုးတရားက ဘာသစ္စာလဲ? ဒုက္ခသစ္စာဘဲ၊ ဒီ ဒုက္ခသစ္စာ ဘာကြောင့် ရသလဲ? မသိလို့ ပြုလုပ်၊ ပြုလုပ်လို့ ရရှိလာတယ်၊ မသိလို့ လူဒါန်း၊ ဒါကြောင့်— ဒုက္ခသစ္စာ ရလာဒါဘဲ၊ ရှင်းကြ ရဲ့လား?

ဒကာဒကာမတွေ အခု ဘေးကင်းကြသေးရဲ့လား?ဘေးတွေ မျိုးစုံနဲ့ အရှုံးဖြင့် တန်းကုန်ကြဘီ၊ ရိပ်မိကြရဲ့လား? မသိတဲ့ အဝိဇ္ဇာနဲ့ ပြုလုပ်တဲ့ကုသိုလ်ကြောင့် သေသည်၏ အခြားမဲ့မှာ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ဒီ ခန္ဓာငါးပါး အခု ရထားဘီ၊ ဒါက—ဘာသစ္စာလဲ?ဒုက္ခသစ္စာ၊ဒီ ဒုက္ခသစ္စာတ

ပစ္စုပ္ပန်အကျိုးတရား၊ သူရဲ့အကြောင်းက အဝိဇ္ဇာ, သင်္ခါရတွေဘဲ၊ ဇော်ဝိုင်းပြန်ကြည့်ကြ၊ မြင်ကြရဲ့လား?

သစ္စာမသိတဲ့ အဝိဇ္ဇာ စီမံသလို သင်္ခါရကပြုတော့၊ဒုက္ခသစ္စာရထားဒါပေါ့၊ဟုတ်ကြရဲ့လား? အဝိဇ္ဇာနဲ့ သင်္ခါရက သမုဒယသစ္စာ၊ ဇော်ဝိုင်း အတွင်းဘက်မှာ ပြန်ကြည့်၊ မြင်ကြရဲ့လား?။ အဝိဇ္ဇာဆိုဒါ သစ္စာလေးပါး မသိဒါကိုခေါ်ဒါ၊ မသိလို့ အတိတ်က ကုသိုလ်သင်္ခါရ ပြုကြ၊ ပြုတော့—လူ့ဘဝ,နတ်ဘဝ, လိုချင်တဲ့ ကုသိုလ်ပြုကြဒါ၊ ဒီတော့—ဇာတိဒုက္ခ အခု အသင့်ရဘီ၊ ရှေ့ဆက်သွား ဇရာပိ ဒုက္ခသစ္စာ၊ ဗျာဓိပိ ဒုက္ခသစ္စာ၊ မရဏမ္ပိ ဒုက္ခသစ္စာ၊ လေးချက် တဆက်ထဲရမယ်၊ ရမှာက ဒုက္ခသစ္စာတွေချည့်ဘဲ။

ဥပမာအားဖြင့်ဆိုရင်၊ လူတယောက်ကို "မင်း— ဒီချောက်ကမ္ဘားပေါ်ကနေပြီး,အောက်ကို ခုန်ချလိုက်ပါ၊ခုန်ပြီးချလိုက်လို့ အောက်ရောက်ရင်၊ နတ်သမီးကလေးကို ရလိမ့်မယ်၊" လို့ ပြောတော့၊ အဲဒီလူက ခုန်ချလိုက်တော့ အရိုးအသား,ရှာမရအောင်ကျေမွ,ပျက်စီး သွားရရှာတယ်၊ နတ်သမီးတော့ မရရှာဘူး၊ အဲဒီဥပမာလိုဘဲ ဒကာတို့တတွေလဲ လူ့ဘဝ,ဆိုတဲ့ နတ်သမီး လိုချင်လို့ ခုန်ချလိုက်တာ တခါထဲ အရိုး,အသား တခြားစီ ဖြစ်ရတော့မှာဘဲ၊ ရိပ်မိကြပလား?

အမှားအကြောင်းကြောင့်, အမှားအကျိုးကို ရကြတဲ့အဖြစ်နဲ့တော့ ကိုယ်တိုင်တွေ့နေကြရဘီ၊ ဒကာတို့မှာ အနာက ပေါက်

ပီးသား၊ ဆေးမကုဘဲနဲ့ ထပ်ပီး ကုတ်ဖွဲ့နေတယ်ဆိုရင် တော်ပါ့မလား? မတော်ဒါသိရင် ပြင်ကြ၊ ဒကာတို့က ဒီအတိုင်းဘဲ၊ ကုသိုလ်တွေ အမျိုးမျိုးပြုကြ၊ ပြုပီး— လူ့ချမ်းသာ, နတ်ချမ်းသာ တောင်းဒါဟာ၊ ဒီအတိုင်းပါဘဲ၊ ဒီဥပမာနဲ့ ထပ်တူဘဲ၊ အနာကို ထပ်ပီး, ကုတ်, ဖွဲ့ နေဒါဘဲလို့သာ မှတ်ကြ၊ သဘောပါကြပလား?

ဒကာတို့တတွေ, အတိတ် အကြောင်းကြောင့် အခုပစ္စုပ္ပန်မှာ အကျိုးထဲ နေကြရတယ် သမုဒယသစ္စာကြောင့်, အခု ဒုက္ခသစ္စာ ရနေကြတယ်၊ မကုတ်ကြ, မဖွဲ့ကြနဲ့၊ ထပ်မဆော့ကြနဲ့၊ ထပ်ပီး ဆော့ရင်၊ အနာဂတ်အကျိုးတွေလာအုံးမယ်၊နောက်ဒုက္ခ—သစ္စာ ရအုံးမယ်၊ ရိပ်မိကြရဲ့လား? ဥပမာ— လူတယောက်က ဒီ ကြမ်းပေါက်ကြားက ခုန်ချလိုက် ခုန်ချရင် ဘာတွေဘာတွေ ရလိမ့်မယ်လို့ ပြောတော့၊ လူမိုက်က—အဟုတ်မှတ်ပီး ခုန်ချလိုက်တယ်၊ ခုန်ချလိုက်တော့— ဒဏ်ရာ့အနာတရ အပြင်းအထန် ရသွားရှာတယ်။

လူမိုက်က, ခုန်ချဒါ မသိလို့ ခုန်ချဒါ၊ မသိဒါက—အဝိဇ္ဇာ၊ ခုန်ချလို့ရတဲ့ အနာက ဒုက္ခသစ္စာ။ ဒကာဒကာမတွေ သဘောပါကြလား? အဝိဇ္ဇာက သမုဒယကိုလဲ မသိဘူး၊ မသိတော့ တဏှာ, ဥပါဒါန်နဲ့ ဆုတောင်း, ဆုတောင်းတော့ ဒုတိယဘဝ ပြန်ရပါရော။ အဝိဇ္ဇာက—ဒုက္ခလဲမသိ၊ သမုဒယလဲ—မသိဘူး။ နိရောဓလဲ—မသိရှာဘူး၊ ဒီသစ္စာသုံးချက် မသိတော့၊ လူနာနဲ့

မသာဘဲ အဖတ်တင်ရဒါဘဲ၊ အဝိဇ္ဇာက မဂ္ဂသစ္စာလဲ မသိရှာဘူး၊ မသိတော့ ကုသိုလ်လုပ်ရင် နေရာကျတယ်လို့ ထင်တယ်။ သူပြုရတဲ့ ဒါနစေတနာနဲ့ နိဗ္ဗာန်ရောက်ကြောင်းလို့ ထင်မိတယ်။

ဒီလို အထင်နဲ့ ရမ်းပြီး လှူဒါန်းမိတော့၊ ဒုက္ခသစ္စာဘဲ ပြန်ရ ပြန်တယ်၊ ရှင်းကြရဲ့လား? သစ္စာလေးချက် မသိတဲ့အတွက် လုပ်သမျှ အမှားချည့်ဘဲ၊ မသိဘဲလုပ်တော့ ပြန်ရဒါဟာ ဒုက္ခသစ္စာချည့်ဘဲ ပြန်ရနေတယ်၊ သဘောပါကြပလား? ဒီအဝိဇ္ဇာတာ သားရေး,သမီးရေး,စီးပွါးရေး, အတွက်နဲ့ လိမ်ကောက်ပြီး ရှာဖွေမယ်,ကျွေးမွေးမယ်၊ ဒီတော့ အပါယ်သွားရမယ်၊အင်မတန်ကုံကောင်းထောက်မလိုက်လို့ သံသရာက ပေါ်ဘို့လမ်းစရလာဒါ၊ အပါယ်သံသရာကပေါ်လာကြဒါ၊ ဒီလိုနဲ့ သေပြန်တော့၊အပါယ်ခန္ဓာ ပေါ်လာပြန်တယ်၊ ဒါဟာ– အကုသိုလ်သင်္ခါရကြောင့်ဘဲ။

ဒတာဒကာမတွေ ကောင်းနိုင်ကြ ပါအုံးမလား? အဝိဇ္ဇာက သစ္စာလေးပါး မသိတော့၊ နောက်က– အကုသိုလ်သင်္ခါရ လာတယ်၊ ဒီလို အကုသိုလ် သင်္ခါရ ပစ္စယာ လာတော့၊ နောက်က ဝိညာဏ်စတဲ့ အပါယ်ခန္ဓာလာတော့ဒါဘဲ၊သဘောပါကြရဲ့လား? အဝိဇ္ဇာပစ္စယာ ကုသိုလ် သင်္ခါရကတမျိုး၊ အကုသိုလ် သင်္ခါရက တမျိုး၊ မသိလို့ ကုသိုလ်ပြုဒါလဲ ဒုက္ခသစ္စာဘဲရတယ်။ မသိလို့ အကုသိုလ် ပြုဒါဟာလဲ ဒုက္ခသစ္စာ ရဒါဘဲ၊ ဘာများပိုပြီး ထူးခြားသေးတုံး?

ဒကာတို့တတွေ ရိပ်မိကြရဲ့လား? လောကမှာ ပြောကြတဲ့ စကား တခုရှိတယ်၊ ဘယ်လိုလဲဆိုတော့ " ကျောင်းဒကာနဲ့- နွားသတ်တဲ့သူဟာ၊ အတူတူပါဘဲ " တဲ့၊ အဲဒီသို ပြောဒါဟာ သစ္စာနဲ့ပြောတဲ့ စကားဘဲလို့ မှတ်ကြ၊ အဓိပ္ပါယ်က-ကျောင်း ဒကာလဲ သေတော့ ဒုက္ခသစ္စာ ပြန်ရမှာဘဲ၊ နွားသတ်တဲ့လူလဲ သေတော့ ဒုက္ခသစ္စာ ပြန်ရရမှာဘဲ၊ မထူးပါဘူးတဲ့။ သစ္စာနဲ့ ပြောရင်, မထူးကြဘူး။ တကယ်တော့လဲ မတူကြဘူးပေါ့။ ဒုက္ခ သစ္စာချင်းတူပေမဲ့၊ သုဂတိဒုက္ခသစ္စာနဲ့ ဒုဂ္ဂတိ ဒုက္ခသစ္စာလို့ ကောင်းဒါ, ဆိုးဒါ, ကွာတယ်လို့ မှတ်ကြ။

ဘုန်းကြီးတို့ ဒကာဒကာမတွေ သိထားဘို့က ဒုက္ခ သစ္စာမှန်ရင်၊ ဘယ်ဟာမှ မကောင်းဘူးလို့သာ မှတ် လိုက်ကြ၊ ရှင်းပလား?

ဒကာဒကာမတွေ အဝိဇ္ဇာ, သင်္ခါရကြောင့်, ဒုက္ခသစ္စာရတယ်၊ ဒုက္ခသစ္စာကတော့ ဒုက္ခသစ္စာချည့်ဘဲ၊ ဒကာတို့ သုဂတိ, ဒုဂ္ဂတိ ဒုက္ခသစ္စာနှစ်ခု ဘယ်ဟာကို ကြိုက်ကြသေးသလဲ? မကြိုက်ကြနဲ့၊ ဒုက္ခသစ္စာချင်း အတူတူ၊ ဘယ်ဟာမှ မကြိုက်ကြနဲ့တော့၊ ပွေး ကိုင်းနဲ့-ဝမ်းရှောသေချဒါနဲ့၊ သရက်မျိုးကောင်းစားပီး, ဝမ်း ရှောသေချဒါနဲ့ ဘယ်ဟာမှ မကြိုက်ပါဘူး၊ သုဂတိ, ဝမ်းရှော နဲ့ ဒုဂ္ဂတိ, ဝမ်းရှော- ဘယ်ဟာမှ မကောင်းဘူး၊ သဘောပါကြ ရဲ့လား?

ဘာ့ကြောင့် – မကောင်းဒါလဲ? ဆိုတော့ အကြောင်းက မကောင်းလို့ဘဲ၊အကြောင်းမကောင်းတော့၊ အကျိုးကလဲတူနေ လို့ဘဲ၊ ဒုက္ခသစ္စာချည့်ဘဲမို့ ဘယ်ဟာမှ မကောင်းဘူး၊ ရှင်း ပလား? အခု ဒုက္ခသစ္စာကြီး ရထားဒါ ဘာလို့လဲ? အတိတ်က အကြောင်းတွေလို့ လွန်ခဲ့တဲ့ အတိတ်က ပြုခဲ့လို့ ဒုက္ခသစ္စာကြီး ရထားခဲ့ဒါ၊ ဘာမှလုပ်လို့ မဟုတ်ဘူး၊ သူ့အကြောင်းကဘာလဲ? အဝိဇ္ဇာ, သင်္ခါရဘဲ၊ ဒါဟာ– ဖြစ်ကြောင်း အစစ်ဘဲလို့ မှတ် လိုက်ကြ။

အဝိဇ္ဇာ,ရှိသူမှ ဒီသင်္ခါရကို ပြုမယ်၊ ရိပ်မိပလား? ဒုက္ခသစ္စာ မသိတော့ ကုသိုလ်သင်္ခါရပြုပီး,လူ့ဘဝ ရ,ရပါလို့၏တဲ့၊ ဒီတော့ ဒီဒုက္ခသစ္စာကြီး ရလာခဲ့တယ်၊ အခု ဒကာတို့တတွေ ဒီဒုက္ခက ရုန်းနိုင်ကြသေးရဲ့လား? မရုန်းနိုင်ကြဘူး၊ ဒီဒုက္ခက မလွတ်နိုင် ကြတော့ဘူး၊ ဟုတ်ကြရဲ့လား?ဗုဒ္ဓဘာသာကလွဲရင်၊ဘခြား ဘာ သာဝင်တွေမှာ၊ ဒီသစ္စာကို မသိနိုင်ကြဘူး၊ သိနိုင်တဲ့ အခွင့် အလမ်းပိတ်ပင်နေတယ်၊ဒါကြောင့်, ငါတို့ဟာ အလွန်ကံကောင်း ပါလားလို့ ရိပ်မိပီး, ကြိုးစားယူကြ။

အကုသိုလ်သင်္ခါရ လုပ်ပီး, အပါယ်ခန္ဓာ ဒုက္ခသစ္စာရကြမယ်၊ ဒီလိုဆိုတော့ အကုသိုလ်လဲ ကြောက်ရမယ်၊ မသိလို့ လုပ်တဲ့ ကုသိုလ်လဲ ကြောက်ရမယ်ဆိုဒါ မှတ်ကြ၊ ရှင်းပလား? ဒါကြောင့် အခု လောလောဆယ်ဆယ်, အလှူမင်္ဂလာ လုပ်ချင်နေတဲ့ ဒကာ တို့ကို ဆိုင်းပါအုံး–ခဏလောက်,နေစမ်းပါအုံးလို့ တားထား

ရတယ်။ ဒုက္ခသစ္စာက လွတ်အောင် လူတတ်ဘို့၊ လူတဘ်ဘဲညာဏ် အရင်လုပ်အုံး အရင် ရအောင်ကြိုးစားအုံး၊ ဒီ အသိညာဏ် ရပြီးမှ လူကြပါလို့" ပြောရတယ်၊

အသိညာဏ်ဟာ အလွန်ဘဲ အရေးကြီးပါတယ်၊အသိညာဏ်မရှိ ရင်၊ အမှားချည့်ဘဲ လုပ်မိတတ်တယ်။ ငွေကုန်ခံရကျိုး၊ လူပမ်း ခံရကျိုး နပ်အောင်၊ အသိညာဏ် အရင်ရအောင်၊ ကြိုးစားကြရ မယ်၊ ဒကာဒကာမတွေ သဘောပါကြရဲ့လား? မသိတဲ့ သူအဖို့ ရာမှာ၊ ဈာန်သမာပတ်တွေ အားထုတ်လဲဘဲ၊ ဗြဟ္မာခန္ဓာ ဒုက္ခ သစ္စာ ရမှာဘဲ။မသိတဲ့ အဝိဇ္ဇာနဲ့ သမထဈာန်သခါရ၊ ပြန်လုပ် တော့ ဗြဟ္မာခန္ဓာ ရလာတယ်၊ အဲဒါ—ဒုက္ခသစ္စာဘဲ ပြန်ရလာ တာဘဲ၊ ဘာများ ထူးသေးတုံး?

ဒီလိုဖြစ်ရဒါ ဘာသို့လဲ? အဝိဇ္ဇာ အုပ်ချုပ်လို့ဘဲ၊ အဝိဇ္ဇာ အုပ်ချုပ်ဘာဖြစ်လေတော့ နိဗ္ဗာန်ကို မပါဘူး ဒုက္ခချည့်ဘဲ ရလာ တော့တယ်၊ ဒကာဒကာမတွေ သဘောပါပလား? ကုသိုလ်လုပ် ပေးမယ့် ဆေးဖြစ်မှသာ ကောင်းတယ်၊ ဘေးဖြစ်ရင်မကောင်း ဘူးလို့သာ မှတ်လိုက်ကြ ရှင်းကြရဲ့လား? အရေးကြီးတဲ့ အသိ ညာဏ်က ခန္ဓာသိတဲ့ညာဏ်ဘဲ၊ ခန္ဓာမှာ ညာဏ်ရောက်ရမယ်၊ ရိပ်မိ ပလား? ဒုက္ခသစ္စာ ခန္ဓာမှာ ညာဏ်ရောက်ပြီး၊ ဒီခန္ဓာဒုက္ခကလွတ် လို့ ကျွတ်လိုလို့ ဤဒါန ဝတ္ထုများကို ပေးလှူ ပါတယ်လို့ စိတ်ကို ညွတ်ရမယ်။

ဒကာတို့တတွေ သဘောပေါက်ကြရဲ့လား? ဒီခန္ဓာဒုက္ခက လွတ်ချင်လို့ ကျွတ်လိုလို့ လှူဒါန်းပါတယ်ဆိုရင် ဒုတိယဒုက္ခသစ္စာမသာတော့ဘူး၊ လှူတုန်းကဘဲက ဒီဒုက္ခကိုကြောက်လို့ ဒီဒုက္ခကလွတ်လိုလို့ လှူဒါန်းဒါဘဲ၊ ဒီတော့—နောက်ဒုက္ခ ချုပ်ပြီး နိဗ္ဗာန်ဘဲလာတယ်၊ ရှင်းကြရဲ့လား? ပဌမ ဒုက္ခကို ဒုက္ခမှန်းသိတို့ ဒီလိုသိမှလဲ့ ကြောက်ဉာဏ်လာမှာ၊ တကယ်သိပြီး တကယ်ကြောက်တော့ ဒီဒုက္ခက လွတ်ချင်မယ် လွတ်ချင်တဲ့စိတ် ရှိမှသာ လွတ်အောင်ကြိုးစားမှာ၊ ဟုတ်ရဲ့လား? ဒါကြောင့် အခုနှယ်က၊ အင်မတန်ကြောက်စရာကောင်းတဲ့အနေ့ ဉာဏ်ရောက်ဘို့လိုတယ်၊ ဉာဏ်နဲ့သိအောင် ကြိုးစားရမယ်။

ဒကာဒကာမတွေ စဉ်းစားကြပလား? အခု စက်ဝိုင်း ပြန်ကြည့်လိုက်ကြ။ ဒကာတို့တတွေဟာ (၁)အကြောင်း အားထုတ်ခဲ့လို့၊ အခု (၂) အကျိုးဒုက္ခ ရလာကြဘယ်၊ (၃)အကြောင်းကို အခု ပြန်ပြီးအားထုတ်ကြရင် (၄) အကျိုးဒုက္ခတွေ ပြန်ရလာအုံးမယ်၊ ရှင်းကြရဲ့လား? (၃)အကြောင်းက (၂)ထဲကဖေါက်ထွက်လာဒါ၊ အခု ဒကာတို့ဘတွေ (၂)ထဲရောက်နေတုန်းရှိသေးတယ်၊ ဒီ (၂)ထဲရောက်နေတုန်းမှာ၊ ဝိပဿနာ အားထုတ်မှ ဖြစ်မယ်၊ မထုတ်ရင် သစ္စာမသိနိုင်တော့ဘူး၊ ရိပ်မိကြပလား?

သစ္စာမသိတော့—နောက်ဘဝ ဒီထက် ချမ်းသာဒါ လိုချင်တယ်ဆိုပြီး ကုသိုလ်သင်္ခါရတွေ ပြန်အားထုတ် ပြန်ပြီးလုပ်လိုက်

ကြ၊ အဲဒီတော့—သေသည်၏ အခြားမဲ့မှာ ဒီဘက် (၄)နံပါတ် အကွက်က အနာဂတ်ဒုက္ခသစ္စာကြီး ပြန်ရတော့မယ်၊ ရမှာသေချာတယ်၊ ရိပ်မိကြရဲ့လား? အခု ဒကာတို့ကို ပြောနေဒါဟာ (၂)ထဲမှာပြောနေဒါ၊ ဒီထဲမှာ (၃) တရားမပါကြစေနဲ့၊ (၃) နံပါတ်အကြောင်းတရား သမုဒယသစ္စာတွေ မပွါးမိကြစေနဲ့လို့ သတိပေးလိုက်တယ်။ (၂)က—၃, မပေါက်ပွါးကြစေနဲ့။

ဒကာဒကာမတွေ အခု သစ္စာမသိတော့— အဝိဇ္ဇာ,သင်္ခါရ, တဏှာ,ဥပါဒါန်,ဘဝ, ပြန်လုပ်ကြ၊ အဲဒါ—ဒုက္ခပင်က သမုဒယသီးတွေ ပြန်သီးဘီလို့သာ မှတ်ကြ။ ဒုက္ခပင်ကြီးက သမုဒယသီးတွေ ပြန်သီးလာတော့—အနာဂတ်, ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာ, ဒုက္ခသစ္စာ ပြန်ရကြမယ်၊ မြင်ကြပလား? စက်ဝိုင်းထဲမှာ ၂,အကွက်နဲ့ ၃,အကွက်ကို ပြန်ကြည့်ကြ။ အဲဒီ ၂,ထဲက အဆိပ်သီးတွေ သီးလာတယ်၊ ဘာတွေသဲ? ဆိုတော့— တဏှာ,ဥပါဒါန်,ကမ်, အဝိဇ္ဇာ, သင်္ခါရ,ဆိုတဲ့ အဆိပ်သီးတွေဘဲ ရှင်းပလား?

ဒီငါးပါး ပြန်လုပ်မိတယ်၊ အဲဒါ—ပဋိသန္ဓေ အကြောင်းအခြင်းအရာ ငါးပါးကဲ့၊ အဲဒီ အကြောင်းငါးမျိုး အဆိပ်သီးတွေ ပြန်သီးလာရင်,စပ်မယ်တဲ့၊ ၂,နဲ့ ၃, ကြားမှာ မြှားကလေးကိုကြည့်ကြ၊ စပ်မှာက ၃,ထဲက အနာဂတ်အကျိုးအခြင်းအရာ ငါးပါးနဲ့စပ်မှာကိုဆိုလိုဒါ။အနာဂတ်အကျိုးတွေနဲ့ စပ်သွားရင်၊ ဒုက္ခ

သစ္စာ ပြန်ရကြမယ်၊ သဘောပါပလား၊ ဒီ အနာဂတ် ဒုက္ခတွေ ဘာ့ကြောင့် ပြန်ရလာသလဲ? ဆိုတော့ အခု ၂,ထဲက ပစ္စုပ္ပန် အကြောင်း အဆိပ်သီးတွေ သီးမိလို့ဘဲတဲ့၊ ရှင်းကြပလား၊

ဒီတော့—ဒကာတို့ဟာ အတိတ် အကြောင်းကြောင့် ပစ္စုပ္ပန် အကျိုးရ၊ ပစ္စုပ္ပန် အကြောင်းကြောင့် အနာဂတ် အကျိုးရ၊ ဒီတော့—တပတ်ပြန်ရပြန်ဒါဘဲ၊ ဒကာတို့တတွေ ၁, ၂, ၃, ၄၊ ၁, ၂, ၃, ၄, ချည့် လယ်နေကြတယ်၊ ဒါဘဲ—လှဲ့ပတ်နေရတယ်၊ မြင်ကြပလား? သစ္စာဖွဲ့ရင်, သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ,နှစ်ပါး ထဲမှာဘဲ လယ်နေကြရတယ်။ သမုဒယကြောင့် ဒုက္ခဖြစ်၊ ဒုက္ခထဲ မှာ သမုဒယ ပြန်ဖြစ်။ ဒီကနေ—ဒုက္ခပြန်ဖြစ်ရ၊ ဒကာတို့တတွေ လယ်နေကြရဒါ၊ ဒီ့စက်ဝိုင်းမှာ ပါတဲ့အတိုင်းဘဲ၊ ဒီ တော့— ဖြတ်လမ်းပါသေးရဲ့လား? ဖြတ်လမ်းကို မပါတော့ဘူး။

ဒကာဒကာမတွေ ဘယ်လိုများ ကြံကြမတုံး? ဖြတ်လမ်း ရှာ ကြရမယ်၊ ကိုယ့်အဖြစ်မှန် သိရရင်၊ လွတ်ယမ်း,ထွက်လမ်း ရှာရ မယ်၊ သဘောပါကြပလား? ဖြတ်ဘို့နည်းက စက်ဝိုင်းပြန်ကြည့် လိုက်။ပစ္စုပ္ပန်အကျိုးတလွှာဆိုတဲ့ ၂,နံပါတ်နဲ့ပစ္စုပ္ပန်အကြောင်း တလွှာဆိုတဲ့ ၃,အကွက်ဟာ တခုနဲ့တခု စပ်နေတယ်၊မြှားလေး ပြထားဒါ ကြည့်လိုက် မြင်ပလား? ဒီအစပ်ကနေပြီး, နောက်က "တဏှာ,ဥပါဒါန်,ကမ္မဘဝ"ဆိုတဲ့ ဒီသုံး—မလာအောင် ဖြတ်ရ မယ်။

ဒီနောက်ကဲ့ တဏှာ,ဥပါဒါန်,ကမ္မဘဝ,ဒီသုံးခုမလာအောင် ဖြုတ်ရမယ်၊ ဒီဖြုတ်နည်းဟာ ထွက်လမ်းလို့ဘဲမှတ်ကြ။ ၂,ထဲက ၁ မပေါက်ပွါးအောင်, ဖြတ်ကြရမယ်၊ ၂,ထဲက ၃ မပေါက်ပွါးရင်၊ ထွက်လမ်းဘဲဆိုဒါ မှတ်ကြတော့၊ သဘောပါပလား? ထွက်လမ်းရအောင်, ဒီ—၂,ထဲကနေပြီး, ဉာဏ်နဲ့ဖြတ်ရမယ်၊ ဖြတ်လို့ပြတ်ရင်၊ ၃,ထဲက အကြောင်းသမုဒယတွေ ချုပ်သွားမယ်၊ ၃,အကြောင်းသမုဒယချုပ်ရင်၊ ၄,ထဲက အကျိုးဒုက္ခတွေ အကုန်သိမ်းဒါဘဲ၊ သိမ်းဒါနဲ့ နိရောဓ,ပေါ်ဒါနဲ့ တချက်ထဲဘဲ ရှင်းကြပလား?

ဖြတ်တဲ့နည်းကို နက်ဖြန်မှ ဆက်ပြောမယ်၊ ဒကာဒကာမတွေ သဘောပါကြရဲ့လား?

ကိုင်း, နာရီစေ့သွားဘီ၊ နက်ဖြန်မှ ဆက်ကြစို့။

# ဓမ္မရတနာ မာတိကာ

## "ပဋိစ္စရဟတ်၊ အမြစ်ဖြတ်, တရားတော်"

---

**သတိချပ်**

ဝေဒနာပစ္စယာ တဏှာ—ဒုက္ခစက် လည်မည်။
ဝေဒနာနိရောဓာ တဏှာနိရောဓော—ဒုက္ခစက်ပြတ်မည်။

ဝေဒနာ-နောက်က, တဏှာပင်ပေါက်လျှင်—ဒုက္ခရောက်မည်။
ဝေဒနာတွင်ဖြတ်၍-တဏှာမစပ်လျှင်, ဒုက္ခဇာတ် သိမ်းမည်။

**မှတ်ရန်**

ဝေဒနမိဒံ သမ္ဘဿထ၊ ပရိဇာနာထ ပုနပ္ပုနံ။
ဝေဒနာ သဘာဝံ ဝိဒိတွာန၊ ဒုက္ခဿန္တံ ကရိဿထ။

ဤဂါထာကား—ပါဠိတော်၌ တိုက်ရိုက် မလာသော်သည်း၊ ပေဋကောပဒေသ, ပိဋကတ်တော် စည်းမျဉ်းအရ၊ ရသင့်တိုင်း ထည့်လိုက်သော ဂါထာ, ဖြစ်ပါသည်။

(ရေးသားတင်ဆက်သူ)

**အနက်မြန်မာ** ကုဒ်ခဝေဒနံ၊ ခန္ဓာကာယ၊ တလံမျှဝယ်၊ ဖြစ်ပေါ်ကာလာကြသည့်၊ သုခ ဒုက္ခ၊ စရိုးါးဖြာ၊ ဤဝေဒနာကို။ သမ္မာသထ၊ ထပ်ထပ်ကြိမ်ဖန်၊ ရှုမှတ်ဉာဏ်ဖြင့်၊ သုံးသပ်ဆင်ခြင်ကြကုန်လော။ ကုဒ်ဝေဒနံ၊ သုခ ဒုက္ခ၊ စရှိဝေဒနာ၊ ဤငါးဖြာကို။ ပုနပ္ပုန်၊ တလုံလဲလဲ၊ အမြဲကြိမ်ဖန်၊ တရံ့ပြတ်၊ ဒရစပ်ဖြင့်။ ပရိဇာနာထ၊ ဝေဘန်ပိုင်းဖြတ်၊ မဂ်ဉာဏ်မြှတ်ဖြင့်၊ တပ်တပ်ထင်ထင်၊ သိမြင်ကြပါကုန်လော၊ ဝေဒနာ-ခဝေဒနာယ၊ သုခ ဒုက္ခ၊ စရှိငါးဖြာ၊ ဝေဒနာ၌။ သဘာဝံ၊ ဖြစ်ဟန် ပျက်ဟန်၊ သဘောမှန်ကို။ ဝိဒိတွာန၊ ကောန်ဒိဋ္ဌ၊ မဂ်ဉာဏ်ဖြင့်သိမြင်ရသည်ရှိသော်။ ဝါ၊ သိမြင်ရသဖြင့်။ ဒုက္ခဿန္တံ၊ ဒုက္ခအပေါင်းတို့၏ ချုပ်ဆုံးရာ နိဗ္ဗာန်ချမ်းသာမြတ်ကို။ ဝါ၊ နိဗ္ဗာန်ချမ်းသာမြတ်သို့။ ကရိဿထ၊ မုချပုံသေ၊ ရနိုင် ရောက်နိုင်ကြပေလိမ့်သတည်း။

---

ဆောင်ပုဒ်

ဝိပဿနာ၊ ဉာဏ်ဖြင့်ရှု၊ အဝိဇ္ဇာချုပ်စဲဘိ။

ခန္ဓာငါးခွင်၊ ရှုဉာဏ်ဝင်၊ အစဉ်ရှုမှတ်ကြည့်။

ဝေဒနာပေါ်၊ ရှုဉာဏ်မြော်၊ အလျော် ဖြစ် ပျက်သိ။

ဝေဒနာစဲ၊ တဏှာရှဲ၊ ပေါ်မြဲ မဂ်ဉာဏ်သိ။

မဂ်ဉာဏ်သတ်က၊ ကြောင်းငါးဝ ချုပ်ပကွယ်ပျောက်၏။

ပစ္စုပ္ပန်ကြောင်းကင်း၊ နောက်ကျိုးခြင်း၊ အလျှင်း သိမ်းတော့၏။

လောင်စာလည်းသိမ်း၊ မီးလည်းငြိမ်း၊ လွတ်ကိန်းနိဗ္ဗူတိ။

သတိချပ်

အဝိဇ္ဇာစ၊ သင်္ခါရ၊ ငါးဝခြယ်လယ်တတ်။
ကာမ,ရူပ၊ အရူပ၊ ဘဝထိုထိုရပ်။
ဗြဟ္မာ,နတ်,လူ၊ အပါယ်ဟူ၊ ဘုံသုံးလောကဓာတ်။
ဒုက္ခသင်္ချေ၊ တပေပေ၊ ဝဋ္ဋဗွေဆင်းရဲထပ်။
အတိတ်ကြောင်းငါး၊ကြိုးခဲ့သား၊ ထင်ရှားခန္ဓာဓာတ်။
ပစ္စုပ်ကျိုးပေါ်၊ နောက်ကြောင်းပေါ်၊ ဘယ်သော်—
မလွတ်ကျွတ်။

အနာဂတ်ကျိုး၊ ဒုက္ခမျိုး၊ ပွါးတိုးကြိမ်ထပ်ထပ်။

**တရားသား** ဒကာဒကာမတို့ ဒီကနေ့လဲ မနေ့ကတရားအဆက်ကိုဘဲ ပြောရလိမ့်မယ်။ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းကိုကြည့်ထားကြ၊ အဲဒီ—စက်ဝိုင်းထဲက (၁) နံပါတ် အကွက်မှာ လွန်ခဲ့တဲ့ဘဝ,ဖြစ်စဉ် အတိတ်အကြောင်းအခြင်းအရာ ငါးပါးကို ရေးထားတယ်၊ မြင်ဘီလား? ဒကာဒကာမတွေဟာ၊အတိတ်ဘဝ တုန်းက အဝိဇ္ဇာနဲ့ နေခဲ့ကြရတယ်၊ အဝိဇ္ဇာ,ဆိုဒါ သစ္စာလေး ပါးကို မသိဒါ အဝိဇ္ဇာဘဲ၊ ဒကာတို့တတွေ နောက်နောက်က ဒါနဲ့ဘဲ နေခဲ့ကြရတယ်၊ ပေါ်ပလား?

ဘယ်တုန်းကလဲ? ဆိုတော့ (၁)အကွက်ကိုကြည့်၊ အတိတ် ဘဝကဘဲ၊ ရှင်းပလား? အဲဒီ—မသိမှု အဝိဇ္ဇာဟာ ဘယ်လောက် များ ဆိုးသလဲ? သိကြရဲ့လား? ဒီ—မသိမှုအဝိဇ္ဇာကြောင့် တံငါ,

မုဆိုး,လဲလုပ်တယ်၊ အဲဒါ— သစ္စာမသိလို့၊ ဒါလုပ်ရင်, ဒုတိယ ဘဝမှာ (၂)နံပါတ် ဒုက္ခသစ္စာကိုရမှာ မသိဘူး၊ ဘာ့ကြောင့်— မသိသလဲ? အဝိဇ္ဇာကြောင့်—မသိဒါ၊ ရိပ်မိကြပလား? မသိတော့ အကုသိုလ်သင်္ခါရ, လုပ်မိတယ်၊ လုပ်မိတော့— ဒီဘက်မှာ ဒုက္ခ သစ္စာ ခန္ဓာငါးပါး, ရလာတယ်၊ ရှင်းပလား?

ဒကာဒကာမတို့ ဒီဒုက္ခသစ္စာ ခန္ဓာကြီးရလာဒါဟာ၊ နောက် ဘဝက မသိလို့ လုပ်မိတဲ့အတွက် ရလာဒါဘဲ၊ဘာကိုမသိသလဲ? (၂)နံပါတ် ဒုက္ခသစ္စာ မသိဒါ၊ သဘောပါကြပလား? ဥပမာ ဆိုရင်, ကလေးငယ် ကလေးဟာ၊ ကျင်ကြီး, ကျင်ငယ် တွေကို နယ်ဖတ်ပြီး, ကစားနေတယ်၊ ဖဲဒါ— ဘာ့ကြောင့်လဲ? သူ့ခမြာ မသိတတ်ရှာလို့ဘဲ၊ ကလေးငယ်ဟာ အကောင်း,အဆိုးခွဲခြားပြီး မသိတတ်ရှာဘူး၊ မသိတော့ အကောင်းမှတ်ပြီး, ကျေကျေနပ်နပ် ပျော်ရွှင်စွာ ကျင်ကြီးတွေနဲ့ ကစားနေနိုင်တယ်၊ရိပ်မိကြပလား?

အဝိဇ္ဇာကလဲ ဒီသဘောဘဲ၊ အကောင်း,အဆိုး, အမှားအမှန် ကို ဝေဘန်ပြီး,မသိတတ်ဘူး၊ အမှန်ကိုမသိတတ်တာဟာ အဝိဇ္ဇာ ဘဲလို့မှတ်ကြ၊ ဒကာတို့တတွေလဲ ဒီအဝိဇ္ဇာကြောင့် သင်္ခါရဆိုတဲ့ မုဆိုး,တံငါ,စတဲ့ အလုပ်တွေ၊ မုသား,ပြောခြင်းစတဲ့ အလုပ်တွေ လုပ်မိကြတယ်၊ လုပ်ပြီးတော့— တဏှာ,ဥပါဒါန်နဲ့၊ သား, သမီး, ပစ္စည်းအပေါ် စွဲလမ်း၊စွဲလမ်းဒါကြောင့်လဲ၊ အော်,ဂေါက်,ဆဲဆို ကြိမ်းမောင်း,စတဲ့ ကမ္မဘဝတွေ လုပ်မိကြပါရော၊ အဲဒါ—မသိ လို့ လုပ်မိကြဒါဘဲ၊ သဘောပါရဲ့လား?

အဲဒီလို မသိမှု အဝိဇ္ဇာနဲ့ အရင်းခံပြီး၊ ကမ္မဘဝ ထိအောင် လုပ်လိုက်တော့၊ ဒီဘက် ၂-နံပါတ်က ဝိညာဏ်စတဲ့ ငါးပါးနဲ့ ဆက်သွယ်မိတော့ဒါဘဲ၊ ဝိညာဏ်စတဲ့ ငါးခုက ဘာလာစွာတုံး? ဒုက္ခသစ္စာ။ အဲမသိလို့ လုပ်၊ လုပ်တော့ ဒုက္ခရဒါဘဲ၊ ရိပ်မိကြ ပလား? မသိဒါက အဝိဇ္ဇာ၊ ပြုလုပ်တာက သင်္ခါရ၊ နှစ်သက်တာ က တဏှာ၊ စွဲလမ်းဒါက ဥပါဒါန်၊ ကာယကံ ဝစီကံတွေက ကမ္မဘဝ၊ ဒီငါးခုက အကြောင်းရင်းဘဲ၊ ခန္ဓာငါးပါး ဒုက္ခသစ္စာ ရထားဒါ သူတို့ကြောင့်ဘဲ၊ ရှင်းပလား?

ဒကာဒကာမတွေ မသိမှုဟာ ဘယ်လောက်များ ဆိုးသလဲ? စဉ်းစားကြ၊ အပါယ်လေးပါး ခန္ဓာရဒါဟာလဲ မသိမှုအရင်းခံဘဲ။ မသိလို့ ပြုလုပ်မိတဲ့ အတွက်ကြောင့် ရ,ရဒါဘဲ၊ သဘောပါကြ ပလား? ကုသိုလ်လုပ်တော့လဲ မသိလို့ လူ, နတ်, ဗြဟ္မာ, ရောက် ကြောင်းနဲ့ တောင့်တပြီး လုပ်မိကြ၊ အဲဒါ— ဒုက္ခသစ္စာ မသိလို့ ဘဲ၊ ရတော့ ဘာတွေရသလဲ? ဇာတိဒုက္ခ, ဇရာဒုက္ခ, ဗျာဓိဒုက္ခ, မရဏဒုက္ခ, ဒီဒုက္ခတွေဘဲ ပြန်ရလာတယ်၊ ရိပ်မိကြပလား?

ဒီ,မသိတဲ့ အဝိဇ္ဇာနဲ့ မသိဒါနဲ့ သင်္ခါတွေ, အားထုတ်၊ နောက်—ဗြဟ္မာခန္ဓာ, ဝိညာဏ်,နာမ်ရုပ်,စတဲ့ ဒုက္ခသစ္စာဘဲ ရလာ ဒါဘဲ၊ ဒကာဒကာမတွေ မြင်ကြပလား? ဘုံသုံးပါးမှာ—အဝိဇ္ဇာ သင်္ခါရတွေ ခြယ်လယ်နေတယ်၊ ရူပ,အရူပ ဗြဟ္မာ့ဘုံတွေ,လူ့ဘုံ နတ်ဘုံတွေ,အပါယ်လေးဘုံဆိုတဲ့ ဘုံတွေမှာ၊ အဝိဇ္ဇာ, သင်္ခါရ

ခြယ်လယ်နေဒါဘဲလို့ မှတ်လိုက်ကြ၊ သဘော ပါ ကြ ရဲ့လား? ဒကာတို့တတွေ အမြဲအစွဲ မှတ်ထားဘို့က ၁ နံပါတ် လုပ်ရင်၊ ၂–နံပါတ်ရမယ်ဆိုတဲ့အချက်ဘဲ၊ ရှင်းပလား?

ဒကာဒကာမတွေ ၁ လုပ်ခဲ့လို့ ၂ ကိုရထားကြတယ်၊ ၁ ကို ဘယ်တုန်းက လုပ်ခဲ့သလဲ? လွန်လေပြီးသော အတိတ် ဘဝက ဝီအကြောင်းငါးခုဘဲ မြင်ကြပလား?အတိတ်ဘဝကဒီအကြောင်း ငါးခု၊ သမုဒယသစ္စာ ငါးပါး ကြိုးစားလို့ အခုဘဝ ဒုက္ခသစ္စာ ငါးပါး အကျိုးတရားငါးခု ရကြဒါဘဲ၊ ရှင်းကြပလား? မရှင်း သေးရင် စက်ဝိုင်းကို ကြည့်ကြ။ အခု ဒကာတို့ တတွေဟာ (၂) ထဲမှာ နေကြရတယ်၊ ဟုတ်ကဲ့လား? ဒါဘာ့ကြောင့်လဲ? နောက်က ဒီသမုဒယ ငါးပါး ကြိုးစားခဲ့လို့ဘဲ၊ ကြိုးစားခဲ့ လို့ ဒုက္ခငါးခု ရကြဒါဘဲ၊ ရှင်းကြဘီနော်။

ဒကာတို့တတွေ ဒီသဘောအမှန် သိရသဖြင့်လဲ၊ နောက်ကို မလုပ်တော့ဘူးဆိုတဲ့ စိတ်ကို မွေးကြဘို့သင့်တယ်၊ မသင့်ပေဘူး လား? အေး.... သင့်ဒါသိရင် ကြိုးစားကြ။ ဒကာတို့ဟာ အခု ဇာတိကို လွန်ခဲ့ကြဘီ၊ ဇရာ၊ ဗျာဓိ ဒုက္ခတွေက ရောက်နေဆဲ၊ နောက် နာဘေးတွေ့မယ်၊ နောက်၊ သေဘေးလဲ တွေ့ရအုံးမယ်၊ ရိပ်မိကြရဲ့လား? ဒီလို ဘေးအမျိုးမျိုးတွေ့ရဒါဟာ၊ ကံမကောင်း အကြောင်းမသင့်လို့လား? မဟုတ်ပါဘူး၊ အဝိဇ္ဇာအုပ်ချုပ်လို့ အုပ်ချုပ်ခံရတော့ မသိလို့၊ မသိတော့ လူ့ဘဝ ရောက်လိုတဲ့

သခ်ါရကို ပြုမိ၊ ဒီတော့ ဒီဘေး အမျိုးမျိုး သင့်ခံရတော့ဒါဘဲ၊ ကျေနပ်ကြပလား?

ဒကာဒကာမတို့ နက်နက်နဲနဲ တွေးကြဲ၊ ဒီအဝိဇ္ဇာ မချုပ်သမျှ ကာလမှာ ဒုက္ခသစ္စာချည့်ဘဲ ပြန်ပြန် ရကြမယ်၊ ရှင်းကြဲပလား? ဒီတော့ အခုလို အခွင့်အခါ သင့်တုန်းမှာ၊ ဒီဒုက္ခကကျွတ်ချင်စိတ်, လွတ်ချင်စိတ်, မွေ့မြူကြလို့ ပြောလိုက်တယ်။ နောက်ထပ်, ဒီ ၂,ထဲပြန်မရောက်ဘို့ အလွန်ဘဲ အရေးကြီးတယ်ဆိုဒါ ဆုံးဖြတ်ချက် ချကြဲ။ ဒကာဒကာမတွေ ဒီ ၂,ထဲကလူချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာ ဆိုဒါ ဘာသစ္စာလဲ? ဒုက္ခသစ္စာပါ၊ ပေါ်ကြပလား?

ဒကာတို့နေရဒါ ၂,ထဲကကို မထွက်နိုင်ဘူး၊ ဒီအနေမျိုးနဲ့သာ မပြင်ဘဲနေကြရင်၊ဘယ်တော့မှလဲ ထွက်ဘိုလမ်း,မမြင်တော့ဘူး၊ ရိပ်မိကြပလား? ဒီထဲက မထွက်ရဒါ ဘာလို့လဲ? နောက်ကမသိလို့၊ မသိလို့ လုပ်မိလုပ်ရာလုပ်ခဲ့လို့ အခု ရလာကြတယ်၊ အခု ရထားကြဒါ ပစ္စုပ္ပန်အကျိုးငါးပါး၊ ၂,နံပါတ်ထဲပြန်ကြည့်မြင်ကြရဲ့လား?ဒီပစ္စုပ္ပန်အကျိုးငါးပါးက ဘာတွေလဲ?ဝိညာဏ်, နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာ,ဒီငါးခုဘဲ။

အခုအခါ ဒကာတို့တတွေ ၂, နံပါတ်ထဲမှာ ရောက်နေကြတယ်၊ သေချာပလား? ရောက်နေတော့ အခု, ဒကာတို့ စားဘို့

ဖြာဟာရ,ပရိယေသနဒုက္ခ၊ ဝတ်ဘို့ ရှာရတဲ့ဒုက္ခ၊ အခွန်ဆောင်ဘို့ ရှာဖွေရတဲ့ဒုက္ခ၊ သား, သမီးတွေအတွက် ရှာရဖွေရ ပူရ, ပင်ရ, ကြောင့်ကျရတဲ့ဒုက္ခ၊ ကိုယ်ခန္ဓာ မမာချာလို့ ပြုရ,စုရ,ကြောင့်ကျရ, ပူပန်စိုးရိမ်ရတဲ့ ဒုက္ခ၊ ဒီလို ဒုက္ခတွေ အသင်္ချေ,အနန္တ,ဘယ်သူကပေးလို့ ရနေကြသလဲ? ဘာ့ကြောင့်ရနေဒါလဲ? မသိရင်, မှတ်လိုက်ကြ၊ နောက်ဘဝ, အဝိဇ္ဇာစတဲ့ ငါးခုက ပေးလိုက်လို့ ဘဲ ရှင်းကြရဲ့လား?

အခု, ဒကာတို့ဘဲတွေမှာ ဒုက္ခတွေ အနန္တ,အသင်္ချေ,ပင်လယ်ဝေနေကြတယ် ဒီအထဲကမှ နောက်ထပ်ပြီး, ဒုက္ခရောက်ကြောင်း အားထုတ်ကြအုံးမယ်ဆိုရင်၊ တခါမိုက်မကဲ,နှစ်ခါမိုက်ဘဲလို့ သာ မှတ်လိုက်ကြ။ ဒကာတို့ဟာ, နှစ်ခါမိုက်တော့ မဖြစ်ကြပါစေနဲ့လို့ သတိပေးလိုက်တယ်၊ သဘောပါကြရဲ့လား? အခုနှယ်က ဒုက္ခချုပ်ကြောင်း ကြိုးစားမှ ဖြစ်တော့မယ်ဆိုဒါ ဆုံးဖြတ်ချက်ချ။ ဒီလိုကြိုးစားနိုင်မှသာ (၂) နံပါတ်ထဲမှာ အဝိဇ္ဇာ,သင်္ခါရ,တဏှာ ဥပါဒါန်,ဘဝတွေ မပေါက်ပွါးမှာ၊ ဒါတွေမပေါက်ပွါးဘို့ အင်မတန် အရေးကြီးတယ်ဆိုဒါ မှတ်လိုက်ကြ။

အခု, ဒကာဒကာမတွေဟာ ၂—ထဲက ခန္ဓာငါးပါးနဲ့ နေကြရတယ်၊ ဒီခန္ဓာကို ဝိပဿနာ,ရှုကြရမယ်၊ ဝိပဿနာ မရှုဘဲနေရင်၊ အဝိဇ္ဇာနဲ့,,နေဒါဘဲ၊ ရိပ်မိကြပလား? ဒီတော့—ဒီ ၂,ထဲမှာ အဝိဇ္ဇာနဲ့နေရင်၊ သင်္ခါရ, တဏှာ, ဥပါဒါန်, ဘဝတွေ သီးပွင့် လာကြ

တော့မယ်၊ ဒါတွေ သီးပွင့် လာရင်, မနဲ့ဘူးဆိုဒါ မှတ်တော့။ သား, သမီး, ခင်မင်ကြင်နာကြ၊ ပစ္စည်းပစ္စယ, ခင်မင်တွယ်တာကြ စတဲ့ ၂—ထဲကခင်စိတ်တွေ, စွဲလမ်းစိတ်တွေ မနဲ့ဘဲ ပေါ်ပေါက် လာကြမယ်။

ဒါတွေ ခင်မင်စွဲလမ်းတော့ ဒါတွေနဲ့ မခွဲရအောင် ကုသိုလ် တွေလုပ်ကြ၊ လုပ်တော့—ကမ္မဘဝ ပေါ်လာပြန်တယ်၊ မြင်ကြရဲ့ လား? ဒီတော့ကာ—အတိတ်အကြောင်းအခြင်းအရာ ငါးခုလိုဘဲ၊ ယခုပစ္စုပ္ပန်ထဲကလဲ အကြောင်းအခြင်းအရာ ငါးခုဟာ ပြန်ပြီး ပေါ်လာတော့ဒါဘဲ၊ ဒီအကြောင်း ငါးခုဟာ, ဒီအကျိုး ငါးခု ၂—ခန္ဓာထဲက ပေါက်ဖွါးလာဒါ။ ဒါဘာ့ကြောင့်လဲ? မသိမှု အဝိဇ္ဇာနဲ့ နေမိလို့၊ ရှင်းကြပလား? ဒကာတို့တတွေ စဉ်းစား ကြ၊ လက်ရှိခန္ဓာက ဒုက္ခ၊ ဒီဒုက္ခထဲက သမုဒယ အသီးအပွင့်တွေ ထပ်ပြီး, ပေါက်ပွါး လာပြန်တယ်ဆိုတော့၊ ကောင်းနိုင်ပါအုံး မလား?

ဒကာ ဒကာမတွေ စက်ဝိုင်းထဲမှာ ၃,နံပါတ်အကွက်ကိုကြည့် လိုက်ပါ၊မြင်ကြပလား? အခု ဒကာတို့ ၂,ထဲက ပေါက်ပွါးလာ ဒါဟာ ဘာတွေလဲ? ၃,နံပါတ်တွေ ပေါက်ပွါးလာတယ်၊ ဘယ် ထဲကလဲ? အခု ပစ္စုပ္ပန်ထဲက၊ ရိပ်မိပလား? ၃,နံပါတ် တရားတွေ ဟာ ၂,နံပါတ်က ပေါက်ပွါးလာဒါဘဲ— ရှင်းကြရဲ့နော်၊ ဒါ ကြောင့် ဒီပေါက်ပွါးလာတဲ့ ငါးပါးကို ပစ္စုပ္ပန်အကြောင်းအခြင်း အရာ ငါးပါးလို့ခေါ်ရတယ်၊ သဘောပါကြပလား? စက်ဝိုင်း

ပြန်ကြည့်ကြ။ အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကမ်, ဒါတွေ ဟာ ပစ္စုပ္ပန်ခန္ဓာထဲက ဒုက္ခသိး, ဒုက္ခပွင့်တွေ ပေါက်ပွါးလာ ဒါဘဲ၊ ရှင်းကြဲ့လား?

ဒါတွေ ပေါ်လာတော့ ၃, နံပါတ်ပေါ်လာဒါဘဲ— ဒါဟာ ၂, ထဲက ပွါးလာဒါ— မြင်ကြဘီလား? ၂, ထဲက ဘာတွေ ပွါး လာဒါလဲ? သမုဒယတွေ ပွါးလာဒါဘဲ၊ ဒီသမုဒယတွေ ဘာ့ ကြောင့် ပွါးလာရဒါလဲ? ရုပ်နာမ် ဖြစ်ပျက် မသိတဲ့ အဝိဇ္ဇာ ကြောင့်ပေါ်လာဒါ၊ ပွါးလာရဒါဘဲလို့ မှတ်လိုက်ကြ။ အဝိဇ္ဇာ ကြောင့်ပေါက်ပွါးလာဒါ၊ သင်္ခါရ, တဏှာ, ဥပါဒါန်, ကမ္မဘဝ, ဒါတွေ— ယခုလက်ရှိ ခန္ဓာထဲမှာ ပေါက်ပွါးလာဒါ။ ၂, ထဲက— ၃, တွေ ပေါက်ပွါးလာဒါဘဲလို့မှတ်ကြ၊ ပေါ်ကြပလား?

ဒကာဒကာမတွေ ရိပ်မိကြပလား? ယခုဖြစ်ဆဲ ပစ္စုပ္ပန်မှာ တဏှာဥပါဒါန်, ကမ်တွေပေါ်လာဒါဟာ အခုခန္ဓာရှိတုန်းပစ္စုပ္ပန် မှာ ပေါ်ဒါမို့ အဝိဇ္ဇာစတဲ့ ဒီငါးပါးကို ပစ္စုပ္ပန် အကြောင်းအာ ခြင်းအရာ ငါးပါးလို့မှတ်ထားကြ၊ မရှင်းရင် စက်ဝိုင်းပြန်ကြည့် ရှင်းပလား? ဒါတွေပွါးရင် နောက်ဘဝဆက်မယ်၊ မြှားလေးပြ ထားဒါကြည့်၊ ဒါတွေမပွါးရင် မဆက်ဘူး၊ သဘောပါပလား? ဒီပစ္စုပ္ပန်အကြောင်းအခြင်းအရာငါးပါးတွေ ပေါက်ပွါးရင်,သေ သည့်၏အခြားမဲ့မှာ အနာဂတ်ဒုက္ခခန္ဓာပြန်ဆက်မယ်၊ အနာဂတ် ပြန်ဆက်တော့ ဝိညာဏ်, နာမ်ရုပ်, စတဲ့ ခန္ဓာ ဒုက္ခသစ္စာ ပေါ်လာ မယ်၊ ရိပ်မိပလား?

ဒကာဒကာမတို့ ညာဏ်ပါကြရဲ့လား၊ အခုပစ္စုပ္ပန် ခန္ဓာကြီး က သမုဒယတွေ သီးပွင့်လာလို့ အနာဂတ်ဘဝနဲ့ ဆက်တော့ဒါပေါ့။ ဒီအနာဂတ် ရလာမှာတွေလဲ ဒုက္ခသစ္စာတွေဘဲ၊ လေးလေးနက်နက်ကြီး စဉ်းစားကြ၊ အတိတ်အကြောင်း သမုဒယ သစ္စာကြောင့် အခုပစ္စုပ္ပန်မှာ အကျိုးဒုက္ခသစ္စာ တခါရကြ။ အခု ပစ္စုပ္ပန်အကြောင်းကြောင့်လဲ နောက်တခါထပ်ပြီး အကျိုး ဒုက္ခသစ္စာကြီးပြန်ရကြအုံးမယ်။ ဒီလိုဘဲသာဆိုရင် ဒီအဝိုင်းကြီး လှဲ့လို့ ပြီးပါအုံးမလား၊ ဘယ်တော့မှ မပြီးပြတ်နိုင်တော့ဘူး၊ ရိပ်ကြရဲ့လား၊

သမုဒယက လောင်မီး၊ ဒုက္ခသစ္စာ ခန္ဓာကလောင်စာ၊ ဒကာတို့ တတွေဟာ တသံသရာလုံး ဒါနှစ်ခုနဲ့ဘဲ လှဲ့နေကြရဒါဘဲ။ ဒကာတို့အနေဟာ လောင်စာထဲက လောင်မီးပေါ်၊ ဒီထဲက တခါလောင်စာ၊ လောင်စာက လောင်မီး၊ ဒကာဒကာမတွေ နောက်နောက်က ဘယ်လို နေခဲ့ကြရသလဲ၊ လောင်စာတလှဲ့ လောင်မီးတလှဲ့ ဒီလိုဘဲ နေခဲ့ကြရတယ်၊ သဘောပါကြပလား၊ ဒီသဘောအမှန်သိကြရတော့ နောက်ခန္ဓာလဲသိကြရဘီ၊ ခန္ဓာ့အကြောင်း ရိပ်စားမိကြဘီ။

ဒီအတိတ် အကြောင်းကြောင့် ပစ္စုပ္ပန် အကျိုးလာတယ်၊ ဒီပစ္စုပ္ပန်အကြောင်းကြောင့် အနာဂတ်အကျိုးလာ၊ ဒီလိုနဲ့ဘဲ နောက်နောက်တုန်းက အကြောင်းအကျိုးဘဲ ဖြစ်ခဲ့ကြရတယ်၊

ဒီအထဲမှာ ယောက်ျားလဲမပါ၊ မိန်းမလဲ မပါခဲ့ဘူး၊ အကြောင်းနဲ့ အကျိုးဘဲ ဖြစ်ခဲ့ရတယ်။ ရှင်းကြပလား? ဒီသဘော အမှန်ကို သိရရင်, ဒကာတို့ဟာ သံသရာတရှောက်လုံးမှာ ဒီနှစ်ခုနဲ့—သမုဒယနဲ့ ဒုက္ခနှစ်ခုဘဲ လှဲခဲ့ရတယ်ဆိုဒါ ရိပ်မိကြပလား? မဂ္ဂနဲ့ နိရောဓ လုံးဝမပါခဲ့ကြဘူး။ ဘဝများစွာ သံသရာမှာ ဒီအတိုင်းဘဲ လှဲခဲ့ကြရတယ်။ သဘောပါပလား?

ဒါကြောင့်— ဒကာဒကာမတွေကို ဒီနေ့တရားပွဲမှာ နိရောဓနဲ့ မဂ္ဂပေါ်အောင်ပြောရမယ်၊ ကြိုးစားနာယူကြ၊ စက်ဝိုင်းထဲမှာ အောက်ဆုံးကမြှားကလေးကိုကြည့်လိုက်၊ ၂,နံပါတ်နဲ့ ၃,အကူးက .မြှားကလေးကိုကြည့်ရမှာ မြင်ပလား? ဒကာ ဒကာမတို့ခန္ဓာ ဖြစ်စဉ်, ပဋိစ္စသမုပ္ပါဒ်ဖြစ်စဉ် ထုံးစံက အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ,ဇရာ,မရဏ,ဆိုပြီး ထုံးစံအတိုင်း သွားနေဒါဘဲ၊ အဲဒါ အကျိုးအကြောင်းလှဲသွားနေဒါဘဲ၊ ဟုတ်ကြရဲ့လား?

အဲဒီလို အဆက်မပြတ် လှဲပတ်သွားနေရဒါ ဘာ့ကြောင့်လဲ? ဒီအခု မြှားပြထားတဲ့ အစပ်ကလေးတွေကို မဖြတ်လို့ဘဲ.ဒီအစပ်ကလေးတွေဖြတ်တတ်ရင် လှဲပတ်မသွားရတော့ဘူး၊ ဒီအစပ်လေးတွေ ဖြတ်တတ်တဲ့ ဉာဏ်ရဘို့ အရေးကြီးတယ်ဆိုဒါ ရိပ်မိကြပလား? ဒီ,အစပ် ၃,နံပါတ်မပေါ်မှ သေချာမယ်၊ ဒီ, ၃,နံပါတ်မပေါ်အောင် ဒီအစပ်ကလေး ဖြတ်ရမယ်၊ သဘောပါပလား?

ဖြတ်တော့ ဝေဒနာပစ္စယာ တဏှာ ဆိုရင် ခက်ကြမယ်၊ ဒီဝေဒနာကနေ ဒီတဏှာမကူးအောင် လုပ်ရမယ်၊ ဝေဒနာနိရောဓာ တဏှာနိရောဓော ဆိုရင် ပြတ်ပြီ မဆက်ဘူး၊ ရှင်းပလား?

ဒါကြောင့် ဝေဒနာနိရောဓာ တဏှာနိရောဓော ဖြစ်အောင်လုပ်ကြရမယ်ဆိုဒါ သေသေချာချာမှတ်ကြ၊ ဒီလိုဖြစ်အောင်လုပ်ဘို့အရေးဟာ ဒို့အရေးပါလားလို့ ဆုံးဖြတ်ချက်ချလိုက်ကြ၊ သဘောပါကြပလား? ဝေဒနာနိရောဓာ တဏှာနိရောဓော ဖြစ်အောင်လုပ်ကြရမယ်၊ မလုပ်ရင် မဖြစ်တော့ဘူး၊ ဒကာ ဒကာမတွေ တသံသရာလုံးမှာ ဆရာမတွေ့ခဲ့လို့ ဝေဒနာပစ္စယာတဏှာ၊ တဏှာပစ္စယာ ဥပါဒါန်၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ ဆိုပြီး အနာဂတ်အကျိုးဆက်ကြရဒါချည့်ဘဲ၊ဆက်တော့ ဒုက္ခသစ္စာချည့်ရကြဒါပေါ့၊သဘောပါကြပလား?

ဒကာတို့တတွေ နောက်နောက်တုန်းက ဝေဒနာပစ္စယာ တဏှာ လိုက်စားမိလို့ ငါးပါးချည့်မှောက်ခံကြရတယ်၊ ဒါကြောင့် ငါးပါးမှောက်ပြီး ချောက်ကျရမယ့်အလုပ်ကို ဖြတ်မှတော်မယ်ဆိုဒါ ဉာဏ်ရောက်ကြတော့၊ အချိန်ကသိတ်မရတော့ဘူး၊ အခုသိလို့ အခုသတိရရင် အခုဖြတ်ကြမှ ဖြစ်မယ်၊ အချိန်ဆွဲမနေကြနဲ့ အချိန်ဆွဲရင် လွဲချင်သေးလို့ဘဲ၊ ဒီတခါလွဲရင် ပြင်သူ ဆင်သူ ဖြင့် ဝေးဘီလို့ သာမှတ်လိုက်တော့၊ သဘောပါပလား?

ဒိဋ္ဌဒကာဒကာမတွေ့ ဒီအစပ်ကိုဖြတ်ချင်ရင် လွယ်ပါတယ်၊ အရေးကြီးဒါက ဆရာခိုင်းတဲ့အတိုင်း. လိုက်နာကြဘို့ဘဲ၊ ဖြတ်ချင်ရင်ဖြင့်, ဝေဒနာနိရောဓ တဏှာနိရောဓ ဖြစ်ဘို့ အလွန် အရေးကြီးတယ်ဆိုဒါ ပြောလိုက်ပါတယ်။ ဒကာတို့ဟာ ရှေးက ဝေဒနာပစ္စယာ တဏှာနဲ့ ချည့် လွဲခဲ့ကြရတယ်၊ ထွက်လမ်းကိုမပါခဲ့ကြဘူး၊ မြင်ကြပလား? ဒါဆိုရင် အနာဂတ်ဘဝ ဇာတိတွေနဲ့ ချည့် ဆက်သွားဒါဘဲ၊ ဒါဟာ သံသရာဆက်လမ်းဘဲ၊ ရိပ်မိကြရဲ့လား?

ဝေဒနာပစ္စယာ တဏှာ နောက်အနာဂတ်ဇာတိ၊ ဒါကသံသရာ ဆက်လမ်း၊ နိရောဓ ဆိုဒါ သံသရာဖြတ်လမ်း, ဝေဒနာနိရောဓ တဏှာ နိရောဓ,ဆိုမှ ဖြတ်လမ်းဘဲ။ ဒီဖြတ်လမ်း, ထွက်လမ်းရအောင်, ဝေဒနာကို ဖြစ်ပျက်ရှုရမယ်၊ ဝေဒနာဖြစ်ပျက် မြင်ရင် တဏှာမလာဘူး၊ တဏှာချုပ်တယ်၊ ရှင်းကြပလား? ဝေဒနာကိုရှုတော့ ဝေဒနာဖြစ်ပျက်၊ နောက်ကမဂ်ဝင်လာတယ်၊ တဏှာ ချုပ်ကရော– တဏှာချုပ်အောင် ရှုတော့ ဥပါဒါန်ချုပ်,ဘဝချုပ်၊ ဒါတွေချုပ်တော့ သမုဒယ ချုပ်သွားတော့ဒါဘဲ၊ သဘောပါကြပလား?

ဒါကြောင့်– ဒကာဒကာမတွေက အခုပစ္စုပ္ပန်မှာ ဝေဒနာကို ဝိပဿနာရှုကြရမယ်၊ ရှုတော့– ခန္ဓာမှာ ဝေဒနာပေါ်တိုင်း, ပေါ်တိုင်း, ဖြစ်ပျက်ရှုပေးကြ၊ သုခဝေဒနာ ပေါ်လဲ ဖြစ်ပျက်ရှု၊

ဒုက္ခဝေဒနာ ပေါ်လာလဲ ရှုချ၊ ဥပေက္ခာဝေဒနာ လာလဲ ရှုပစ်၊ သောမနဿဝေဒနာ, ဒေါမနဿဝေဒနာ, ဘာပေါ်ပေါ်, ပေါ်တိုင်း,ပေါ်တိုင်း, ဒကာတို့က ဖြစ်ပျက်ရှုပေးကြ၊ ရှုတော့– ဝေဒနာဖြင်ပျက်လို့ ဉာဏ်နဲ့မြင်အောင် ရှုပေး၊ရှင်းပလား? ရှုဘတ်ကြပလား?

ဒီလို ဝေဒနာပေါ်တိုင်း ဖြစ်ပျက်ရှုတော့ ဒီအဆက်ကလေး ပြတ်သွားတယ်၊ ဒီအဆက်ကလေးရှိတဲ့ မြွားလေးပေါ်ကို မဂ်က သွားကျတယ်၊မဂ်က ဒီအဆက်ကလေးပေါ် ကျလိုက်တော့"ဝေဒနာနိရောဓောတိ မဂ္ဂေါ"ဆိုဒါဖြစ်လို့ ဒီနေရာမှာမဂ်ဝင်လာတယ် ဆိုဒါ မှတ်လိုက်ကြ၊သဘောပါပလား? ဝေဒနာနောက်ကမဂ်ဝင် လာတော့ တဏှာမဆက်နိုင်တော့ဘူး၊ မဂ်က ဖြတ်ချလိုက်တယ်၊ တဏှာမဆက်တော့ နဂိုအစပ်က အပြတ်ဖြစ်သွားဒါပေါ့၊အပြတ် ဖြစ်သွားတယ်ဆိုဒါ, အနာဂတ်သံသရာတွေ အကုန်ပြတ်သွားဒါ ကို ဆိုဒါ ရိပ်မိကြပလား?

ဒကာဒကာမတွေ ဖြတ်တတ်ကြပလား? ဖြတ်တတ်အောင် ဖြတ်ကြ၊ ခန္ဓာမှာ ဝေဒနာပေါ်တိုင်း ပေါ်တိုင်း ဖြစ်ပျက်ရှုပေးကြ၊ ဝေဒနာ ပေါ်တိုင်း ရှုဒါဟာ ပဋ္ဌုပ္ပန် အကြောင်းတွေကို ဖြတ်တာဘဲ၊ ဆုတွေချည့်တောင်းနေလို့ မပြတ်ဘူး၊ဒီလိုဖြတ်ယူမှ ပြတ်ကြမှာ၊ဒါကြောင့် ဝေဒနာပေါ်တိုင်း ဖြစ်ပျက်ရှုကြ၊ ဝေဒနာကလဲ ခန္ဓာမှာပေါ်ဒါ မဂ်ကလဲ ခန္ဓာမှာပေါ်ဒါဘဲ၊ဒီဝေဒနာ

ဖြစ်ပျက်နဲ့ ဒီနောက်ကမင်္ဂ၊ ဒါနှစ်ခု ပေါ်နေစေရမယ်။ ဒကာ ဒကာမတို့ ခန္ဓာမှာ ဝေဒနာနဲ့မင်္ဂ၊ ဒီနှစ်ခုဘဲ ပေါ်နေစေရမယ်၊ ဝေဒနာနောက်က တဏှာ အဝင်မခံစေရဘူး၊ ရှင်းပလား? ဒီလို ဝေဒနာ့ နောက်က မင်္ဂ ချည့်တန်းနေမှ ဒီအစပ်ပြတ်မယ်၊ သဘောပါပလား?

ဒီအစပ် ပြတ်မှသာ နေရာကျကြမယ်၊ ဒီအစပ် မပြတ်သမျှ ဒုက္ခနဲ့ ဘယ်တော့မှ အိုးစားမကွဲတော့ဘူး၊ ဝိပဿနာတရားအား ထုတ်တာဟာ (၂)နံပါတ်အစပ်ကို ဖြတ်တာဘဲလို့ မှတ်လိုက်ကြ။ (၁)နံပါတ်က လွန်ပြီးသွားမို့ ဖြတ်လို့မရတော့ဘူး၊ (၂)ကို အခု ဖြတ်ရင် ရသေးတယ်၊ အခုဘဝ ရနိုင်ဘို့ရာ ဒီ ၂ အဆက်ကို ဖြတ်နိုင်ရင် ရသေးတယ်လို့ မှတ်ကြ၊ သဘောပါပလား? နိဗ္ဗာန်ရ ချင်ရင်, ဒီအဆက်ကလေးဖြတ်ရမှာဘဲ။ ဖြတ်တဲ့နည်း သိကြရဲ့ လား? သိကြရင် ကြိုးစားဖြတ်ကြ။

ဒကာတို့တတွေ, သားရေး သမီးရေး စီးပွါးရေးတွေနဲ့ အချိန် ကုန်ပြီး, ဝိပဿနာ မလုပ်ဘဲနေကြရင်, "ဝေဒနာပစ္စယာ တဏှာ" ဝေဒနာနောက်က တဏှာချည့်ဆက်နေကြမှာဘဲ၊ ရိပ်မိကြရဲ့လား? တဏှာချည့်ဆက်ပြီး သေသည်၏ အခြားမဲ့မှာ ဇာတိ, ဇရာ, မရဏ တွေဘဲ ပြန်လာမယ်၊ ဒုက္ခ ပခုံးပြောင်းပြီး လွှဲခံရဒါဘဲ ရှိတယ်၊ ဘာမှမထူးခြားဘူး၊ တဒုက္ခနဲ့ တဒုက္ခ၊ အဆက်မပြတ်နိုင်ကြတော့ ဘူး။ ဒကာတို့ကို ဝိပဿနာ ရှုကြပါလို့ တိုက်တွန်းနေရဒါ ဘာ့

ကြောင့်လဲ? ဘာ့ကြောင့် ဝိပဿနာ ရှုရသလဲ? ဒီ့နှစ်နဲ့ သုံး မဆက်မိအောင်လို့ဘဲ ပေါ ကြပလား?

ဝိပဿနာရှုရဒါဟာ ၂,နဲ့ ၃, မဆက်မိအောင်၊ကိုယ်ဖြစ်မယ့်ဒုက္ခ မဖြစ်ရအောင်လို့ဘဲဆိုဒါ မှတ်သိုက်ကြ၊ ရှင်းပလား?

ဒကာဒကာမတွေ ဒုက္ခကြောက်တာ, ဆင်းရဲကြောက်တာမှန်ရင် ပေါ့တန်မနေကြနဲ့၊ အမြန်ဆုံးကြိုးစားကြ၊ဒီအလုပ်က ကိုယ်တိုင်လုပ်မှ ကိုယ်ပိုင်ရကြမှာ၊ ကိုယ်ဖြတ်ရင့်ကိုယ်သာပြတ်တယ်၊ သားသမီးက ဖြတ်ရင် သားသမီးသာ ဖြတ်တယ်၊ ဘယ်သူဘယ်သူမှ အားကိုးလို့မရနိုင်ဘူး၊ ကိုယ်က ရစေချင်လို့ သားသမီးတွေကို အမျှဝေတယ်၊ သူတို့က အမျှဝေတော့ ကိုယ်က သာဓုခေါ်တယ်၊ဒီလိုနဲ့ ဒီတရားက မရနိုင်ဘူးဆိုဒါ မှတ်ကြ။

အမျှဝေလို့ရတယ်, ရနိုင်တယ်ဆိုဒါ ဒါန,သီလ ကုသိုလ်တွေ အတွက်သာ ရနိုင်ဒါပါ၊ မဂ်စစ်က အမျှဝေလို့မရဘူးဆိုဒါ တထစ်ချ သာမှတ်သိုက်ကြ၊ မဂ်အလုပ်က ကိုယ်တိုင်လုပ်ယူမှ ရမယ်၊ကိုယ်တိုင်က လုပ်မယူရင် ဘယ်တော့မှ မရနိုင်ကြဘူး၊ ရှင်းပလား? ဒါကြောင့် ကိုယ်တိုင်ကြိုးစားကြ၊ ကြိုးစားတော့မှ ဝမ်းထဲမှာ ဝေဒနာပေါ်လာမယ်၊ ဝေဒနာလာရင့်ဝေဒနာကို ဖြစ်ပျက်ရှုရှုတော့ဝေဒနာက ဖြစ်ပျက်၊ နောက်က မဂ်ဝင်လာမယ်၊ သဘောပါကြပလား?

"ဝေဒနာနိရောဓာ တဏှာနိရောဓော"ဘဲ၊ ဝေဒနာ ချုပ်, တဏှာလဲချုပ်၊ ချုပ်တော့ မဂ်က ဒီအဆက်မှာ ပေါ်လာတယ်၊ ရှင်းကြပလား? ဒကာဒကာမတွေ ကျကျနန မှတ်လိုက်ကြ၊ "ဝေဒနာနဲ့ တဏှာကြား—သံသရာ အဆက်ဖြတ်တာ မဂ်ဘဲ"လို့ မှတ်လိုက်ကြ။ ဒီမဂ်ကမှ သံသရာ့ဒုက္ခကို ဖြတ်နိုင်တယ်၊ ဒါကြောင့် ဒကာတို့ တတွေကို နေ့တိုင်း, နေ့တိုင်း, ဝိပဿနာ လုပ်ကြ၊ တရားအားထုတ်ကြလို့ တိုက်တွန်းနေရဒါ၊ ရိပ်မိပလား? ဝိပဿနာလုပ်ကြ ဆိုဒါဟာ ကိုယ့်ဒုက္ခဖြစ်ကြောင်းကို ကိုတိုင်ဖြတ်ကြလို့ ဆိုဒါဘဲ။

ဒကာဒကာမတွေက တခါတလေကျတော့ ကိစ္စ,ဝိစ္စ,တွေက များလို့ မလုပ်ဖြစ်ပါဘူးလို့ ပြောတတ်ကြတယ်၊ အဲဒီလို ပြောဒါဟာ ကိုယ့်ဒုက္ခကိုယ် မဖြတ်ချင်လို့ဘဲ ဆိုဒါ မှတ်ကြ။ မြို့သုံးစကားနဲ့ ယဉ်ယဉ်ကလေး ပြောမနေကြနဲ့ မြို့သုံးဘွဲ့ ပြင်ကြ၊ မလုပ်ရင် မဂ်မပေါ်ဘူး မလုပ်ဖြစ်ရင်, "ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ကမ္မဘာဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ, မရဏ" တပည့်တော်တို့ ဒီဒုက္ခတွေ ဆက်ပါရစေအုံး ဆိုဒါဘဲ၊ ရှင်းပလား?

ဒကာဒကာမတို့ဟာ ဒုက္ခနဲ့ ဆက်ပါရစေအုံး ဆိုရင်, ကောင်းပါ့မလား? ဒုက္ခဆက်လို့ ဖြင့် မကောင်းနိုင်ကြတော့ဘူး၊ အလွန်ဆိုးဝါးတဲ့သူဘဲလို့ သာ မှတ်လိုက်ကြ။ ဒကာဒကာမတို့ ဒီဝိပဿ

နာလုပ်ဘို့ ကိစ္စဟာဖြင့် ဒီပြင် ကိစ္စတွေထက် အရေးကြီးတယ် ဆိုဒါမှတ်ကြ။ ဒီပြင် ကိစ္စတွေက ၃,နဲ့ ၄, သွားဆက်မယ်၊ ၃,ကသမုဒယသစ္စာ၊ ၄,ကဒုက္ခသစ္စာ၊ မြင်ကြပလား? စက်ဝိုင်း ပြန်ကြည့်ကြ။ ဝိပဿနာ မလုပ်ရင်, ဒါနဲ့ဘဲ ဆက်ရမှာဘဲ၊ ဒီပြင် ဘာမှ ဖြစ်စရာမရှိဘူး၊ သဘောပါပလား?

လူဟာ ကိစ္စ,ဝိစ္စတွေ အလွန်ဘဲများပါတယ်၊ ဒါပေမဲ့ ဒီဝိပဿနာမှ မလုပ်ရင် မဖြစ်တော့ဘူးဆိုဒါမှတ်ကြ၊ ကိစ္စတွေ များသလောက် အပါယ်ရောက်ဘို့ရှိတယ်၊ ဒါကြောင့်, ဝိပဿနာ မလုပ်ရင်မဖြစ်ဘူးလို့ လုပ်ကြပါလို့ တိုက်တွန်းနေဒါဘဲ၊ ပေါ်ကြပလား? ဒီအလုပ်မလုပ်ရင်, ဝေဒနာနဲ့တဏှာ တဏှာနဲ့ဥပါဒါန်၊ ဥပါဒါန်နဲ့ ကံ၊ ကံနဲ့ဇာတိ။ ဇာတိဆိုဒါ အနာဂတ်ဇာတိဘဲ၊ အနာဂတ်ပဋိသန္ဓေ ဝိညာဏ်ပေါ်ဒါကိုပြောဒါ၊ရှင်းပလား? ဝိညာဏ်ဆိုတော့— နာမ်ရုပ်နဲ့ဆက်၊ နာမ်ရုပ်နဲ့ တဏှာနဲ့ပြန်ဆက်၊ အကုန်လုံးဆက်နေကြတော့တယ်။

ဒကာတို့ဘတွေ ကိစ္စ,ဝိစ္စများတယ်ဆိုဒါ ဒါတွေဘဲ၊ ပေါ်ကြပလား? ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ကမ္မဘဝပစ္စယာ ဇာတိ၊ နောက်ပဋိသန္ဓေဇာတိက ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ။ ဒကာဒကာမတွေ ကိစ္စများဒါ—ဒါတွေ

ချည့်ဘဲ၊ ဒီပြင်ကောင်းဒါ အပိုတခုမှ မပါကြဘူး၊ ရိပ်မိကြပလား?

ဒကာတို့ ကိစ္စများဒါ ၂ နဲ့ ၃ ဆက် ၃ နဲ့ ၄ ဆက်၊ နှစ်သုံး သုံးလေး၊ ဘေးဆိုးချည့်ဘဲ ဆက်နေကြတယ်၊ ဒကာတို့ဟာ အပြောချိုသလောက် အလုပ်တွေက ဒုက္ခချည့် ဆက်နေကြတယ်၊ ဒုက္ခချည့် ဆက်နေဒါကို ရိပ်မိကြပလား? ဒကာတို့ဟာ အပြောကတော့ ယဉ်ကြပါရဲ့၊ "သားနဲ့ သမီးနဲ့ ဆွေနဲ့ မျိုးနဲ့ လူနဲ့ သူနဲ့ နေရတော့ မဖြစ်ဘူးတဲ့၊ မလုပ်ဖြစ်နိုင်ဘူးတဲ့၊" ဒါတွေက မကောင်းတရားတွေဘဲ၊ ဘယ်တော့ ဘယ်အခါ ဘယ်သံသရာဘဝမျိုးမှာမှ မကောင်းနိုင်ကြဘူး၊ မကောင်းတရားနဲ့ဘဲ အကုန် ဒုက္ခရောက်ရမယ်၊ ဒီမကောင်းတရားနဲ့ဘဲ အချိန်ကုန်နေရင် အပါယ်သွားဘို့သာ ပြင်ကြတော့၊ ရိပ်မိကြရဲ့လား?

ဒကာတို့တတွေ မကောင်းတရားဆိုဒါ ရိပ်မိကြရဲ့လား? ကိုယ်က မကောင်းချင်သမျှ ဘယ်တော့မှ မကောင်းကြတော့ဘူး၊ မကောင်းတရားဆိုဒါကတော့ သံသရာမှာ ခန္ဓာရှိနေသမျှ မကောင်းကြဘူး၊ လူကိုယ်တိုင်ထင်ရှား ရှိနေတော့ မကောင်းတရားရှိနေကြတယ်၊ ဒါပေမယ့် ဉာဏ်က လွတ်ရာပြေးမှ တော်မယ်လို့ သိပြီး လွတ်အောင်လုပ်ကြရမယ်၊ သဘောပေါက်ကြပလား? တရားအားထုတ်ကြပါလို့ပြောတော့ "သူတို့က တပည့်တော်နဲ့ မထောင်းတရားဖြစ်နေလို့ မထုတ်နိုင်သေးဘဲ ဖြစ်နေပါတယ်တဲ့။"

မကင်းတရားဖြစ်တော့ "ဝေဒနာပစ္စယာ တဏှာ၊ တဏှာ ပစ္စယာ ဥပါဒါန်၊ ဥပါဒါနပစ္စယာ ဘဝေါ"ဘဲ၊အဲဒါ ၂,မဖြတ် နိုင်လို့ ၃,ဆက်မိသွားလိုက်တာဘဲလို့ မှတ်ကြ။ ဒကာတို့တတွေ့ အခု ၂,မဖြတ်မိတဲ့အတွက် ၃,ဒုက္ခသစ္စာ ကိုယ်ပိုင် ရထားကြဘီ၊ ပေါ်ကြပလား? ဒီမကင်းတရားနဲ့ဘဲ ၄,ဒုက္ခသစ္စာ ကိုယ်ပိုင်ရ ကြမယ်၊ရိပ်မိကြပလား? ဒကာတို့ မြို့သုံး မကင်းတရားကို ဒီနေ့ ရှင်းကြတော့လို့ ပြောလိုက်တယ်၊ မကင်းတရားက တဏှာ၊ တပည့်တော်က ခန္ဓာ ငါပါး၊ ရှင်းကြရဲ့လား?

တပည့်တော်ဆိုတဲ့ ခန္ဓာငါးပါးနဲ့၊ မကင်းတရားဆိုတဲ့ တဏှာ နဲ့ဆက်လိုက်တာဘဲ၊ ခန္ဓာနဲ့တဏှာဆက်တာဟာ မကင်းတရား ဘဲလို့မှတ်လိုက်ကြ၊ သဘောပါပလား၊ ၂,နဲ့၃, ဆက်သိုက်တာ ဟာမကင်းတရားဘဲလို့ မှတ်လိုက်ကြ၊ အဲဒါဟာ ဒုက္ခနဲ့သမုဒယ ဆက်လိုက်တာဘဲ၊ ကျေနပ်ကြရဲ့လား? ဒကာတို့ အသုံးအနှုန်း တွေက မကင်းတရားတွေချည့်ဘဲ ဆိုရင် မှားပါ့မလား? မမှား တော့ဘူး၊ မြင်ကြရဲ့လား?

ကိုယ့်ခန္ဓာက, တဏှာက, သူများခန္ဓာသွားဆက်၊ အဲဒါမ ကင်းတရားဘဲ၊ မကင်းတရားရှိနေတော့ ဆေးရုံသွားပြီး မေးရ မြန်းရ လောက္ကွတ်ချော်ရ၊ နောက် ဒီမကင်းတရားနဲ့ အသုဘ လိုက်ပို့ရအုံးမယ်၊ တခါတလေ မကင်းတရားနဲ့ မင်္ဂလာကိစ္စ လေးတွေ သွားရအုံးမယ်။ အဲဒီသဘောက ၂,နဲ့၃, ဆက်လိုက်

အုံးမယ်လို့ ဆိုဒါပါဘဲ၊ သဘောပါကြရဲ့လား? ၂,နဲ့၃,ဆက်လိုက်တာဟာ သာမညမမှတ်နဲ့ အနာဂတ် ဒုက္ခခန္ဓာ သိမ်းပိုက်ချင်လို့ဘဲ။ ကျေနပ်ကြပလား?

ဘုန်းကြီးက အပင်ပန်းခံ,အချိန်ကုန်ခံပြီးပြောနေဒါ၊ ပေါ့ပေါ့ကလေးမမှတ်ကြနဲ့ ဒကာတို့ဖြစ်စဉ်ကိုက် ပြောနေဒါ၊ ဒကာဒကာမတွေကို အင်မတန်သနားလို့ပြောနေဒါဘဲ ဆိုဒါမှတ်ကြ၊ ရိပ်မိကြရဲလား? ဒကာတို့အဘို့ရာမှာ အမှန်အကန်မသိကြတော့ ကောင်းကောင်းဘဲ၊ ပဋိစ္စသမုပ္ပါဒ် နားမလည်တော့ ပြောကြတယ်၊ မကောင်းနိုင်ဘူးတဲ့၊ မကောင်းရှာ မကောင်းကြောင်းတွေဘဲတဲ့ပြောကြတယ်၊ အဲဒါ မကောင်းတရားအလုပ်တွေ နေ့တိုင်းလုပ်,လုပ်တော့ သမုဒယနဲ့ ဒုက္ခဆက်လိုက်တာဘဲ။

ဒကာဒကာမတွေ သဘောပါကြရဲ့လား? အဲဒီလိုလုပ်ဘာဟာ ဒုက္ခရောက်နေသူက ဒုက္ခဖြစ်ကြောင်း ထပ်ပြီး,အားထုတ်ပြန်ဒါဘဲ၊ ဒကာတို့စဉ်းစားကြ၊ မသိတဲ့အဖြစ်ဟာ ဘယ့်လောက်မျှားဆိုးဝါးနေသလဲ? ဆိုဒါ ပေါ်ကြမယ်၊ လက်ရှိမှာ ဒုက္ခရောက်နေဆဲ,ဖြစ်ရက်နဲ့ ဒီဒုက္ခထပ်ဖြစ်ဘို့ လုပ်နေတယ်ဆိုတော့ကောင်းပါအုံးမလား? ဒကာတို့အဖြစ်က "ကျွဲတွေတင်လွန်းလို့လယ်ပင်းခိုက်နေဘီ၊ မထူးတော့ဘူး၊ သေဒါ့ကဘဲ ကောင်းပါသေးရဲ့" လို့ဆိုတဲ့သူလို့ဖြစ်နေကြဘီ။

ဒကာတို့ဟာ ကျေးတင်လို့သေချင်တဲ့သူ ဥပမာလို ဖြစ်နေကြတီ ဆိုဒါ ပေါ်ကြပလား၊ အထူးသတိပေးလိုက်ပါတယ်၊ဒုက္ခရောက်သူဟာ နောက်ထပ် ဒုက္ခမရှာကောင်းဘူး”လို့၊ ရှင်းကြပလား၊ ဒုက္ခရောက်နေသူဟာ ဒုက္ခလွတ်ကြောင်း၊ ဒုက္ခချုပ်ကြောင်းကိုသာ ရှာသင့်တယ်၊ ရှာရမယ်၊သဘောပါကြရဲ့လား၊ ဒကာဒကာမတို့ ကိုယ့်လက်ရှိဒုက္ခက လွတ်ကြောင်းကို ရှာကြ၊ နောက်ထပ် မမိုက်ချင်ကြနဲ့တော့၊ ဒုက္ခမရှာချင်ကြနဲ့တော့လို့ ပြောလိုက်တယ်။

အခု ဒကာတို့ကို ဒုက္ခချုပ်ဘို့ ဒုက္ခချုပ်ကြောင်းရှာတဲ့နည်းလမ်းကို ပြောရမယ်၊ ရှာချင်ရင် လွယ်ပါတယ်၊ ရှာတော့ဘယ်လိုရှာရမလဲ၊ ဝေဒနာကို ဖြစ်ပျက်ရှုပြီး ရှာရမယ်မှတ်လိုက်ကြ၊ ရှင်းပလား၊ ခွါရခြောက်ပေါက်က ဒါမှမဟုတ် မနောပေါက်က လာသမျှကို ဖြစ်ပျက်ရှုရမယ်၊ ဝိညာဏ်ဆိုတဲ့ စိတ်တခုခု ဝင်လာလဲ ဖြစ်ပျက်ရှု၊ ရုပ်လာရင်လဲ ဖြစ်ပျက်ရှု၊ ဘာလာလာ ရှုချရမယ်၊ ဒါပေမဲ့ ဝေဒနာကို မလွန်စေနဲ့ ဝေဒနာက တဏှာကို မကူးစေနဲ့၊ ဝေဒနာကိုတော့— အမိအရ မလွတ်တမ်း ရှုရမယ်၊ သဘောပါပလား၊

ဒကာဒကာမတွေ ရှုတတ်ကြပလား၊ ရှုတတ်ရင်၊ ဒီနေရာကရှုတော့ ဒုက္ခနဲ့သမုဒယ ပြတ်ချလိုက်တာဘဲ၊ရှုတော့ ရှုတဲ့နေရာကဒုက္ခနဲ့သမုဒယပြတ်တယ်၊ရှင်းပလား၊ဉာဏ်က ဒီလိုဖြတ်နိုင်တော့

၂,နဲ့ ၃,မဆက်တော့ဘူး၊မြင်ကြရဲ့လား? စက်ဝိုင်းပြန်ကြည့်ကြ။ အဲဒီမှာ ၂,နဲ့ ၃,မဆက်ဘော့ဘဲ ဒုက္ခချုပ်သွားတော့ "ဒုက္ခနိရောဓောနိဗ္ဗာနံ" ဆိုပြီး နိဗ္ဗာန်ပေါ်လာတယ်၊ နိဗ္ဗာန်ပေါ်လာတော့ ဒီ ၄,နံပါတ် အကျိုးပေးတွေလဲ မဆက်နိုင်တော့ဘူး၊ တခါထဲချုပ်သွားဘော့တယ်၊သဘောပါကြပလား?

ကိုင်း, ဒီတွင်တော်ကြအုံ၊ နက်ဖြန်မှ ဆက်ကြစို့။

# ဓမ္မရတနာ မာတိကာ

"ပဋိစ္စပြုတ်အား၊ ဉာဏ်ရှေ့သွား တရားတော်"

---

## အလှူပြုရာ သစ္စာလေးပါး

၁....အသိဉာဏ်မပါဘဲ လျှူဒါက—သမုဒယသစ္စာ။

၂....အသိဉာဏ်မပါဘဲ လျှူလို့ရဒါက—ဒုက္ခသစ္စာ။

၃....အသိဉာဏ်နဲ့ လျှူဒါက—မဂ္ဂသစ္စာ။

၄....အသိဉာဏ်နဲ့ လျှူလို့ရဒါက—နိရောဓသစ္စာ။

## ဆောင်ပုဒ်

အဝိဇ္ဇာညစ်၊ လှန်ခွါပစ်၊ ဉာဏ်စစ်ဝိဇ္ဇာရ။
ဝိဇ္ဇာဖြစ်လျှင်၊ သခါစင်၊ လွတ်ချင်ဘုံဘဝ။
ဝိဝဋ္ဋစစ်၊ ကုသိုလ်ဖြစ်၊ ဝဋ္ဋမြစ်ဆုံးပြတ်ရ။
သစ္စာသိမြင်၊ လှူဒါန်းလျှင်၊ လွယ်ပင်နိဗ္ဗာန်ရ။
ဝိဇ္ဇာဖြစ်လို၊ ခန္ဓာကိုယ်၊ မြဲသိုဉာဏ်စိုက်ချ။
ဖြစ်စဉ်ခန္ဓာ၊ ကိုက်ခဲနာ၊ ဖန်ခါပြောင်းရွေ့ရ။
ဒုက္ခခြင်းရာ၊ ဝေဒနာ၊ ဉာဏ်မှာလက်တွေ့ပြ။
ဒိဋ္ဌဉာဏ်မြင်၊ မလိုချင်၊ လွတ်ချင်ဤဒုက္ခ။
လွတ်မြောက်လိုရေး၊ ဉာဏ်စိစွေး၊ ပြုရေးဆယ်ပုညႛ

## သတိချုပ်

လူ့နတ်ချမ်းသာ၊ ဒုက္ခသာ၊ သစ္စာမှန်ဆဘ်ဆတ်။
လူ့နတ်ခန္ဓာ၊ ရကြောင်းရှာ၊ အဝိဇ္ဇာမူတယ်မှတ်။
သစ္စာမသိ၊ ပုညာဘိ၊ ပြုမိဒုက္ခထပ်။
ထို့ကြောင့်သိညာဏ်၊ ရဘို့ရန်၊ အမြန်လုလ္လကပ်။
ပညာရှေ့သွား၊ ကုသိုလ်များ၊ မမှားပြုလုပ်အပ်။
အသိမယှဉ်၊ ဘံသာခွင်၊ ဘယ်တွင်မမြင့်မြတ်။
ဆရာကောင်းသာ၊ ကြုံတုန်းခါ၊ မြန်စွာရှိဆည်းကပ်။
ဆရာညွှန်တိုင်း၊ မဆုတ်ဆိုင်း၊ ချိန်တိုင်းကျင့်ထုတ်အပ်။

တရားသား ဒီနေ့လဲ မနေ့က ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းတရားကိုဘဲ ဆက်ပြီးဟောရမယ်၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ နားလယ်အောင်, စာလိုပြောတော့ ပဋိစ္စသမုပ္ပါဒ် လို့မှတ်ကြ၊ မြန်မာလိုပြောတော့ "ခန္ဓာ့လမ်းစဉ်" လို့မှတ်ထားကြ၊မှတ်တတ်ကြပလား? ဒီနေ့—ခန္ဓာ့လမ်းစဉ်တရားကို ပြောမယ်၊ ခန္ဓာက-ဒီလမ်းစဉ်အတိုင်း, ဒီအတိုင်း သွားနေတယ်ဆိုဒါ မှတ်လိုက်ကြ၊ စက်ဝိုင်းကိုကြည့်၊ မြင်ကြရဲ့လား?

စက်ဝိုင်းမှာ—အတိတ်အကြောင်း ငါးပါး, ဆိုတဲ့ အကွက်ကို ကြည့်၊ ဒီအတိတ်အကြောင်းငါးပါးထဲမှာ အဝိဇ္ဇာပါတယ်, မြင်ကြပလား? ဒီတော့ နဂိုက သင်ပြထားလို့ ဒကာဒကာမတွေ သိနှင့်ထားကြဒါက "အဝိဇ္ဇာပစ္စယာသင်္ခါရာ" လို့ သိထားကြ

တယ်၊ ဒီလိုဆိုတော့– အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ ” လူ့ခန္ဓာ, နတ်ခန္ဓာ, ဖြစ်ကြောင်းမှာ အဝိဇ္ဇာ့မူတယ်ဘဲ၊ အဝိဇ္ဇာ့အရင်းခံဘဲဆိုဒါ ရိပ်မိကြဘီလား?

သူက–သစ္စာလေးပါး မသိဒါ၊ မသိတဲ့အဝိဇ္ဇာ။ ဒီအဝိဇ္ဇာက ဒကာဒကာမတို့ သန္တာန်မှာ အဘိတ်ကရှိခဲ့တယ်၊ ဒကာဒကာမတို့ဟာ၊ အတိဘ်တုန်းက ဘာနဲ့နေခဲ့ရသလဲ? သစ္စာမသိတဲ့ ဒီ–အဝိဇ္ဇာနဲ့ နေခဲ့ကြရတယ်၊ သစ္စာမသိဒါနဲ့ နေခဲ့ကြရဒါဘဲ့ပေါ်ကြလား? ဒီလို–မသိဒါနဲ့ နေခဲ့ရတော့ ကုသိုလ်တွေ ပြုကြပေမဲ့လဲ ဒီဘက်ဆက်ရဒါဘဲ၊ ဒီဘက်က ဘာတဲ့လဲ? ပဋိသန္ဓေအကျိုးတရားငါးပါးတဲ့၊ အဲ.... ဒကာတို့တွေ အတိတ်တုန်းက သစ္စာမသိတဲ့ အဝိဇ္ဇာနဲ့ ကုသိုလ် (သင်္ခါရ) ပြုလုပ်မိတဲ့အတွက်၊ ခန္ဓာငါးပါး ဒုက္ခသစ္စာတရား ရလာကြတယ်။

အခုလက်ရှိခန္ဓာ ဘာခန္ဓာလဲ? ဒုက္ခခန္ဓာ၊ ဒီဒုက္ခသစ္စာ ခန္ဓာကို ဘာ့ကြောင့်ရဒါလဲ? အတိတ်က ကုသိုလ် ပြုခဲ့လို့ဘဲ၊ ရှင်းကြရဲ့လား? ကုသိုလ်ကိုပြုပါရက်နဲ့ သာ့ကြောင့် ဒုက္ခသစ္စာ ရရဒါလဲ? အဝိဇ္ဇာက သစ္စာမသိလို့၊ သစ္စာမသိတော့– သူခိုင်းဒါလုပ်ကြ၊ ဒုက္ခသစ္စာ ရလာဒါဘဲ၊ ပေါ်ကြပလား? ဒကာတို့ အခုဒုက္ခခန္ဓာနဲ့ ခွဲခွါလို့ ရကြပါရဲ့လား? မရဘူး၊ ဒီလိုဒုက္ခခန္ဓာနဲ့ ခွဲခွါမရဒါဟာ၊ အတိဘ်က သစ္စာမသိတဲ့ အဝိဇ္ဇာနဲ့ ကုသိုလ်သင်္ခါ

ရဲ့လုပ်ခဲ့မိလို့ဘဲ၊ သိပြီး မလုပ်ခဲ့ဘူး၊ မသိဘဲ လုပ်ခဲ့မိတယ်၊ ရိပ်မိ ကြပလား?

ဒကာတို့ဘဘွေ့ ဒုက္ခခန္ဓာရမှုအတွက် မသိဘဲလုပ်ခဲ့ကြတယ်၊ ဘယ်တုန်းက လုပ်ခဲ့ကြပါလဲ? အတိတ်တုန်းကဘဲ၊ အတိတ်ဘဝ တုန်းက မသိတဲ့ အဝိဇ္ဇာနဲ့ ပူတဲ့သင်္ခါရကြောင့်၊ အခု ပစ္စုပ္ပန်မှာ ဒုက္ခသစ္စာခန္ဓာကို ရလာကြပါဘဲ၊ သဘောပါကြရဲ့လား? ဒကာ ဒကာမတွေ့ ဒကာဒကာမတို့ တဘွေ့ဘာ၊ အတိတ်က မသိတဲ့ အဝိဇ္ဇာနဲ့ ကုသိုလ်သင်္ခါရ ဆိုတဲ့ သမုဒယသစ္စာ လုပ်ခဲ့လို့၊ အခု အကျိုး ဒုက္ခသစ္စာ ရလာပါဘဲ၊ ရှင်းကြရဲ့လား? မရှင်းသေးရင် စာရွက်ထဲက စက်ဝိုင်း ပြန်ကြည့်ကြ။

အဝိဇ္ဇာနဲ့ သင်္ခါရ ဆိုဒါ မြင်ကြရဲ့လား? ဒီတော့— အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ တဲ့၊ မသိမှုအဝိဇ္ဇာကြောင့် ကုသိုလ် သင်္ခါရတွေ ဖြစ်လာကြတယ်၊ အဲဒီကုသိုလ်တွေဟာ အဝိဇ္ဇာကြောင့် ပေါ်လာ ကြပါ၊ ဒီတော့—ကုသိုလ်ပြုတယ်ဆိုပေမဲ့ ဒီကုသိုလ်က သမုဒယ သစ္စာဘဲ၊ စက်ဝိုင်းအတွင်းပိုင်းမှာကြည့်၊ရှင်းကြပလား? သမုဒယ သစ္စာ လုပ်မိရင်၊ ဒုက္ခသစ္စာ ကိုယ်ပိုင်ရမှာဘဲ၊ ကျေနပ် ပလား? ဒီအတိတ်အကြောင်းငါးခု သမုဒယသစ္စာကြောင့် အခု ပစ္စုပ္ပန် အကျိုးငါးခု ဒုက္ခသစ္စာ ကိုယ်ပိုင်ရလာကြပါဘဲ၊ရိပ်မိကြပလား?

ဒကာဒကာမတွေ သမုဒယသစ္စာ လုပ်ရင်ဖြင့် ဒုက္ခသစ္စာ ကိုယ်ပိုင်ရကြမှာဘဲဆိုဒါ တထစ်ချ မှတ်လိုက်ကြ။ ဒီ ၁—နံပါတ်

အကွက် ကြိုးစားရင်၊ ဒီ ၂–နံပါတ် အကွက်ကို ရမှာ သေချာတယ် မြင်ကြရဲ့လား? ဒကာဒကာမတွေဟာ ကုသိုလ်သမုဒယ သစ္စာပြုလုပ်မိတဲ့အတွက်၊ ဒုက္ခသစ္စာ ရနေကြတာ၊ ကုသိုလ် ပြုတဲ့အတွက် ဘာများ ပိုထူးသေးသလဲ? အမြတ်မပါခဲ့ဘူး ရှုံးနေကြတာ၊ ရိပ်မိကြရဲ့လား?

ဒါကြောင့်–ရှင်းနိုးသူ အသိဉာဏ်ရှိသူ ဒကာဒကာမတွေကို ပြောဆို သွန်သင်ပေးရတယ်၊ "အလှူအဒါန်း ပြုတော့မယ်ကြံရင် အလှူကို နောက်ထား၊ အသိတရားကို ရှေ့ထားကြပါ" လို့ ပြောရတယ်၊ အသိရှေ့ထားဘို့ ပြောရဒါဟာ ဒကာတို့အတွက် ကျေးဇူးများဘို့ဘဲ၊ အကျိုးရှိအောင်လို့ ဘဲဆိုဒါ မှတ်လိုက်ကြ၊ သဘောပါကြပလား? လှူကြ၊ ဒါန်းကြ၊ အလှူ အဒါန်း အမျိုးမျိုးတွေ ကြိုးစားလုပ်ကြ၊ လှူဒါကို မလှူနဲ့လို့ မဆိုဘူး၊ ဒါပေမဲ့–အသိကို ရှေ့ထားကြ၊ သိပီးမှ–လှူကြ၊ အသိတရားနဲ့ လှူကြ၊ အဝိဇ္ဇာဦးစီးပီး မလှူမိကြစေနဲ့၊ ဝိဇ္ဇာဉာဏ် ဦးစီးပီး လှူကြလို့ ဆိုလိုတယ်၊ ရှင်းကြပလား?

အဝိဇ္ဇာဦးစီးပီး လှူတော့– ဘာအပြစ်ရှိသလဲ? စက်ဝိုင်းပြန်ကြည့်၊ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" ကြည့်လိုက်တော့၊ သမုဒယသစ္စာ၊ ဒီသစ္စာ လုပ်မိတော့– ဒုက္ခသစ္စာအပြင် ရစရာ မရှိဘူး၊ ရိပ်မိကြပလား? ဒါကြောင့်– အသိကို ရှေ့ထားပီး လှူကြလို့ ပြောရဒါဘဲ၊ ဘုန်းကြီးတို့ တပည့်တွေ ဒကာဒကာမတွေ ကြည့်လိုက်တော့၊

သေခါနီးနေကြဘီ၊ နောက်ထားရင် ဖြစ်ပါတော့မလား? မဖြစ်တော့ဘူး၊ နောက်ထားရင်, နောက်တခါလဲ– အသေ ရမှာဘဲ၊ ဒီအသေခန္ဓာဘဲ ထပ်ပြီး ရအုံးမှာမို့ဘဲဆိုဒါ မှတ်လိုက်ကြ၊ ရှင်းကြရဲ့လား?

အသေခန္ဓာ, ဒုက္ခသစ္စာ ကြောက်သူမှန်ရင်ဖြင့်,အသိဉာဏ်ကို ရှေ့ထားရမယ်၊ ဝိဝဋ္ဋဖြစ်တဲ့ ဝိဇ္ဇာဉာဏ် ဦးစီးပြီး လုပ်ကြရမယ်ဆိုတဲ့အချက်ကို မြဲမြဲစွဲစွဲ မှတ်လိုက်ကြ။

ဒကာတို့က လျှောက်ကြမေ့ယ်''တပည့်တော်တို့ တခါတလေ မှဆိုသလို ထူးထူးခြားခြား လှူကြရဒါပါ၊ အထူးလှူရတဲ့ အလှူမို့ အရေးကြီးပါတယ်ဘုရား''လို့ လျှောက်ကြပေမယ်၊ ဒါပေမဲ့– ဘုန်းကြီးက ''ခေတ္တ ခဏလောက် ဆိုင်းကြပါအုံး၊''လို့ ပြောရတယ်၊ ဘာ့ကြောင့်တုံး? ဆိုတော့ အသိလိုသေးလို့ဘဲ၊ ဒါကြောင့် ကန့်ကွက်ရတယ်ဆိုဒါ ရိပ်မိကြ၊ သဘောပါကြပလား? စက်ဝိုင်းထဲက ၄–နံပါတ်အကွက်ကို ကြည့်လိုက်ပါ၊ ဒကာတို့ သစ္စာမသိဘဲ လှူခဲ့သော် ၄–နံပါတ်က ဟောဒီဒုက္ခသစ္စာ ရကြမယ် ရိပ်မိကြပလား?

ဒီဒုက္ခသစ္စာ ဘာ့ကြောင့်ရဒါလဲ? အခု ပစ္စုပ္ပန်မှာ ပေါက်ပွါးတဲ့ မသိဘဲလှူတဲ့ ၃–နံပါတ်က အဝိဇ္ဇာ သင်္ခါရကြောင့်ဘဲ၊ ဒီ–အဝိဇ္ဇာ,သင်္ခါရတွေ အရင်းခံနဲ့, အဝိဇ္ဇာပစ္စယာ သင်္ခါရာကြောင့် ၄,ထဲက ဝိညာဏ်,နာမ်ရုပ်,သဠာယတန, ဖဿ, ဝေဒနာ, ဒါတွေ

ပြန်ရမယ်၊ အဲဒါ—မသိသူများရတဲ့ ဒုက္ခသစ္စာဘဲ၊ ပေါ်ကြပလား၊ ဒကာတို့ အခုအနေမှာလဲ အတိတ်က အဝိဇ္ဇာပစ္စယာ သင်္ခါရ လုပ်ခဲ့လို့၊ အခုပစ္စုပ္ပန်မှာ ဒုက္ခသစ္စာခန္ဓာကြီး ကိုယ်ပိုင် လက်ရှိ ရနေကြဘီ။ ဒီကြားထဲက နောက်အနာဂတ်ဒုက္ခသစ္စာ ရကြောင်း ရှာအုံးမယ်ဆိုရင် တော်ပါ့မလား၊ မတော်တော့ဘူး။

ဒကာတို့တတွေက မသိလို့ လုပ်နေကြပေမဲ့ ကရုဏာရှိတဲ့ ဆရာသမားက ကြည့်မနေနိုင်ဘူး၊ ဒါကြောင့်—ဆရာကောင်းနှင့်က ကန့်ကွက်ရမယ်၊ တားမြစ်ရမယ်၊ သဘောပါပလား၊ မသိဒါက အဝိဇ္ဇာ၊ ပြုလုပ်တာက သင်္ခါရ၊ ဒီအဝိဇ္ဇာအုပ်ချုပ်ပြီး, ပြုလုပ်လိုက်တော့၊ အခုပစ္စုပ္ပန်မှာ ၂—နံပါတ်ဒုက္ခသစ္စာ ရလာကြတယ်၊ ဘယ်ဟာတွေလဲဆိုတော့—ဝိညာဏ်,နာမ်ရုပ်,သဠာယတန, ဖဿ, ဝေဒနာ, ဒီငါးခု ဒုက္ခသစ္စာ ရလာကြတယ်၊ မြင်ကြပလား၊ စက်ဝိုင်းပြန်ကြည့်ကြ။

မသိဒါက—အဝိဇ္ဇာ၊ လှူဒါန်းဒါက—သင်္ခါရ၊ ဒကာတို့လုပ်တာ ကိုက သမုဒယသစ္စာ လုပ်ကြဒါ၊ ဒီဟာလုပ်တော့—နောက်ဘဝ ဒုက္ခသစ္စာ ခန္ဓာငါးပါး ရတယ်၊ ရှင်းကြပလား၊ ဒီလိုဆိုတော့—ဒကာတို့ဟာ ငွေကုန်ပြီး, လူပန်းရဘီ၊ ဘာလို့ ငွေကုန် လူပန်း ဖြစ်ရဒါလဲ၊ မသိလို့ လှူဒါန်းဒါမို့ဘဲ၊ သမုဒယသစ္စာလုပ်ခဲ့မိလို့ဘဲ၊ မသိလို့ သမုဒယသစ္စာ ကြိုးစားမိတော့၊ အခု ဒုက္ခသစ္စာ ရဒါဘဲ၊ ရိပ်မိကြပလား၊ ဉာဏ်နဲ့ မြင်အောင် ကြည့်ကြ၊ ဉာဏ်

မြင်မရသမျှ အမှန်မကျနိုင်ဘူး၊ အမှန်မကျရင်— ဒုက္ခလွတ်လမ်း မမြင်တော့ဘူး၊ ရှင်းပလား?

ဒကာဒကာမတွေ လိုချင်ဒါက ချမ်းသာသုခ၊ အခု ရထား ကြဒါက ဆင်းရဲဒုက္ခ၊ ဒုက္ခသစ္စာကို ဒကာတို့ မလိုချင်ကြဘူး၊ သုခသစ္စာသာ ရချင်ကြ၊ လိုချင်ကြဒါ၊ ဒီအတိုင်း— ဟုတ်ကြရဲ့ မဟုတ်လား? အခုတော့—မသိလို့ လူ့ဒါန်းမိတဲ့အတွက်၊ ဒုက္ခသစ္စာ ရထားကြဘီ၊ ခွဲလို ခွါလို့ ရကြသေးရဲ့လား? မရနိုင်တော့ဘူး၊ ရှေးက မှားခဲ့ဒါဖြစ်လို့ မပြင်နိုင်တော့ဘူး၊ ဒီတော့—ဒီသဘော အမှန်ကို သိရရင်, နောက်ထပ် မမှားအောင် ကြိုးစားကြဘို့ဘဲ၊ အခုလို— အခွင့်ရတုန်း အချိန်ရှိတုန်းမှာ မကြိုးစားရင် မဖြစ် တော့ဘူး၊ သဘောပါကြရဲ့လား?

ဘုရားကိုယ်တော်တိုင် ရွှေဉာဏ်တော်နဲ့ ကြည့်ပြီး ကိတိကျကျ ဟောထားဒါဖြစ်လို့ ဘာမှသံသယရှိဘို့ မလိုဘူး၊ ဘုန်းကြီးက ပြောလို့မဟုတ်ဘူး၊ ဘုရားဟောဒါမို့ လေးလေးနက်နက်မှတ်ပြီး လိုက်နာကြရမယ်၊ သဘာဝမှ ဖြစ်စဉ်အမှန်ကို ရွှေဉာဏ်တော် နဲ့ ကြည့်ပြီး, အမှန်သိတော်မူဒါမို့၊ အင်္ဂတန် ကရုဏာကြီးလွန်း လို့ သနားလို့ ဟောတော်မူခဲ့ဒါဘဲဆိုဒါ ဆုံးဖြတ်ချက် ချကြ၊ ကျေနပ်ကြပလား? မသိတဲ့သူ လူ့ဒါန်းရင် ဒုက္ခသစ္စာသာ ရမှာ ဘဲ၊ ဒါကြောင့်—သစ္စာသိအောင်, ဝိဇ္ဇာဉာဏ်ရအောင်, ပဌမဆုံး ကြိုးစားကြရမယ်၊ ရှင်းကြရဲ့လား?

ကိုယ့်မှာ ပစ္စည်းကလေး ရှာဖွေလို့ အဆင်ပြေ၊ ဝင်ငွေ ကလေးကပြောင့်၊ စား၊ ဝတ်၊ နေရေးက ပိုလာဘိ၊ ရှိလာဘိ၊ ဆိုတော့၊ စိတ်ထဲက ဒီ–အထုပ်ကလေး နောက်ဘဝအတွက် ယူသွားအုံးမှဘဲတဲ့၊ အဲဒီလို–ပိုရှိလာတဲ့ပစ္စည်းကလေးနဲ့ နောက် ဘဝ ဒုက္ခ မြော်မိတယ်၊ မြော်မိတဲ့အတိုင်းလဲ ပုညာဘိသင်္ခါရ၊ သိုကုလ် ဒါနတွေ အမျိုးမျိုး ပြုလုပ်ကြ၊ တဏှာ၊ ဥပါဒါန်နဲ့ နောက်ဘဝ ဒုက္ခခန္ဓာ ဆုတောင်းယူကြ၊ ဟော.... အခု လက်ရှိ ရထားကြဘိ၊ ရိပ်မိကြရဲ့လား? မသိတဲ့အဝိဇ္ဇာ၊ အရင် ခံမှုဟာ ဒုက္ခကိုယ်ပိုင် ရလာဒါဘဲ၊ ရှင်းကြရဲ့လား?

ဒကာဒကာမတို့ ဒီဒုက္ခ လမ်းစဉ်ကိုဖြင့်၊ ယနေ့– ပြင်ကြစို့၊ ပြင်ဘို့မတော်သေးဘူးလား? အင်း.... တော်ဒါကိုသိရရင်၊ အမြန် ဆုံး ပြင်ကြရမယ်၊ ဒကာတို့ အခုရထားတဲ့ ခန္ဓာက ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာ ဘာတွေလဲဆိုတော့–ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ ဝေဒနာ၊ မြင်ကြပလား? ဒါကို သိကြရမယ်၊ ယခု လက်ရှိ ခန္ဓာဟာ ဘာသစ္စာလဲ? ဒုက္ခသစ္စာဘဲ၊ ဒါကို သိရင်ဖြင့် အဝိဇ္ဇာ ကွာဘိ၊ ဝိဇ္ဇာဖြစ်ပီ။ ဒါကို သိဒါဟာ ဝိဇ္ဇာဖြစ်လို့ သိဒါဘဲ၊ ဒီလို သိတော့–အဝိဇ္ဇာက–ဝိဇ္ဇာ၊ ဖြစ်တာဘဲဆိုဒါ မှတ်ကြ၊ ကျေနပ် ပလား?

ဒကာဒကာမတွေ ဝိဇ္ဇာ ဖြစ်ရင် နေရာကျဘိ၊ ဘာကြောင့် ဝိဇ္ဇာ ဖြစ်တာလဲ? ဆိုရင်၊ လက်ရှိခန္ဓာ ဒုက္ခသစ္စာမှန်း သိလို့ဘဲ၊

ရှိပ်မိကြပလား? ဒီခန္ဓာဒုက္ခသစ္စာဘဲလို့ သိဒါဟာ ဝိဇ္ဇာနဲ့မှ သိဒါဘဲ၊ ရှင်းကြပလား? ဒီဘဝ အခု ရထားတဲ့ခန္ဓာ ဒုက္ခ သစ္စာမှန်း သိတော့၊ ယခုဘဝမှာ ဝိဇ္ဇာဉာဏ် ရဒါဘဲ၊ သဘော ပါပလား? ဝိဇ္ဇာဉာဏ်ရတော့—ဘုံဘဝ လိုချင်တဲ့ တဏှာ ကွာတယ်၊ တဏှာ မလာဘူး၊ ဒီတော့— ဘုံဘဝကို လိုချင့် တောင့်တပြီး ပြုလုပ်တဲ့ သင်္ခါရဟာလဲ မလုပ်ဖြစ်တော့ဘူး၊ ရှင်းကြရဲ့လား?

ဒီတော့ကာ ဝိဇ္ဇာဉာဏ်လာလို့ အဝိဇ္ဇာချုပ်တယ်၊ အဝိဇ္ဇာချုပ်တော့ ဘုံဘဝ လိုချင့် တောင့်တကဲ့ သင်္ခါရလဲ မလုပ်ဖြစ်တော့ဘူး၊ ဒီသင်္ခါရ မလုပ်တော့ ဝိဇ္ဇာဉာဏ်က ဒီဘုံဘဝ ဒုက္ခသစ္စာကြီးကို မလိုချင်ဘူး၊ ဒီဒုက္ခကြီးက ကျွတ်ချင့် လွတ်ချင်တယ်၊ သဘော ပါကြရဲ့လား? အဲဒီတော့— ဒကာ ဒကာမတို့ အခုလို အလှူဒါန ပြုတဲ့အခါမှာ " ဒီဘဝ ဒုက္ခခန္ဓာကြီးကို မလိုချင်လို့ ဒီဒုက္ခခန္ဓာကြီးက ကျွတ်ချင်၊ လွတ်ချင်လို့ ဤ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ စတဲ့ လှူဖွယ်ဝတ္ထုများကို သံဃာတော်အရှင်မြတ်တို့အား လှူဒါန်းပါ၏" လို့ စိတ်ထားကို ပြင်ကြ၊ စိတ်ကို ပြောင်းပြစ်ကြ၊ သဘောပါပလား?

ဒီလို—ဒုက္ခသစ္စာကိုသိပြီး၊ ဒီကလွတ်ချင်တဲ့ဉာဏ်နဲ့ စိတ်ထားကိုပြင်ပြီး လှူဒါန်းတော့၊ ရတဲ့အကျိုးဟာ နိဗ္ဗာန်ဘဲ ရမယ်၊ နောက်ဒုက္ခသစ္စာ မရတော့ဘူး၊ ဒါကြောင့်—ဘုန်းကြီးတို့ ဒကာ ဒကာမတွေကို သတိပေးရတယ်၊ ပြောဆိုရတယ်၊ ' လှူဒါတော့

လျှုကြပါ၊ ဒါပေမဲ့—မလျှုခင် သစ္စာသိအောင် ကြိုးစားပါအုံး၊ သစ္စာသိပီးမှသာ လျှုကြပါ”လို့ ပြောရတယ်၊ ဘာ့ကြောင့်ပြော ရသလဲ? ဒကာဒကာမတွေ သနားလို့၊နောက်ထပ် ဒုက္ခရောက်မှာ စိုးရိမ်လို့ဘဲဆိုဒါ မှတ်လိုက်ကြ။

ဒကာဒကာမတွေ အခု ဘယ်ထဲမှာလဲ? စက်ဝိုင်း ပြန်ကြည့်။ အခု ၂—နံပါတ် ဒုက္ခသစ္စာထဲမှာ၊ ၂,ထဲက ဒုက္ခနဲ့ ကြုံနေရတယ်၊ မြင်ကြပလား? ဒီ—၂,ဒုက္ခနဲ့ ကြုံနေရဒါ၊ နောက်ဘဝက သစ္စာ မသိဘဲ လျှုခဲ့မိလို့ဘဲ၊ အခု ဒကာဒကာမတို့ ဒုက္ခသစ္စာ ကိုယ်ပိုင် ရဒါဟာ၊အတိတ်ဘဝက သစ္စာမသိဘဲနဲ့ လျှုဒါန်းခဲ့သောကြောင့် ဒုက္ခသစ္စာကြီး ရလာကြတယ်ဆိုဒါ ပေါ်ကြပလား?

ဒကာဒကာမတွေ တသံသရာလုံးက မှားလာတဲ့အမှားကြီးကို မြင်ကြဘီလား? ညွှန်ပြတဲ့ ဆရာသမားနဲ့လဲ ကြုံတွေ့ရလို့ ဒကာ ဒကာမတွေကလဲ ကိုယ့်အမှားကိုယ် မြင်သိကြလို့ အခု ပြင် လိုက်ပီး လမ်းမှန်တည့်ပေးလိုက်ပီ၊ နောက်ထပ်ပီး လူချမ်းသာ, နတ်ချမ်းသာ, ဆိုဒါတွေ မလိုချင်ကြနဲ့တော့၊ မယောင်မှားကြ နဲ့တော့လို့ ပြောလိုက်တယ်၊ သဘောပါကြရဲ့လား? ဒါ့ကြောင့် အခုလို—ညွှန်ပြပေးတဲ့ဆရာက ညွှန်ပြလို့ သိမြင်ကြရတဲ့အခါမှာ ပြင်ကြ, ဆင်ကြတော့၊ “ ဒီဒုက္ခက လွတ်ချင်လို့ မလိုချင်လို့၊ ဒီဒုက္ခက လွတ်ရာ,ရောက်ချင်လို့၊ဤဒါနဝတ္ထု,အစုစုကိုလျှုဒါန်း ပါတယ်၊”လို့ ပြင်လိုက်ကြ၊ သဘောပါပလား?

ဒကာဒကာမတွေ အခု ဒုက္ခသစ္စာဆိုဒါ စာသိဘဲရှိသေးတယ်၊ ကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ်တိုင်သိ မဟုတ်သေးဘူး၊ ကိုယ်တွေ့ဉာဏ်သိ ဖြစ်အောင် အလုပ်ကလေး ထိုင်ကြည့်ကြစို့၊ ကိုင်း– ငါးမိနစ်လောက် ငြိမ်ငြိမ်ထိုင်, ခန္ဓာကိုယ်ထဲမှာ စိတ်စိုက်ထား၊ တခြား မထွက်စေနဲ့၊ ခန္ဓာက သူ့သဘာဝအမှန်ကို ပြလိမ့်မယ်၊ ဒါကို ဉာဏ်နဲ့မြင်အောင် စိုက်ကြည့်ပေးကြ။ ကြည့်တတ်ကြပလား? ဘေး,အာရုံမထွက်စေနဲ့၊ ခန္ဓာကိုယ်ထဲမှာ အမှန်တကယ်ရှိနေတဲ့ သဘာဝလေးတွေ လိုက်ကြည့်ကြ။

ကိုင်း....ငါးမိနစ်စေ့ဘီ၊ ခန္ဓာက ဘာပြောသလဲ? ခန္ဓာက ညောင်းလာတယ်, ကိုက်လာတယ်, အဲဒါ– ဒုက္ခဝေဒနာပါလို့ ပြောဒါဘဲ၊ ညောင်းတော့–ပြောင်းချင်,ရွေ့ချင်လာတယ်၊အဲဒါ သင်္ခါရဒုက္ခဘဲ၊ တချို့တနေရာက ယားယံလာတယ်, ကိုက်ချင်, ခဲချင်လာတယ်, မြင်ကြရဲ့လား? အဲ....အဲဒါ ဒုက္ခသစ္စာကိုယ်တွေ့မြင်ရဒါဘဲလို့မှတ်ကြ၊ အခုမြင်ဒါ တဒင်္ဂလောက်ပဲ ရှိသေးတယ်၊ ဒီတဒင်္ဂကိုဘဲ ဆင်းရဲတဲ့ ဒုက္ခ သဘောကို သည်း မခံနိုင်ကြဘူး၊ မခံနိုင်, မခံလိုကြဘူး မဟုတ်လား? အဲဒီတော့– အခုကိုယ်တွေ့မြင်ရတဲ့ ဒုက္ခဝဋ်မှ ကျွတ်လို, လွတ်လိုတဲ့ စိတ်ထား ပေါ်နိုင်ကြမယ်၊ ရှင်းကြပလား?

အဲဒီအခါမှာမှ၊ယခုမြင်ရတဲ့ ဒုက္ခဝဋ်ဆင်းရဲမှ ကျွတ်ရ,လွတ်ရပါလို၏ဆိုပြီး, သိန်းကုန်, သောင်းကုန် လှူကြ၊ သဘော ပါကြ

ပလား? ဒီလိုမှမဟုတ်ရင်၊ မလျှုတတ်တာနဲ့ ဒုက္ခ ထက်ချပ်ပါ လိမ့်မယ်၊ ဒါကြောင့်—လျှုတတ်အောင် ဒုက္ခလွတ်တဲ့ လျှုဒါန်း နည်းရအောင် ကြိုးစားရမယ်၊ ရိပ်မိကြပလား? ဒီအခုမြင်သိရတဲ့ ဒုက္ခဟာ၊ ခန္ဓာကပြလို့ သိရဒါဘဲ၊ သူများပြောလို့ ဘုန်းကြီးက ဟောလို့ မဟုတ်ပါဘူး၊ ကျေနပ်ပလား? ဒီတော့—ပဋ္ဌမ ခန္ဓာက ပြတဲ့ ဒုက္ခသစ္စာကို မမြင့်မြင်အောင်ကြည့်ပေးရမယ်၊ဒီဒုက္ခ မြင် ပီးတော့မှ၊ ဒီဒုက္ခက လွတ်ချင့်ကျွတ်ချင်လို့ နောက်ထပ် မလို ချင်လို့ လှူဒါန်းပေးကမ်းပါ၏ ဆိုတဲ့ စိတ်ထားကိုပြောင်းကြဲ။

ဒကာဒကာမတွေ ဒီလိုစိတ်ထားနဲ့ လှူတဲ့အလှူဟာ၊ ဝဋ် တောင့်တပီး လှူဒါလား? ဝဋ်ကို ရှုံမုန်းပီး လှူဒါသား? ဝဋ်ကို ရှုံမုန်းပီး လှူဒါပါ၊ ဒါ့ကြောင့်—အခု လှူတဲ့အလှူကို ဝဋ် ကျွတ်တဲ့ အလှူဘဲဆိုဒါမှတ်ကြ၊ရှင်းကြပလား? ဒီလိုလှူတော့ ဘယ်လောက်များ နေရာကျသွားသလဲ? ဒါမှသာ သာသနာတွင်း အလှူအစစ်လို့ဆိုရမယ်၊ သဘောပါရဲ့လား?ဒါကြောင့် ဘုန်း ကြီးတို့ ဒကာဒကာမတွေ အထူးသတိပေးလိုက်တယ်၊ "လှူကာနီး မှာ ဒီဒုက္ခဝဋ်က ကျွတ်လွတ်လိုတဲ့စိတ်ကလေးကို မွေးဖြစ်အောင် မွေးကြပါလို့" သဘောပါပလား?

ဒါမှမဟုတ်လို့ သစ္စာမသိဘဲနဲ့ လျှုဒါနပ်မိရင်၊ သမုဒယဘဲ လုပ်မိမယ်၊ သစ္စာမသိဘဲလုပ်တော့ လုပ်မိလုပ်ရာ ရမ်းပီးလုပ်တော့ သမုဒယဘဲလုပ်မိတော့ဒါဘဲ၊ သမုဒယလုပ်မိတော့ ဒုက္ခသစ္စာဘဲ

ပြန်ရမှယ်၊ သဘောပါကြပလား? သမုဒယသစ္စာ လုပ်ရင်၊ ဒုက္ခ သစ္စာ ရမှာဘဲဆိုတဲ့အချက် ရိပ်မိကြပလား? ဒါကြောင့်,လူ့မယ်, ဒါန်းမယ့်ကြံရင် သစ္စာသိတဲ့ဉာဏ် အရေးကြီးတယ်ဆိုဒါ ဆုံး ဖြတ်ချက်ချ။ အခု, ဒကာဒကာမတွေမှာ အင်မတန် ကံကောင်း ကြလို့ သစ္စာသိတဲ့ဉာဏ် ရကြဲဘီ၊ ဒီဉာဏ်နဲ့ အလှူ့အဒါန်း လုပ် ရတော့ သမုဒယ မလုပ်မိဘူး၊ မဂ္ဂသစ္စာ, ဖြစ်လာတယ်၊ ရှင်း ပလား?

ဒီဉာဏ်နဲ့လှူတော့ မဂ္ဂင်ငါးပါးရှိတဲ့ လောကီမဂ္ဂသစ္စာဖြစ် လာတယ်၊ ဒီတော့ သမုဒယမလာဘဲ ချုပ်တယ်၊ ချုပ်တော့ နောက်ဒုက္ခလဲ မလာတော့ဘူး၊ ကျေနပ်ကြပလား? ဒါကြောင့်— အလှူ့ဒကာ ဒကာမတွေ နက်ဖြန်လှူမှယ့် အလှူပွဲကြီးဟာ ဝဋ်ကျွတ်တဲ့ပွဲကြီးဘဲ၊ဒုက္ခငြိမ်း ချုတ်တဲ့ပွဲကြီးဘဲလို့ မှတ်လိုက်ကြ၊ ကျေနပ်ကြပလား? စက်ခိုင်းထဲပြန်ကြည့်၊ ဒကာတို့ဟာ (၁) အကြွက်ကနေပြီး, (၂)သွား၊ (၂)ကနေပြီး (၃) အလုံင်လုပ်၊ (၃)အလုံပ်လုပ်တော့ (၄) ထဲသွား၊ အဲဒီလိုနည်းနဲ့ အဆက် မပြတ် ဝဋ်ထဲလျှံနေရဒါဘဲ၊ ရှေးက ဒီဝဋ်ထဲဘဲ ချာချာလျှံခဲ့ကြရ တယ်၊ ထွက်လမ်းကို မရခဲ့ကြဘူး၊ ပေါ်ကြပလား?

အခုလို အခွင့်ကောင်း,အခါကောင်းမှာ၊ဆရာသွားနဲ့တွေ့လို့ ကိုယ့်အဖြစ်မှန်လဲ သိကြရဘီ၊ ဝဋ်က ကျွတ်လမ်း,ထွက်လမ်းကို လဲ ရိပ်မိကြဘီ၊ ဒီလိုသိရတော့၊သစ္စာသိဘို့အရေးဟာ အလွန်ကြီး

တဲ့ အရေးပါလားဆိုဒါ ဆုံးဖြတ်ချက်ချကြ၊ သစ္စာမသိဘဲနဲ့ လုပ်သူမှာ ဝဋ်ထဲက လယ်နေမယ်၊ သစ္စာသိပြီး လုပ်သူကတော့ ဝဋ်ကျွတ်ဘယ်၊ သစ္စာမသိသူနဲ့ သိသူဟာ၊ အလွန်ဘဲ ကွာခြားပါတယ်၊ ရိပ်မိကြရဲ့လား? လျှုဒါ၊ ဒါန်းဒါမှာ၊ မသိသူကလျှုတော့ သမုဒယသစ္စာ လုပ်တာဘဲ၊ အဲဒီသူဟာ—သေသည်၏ အခြားမဲ့မှာ ဒုက္ခသစ္စာ၊ ဖြစ်မှာဘဲ၊ ရှင်းကြပလား?

ဘုန်းကြီးတို့ ဒကာဒကာမတွေ ရှေးကတော့—လျှုဒါ၊ ဒါန်းဒါဟာ ကုသိုလ်ရတယ်လို့ဘဲ ပြောကြ၊ ဆိုကြ၊ ကြိုးစားကြတယ်၊ မှန်ပါတယ်၊ ဒီကုသိုလ်ဟာ သမုဒယသစ္စာဘဲ၊ ဒီသစ္စာ မသိသောကြောင့်၊ နောက်ရလာဒါဟာ ဒုက္ခသစ္စာဘဲ ရလာတော့တယ်၊ မသိလို့ သမုဒယကုသိုလ် လုပ်မိတော့၊ ဒုက္ခသစ္စာ အကျိုးခန္ဓာ ရတော့ဒါဘဲပေါ့၊ ရိပ်မိကြပလား၊

ဒကာဒကာမတွေ အခုလက်ရှိခန္ဓာက ဘယ်ထဲမှာလဲ? အခုလက်ရှိခန္ဓာက (၂)ထဲမှာ ရောက်နေကြတယ်။ ဇာတိက၊ စပြီးရောက်လာကြဒါ ပဋိသန္ဓေက စတယ်လို့ မှတ်ကြ၊ ဝိညာဏ်ဆိုဒါ ပဋိသန္ဓေကို ဆိုဒါဘဲ၊ ရှင်းကြရဲ့လား? ဒီဝိညာဏ်က၊ စခဲ့တယ်၊ ဒါပြီးတော့—နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဒါတွေ ဒကာတို့ အခုလက်ရှိ ရနေ၊ ရောက်နေကြတယ်၊ မြင်ကြရဲ့လား? ဒီတော့ ဇာတိက၊ ဘာသစ္စာလဲ? "ဒုက္ခသစ္စာဘဲ" ဇာတိပိ ဒုက္ခသစ္စာဘဲ၊ ဝိညာဏ်ဟာ ဇာတိပိ ဒုက္ခသစ္စာ၊ သဘောပါကြရဲ့လား?

ဒုက္ခာဒုက္ခာမတို့ လှူဒါကတော့ ကောင်းပါရဲ့၊ ဒါပေမဲ့ မသိလို့ လှူဒါဟာ ဒုက္ခသစ္စာ့ဖြစ်တယ်၊ သိလို့ လှူရင် မဂ္ဂသစ္စာဘဲ၊ ဒီဘက်က နိရောဓသစ္စာရမယ်၊ သဘောပါကြရဲ့လား? ဘုန်းကြီးတို့ ဒကာဒကာမတွေကို ဒီကနေ့—ထူးထူးခြားခြားပြရမယ်၊ (၃)အကွက် ကြည့်လိုက်ကြ၊ မြင်ကြရဲ့လား? မသိလို့ လှူဒါဒုက္ခသစ္စာ၊ သိပြီးမှလှူရင် သမုဒယသစ္စာ့ရကြမယ်၊ ရှင်းကြရဲ့လား? ဗီနှစ်ခုမှာ အဝိဇ္ဇာက သစ္စာမသိဘူး၊ သစ္စာမသိတော့— အမှန်မကျဘူး၊ လုပ်သမျှ အမှားချည့် လုပ်မိတယ်၊ ဒီတော့—သမုဒယလုပ်မိ၊ ဒုက္ခရဒါဘဲ၊ ရိပ်မိပလား?

သိပြီးလှူတော့ ဝိဇ္ဇာဖြစ်၊ ဝိဇ္ဇာဖြစ်တော့— မဂ္ဂသစ္စာဖြစ်တာဘဲ။ မဂ္ဂသစ္စာ ဖြစ်တော့၊ ဒီဘက်က နိဗ္ဗာန်ဆိုတဲ့ နိရောဓသစ္စာပေါ်လာတယ်၊ ဒီတော့မှ ခန္ဓာဇာတ်သိမ်း ဒုက္ခဇာတ်သိမ်း၊ ငြိမ်းတော့ဒါဘဲ၊ သဘောပါကြပလား? ဒကာဒကာမတွေ ဒီတလုံးပိုင်ရင် သေပျော်ဘီလို့ မှတ်ကြ၊ ဒီတလုံးဟာ ဘယ်လောက်အရေးကြီးသလဲ?ဆိုဒါ ရိပ်မိကြပလား? ဒါကြောင့် သစ္စာသိဘို့အရေး၊ သစ္စာသိအောင် ကြိုးစားဘို့ အရေးဟာ ဒို့အရေးပါလား၊ မလုပ်ရင် မဖြစ်တဲ့အရေးပါလားဆိုဒါ ဆုံးဖြတ်ချက်ချကြ။

မသိလို့လှူဒါ.. သမုဒယသစ္စာ၊ ရဒါက.. ဒုက္ခသစ္စာ။
သိလို့လှူဒါ... မဂ္ဂသစ္စာ၊ ရဒါက....နိရောဓသစ္စာ။
ရှင်းကြပလား?

ဒကာဒကာမတို့ မသိလို့ လျှုတော့ ဒုက္ခရတယ်၊ သိလို့ လျှု တော့ နိဗ္ဗာန်ရတယ်၊ လျှုဒါချင်းကတော့ အတူတူဘဲ၊ ဘာကွာ နေသလဲ? အသိဉာဏ် ကွာနေတယ်၊ သစ္စာသိတဲ့ဉာဏ် ပါဒါနဲ့ မပါဒါ ကွာနေတယ်၊ ဒီတော့ အကျိုးရမှာလဲ ကွာခြားသွားဒါ ပေါ့၊ သဘောပါပလား? ဒါကြောင့် ဘုန်းကြီးတို့ ဒကာဒကာမ တွေအဘို့ရာ မသိတဲ့သူနဲ့ စာရင် သေပျော်ဘီလို့ ပြောလိုက်ပါ တယ်၊ ရိပ်မိပလား?

မသိဒါက အဝိဇ္ဇာ၊ လျှုဒါက သင်္ခါရ၊ ဒီလို အဝိဇ္ဇာအရင်း ခံ မသိမှုနဲ့ လျှုဒါန်းပီးသူက လူ့ချမ်းသာ နတ်ချမ်းသာ ဗြဟ္မာ ချမ်းသာတွေကို ရမယ်ထင်တယ်၊ ဒီအထင်နဲ့ ဒီဟာတွေ လိုချင် တဲ့စိတ်နဲ့ လျှုဒါန်းဒါဘဲ၊ ဟုတ်ကြရဲ့လား? စက်ဝိုင်းမှာသေသေ ချာချာကြည့်ကြ၊ သေသေချာချာကြည့်တော့ " လူ့ချမ်းသာ ဘာသစ္စာ? ဒုက္ခသစ္စာ၊ နတ်ချမ်းသာ ဘာသစ္စာ? ဒုက္ခသစ္စာ၊ ဗြဟ္မာ့ချမ်းသာ ဘာ သစ္စာ? ဒုက္ခသစ္စာ၊" ဒကာဒကာမတွေ မြင် ကြပလား? ရတော့ ဒုက္ခသစ္စာဘဲ ရလာတယ်၊ အကောင်းတခုမှ မပါလာဘူး၊ ရှင်းကြပလား?

ဘုန်းကြီးတို့ ဒကာဒကာမတွေကို အထူး သတိပေးလိုက်ပါ တယ်၊ " သူပြော လူပြောနဲ့ မယုံကြပါနဲ့၊ ကိုယ်ပိုင်ဉာဏ်နဲ့ သိပီးမှ ယုံကြပါ" လို့ ရိပ်မိကြရဲ့လား? ကိုယ်ပိုင်ဉာဏ်နဲ့ ကြည့် တော့၊ ခန္ဓာက ဒုက္ခဘဲပြမယ်၊ ခန္ဓာမှန်သမျှ ဒုက္ခသစ္စာချည့်ဘဲ၊

ဒီတော့–သူ့ကို ဉာဏ်နဲ့ကြည့်၊ ဒုက္ခအပြင်–ပြစရာမရှိဘူး၊ ဒုက္ခ မို့ ဒုက္ခပြဒါဘဲဆိုဒါ မှတ်လိုက်ကြ။ ဒါကြောင့်–သူပြော လူပြော မယုံနဲ့၊ ကိုယ်ပိုင် ဉာဏ်နဲ့မှသာ ယုံကြဘို့ဆိုဒါ မြဲမြဲ မှတ်ထား ကြ။

ဒီလို–ကိုယ်တွေ့ ဉာဏ်မြင်ဖြစ်အောင် "မလှူမီ ရှေ့အဘို့မှာ ခန္ဓာကို စောင့်ကြည့်၊ ခန္ဓာမှာ ဉာဏ်နဲ့ကြည့်တော့၊ ယားယံမယ့် ကိုက်ခဲလာမယ့် နာကျင်လာမယ်. တောင့်တင်းလာမယ်, အောင့် ရင်လှဲလာမယ်, ဆာလောင် မွတ်သိပ် လာမယ်, တခုမဟုတ်, တခု ဆိုသလို ဒုက္ခတွေ လာမှာဘဲ၊ ခန္ဓာက ဒုက္ခပြမယ်။ အဲဒီအခါမှာမှ ဧကာဒကာမတွေက ဒီဒုက္ခဝဋ်က ကျွတ်ချင့် လွတ်ချင်လို့ လှူ ဒါန်းပါ၏ ဆိုတဲ့ စိတ်ထားကို ပြောင်းကြ၊ စိတ်ထား ပြောင်းပြီး လှူကြ။

လှူမယ်ကြံရင့် မလှူခင် လက်ငင်းရှုပြီး, ခန္ဓာဒုက္ခ မြင်ပြီးမှ လှူကြ, ဒါန်းကြ၊ အဲဒီကျမှ " နိဗ္ဗာနဿ ပစ္စယော ဟောတု" လို့ ဆိုချင်ဆို၊ ရှင်းကြပလား? လှူကာနီးမှာ ခန္ဓာဒုက္ခ မြင် အောင်ကြည့်ပြီး,ရှုမှတ်ပြီးမှ လှူကြဘို့ မမေ့ကြနဲ့၊ ဒါ–အရေး အကြီးဆုံး အချက်ပဲဆိုဒါ မှတ်လိုက်ကြ၊ ရိပ်မိပလား?လှူခါနီးမှာ ဒါကိုမေ့ပြီး, ဒီပြင်မဟုတ်တာတွေ လာနေတတ်တယ်၊ထမင်းဟင်း လောက်မှ့ လောက်ပါ့မလား?ထမင်းနပ်မှ့ နပ်ပါ့မလား? ဘုန်းကြီး တွေကြွမှ လာပါ့မလား?နဲ့ ထွေရာလေးပါး ဖြစ်နေတတ်တယ်။

အဲဒီလို မဖြစ်ကြစေနဲ့ ကိုယ်နဲ့မဆိုင်ဘူး၊ အခုပြောတဲ့ ခန္ဓာ ဒုက္ခကြည့်ဘို့ ရှုဘို့ဟာ အရေးအကြီးဆုံး အချက်ဘဲဆိုဒါ မှတ် လိုက်ကြ ရှင်းကြပလား? ဒကာဒကာမတွေအတွက်၊ အလွန်အရေး ကြီးတဲ့အချက်မို့ တခါ ပြန်ပြော ပါအုံးမယ်၊ သေသေချာချာ မှတ်ကြ။

မသိလို့ဒါ....ဘာသစ္စာ? သမုဒယသစ္စာ၊
ရဒါက....ဘာသစ္စာ? ဒုက္ခသစ္စာ၊
သိလို့လို့ဒါ...ဘာသစ္စာ? မဂ္ဂသစ္စာ၊
ရဒါက....ဘာသစ္စာ? နိရောဓသစ္စာ၊
မြဲမြဲမှတ်ထားကြ။

အလှူ – ဒါနဟာ သံသရာ မရှေပါဘူး၊ အချို့က ဒါန, သီလ တွေဟာ သံသရာ ရှေတယ်၊ သံသရာရှေတဲ့ အလုပ်တွေလို့ ပြောတတ်ကြတယ်၊ အဲဒီလို ပြောဒါဟာ မသိလို့ပြောကြဒါ၊ မသိပြော–ပြောဒါဘဲလို့ မှတ်လိုက် ကြ၊ ရှင်းကြပလား?

ဒကာဒကာမတွေ မသိမှု, သိမှုဟာ တစ် တရားခံတရားဘဲ ဆိုဒါမှတ်ကြ။ မသိမှုက, သမုဒယသစ္စာ၊ ရဒါက, ဒုက္ခသစ္စာ။ သိဒါက, မဂ္ဂသစ္စာ၊ ရဒါက, နိရောဓသစ္စာ။ သဘောပါကြရဲ့ လား? ဒါန,သီလက သံသရာရှေဒါ မဟုတ်ဘူး။ သိမှု, မသိမှု ကြောင့် ကွာခြားဒါ၊ မသိမှုကြောင့်သာ သံသရာ ရှေနေဒါလို့

ဆုံးဖြတ်ချက် ချကြ၊ ရိပ်မိကြပလား? ဒါန, သီလက သံသရာ မရှေ၊ မသိမှုကသာ သံသရာရှေဘယ်၊ ရှင်းကြပလား?

ဒကာဒကာမတွေ နောက်ကို သိတတ်ကြတော့— သံသရာ ဖြတ်နည်း ရကြဘီ၊ ဖြတ်တတ်ကြတော့၊ ဆွမ်း တယောက်မ, တဇွန်း ဘဲလှူလှူ၊ ကွမ်းတရွက်ထဲဘဲလှူလှူ၊ ခန္ဓာညဏ် ရောက်ဘို့ကို မမေ့ ကြစေနဲ့။ ဒါမမေ့ဘို့ လုလ္လစိုက်ကြ။ ခန္ဓာကို အရင်ကြည့်၊ မလှူခင် အရင်ကြည့်ပီး, ဒီဒုက္ခက လွတ်လိုကျွတ်လို့လို့၊ ဒီဒုက္ခက, လွတ် ရပါလို၏သို့ ညွတ်ပီး၊ လှူကြ, ဒါန်းကြ၊ သဘောပါကြပလား?

အလကား—မဏ္ဍပ်ပတ်ပြေးပီး, မဏ္ဍပ်တိုင်တက်ပြသလို, လုပ်မ နေမိကြစေနဲ့လို့ သတိပေး လိုက်ပါတယ်၊ ကျေနပ်ကြ ပလား? မလှူမီ,ရှေးအဘို့ လှူခါနီးမှာ၊ ခန္ဓာဒုက္ခသစ္စာကို ကြည့်မိအောင် ကြည့်ကြလို့ သတိပေးလိုက်ဘယ်၊ ရှင်းကြရဲ့လား?

ခန္ဓာဒုက္ခသစ္စာကြည့်တော့—လောကီမဂ္ဂသစ္စာဖြစ်တယ် ရိပ်မိ ပလား? အဲဒီအခါကျမှ "ကိုယ်တိုင်မြင်တဲ့ ဒုက္ခသစ္စာမှ ကျွတ်လို့ လွတ်လိုလို့ ဤဒါနဝတ္ထု အစုစုကို သံဃာတော် အရှင်မြတ်ဘို့ အား, လှူဒါန်းပါ၏လို့" ဆိုပီး လှူကြ၊ လှူတတ်ကြ ပလား? ဒီလို— စိတ်ထားမျိုးနဲ့ ဒီအသိနဲ့ လှူရင်, ပဋိစ္စသမုပ္ပါဒ် ဒုက္ခ စက်ဝိုင်း ရပ်သွားဘီ၊ ဒီဘက်, အနာဂတ်ဘက် ဆက်သွားစရာ မရှိတော့ဘူး၊ နောက်လာမဲ့ ဒုက္ခစက် ပြတ်ပီလို့မှတ်ကြ။

ဒကာဒကာမတွေ သဘောပေါက်ကြပလား? ဒီထက် နက်နက် ပြောရရင်, မသိမှုဆိုတဲ့ အဝိဇ္ဇာရှိသူဟာ သင်္ခါရဆိုတဲ့ ကုသိုလ်စေတနာ,အကုသိုလ်စေတနာတွေကို လုပ်တာဘဲ၊ မသိသူဟာ လုပ်ချင်ဒါလုပ်တယ်၊ ကုသိုလ်လဲ လုပ်တာဘဲ၊ အကုသိုလ်လဲ လုပ်တာဘဲ၊ ဒါဖြင့်—အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်ဘာဘဲပေါ့၊ သဘောပေါက်ကြပလား? မသိမှုအဝိဇ္ဇာကြောင့် ကုသိုလ်,အကုသိုလ် ပြုမိပြုရာ သင်္ခါရ,အမျိုးမျိုးတွေ ဖြစ်ပေါ်လာရတယ်၊ရှင်းကြပလား?

မသိတဲ့သူဟာ,ဘာကိုဖြစ်ဖြစ် လုပ်တာဘဲ၊ ဘုံဘဝရကြောင်းလဲ လုပ်တာဘဲ၊ အပါယ်ကျကြောင်းလဲ လုပ်တာဘဲ၊ ဘာပြုလို့ လုပ်တာလဲ?ဆိုတော့ မသိလို့၊ သဘောပေါက်ကြပလား? ဒကာဒကာမတွေ ဟောဒီ—မြှားပြထားဒါကလေးကို ကြည့်ကြ။ ၁, နဲ့ ၂, အကူးမှာ မြှားပြထားတယ် ဒီ—မသိလို့ လှုတဲ့သူက ဒီဘက်မှာ ပဋိသန္ဓေနေရတယ်၊ ဝိညာဏ်ဆိုတာဟာ— ပဋိသန္ဓေဝိညာဏ်ဘဲ မြင်ကြပလား? ဝိညာဏ်ရတော့— နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ဒီငါးခု ဒုက္ခသစ္စာရဒါဘဲ၊ ရှင်းပလား?

အခု ဒကာဒကာမတွေ သိလို့လှူဘီ၊ဒီလို အသိနဲ့လှူတော့ မဂ္ဂသစ္စာ,ဖြစ်တယ်၊ သိလို့ ဖြစ်ပျက်, အားထုတ်တာလဲ မဂ္ဂသစ္စာဘဲ၊ ဒီက, မဂ္ဂသစ္စာ, ဖြစ်တော့၊ ဒီဘက်က, နိရောဓသစ္စာရတယ်၊ ရိပ်မိကြပလား? သိလို့လှူတော့ မဂ္ဂသစ္စာ၊ရဒါက,နိရောဓသစ္စာ၊ ဒီလို-လှူတတ်ရင်၊ ဒီမြှားလေးဘက် မဆက်တော့ဘူး၊ ဒီအကူးဟိုဘက်က, ဒုက္ခသစ္စာတွေ ချုပ်တယ်၊ သဘောပေါက်ပလား?

ဒီကာဒကာမတွေ ရှင်းကြပလား? ဒီဘက်က အဝိဇ္ဇာ၊ သင်္ခါရ စတဲ့ အကြောင်းကြောင့်၊ ဒီဘက်မှာ ဝိညာဏ်၊ နာမ်ရုပ် စတဲ့ အကျိုးခန္ဓာငါးပါး ရလာကြတယ်ဆိုဒါ ရိပ်မိကြဘီ ဒီအဓိပ္ပါယ်ကို သိချရင်၊ ဒီဘက်က ခန္ဓာငါးပါးကို သိကြား၊ ဗြဟ္မာ၊ စတဲ့ သူတွေက ဖန်ဆင်းဒါ မဟုတ်ဘူးလို့ သိရဘယ်၊ ဒီခန္ဓာသည်၊ အကြောင်းကြောင့် ဖြစ်ပေါ်လာတဲ့အကျိုးဘရားဘဲ၊ ဘယ်သူကမှ ဖန်ဆင်းလို့ ဖြစ်တာ မဟုတ်ပါဘဲ ကလား? လို့ အမှန်သိဒါနဲ့ ဒိဋ္ဌိပြုတ်ပီလို့ မှတ်ကြ။

အဝိဇ္ဇာ၊ သင်္ခါရ စတဲ့ အကြောင်းတရားကြောင့် ပေါ်လာတဲ့ ခန္ဓာငါးပါးဘဲ၊ ဘသူမှ ဖန်ဆင်းလို့ ပေါ်ဒါမဟုတ်ဘူးလို့ သိတဲ့အတွက်၊ ဒိဋ္ဌိပြုတ်ဘယ်၊ ဒို့ဟာ၊ အဝိဇ္ဇာ၊ သင်္ခါရက လာဒါဘဲလို့ သိရတော့ ဘယ်ကသာပါလိမ့်မတုံး? ဆိုတဲ့ ဝိစိကိစ္ဆာ ပြုတ်တယ်။ အဝိဇ္ဇာ၊ သင်္ခါရပြုပြင်တော့ ပုဂ္ဂိုလ်၊ သတ္တာမပေါ်ဘူး၊ ဝိညာဏ်၊ နာမ်ရုပ် စသည် ပေါ်ဒါဘဲ ပြုလုပ်တာလဲ ပုဂ္ဂိုလ်၊ သတ္တာမဟုတ်၊ ပေါ်လာဒါလဲ ပုဂ္ဂိုလ်၊ သတ္တာ မဟုတ်၊ ဓမ္မတွေဘဲလို့ သိရတယ်၊ အကြောင်းအကျိုး ဆက်နေတဲ့ ဓမ္မတွေဘဲလို့ သိတော့ ဒိဋ္ဌိပြုတ်တယ်၊ ရှင်းကြပလား?

ဒီလိုအသိနဲ့ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ တဒင်္ဂပြုတ်သွားတော့ စူဠသောတာပန်တည်ဘီ၊ ဒီလို စူဠသောတာပန်၊ တည်ပီးမှ လှူတော့ ဒီအလှူဟာ သောတာပန်၊ အလှူဘဲ၊ သဘော ပါကြ ပလား?

သောတာပန်, အညှုဖြစ်သွားတော့၊ ဘယ်လောက်များ— အား တက်ဘို့ ကောင်းသွားသလဲ? ဒကာ ဒကာမ တွေ အားကျဘို့ မကောင်းပါလား? သိချင် ကြိုးစားပီး လိုက်နာကြ။ အကြောင်း တရားကလဲ့ အဝိဇ္ဇာ, သင်္ခါရ၊ အကျိုးတရားကလဲ ခန္ဓာငါးပါး၊ ဒီအထဲမှာ— ပုဂ္ဂိုလ်,မရှိ၊ သတ္တာ,မရှိ၊ ဓမ္မတွေဘဲရှိတယ်၊ ဓမ္မ, အကြောင်းအကျိုးဘဲရှိတယ်လို့ သိကြရမယ်။

ပြုလုပ်သူမရှိ၊ ပြုလို့ပေါ်သူမရှိ၊ အကြောင်း အကျိုးမျှသာ ရှိတယ်လို့ သိတဲ့အတွက် ဝိစိကိစ္ဆာ,သေတယ်၊ ပုဂ္ဂိုလ်, သတ္တာ, မပါလို့လဲ့ ဒိဋ္ဌိသေတယ်၊ ပုဂ္ဂိုလ်, သတ္တာ, ဆိတ်သုဉ်း သွားတဲ့ အတွက်၊ ဒိဋ္ဌိပြုတ်တာဘဲ၊ ရှင်းကြပလား? ဒိဋ္ဌိပြုတ်တော့— စူဠ သောတာပန်,ဖြစ်သွားဒါပါဘဲ၊ ဒကာဒကာမတွေ သဘောပါရဲ့ လား? စူဠသောတာပန်,ဆိုဒါ သစ္စာသိသူဘဲ၊ သစ္စာသိတဲ့သူကို စူဠသောဘာပန်,လို့မှဘဲကြ။ ဒီအသိက—မဂ္ဂင်ငါးပါးဘဲ ရှိသေး တယ်၊ ရှင်းပလား?

အဲဒီတော့—ခန္ဓာက ဒုက္ခသစ္စာ၊ သိဒါက—မဂ္ဂသစ္စာ၊ သိလုံး ကလေးနဲ့ လှူဒါဘဲ၊ လှူတဲ့အခါ— ဒီဒုက္ခက ကျွတ်ချင့်, လွတ် ချင်လို့လှူပါ၏လို့ဆိုပီးလှူတယ်၊ ဒီလိုလှူတော့— သိလို့လှူ ဒါ မဂ္ဂသစ္စာဖြစ်တယ်၊ ဒီတော့— သိလို့လှူဒါက— မဂ္ဂသစ္စာ၊ ရဒါက—နိရောဓသစ္စာ၊ရှင်းကြပလား၊ဒီလိုမဟုတ်ဘဲ နောက်ဘဝ ကောင့်တပီး, လှူဒါန်းတော့-ဘာရမလဲ? နောက်ဘဝ ဆိုတော့

ခန္ဓာငါးပါး၊ ခန္ဓမှငါးပါး သစ္စာဖွဲ့တော့ ဘာသစ္စာလဲ၊ ဒုက္ခသစ္စာဘဲ၊ ဒီတော့ နောက်ဘဝ တောင့်တရင်၊ ခန္ဓာငါးပါးဒုက္ခသစ္စာ ရမှာဘဲ၊ ပေါ်ကြပလား?

ဒါကြောင့်, ဒဏာဒကာမတွေ ဘာဘဲဘဲလှူလှူ လှူဒါန်းတဲ့အခါ ခန္ဓာဒုက္ခမြင်အောင် ကြည့်ပြီး, ဒီဒုက္ခက,လွတ်လိုကြောင်း ဒီဒုက္ခဝဋ်က ကျွတ်ရလိုကြောင်းနဲ့ စိတ်ထားပြောင်းပြီး, လှူဒါန်းကြ၊ နောက်ဘဝ, ဆိုတဲ့ ခန္ဓာ ဒုက္ခသစ္စာ မပါကြစေနဲ့လို့ သတိပေးလိုက်တယ်၊ ရိပ်မိပလား?

ကိုင်း, ဒီတွင်တော်ကြအုံ၊ နက်ဖြန်မှ ဆက်ကြစို့။

# မမ္မရတနာ မာတိကာ

## "အလှူမတတ်၊ ဒုက္ခထပ်, တရားတော်"

---

**ဆောင်ပုဒ်**

အလှူဒါန၊ ပြုကုန်ကြ၊ ဉာဏ့်စဉ်ကွပ်ကဲ။
ဉာဏ်မကွပ်လျှင်၊ တဏှာဝင်၊ ရလျှင်ဒုက္ခဘဲ။
ပဋိသန္ဓေ၊ အိုနာသေ၊ ထွေထွေ လွန်ဆင်းရဲ။
အလှူမတတ်၊ မမြင့်မြတ် ရှုံးဖတ်တင်မည့်ပွဲ။
လှူဆဲချိန်ခါ ကိုယ့်ခန္ဓာ၊ ဉာဏ်ဝါစူးစိုက်စွဲ။
ကိုက်ခဲယားယံ၊ ကျင်နာပြန် ဒုက္ခံ ပြစ်မြဲ။
ခန္ဓာပြကွက်၊ ဒုက္ခစက်၊ ဖြစ်ပျက် ရှုဉာဏ်တွဲ။
ဒုက္ခဉာဏ်မြင်၊ လွတ်ကင်းချင်၊ စိတ်စဉ်ပြောင်းကာလွဲ။
ဒုက္ခလွတ်ကြောင်း၊ ဉာဏ်ချင့်လောင်း၊ လွန်ကောင်း မြတ်လှူပွဲ။

**သတိချပ်**

အင်္ဂုတ္တရ၊ အဋ္ဌက၊ မိန့်ဟာရှင်တော်မြတ်။
ရှစ်ခုမြောက်လာ၊ ဒါနသာ၊ ကောင်းစွာပြုလုပ်အပ်။
မုဥ္စစေတနံ၊ ချိန်ကောင်းမှန်၊ ရှုပ်နာမ်ရှုကြည့်လတ်။
ဒုက္ခဉာဏ်မြင်၊ လွတ်မြောက်ချင်၊ မဂ္ဂင်ငါးဝချပ်။
မဂ္ဂဉာဏ်မြော်၊ အသှူတော်၊ ပေးသော်လွန်မြင့်မြတ်။

သာမဏေဝိပဿနာ၊ ခြံရံကာ၊ လျှူဒါ မြတ်ဆုံးမှတ်။
အလှူတတ်မှု၊ သံသာရ၊ ဒုက္ခတိုမည်မှတ်။

**စာရေးသား** အလှူ့ဒကာ၊ အလှူ့အမတွေ ဒီကနေ့ ဒီအချိန် ဒီအခါမှာ၊ အလှူမင်္ဂလာပွဲကြီး ဆင်နွဲ ပြုလုပ်ကြတယ်၊ ဒီအလှူပွဲကြီး၊ ဖြစ်မြောက်ဘို့ အရင့်အရင် ရက်တွေကထဲက ကြိုးစားခဲ့ကြရတယ်၊ ဒီတော့–အခုအလှူပွဲကြီး၊ ကျင်းပဆဲ အချိန်ဟာ၊ အလှူပွဲရဲ့ အလယ်ပိုင်း အချိန်ဘဲလို့ မှတ်ရမယ်၊ ဒါ့ကြောင့်– အခုပွဲပြုလုပ်ဆဲဖြစ်တဲ့ ဒီအချိန်ဟာ၊ မုဥ္စစေတနာ အချိန်ဘဲလို့ မှတ်ကြရမယ်။ သဘောပါကြပလား?

ဒီတော့–ဒီလို လှူဆဲဖြစ်တဲ့ မုဥ္စစေတနာ အချိန်ဟာ အရေးကြီးတဲ့ အချိန်ဘဲလို့ မှတ်ကြရမယ်။ ဘာ့ကြောင့်လဲ? ဆိုတော့၊ ဥပမာ–လှေနှစ်စင်း ပြိုင်တဲ့အခါမှာ၊ ပန်းဆွတ်တာလိုရင်းအချက်ဘဲ၊ ပန်းဆွတ်နိုင်မှသာ အနိုင်ရသလို့၊ အောင်ပွဲရသလို၊ ဒီအလှူပွဲမှာလဲဘဲ မုဥ္စစေတနာအချိန်မှာ၊ ပန်းဆွတ်နိုင်မှသာ အောင်ပွဲရမယ်ဆိုဒါ မှတ်လိုက်ကြ၊ ရိပ်မိကြပလား?

မလှူခင် စောစောပိုင်းက ပြုလုပ်ဆောင်ရွက်ခဲ့တဲ့ "ပုဗ္ဗစေတနာ"က ဘယ်လိုပင် ကောင်းနေပေမဲ့လဲ "ဒီ မုဥ္စစေတနာ" ပျက်သွားရင် မကောင်းဘူး။ ဒါ့ကြောင့်– ဒီအချိန်ဟာ ပိုပြီး အရေးကြီးတယ်ဆိုဒါ မှတ်လိုက်ကြ။ အခု ဒီအလှူပွဲကြီး ရောက်လာကြတဲ့ ဒကာဒကာမတွေ အားလုံးဟာလဲ အလှူရှင်တွေဘဲ

မိမိတို့စွမ်းအားအလျောက် လုံ့ဝင်လှူဒါန်းကြ၊ သီလလဲ ဆောက်တည်၊ တချို့တွေက ဝေယျာဝစ္စ၊ ကုသိုလ် ဆောင်ရွက်ကြနဲ့ အားလုံး အလှူရှင်တွေဘဲလို့ မှတ်ရမယ်။

အဲဒီတော့— အားလုံးသော ဒကာဒကာမတွေ အထူး သတိချပ်ကြရမယ်၊ ဒကာဒကာမတွေဟာ၊ ဒါန အမျိုးမျိုး လှူကြ၊ ဒါန်းကြ၊ ပုညကြိယာ ဝတ္ထုတွေပြုလုပ်ကြ ဒီလိုပြုလုပ်လှူဒါန်းတဲ့ စေတနာနဲ့ လှူတဲ့အခါမှာ၊ လူ့ဘုံနတ်ဘုံ အစုန်အဆန် ခံစားချင်လို့ လှူရင်၊ ပုညာဘိသင်္ခါရဘဲ။ ဒီသင်္ခါရက လိမ်လည်ကောက်ကျစ်တဲ့ သင်္ခါရဘဲဆိုဒါ မှတ်လိုက်ကြ၊ ဒီလို—လူ့ နတ်ဘုံဘဝတောင့်တပြီး ပြုလုပ်တဲ့ သင်္ခါရက အဝိဇ္ဇာ အုပ်ချုပ်နေတယ်၊ "အဝိဇ္ဇာပစ္စယာ ပုညာဘိသင်္ခါရာ"ဖြစ်တာဘဲ။

ဘာကြောင့်လဲဆိုတော့၊ ဒီစေတနာက အသိဉာဏ်မပါဘူး၊ သူက—လူချမ်းသာ နတ်ချမ်းသာ လိုချင်လို့ လှူတဲ့ အလှူပွဲ။ လူချမ်းသာလိုချင်လို့ လှူတော့ လူ့ဘဝရတယ်၊ လူဘဝ လူ့ဇာတိက စရတယ်၊ ဇာတိဟာ—ဘာသစ္စာလဲ၊ဇာတိပိ ဒုက္ခသစ္စာဘဲ၊ ဇာတိပြီးတော့ ဇရာလာ၊ ဘာသစ္စာလဲ? ဇရာပိ ဒုက္ခသစ္စာဘဲ၊ နောက်၊ ဗျာဓိလာ၊ ဘာသစ္စာလဲ? ဗျာဓိပိ ဒုက္ခသစ္စာဘဲ၊နောက်—မရဏ လာမယ်၊ မရဏ,ဘာသစ္စာလဲ? မရဏမ္ပိ ဒုက္ခသစ္စာဘဲ၊ ဒုက္ခသစ္စာချည့်ရမှာ၊ ကောင်းဒါများ ပါသေးသလား?

အဲဒီအတိုင်းပါဘဲ၊ နတ်ချမ်းသာ, တောင့်တလျှောဘ၊ နတ်ဘဝရမယ်၊ နတ်ဘဝ နတ်ဇာတိက စ,ရမယ်၊ နောက်, နတ်ဇရာ၊ နတ်ဗျာဓိ နတ်မရဏ၊အားလုံး ဒုက္ခသစ္စာချည်း ရမှာဘဲ၊ ရှင်းကြရဲ့လား? လူ နတ် ဘုံဘဝ တောင့်တပြီး,လျှုဒါဟာ၊ ဒုက္ခသစ္စာမှန်းမသိရှာ လို့ဘဲ။ ဒီတော့ ဒီလိုလှူတဲ့အလှူဟာ၊ သစ္စာမသိဘဲလှူတဲ့ အလှူဘဲပေါ့ သစ္စာသိဘဲ လှူရင် ဒီသခါရဖြင့်မယ်၊ဒကာဒကာမတွေ သဘောပါကြပလား?

လူ နတ်,ဘုံဘဝ တောင့်တပြီးလျှုတော့, သမုဒယသစ္စာ ဖြစ်တယ်၊ သမုဒယသစ္စာဖြစ်ရင်၊ အကြောင်းသမုဒယကြောင့်, စုတိမနေ သေလွန်တဲ့အခါကျတော့၊ ဒုတိယဘဝမှာ လူ့ခန္ဓာ, နတ်ခန္ဓာ, ဗြဟ္မာခန္ဓာ, ရကြမယ်၊ ဒီလို ခန္ဓာအမျိုးမျိုး ရတဲ့အတွက် ဒုက္ခသစ္စာ ပြန်ရဒါဘဲ၊ ရိပ်မိကြပလား? ဒကာဒကာမတွေ လူ့ခန္ဓာအစက ဇာတိ, ဒုက္ခသစ္စာ၊ လူ့ခန္ဓာ အလယ်မှာ ဇရာဒုက္ခသစ္စာ၊ ဆုံးခါနီးတော့ ဗျာဓိဒုက္ခသစ္စာ၊ လူ့ဘဝ,လူ့ခန္ဓာ အဆုံးမှာ၊ မရဏ,ဒုက္ခသစ္စာ၊ သဘောပါကြပလား?

ဒကာဒကာမတွေ ဘာများအမြတ်ထွက်ကြသေးတုံး? လှူလဲလှူရသေးရဲ့၊ ဒုက္ခသစ္စာလဲရလို့ ဒုက္ခရောက်ရသေးတယ်၊ ဒါဖြင့် ဒီအလှူဟာ ဘယ်နှယ်ဆိုကြမတုံး? အမြတ်မထွက်တဲ့အပြင်, ရှုံးဖတ်တင်တဲ့အလှူဘဲ၊ ငွေကုန်, လူပမ်းတဲ့ ရှုံးဖတ်တင်ဒါပေါ့၊ ရှင်းကြပလား? ဒါကြောင့် ဒကာဒကာမတို့ အခုလှူမယ့်အလှူ

ပွဲမှာ အရှုံးမခံရအောင် လုပ်ရမယ်၊ အမြတ် ထုတ်တတ်ကြရမယ် လို့ သတိပေးလိုက်တယ်။

ဒါကြောင့်—အခုလူတွေအလူမှာ "အဝိဇ္ဇာပစ္စယာ ပုညာဘိ သင်္ခါရ" မဖြစ်စေဘဲ၊ "အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓော" ဖြစ် စေဘို့ အရေးကြီးတယ်ဆိုဒါ မှတ်လိုက်ကြ၊ အခု လှူဆဲအချိန် မှာ၊ တဒင်္ဂဖြစ်စေဘို့ ကြိုးစားကြရမယ် ဘာ့ကြောင့်လဲ? ဆိုတော့ "သမထ ဝိပဿနာ ခြံရံပြီး လှူတဲ့ အလှူဟာ အမြတ်ဆုံး အလှူ ဖြစ်တယ်၊အမြတ်ဆုံး အလှူဖြစ်အောင် အခု လှူဆဲမှာ၊ သမထ ဝိပဿနာခြံရံရမယ်၊ အဲဒီလို ခြံရံပြီးလှူတဲ့ အလှူမျိုးမှ အမြတ် ဆုံးဘဲ"လို့ ဟောတော်မူထားလို့ဘဲဆိုဒါမှတ်ကြ။

ဒကာဒကာမတွေ အဲဒီတော့—အခု လှူဆဲအချိန်ကလေးမှာ သမထ ဝိပဿနာ ခြံရံကြရမယ်၊သမထ ဝိပဿနာ ခြံရံဆိုဒါ ခန္ဓာ ဉာဏ်ရောက်ဘို့ပါဘဲ၊အခု ဒကာဒကာမတို့ တရားနာ နေဆဲဖြစ်တဲ့ ခန္ဓာကို ဉာဏ်နဲ့ ကြည့်ရမယ်၊ အခု ထိုင်နေတဲ့ခန္ဓာမှာ ဉာဏ်နဲ့ ကြည့်ပေးကြ၊ ကြည့်တော့— ညောင်းလာလို့ ပြောင်းချင်တယ်၊ ရွှေ့ချင်တယ်၊ ကိုက်ခဲနာကျင်လာတယ်၊ ယားယံလာတယ်၊ ထွက် လေ ဝင်လေလေး ရှူလိုက်၊ ရှိုက်လိုက်နဲ့ ခန္ဓာက "ကျုပ်ဟာ— ဒုက္ခသစ္စာပါ ဒုက္ခသစ္စာပါလို့" ဟောလေ ပြောလေ ရှိတယ်၊ မြင်ကြရဲ့လား?

ဒီလို–ခန္ဓာက ဒုက္ခပြတဲ့အခါ၊ ဉာဏ်ကမြင်အောင်ကြည့်ပေး၊ ရှုပေးရမယ်၊ ရှုတော့–ဝေဒနာကြိုက် ဝေဒနာရှု၊ စိတ်ကြိုက်ရင် စိတ်ရှု၊ ရုပ်ကြိုက်လဲ ရုပ်ရှုကြ၊ ဘာကိုဘဲရှုရှု စိတ်ကလေးတွေ၊ ဝေဒနာလေးတွေ၊ ရုပ်သဘောလေးတွေ အမူအရာ ပြောင်းလွဲပြောင်းလွဲသွားကြဒါတွေ့ရမယ်၊အဲဒီလို တသဘောနဲ့တသဘော အမူအရာ၊တခုနဲ့တခု မတူဘဲ ပြောင်းလွဲပြောင်းလဲ သွားဒါဟာ၊ ဖြစ်ပီး၊ ပျက်စီးသွားကြဒါဘဲ၊ ဒီတော့–ခန္ဓာမှာ တရားကလေး တခုပေါ်တိုင်း၊ဉာဏ်နဲ့ကြည့်ရင် ဖြစ်ပီးပျက်သွားတဲ့ သဘောက လေးကို မြင်အောင် ကြည့်ပေးကြ။

ဒကာဒကာမတွေ ကြည့်တတ်ပလား၊ ဒီလို– ခန္ဓာ၊ ရုပ်နာမ် အဖြစ် အပျက် ကလေးတွေမြင်တော့၊ ဉာဏ်က "အော်....မမြဲပါ လား၊ ဒုက္ခသစ္စာပါလားလို့ သိလိုက်ရမယ်၊ ဉာဏ်နဲ့ မြင်ရမယ်၊ ရှင်းကြပလား၊ ဒီလို–ခန္ဓာဒုက္ခသစ္စာမြင်ပီး၊ ဒီသင်္ခါရကို မကပ် မှီ၊ ဒီဒုက္ခသစ္စာက ကျွတ်လိုလွတ်လိုလို့ ဒီသင်္ခါရတွေ လှူဘွယ် ဝတ္ထု အစုစုကို သံဃာတော်အရှင်မြတ်တို့အား၊ လှူဒါန်းဆက် ကပ်ပါတယ် ဆိုတဲ့ စိတ်ထားစေတနာဖြစ်စေရမယ်၊ရိပ်မိပလား၊

ဒီသံဃိကဒါန၊အလှူတော်ကြီးပြုရဒါက– အကြောင်းရှိလို့ အကြောင်းက– အခုမြင်ရတဲ့ ဒုက္ခသစ္စာကြီးမှ ကျွတ်လို လွတ်လို လို့ အကူအညီ အထောက်အပံ့ ဖြစ်စေဘို့ဆိုတဲ့ စိတ်ထားကို ဖြစ်စေကြရမယ်၊ မျက်မြင်အားဖြင့်လဲ ဒီဒုက္ခဝဋ်မှ ကျွတ်လိုပါ

တယ်၊ ညာဏ်မြင်အားဖြင့်လဲ ဒီဒုက္ခဝဋ်ကြီးမှ လွတ်လိုပါတယ်ဆို တဲ့စိတ် ပြင်းပြင်းထန်ထန်ထားရမယ်၊ဒါမှသာ သမထ,ဝိပဿနာ ခြံရံတဲ့ ဒါနဖြစ်မယ်၊ ဒီဒါနမှ အမြတ်ဆုံးဒါနဘဲ၊ ရှင်းပလား?

အင်္ဂုတ္တိုရ်ပါဠိတော်မှာ " စိတ္တာလင်္ကာရ စိတ္တပရိက္ခာရဒါနမေဝ သေဋ္ဌံ "လို့ ဆိုဒါ၊ သမထ ဝိပဿနာ ခြံရံပြီးလှူတဲ့ဒါနဟာ အမြတ်ဆုံးဘဲလို့ ဟောတော်မူတဲ့ စကား တော်ဖြစ်တယ်လို့ မှတ်ကြ၊ ဘုရားက—ဒါနရှစ်မျိုးရှိတယ်၊ အဲဒီ ရှစ်မျိုးထဲမှာမှ နောက်ဆုံး ရှစ်ခုမြောက် ဒါနသာ အမြတ်ဆုံး ဖြစ်တယ်လို့ ဟောတော်မူတယ်၊ ရှစ်ခုမြောက် ဒါနဆိုဒါ အခု ပြောခဲ့တဲ့ "သမထ,ဝိပဿနာခြံရံတဲ့ဒါန" ကို ဆိုဒါဘဲလို့ မှတ် လိုက်ကြ၊ သဘောပါကြပလား?

ဒီတော့—ဒကာဒကာမတွေ၊ အနုလှူဒါန်းမယ့် ကထိန်အလှူ ကြီးမှာ အမြတ်ဆုံးဖြစ်စေဘို့ သမထ,ဝိပဿနာခြံရံပြီး လှူကြရ မယ်ဆိုဒါ ပေါ်ပလား? သမထ,ဝိပဿနာ ဘယ်လိုခြံရံရမှာလဲ? ဆိုတော့၊ဒီအဓိပ္ပါယ်ကို ဆရာဘုန်းကြီးက ရှင်းပြမယ်၊ အလှူဒါန ပြုတဲ့အခါ၊ "ဝိသေသေန ပဿတိတိ ဝိပဿနာ" ဆိုတဲ့အတိုင်း၊ ခန္ဓာမှာ—ညာဏ်နဲ့ အထူးရှုပြီး လှူဒါန်းကြရမယ်၊ အထူးရှုရမှာက ဘယ်အချိန်လဲ လို့မေးရင်၊ မုဉ္စစေတနာအချိန်၊ လှူဆဲအချိန်ဘဲ လို့ မှတ်လိုက်ကြ။

ဒီမုဉ္စေတနာ့အချိန်မှာ၊ ခန္ဓာညောင်းစိုက်ပြီး၊ ဝေဒနာရှုသူက ဝေဒနာရှု၊ စိတ်ရှုတဲ့သူကလဲ စိတ်ကိုရှု၊ ရုပ်ရှုတဲ့သူကလဲ ရုပ်ကို ဖြစ်ပျက်ရှုပြီး လှူကြရမယ်၊ ရှင်းပလား? ခန္ဓာညောင်းနဲ့ကြည့်လိုက်တဲ့ အချိန် အခိုက်အတန့်မှာ၊ ထင်ရှားတဲ့ ပေါ်လွင်တဲ့ တရား တခုခုကို ရှုရမယ်၊ ဒီလို—ရှုလိုက်တော့၊ ဖြစ်ပျက် ဒုက္ခသစ္စာတွေ ခန္ဓာကပြလို့ ညောင်းနဲ့ မြင်ရ သိရမယ်၊ အဲဒီအခါမှာမှ ညောင်းကံ အောင်.... ဒုက္ခသစ္စာ ခန္ဓာကြီး ပါလားလို့ ဆုံးဖြတ်ချက် ချနိုင် တယ်။

ဒီလို—ဒီခန္ဓာဒုက္ခသစ္စာ ကိုယ်တိုင်မြင်သိပြီးမှ၊ အခုလှူဒါန်း မယ့် သံဃိက ကထိန်အလှူတော်ကြီးကို မျက်မြင် ဒုက္ခကြီးမှ ကျွတ်လိုလို့၊ ဒီဒုက္ခကြီးကို မလိုချင်လို့ ကြောက်လွန်းလို့ ဒီ-- ဒုက္ခမှ လွတ်လိုလို့ လှူဒါန်းပေးကမ်းပါတယ်ဆိုတဲ့ စိတ်ထားကို ပြင်ကြရမယ်၊ အဲဒီလို လှူနိုင်မှ၊ သမထ ဝိပဿနာ ခြံရံတဲ့ ဒါန ဖြစ်မယ်၊ ဒီဒါနမှ အမြတ်ဆုံးဖြစ်တဲ့ ရှစ်ခုမြောက် ဒါနဘဲဆိုဒါ မှတ်ကြ။ ဒီလို မဟုတ်လို့ ရှစ်ခုမြောက် မရောက်ရင်၊အရင်းများ ပေမယ့် အမြတ်သေးလိမ့်မယ်ဆိုဒါ မှတ်လိုက်ကြ' ရိပ်မိရဲ့လား?

ဒကာဒကာမတွေမှာ' သီလကံ ဆောက်တည်ကြ ပြီးသား၊ ဒါ့ကြောင့်—သီလက ပြည့်စုံကြ ပြီးသား။ ဒီတော့— သီလနဲ့လဲ ပြည့်စုံ၊ ဒါနကိုလဲ အခုပြုလုပ်ဆဲ ဒီထဲမှာ—ဘာဝနာလိုနေတယ်၊ ဒါကြောင့်—သမထ ဝိပဿနာ ခြံရံကြရမယ်၊ ဒီလိုခြံရံလိုက်တော့

အမြတ်ဆုံးဖြစ်လာတယ်၊ ဘာ့ကြောင့်– ဒီဒါနဟာ အမြတ်ဆုံး ဖြစ်သလဲ? သမထ, ဝိပဿနာ ခြံရံလို့ဘဲဆိုဒါ မှတ်လိုက်ကြ၊ သဘောပါကြပလား?

ဒကာဒကာမတွေ ကုန်ကူးတဲ့ ဥပမာလိုဘဲ မှတ်ကြရမယ်၊ကုန်ကူးတဲ့အခါမှာ၊ အရင်းကနဲပီး, အမြတ်များတဲ့ ကုန်ဆိုရင်လဲ ကူးထိုက်တယ်၊ နောက်ပီး, အရင်းများလို့ အမြတ်များများရတဲ့ ကုန်ဆိုရင်လဲ ကူးထိုက်တယ်၊ ဒီသဘောအတိုင်းဘဲ၊ အလှူဒါနပြုတဲ့အရာမှာလဲ အမြတ်များများရအောင် လှူတတ်ရမယ်၊ဒီလို– လှူတတ်မှသာ အမြတ်ဆုံးအလှူဖြစ်တော့မပေါ့၊ သဘောပါကြပလား?

ကိုင်း....ဒါ့ကြောင့် အမြတ်ဆုံးဒါနဖြစ်အောင်, သမထ, ဝိပဿနာ ခြံရံကြစို့၊ အိမ်ပြန်ရောက်ခါမှ ခြံရံနေရင်၊ ပရစေတနာအချိန်မှာ ခြံရံဒါဖြစ်နေမယ်၊ အခုလှူဆဲအချိန်မှာ ခြံရံမှ၊ မုဉ္စစေတနာမှာ ခြံရံဒါဖြစ်နိုင်မယ်၊ ရှင်းကြပလား? ဘုရားက "စိတ္တာလင်္ကာရ စိတ္တပရိက္ခာရ"လို့ ဟောတဲ့နေရာမှာ၊ အဋ္ဌကထာက မဂ်ဉာဏ် ခြံရံဒါကို ဆိုဒါဘဲလို့ ဖွင့်ပြထားမယ်။ ဒါ့ကြောင့်– ခန္ဓာဒုက္ခသစ္စာမြင်တဲ့ မဂ်အမြင်ဉာဏ်, ဖြစ်လာအောင် လုပ်ကြရမယ်၊ ရှင်းကြပလား?

ကိုင်း....ဒါဖြင့် အခုတရားနာဆဲ ခန္ဓာပေါ်မှာ၊ ဉာဏ်စိုက်ပီး ငါးမိနစ်ခန့် နှလုံးသွင်းကြ၊ ဘုန်းကြီး နည်းပေး ညွှန်းပြ ထားတဲ့

အတိုင်း၊ ခန္ဓာမှာ ပေါ်လာတဲ့ ဝေဒနာကလေးတွေ၊ စိတ်ကလေးတွေ၊ ရုပ်ကလေးတွေ ထင်ရှားရာတခုခုပေါ်မှာ၊ ဉာဏ်နဲ့ ဖြစ်ပျက်မြင်အောင် ကြည့်ပေးကြ၊ ဉာဏ်နဲ့ကြည့်တော့— ခန္ဓာက ဒုက္ခအခြင်းအရာတွေ ပြလိမ့်မယ်၊ ပြရာကို ကိုယ်တွေ့ဉာဏ်မြင် ဖြစ်အောင် လိုက်ပေးကြ၊ ဖြစ်ပျက် ဒုက္ခသစ္စာ မြင်ကြပလား? မြင်အောင်လိုက်ပေးကြ။

အခုမြင်ကြဘိမှတ်လား? အဲဒီမြင်တဲ့ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ မြင်တဲ့ဉာဏ်က လောကီမဂ္ဂသစ္စာ၊ ၎င်းမြင်မှု မဂ္ဂသစ္စာထဲမှာ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ ဆိုတဲ့ မဂ္ဂင်ငါးပါး ပါဝင်တယ်၊ ဒီမဂ္ဂင်မပါရင် မမြင်ဘူး၊ ဖြစ်ပျက်မြင်တော့— သတိ၊ သမာဓိ၊ နှစ်ပါး ပါတယ်၊ ဒီနှစ်ပါး မပါရင် မမြင်ဘူး၊ ဒီတော့—သမာဓိ၊ ပြည့်စုံသွားဘီ၊ ဉာဏ်နဲ့ မြင်ဒါမို့ ဝိပဿနာလဲ ဖြစ်ပီးသား၊ ဒါကြောင့်— ဒီအလှူပွဲမှာ၊ သမထ၊ ဝိပဿနာ ခြုံရုံသွားဘီ၊ ရိပ်မိကြပလား?

ဒကာဒကာမတွေ ရှင်းကြရဲ့လား? ဒါဖြင့်—ဒီကထိန် အလှူပွဲမှာ၊ ကိုယ်တိုင်မြင်တဲ့ ဒုက္ခကြီးကို ကိုယ်ပိုင်ဉာဏ်နဲ့ မြင်ပီးတော့ ဤခန္ဓာဒုက္ခဝဋ်မှ ကျွတ်လို လွတ်လိုလို့၊ ဤကထိန်လျှာသင်္ကန်းကို သံဃာတော်အရှင်မြတ်တို့အား လှူဒါန်းပါ၏ ဆိုတဲ့ဉာဏ်နဲ့ကပ်ကြ။ ဒီလို—ဒုက္ခဝဋ်က လွတ်လိုတဲ့ဉာဏ်နဲ့ သင်္ကန်းကို ကပ်ကြရမယ်၊ သင်္ကန်းကိုလဲ ပုဂ္ဂိုလ်ကို မရည်ညွှန်းနဲ့၊ သံဃာကို စိတ်က ရည်ညွှန်းရမယ်၊ ဒါမှ—သံဃိကမြောက်မယ်၊ ရှင်းကြရဲ့လား?

ကိုင်း, သက်န်းကပ်ရအောင် လိုက်ဆိုကြ။
"သုံးခေါက် ဆိုရမယ်"

"မယံ ဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ၊ သပရိဝါရံ ဣမံ ကထိနစီဝရံ သံဃဿ ဒေမ၊"

ဘန္တေ၊ အရှင်ဘုရားတို့။ မယံ၊ တပည့်တော်တို့သည်၊ သံသာရ ဝဋ္ဋဒုက္ခတော၊ ဖြစ်ပျက်အစဉ်'ခန္ဓာသံသရာ ဝဋ္ဋဒုက္ခကြီးမှ။ မောစနတ္ထာယ၊ လျှင်လျှင်မြန်မြန်၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, အမြင့်ဖြင့်၊ နိဗ္ဗာန်ကို အားရုံပြု၍' လွတ်မြောက်ခြင်းအကျိုးငှာ။ သပရိဝါရံ' လှူဘွယ်ဒါန်းရာ စုံလင်စွာ၊ အခြံအရံ, ပဒေသာနှင့် တကွသော။ ဣမံ ကထိန စီဝရံ' ကထိန်လျှာ၊ ဖလ်ဝါရောင်လျှမ်း၊ ဤသင်္ကန်း။ ကို။ သံဃဿ၊ မင်္ဂလာတိုက်၌၊ ပုရိမဝါမှ၊ ကောင်းစွာ ထမြောက်တော်မူကြကုန်သော သံဃာတော်အရှင်မြတ်တို့အား။ ဒေမ' မအို မသေ၊ အမြဲနေသော နိဗ္ဗာန်ကို ရည်မှန်း၍ လှူဒါန်း ဆက်ကပ်ပါကုန်၏ အရှင်ဘုရား။

ဒတာဒကာမတွေ "အခြံအရံ ပဒေသာပင်နှင့် တကွ ဖြစ်တဲ့ ဒီကထိန်လျှာသင်္ကန်းကို၊ မင်္ဂလာတိုက်၌၊ ပုရိမဝါမှ ကောင်းစွာ ကျွတ်လွတ်တော် မူကြသော သံဃာအား၊ မအို မသေ, အမြဲနေသော နိဗ္ဗာန်ကို ရည်မှန်း၍ လှူဒါန်းပါ၏" ဆိုတဲ့ စိတ်ထားကို ညွတ်ပါ။ ပုဂ္ဂိုလ်ကို မရည်မှန်းနဲ့၊ သံဃာကို ရည်မှန်းရမယ်၊

အရင်ကတော့— ဘယ်ကျောင်းတိုက်က, ဘယ်ဘုန်းကြီးကို လှူဒါန်းမယ်ဆိုတဲ့ စိတ်မျိုးနဲ့ လာခဲ့ကြတယ်၊ အဲဒီလိုဆိုရင် ပုဂ္ဂလိက ဖြစ်နေမယ် သံဃိက မြောက်မှ ကထိန် အထူးမြောက်မယ်ဆိုဒါ မှတ်ကြ။

ဒကာဒကာမတို့ ဝိပဿနာခြံရံတဲ့ဒါနရဲ့ အကျိုးကျေးဇူးတွေ ပြောခဲ့ပြီးပြီ၊ ရှစ်ခုမြောက်ဖြစ်တဲ့ ဒီ–သံဃိက,ဝိပဿနာ ခြံရံတဲ့ ဒါနမှသာ အမြတ်ဆုံးဖြစ်တယ်ဆိုဒါ သိကြရပြီ။ အခု အလှူပွဲကြီး ရေစက်သွန်းချ အမျှပေးဝေကြရတော့မယ်၊ ရေစက်မချခင် တခါထပ်ပြီး, ပြောရအုံးမယ်၊ လေးလေးစားစား, စူးစူးစိုက်စိုက် နာယူကြဘို့ သတိပေးလိုက်တယ်။

အခု ဒကာဒကာမတို့ တရားနာဆဲခဏမှာ၊ ဉာဏ်နဲ့ ကြည့်ပေးကြ၊ ခဏက ညောင်းလာမယ်၊ ညောင်းလာရင်, အဲဒီဝေဒနာ ဖြစ်ပျက်ရှုပစ်၊ ကိုက်ခဲလာလဲ ဖြစ်ပျက်ရှု။ ပျင်းလာလဲ ပျင်းလာတဲ့ ဒေါသစိတ် ဖြစ်ပျက်ရှု၊ မခံသာတဲ့ စိတ်လာလဲ ဖြစ်ပျက်ရှုပစ်၊ ဘာသာလာ, လာသမျှအကုန် ဖြစ်ပျက်ရှုပစ်ကြ။ စိတ်လာလာ ဝေဒနာ ပေါ်ပေါ် ဖြစ်ပျက်မိအောင် ရှုကြရမယ်၊ ရှင်းပလား?

ဆရာဘုန်းကြီးက တရားဟောနေတဲ့ အခိုက်အခါမှာ နားက တရားကို အာရုံပြု၊ ဉာဏ်က ခဏဘက်လှည့်သွား၊ ဒါမှ–ဟောတဲ့ တရားနဲ့ ဉာဏ်နဲ့ ထပ်မိမယ်၊ ဒီလို–ဝိပဿနာဉာဏ်က ခဏဘက်

လွှဲပြီး။ နားက, တရားနာယူကြမှသာ အင်္ဂါ ညီညွတ်မယ်၊ ဒီနှစ်
ချက်ညီရင်, တရားနာဆဲ, တထိုင်ထဲနဲ့ သောတာပန် သကဒါဂါမ်
တည်နိုင်တယ်ဆိုဒါ မှတ်ကြ၊ ဉာဏ်နဲ့ ခန္ဓာလွှဲပြီး, ဖြက်ပျက်ရှုတော့
အနိစ္စလို့ မြင်မယ်၊ ဒုက္ခလို့ မြင်မယ်၊ အနတ္တလို့လဲ မြင်မယ်၊
ဒါကြောင့် နားက, ဟောတဲ့ ပြောတဲ့ တရားကိုထောင်၊ ဉာဏ်က
ခန္ဓာလွှဲနာကြ၊ သဘောပါပလား?

ဒကာဒကာမတွေ ဒီဘဝမှာ, ဒီခန္ဓာနဲ့ ဒီမှာရောက်လာကြ
တယ်၊ ဒီတော့—ဒီခန္ဓာဟာ အစရှိရအုံးမယ်ဆိုဒါတွေးကြ၊တွေးမိ
ကြပလား? ဒီဘဝ, ဒီခန္ဓာ စခဲ့ဒါဟာ၊ ဘယ်ကလဲ? အစက ယခု
ဘဝ အမိဝမ်းတွင်းမှာ ကလလ,ရေကြည်က စခဲ့ရတယ်၊ အင်
မှတန် သေးငယ်လှတဲ့ ကလလ,ရေကြည်ကလေးက စပြီး, ဒီဘဝ
လူ့အဖြစ်ကို ရလာကြတယ်၊ ဒီတော့— အဲဒီ ကလလ,ရေကြည်
ကလေးဟာ၊ ရုပ်၏ဇာတိဘဲလို့ မှတ်လိုက်ကြ၊ ရိပ်မိပလား?

ဒီကလလ ရေကြည် ရုပ်၏ဇာတိကလေးနဲ့ တွဲဒါက၊ဝေဒနာ
သညာ သင်္ခါရ,ဝိညာဏ်, စတဲ့ တရားတွေ၊ အဲဒါတွေက နာမ်၏
ဇာတိဘဲဆိုဒါ မှတ်ကြ၊ ပေါ်ကြပလား? ဒီတော့ ဒကာဒကာမ
တို့ရဲ့ ဒီဘဝ, အစဟာ ဘာလဲ? ဇာတိဘဲ၊ ဘယ်က စခဲ့သလဲ?
ဇာတိက စခဲ့တယ်၊ သဘောပါကြပလား? ဘုရားရှင်က ဘယ်လို
ဟောထားသလဲ? "ဇာတိပိ ဒုက္ခာ"တဲ့၊ အဲဒီတော့ ဒကာဒကာမ
တွေ အခုစခဲ့ရတဲ့ အစဟာလဲ "ဇာတိပိ ဒုက္ခသစ္စာ" ဘဲ၊ ရိပ်မိ

ကြပလား? ဒါကြောင့် ဒကာတို့ဟာ အစကတဲကိုက ဒုက္ခနဲ့ဘဲ၊ ရှင်းကြရဲ့လား?

အဲဒီတော့ ဒကာဒကာမတွေ စပီးရခဲ့ဒါ ဘာသစ္စာတုံး? ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာက စခဲ့ရတယ်ဆိုဒါ သိကြရဘီ၊ ဒါသိရရင်၊ နောက်ထပ် ဒီဒုက္ခမျိုး ရချင်ကြသေးသလား? ရချင်သေးသူဆိုရင်၊ ဒုက္ခမကြောက်တဲ့သူမို့ဘဲ၊ ဒုက္ခကိုမှ မကြောက်တဲ့သူ ဆိုရင်၊ ဘယ်လိုလူစားလဲ? အရူး,အမိုက်မို့ဘဲဆိုဒါ မှတ်လိုက်ကြ၊ ရိပ်မိကြပလား? ဒီတော့ ဒကာဒကာမတွေ ဇာတိဟာ ဒုက္ခသစ္စာမှန်း သိကြရဘီ၊ ဒီလိုသိရရက်နဲ့ နောက်ဇာတိ လိုချင်လို့ လှူဒါန်းရင်၊ လူမိုက်ဘဲဆိုဒါ ဆုံးဖြတ်ချက်ချ။

ဒကာဒကာမတွေ ဒီဇာတိဒုက္ခ သိရရင်၊ စိတ်ကို ပြောင်းပီး လှူဒါန်းကြရမယ်၊ ရိပ်မိကြပလား? အခုလှူဒါဟာ ဒီဇာတိဒုက္ခသစ္စာကြီးကို ရှု့ခြင်း,မုန်းခြင်း,ဖြစ်လို့၊ အကြိမ်ကြိမ်,မတွေ့ချင်ခြင်းဖြစ်လို့၊ ဒီဇာတိဒုက္ခကြီးက လွတ်ချင်လို့ ဤသံသိကဒါန ကထိန်အလှူကြီးကို လှူဒါန်းပါတယ်ဆိုတဲ့ စိတ်ထားကို ပြောင်းကြ။ အခုလှူဒါဟာ အဇာတိ,ဆိုတဲ့ ဇာတိချုပ်ရာ နိဗ္ဗာန်ကြီးကို ရောက်စေဘို့၊ ဇာတိကို့ ကြောက်လို့ လှူတယ်ဆိုတဲ့ စိတ်ကို ပြင်းပြင်းထန်ထန် ထားကြ။

ကိုင်း, လိုက်ဆိုကြ....‘တပည့်တော်တို့သည်၊ ဘဝသစ်,ဖြစ်ရခြင်း၊ ဘဝဒုက္ခကို သိသည်ဖြစ်ပါ၍၊ ထိုဘဝသစ်, ဖြစ်ရခြင်း

ဇာတိ ဒုက္ခကြီးကို ကြောက်သည်ဖြစ်၍၊ ထိုဇာတိ ဒုက္ခကြီးကို ရွံ့ခြင်း၊ မုန်းခြင်း၊ ငြီးငွေ့ခြင်း၊ ပျင်းရိခြင်း၊ မလိုချင်ခြင်း၊ ပြင်းပြသည်ဖြစ်ပါ၍ ထိုဇာတိဒုက္ခကြီးမှ လွတ်မြောက်ရာ၊ အဇာတိ မည်သော နိဗ္ဗာန်ကို ရလို၊ ရောက်လိုသည်ဖြစ်ပါ၍၊ လှူဘွယ်ဒါန်းရာ၊ ပဒေသာနှင့် တကွ ဖြစ်သော၊ ဤကထိန်လျာသင်္ကန်းကို သံဃာတော်မြတ်အား လှူဒါန်းပါ၏အရှင်ဘုရား။"

ဒကာဒကာမတွေ အခုလှူဒါ ဘာ့ကြောင့်လဲ? ဇာတိဒုက္ခကို ကြောက်လို့၊ အဇာတိ ဆိုတဲ့ နိဗ္ဗာန်ကို ရောက်သိုလို့ လှူတယ်လို့ စိတ်ကိုထားကြ။ ဒကာဒကာမတွေ ရှေးကမသိခဲ့ကြဘူး၊ ရှေးကသစ္စာမသိတော့ "အဝိဇ္ဇာပစ္စယာ ပုညာဘိသင်္ခါရ" အလုပ်များ ခဲ့မိကြတယ်၊ အလုပ်များမိတော့. ဒီဘဝ ဇာတိဒုက္ခသစ္စာ ကိုယ်ပိုင် ရလာကြတော့ဒါပေါ် ရှင်းကြပလား၊ ဒကာဒကာမတို့ အလုပ်များပြစ်ဟာ၊ ဘယ်လောက်ဆိုးဝါးသလဲ? စဉ်းစားကြ၊ ပေါ်ကြပလား?

ဒကာဒကာမတွေ အခု စုဝေး ရောက်လာကြတဲ့ ပရိသတ်အားလုံးဟာ အလှူဒါယကာချည့်ဘဲ၊ ကိုယ့်ဟာ ကိုယ်များအမှတ်တမဲ့ မအောင်းမေ့လိုက်ပါနဲ့၊ ငါးမူးတမတ် လှူပေမဲ့လဲ မြင့်မြတ်တဲ့ စိတ်ထားရှိရင်၊ မြင့်မြတ်ပါတယ်၊ စိတ်ထားမြင့်မြတ်ဘို့သာ အရေးကြီးတယ်လို့ မှတ်ကြ။ ဒီတော့ ငါတို့အားလုံးဟာ အလှူရှင်တွေဘဲဆိုပြီး၊ လေးလေးစားစားနဲ့၊ မှတ်သားနာယူကြ၊ သဘောပါကြပလား?

အခု တရားနာနေကြတဲ့ ဒကာဒကာမတွေ ကိုယ့်ဟာကိုယ် ပြန်တွေးကြ၊ ကိုယ်, ဘယ်အခြေရောက်နေပြီလဲ ဆိုဒါ ပေါ်ကြမယ်၊ ကိုယ်ဘယ်အခြေရောက်နေပြီလဲဆိုတော့ "အိုပါပြီ" တဲ့၊ အခု— ဒကာဒကာမတွေ ဇရာဒုက္ခနဲ့ နေကြရတယ်၊ ဟုတ်ကြရဲ့လား? ခန္ဓာက—တနေ့နဲ့တနေ့ တနာရီနဲ့တနာရီ မတူတော့ဘူး၊ ဘရွေ့ရွေ့ အိုဘေး သင့်နေရတယ်၊ နားထိုင်းလာတီ၊ ခါးကိုင်းလာတီ၊ မျက်စိတွေ မှုန်လာတီ၊ စတဲ့ အသံတွေဟာ၊ ဇရာနှိပ်စက်ခံရလို့ ထွက်လာတဲ့ အသံတွေဘဲ မဟုတ်လား?

ဒီ—ဇရာဒုက္ခ ဘာကြောင့် ရလာကြသလဲ? ဒီအိုဒုက္ခနဲ့ ဘာလို့ လက်ရှိ ရနေကြသလဲ? ဒီဒုက္ခဟာ—နောက်ဘဝက သမထ, ဝိပဿနာ မခြံရံဘဲဒါနနဲ့ အကျိုးရလာတဲ့ ဒုက္ခဘဲ၊နောက်နောက်တုန်းက ဒကာဒကာမတွေ ဒါနပြုတဲ့အခါမှာ၊ သမထဝိပဿနာ မခြံရံနဲ့လို့ အခုလက်ရှိ ဇရာဒုက္ခ ကိုယ်ပိုင်ရထားကြဒါဘဲဆိုဒါ မှတ်ကြ၊ ရိပ်မိကြပလား? အဲဒီတော့—ဒကာဒကာမတွေ အခုအိုတဲ့ ဒုက္ခနဲ့ နေနေကြရတယ်၊ မှားချက်ထိ,မှားချက်နာ,မှားချက်သင့် နေကြရတယ်၊ ဒီလို— မှားချက်နာဒါ ဘယ်သူ့လက်ချက် ထင်သလဲ?

ဒကာဒကာမတွေ နောက်တုန်းက "အဝိဇ္ဇာပစ္စယာ ပုညာဘိသင်္ခါရာ" လုပ်ခဲ့ဒိလို့ မှားပြစ်သင့်ဒါ မိုက်ပြစ်သင့်နေဒါဘဲဆိုဒါ မှတ်ကြ။

အခုတော့-- ဘုန်းကြီးတို့ ဒကာဒယာမတွေမှာ ဆရာသမား အကူအညီနဲ့ ကိုယ်တိုင် ဘေးသင့်နေဒါ သိကြရဘီ၊ အိုဘေးဟာ ဘာသစ္စာလဲ? ဒုက္ခသစ္စာဘဲ၊ ဇရာပိ ဒုက္ခာသစ္စာဘဲ၊ ဒုက္ခသစ္စာမှန်း သိရရင်၊ ဒီအိုခြင်းဆိုးကို နောက်ထပ် ရချင်, လိုချင် ကြသေးသလား? အေး... မရချင်, မယူချင်ဒါဖြင့်၊ အခုပြင်ကြရမယ်၊ အခုနှယ်မှာ— မပြင်နိုင်ရင်၊ နောက်ဆိုဒါ, မလွယ်လှတော့ဘူး၊ ရိပ်မိကြရဲ့လား?

ဒကာဒကာမတို့ ဒီအိုခြင်းဆိုး ဇရာဒုက္ခကြီး မရချင်ရင်၊ အခု အလှူပွဲမှာ စိတ်ကို ပြောင်းကြရမယ်၊ အခု သံဃိက ဒါနကြီး လှူဒါန်းဒါဟာ၊ ဇရာဒုက္ခကြီးကို ရွံမုန်းလို့ မလိုချင်လို့ ဒီ— ဒုက္ခမှ လွတ်လို့,ကျွတ်လိုလို့ သံဃိက ဒါနအလှူကြီးကို လှူဒါန်းပါတယ်၊ စိတ်ကို ပြင်းပြင်းထန်ထန် ထားကြ။ အခု လှူဒါန်းဒါဟာ၊ ဇရာ့ကြောက်လို့၊ အဇရံ—ဆိုတဲ့ ဇရာချုပ်ရာ နိဗ္ဗာန်ကို ရလို့,ရောက်လိုလို့ လှူတယ်ဆိုတဲ့ စိတ်ထားကို ပြောင်းပြစ်ကြ၊ သဘောပါကြပလား? ကိုင်း, လိုက်ဆိုကြ။

“တပည့်တော်တို့သည်၊ ကုန်းကွရွတ်ယိုအိုရခြင်း၊ဇရာဒုက္ခကြီးကိုသိသည်ဖြစ်ပါ၍ ထိုဒုက္ခကြီးမှ အလွန်တရာကြောက်လန့်ခြင်း, ရွံခြင်း,မုန်းခြင်း.ငြီးငွေ့ခြင်း, ပျင်းရိခြင်း, မလိုချင်ခြင်း, ပြင်းပြသည်ဖြစ်ပါ၍၊ ထိုဇရာဒုက္ခမှ လွတ်မြောက်ရာ၊ အဇရာ,မည်သော နိဗ္ဗာန်ကို လျင်မြန်စွာ ရလို, ရောက်လိုခြင်းကြောင့်၊ အခြံ အရံ

ပဒေသာနှင့်တကွသော ဤကထိန်လျှာ သင်္ကန်းကို၊ သံဃာတော်အား ရည်မှန်း၍ လှူဒါန်းပါ၏ အရှင်ဘုရား။”

ဒကာဒကာမတွေ အခု တရားနာနေဆဲမှာ ပူလိုက်၊ အိုက်လိုက် ညောင်းသာလိုက်၊ ကိုက်လာလိုက်၊ ဟိုနားဆီက၊ တောင့် သလိုလို အောင့်သလိုလို၊ ယားယံသလိုလိုနဲ့ တမျိုးပီးတမျိုး၊ ဗျာဓိဆိုတဲ့ နာဒုက္ခနဲ့ နေနေကြရတယ်။ တနေ့ရ ဆီးမရ၊ ရပ်မရ၊ ပြုပြင်သို့ မရနဲ့၊ အနာဒုက္ခလက်ရှိ ခွဲခွါလို့ မရကြဘူး။ မြင်ကြရဲ့လား? ဒကာဒကာမတွေမှာ၊ အိုခြင်းဆိုးကလဲလက်ရှိ တိုးရက်နဲ့၊ အခု အနာဒုက္ခနဲ့လဲ နေကြရတယ်၊ ညဏ်နဲ့တွေးကြည့်ကြ၊ ခန္ဓာလမ်းစဉ်ဟာ၊ ဒီလမ်းအပြင် မရှိတော့ဘူး၊ ရိပ်မိကြရဲ့လား?

ဒကာဒကာမတွေ သစ္စာမြင်ပီးလှူဒါဟာ၊တသက်မှ တခါသာ လာတဲ့ အသဒိသ ဒါနနဲ့ အတူတူဘဲလို့ မှတ်သိုက်ကြ၊ ဆရာသွား ကောင်းလမ်းပြကောင်းလှဲ ရပါမှ၊ ဆရာသွား ညွှန်ပြတဲ့အတိုင်း နောက်ကလဲ ဖြောင့်ဖြောင့် လိုက်ပါမှ ဒီအခွင့် အရေးမျိုး ရနိုင်ကြတယ်၊ လွယ်ကူတဲ့ အခွင့်အရေးမျိုး မဟုတ်ဘူးဆိုဒါ ဆုံးဖြတ်ချက်ချ၊ ဒါကြောင့်—ကြိုးစားပီး လိုက်နာကြဘို့ သတိပေးလိုက်တယ်။ အခု လှူဒါန်းတဲ့ အလှူဟာ၊ သမထ, ဝိပဿနာ ခြံရံလို့ ဝိဝဋ္ဋ ဖြစ်တယ်၊ ဘယ်လောက်များ နေရာကျသွားသလဲ? ရိပ်မိကြရဲ့လား? အင်္ဂုတ္တိုရ် ပါဠိတော်မှာ ဒီအတိုင်း ဟောတော်မူထားတယ်လို့ မှတ်ကြ။

ဒကာဒကာမတို့ အခုလက်ရှိခန္ဓာက ဘယ်လမ်းသွားနေသလဲ? နာလမ်းသွားနေကြတယ်၊ ဒီခန္ဓာ နာလမ်းသွားနေဒါ တားလို့ ရပါ့မလား? တားလို့— ဆီးလို့ မရပါဘူး၊ ဘယ်ရပါတော့မလဲ? "အဝိဇ္ဇာပစ္စယာ ပုညာဘိသင်္ခါရ" လုပ်ခဲ့မိလို့၊ သူက—မသိတဲ့ အဝိဇ္ဇာအုပ်ချုပ်နေဒါ၊ ဒါကြောင့်—အိုဒုက္ခထဲကနေပြီ၊ နာလမ်းကို ပြေးနေရတာ၊ ဒကာဒကာမတွေ ကိုယ်ကျိုးနဲ့ နေကြရတာ၊ ကံမကောင်း၊ အကြောင်းမသင့်လို့ မဟုတ်ဘူး၊ ဘာကြောင့်လဲ? "အဝိဇ္ဇာပစ္စယာ ပုညာဘိသင်္ခါရ" ဒဏ်ချက်ကြောင့်ဘဲ၊ သဘော ပါကြပလား?

အနှမ့်ဖြင့်၊ ဒကာဒကာမတွေမှာ၊ အိုဘေးထမ်းပြီး နာဘေး ဘက်ကို ပြေးရတော့မှာဘဲ၊ ဉာဏ်နဲ့တွေးကြ၊ ခန္ဓာ့ လမ်းစဉ်ဟာ ဒီလမ်းအပြင် မရှိတော့ပါဘူး၊ ရောက်စရာက၊ နာဘေးရှိဒါဘဲ၊ ရိပ်မိကြရဲ့လား? ဒီလိုသွားရဒါ "အဝိဇ္ဇာပစ္စယာ ပုညာဘိသင်္ခါရ"ကြောင့်ဘဲ၊ အိုဘေးထမ်းပြီး၊နာဘေးသွားဆိုတော့၊ ဒဏ်ချက် အခုမှဆိုးမှန်း သိကြရတယ်၊အိုဘေးကနေ့နာဘေးပြေးရဆိုတော့ ဘာမှမကောင်းပါလား၊ နောက်တော့—ဒကာဒကာမတွေ လိမ္မာ ကြတော့လို့ သတိပေးလိုက်တယ်။ အိုဘေး ထမ်းပြီး၊ နာဘေး ပြေးဒါဟာ၊ ဒဏ်ရာ အကြီးအကျယ်ရပြီး၊ ဒီမီးပုံကနေ—ဟိုမီးပုံ ပြေးသလိုပါဘဲ၊ သဘောပါကြရဲ့လား?

သေသေချာချာ ဉာဏ်နဲ့ တွေးကြည့်ကြ၊ ခန္ဓာ့လမ်းစဉ်ဖြင့် ဒီလမ်းအပြင် မရှိတော့ပါဘူး၊ ဘာတခုမှ ကောင်းဒါမပါကြဘူး။

ဒါကြောင့်– ပုညာဘိသင်္ခါရ မှာ ထမထ ဝိပဿနာ ခြံရံကြပါ၊
ခြံရံပြီးမှ လုပ်ကြပါလို့ ဟောရတယ်၊ ရှင်းကြပလား? ဒကာဒကာမ
တွေ နောက်တုန်းက သစ္စာမသိတော့– အဝိဇ္ဇာ အုပ်ချုပ်တဲ့
ကုသိုလ်တွေ ပြုံးပြုံးနဲ့ လုပ်ခဲ့ကြပေမဲ့၊ အခုတော့–မဲ့နေကြရတဲ့၊
အိုးဘေး ထမ်းပြီး နာဘေး သွားရဆိုတော့၊ ဒဏ်ချက် နှမ်းဆုံးမှန်း
သိကြတယ်၊ ဒကာတို့တခေတ္တ အရုပ်ဆိုးထမ်းပြီး အကြည့်ဘန်တဲ့
နေရာ သွားနေရတယ်၊ သဘောပါကြရဲ့လား?

ဒကာဒကာမတွေ အိုဘေးထမ်းပြီး နာဘေးရှိရာ ပြေးနေရ။
ထော့နင်း ထော့နင်းနဲ့၊ ပြေးရင်းက–ခလုတ်တိုက်ပြီး လဲလိုက်ရင်
ဒီထက်ဆိုးအုံးမယ်၊ ဟိုနားကျတော့–သွားကျိုးမယ်၊ ဘယ်ဟာ–
ကြိုက်သတုံး? ထော့နင်းကဲ့ နာဘေး၊ ဟိုနားကျ အလဲအကွဲကြုံ
သွားကျိုးပါရော၊ ဒကာဒကာမတွေ ရိပ်မိကြရဲ့လား? အခု ဇရာ
ဒုက္ခလက်ရှိနဲ့ ဗျာဓိဒုက္ခကြီးလဲ ကြုံရမယ်၊ အိုဘေးလဲ–ထော့နင်း
ကြီးနဲ့ ထမ်းပြေးနေရသေး၊ အလဲအကွဲ နာဘေးကြီးလဲကြုံရအုံး
မယ်၊ ကောင်းကွက်မပါတော့ဘူး။

ဒါဟာ–ဘယ်သူ့လက်ချက်လဲ၊ "အဝိဇ္ဇာပစ္စယာ ပုညာဘိ
သင်္ခါရ" လက်ချက်ကြောင့်ဘဲဆိုဒါ မှတ်လိုက်ကြ။ ဒီသစ္စာမသိမှု
အဝိဇ္ဇာလက်ချက်ကြောင့်, အိုခြင်းဆိုးထမ်းပြီး, နာခြင်းဆိုး ပြေး
သွားနေရဒါဘဲ၊ ပေါ်ကြပလား? ဒကာဒကာမတွေ မသိတတ်
တဲ့ ကလေးမျဒးလိုဘဲဆိုရင် မမှားဘူး။ ဘာ့ကြောင့်လဲ? ဆိုတော့

ဒကာတို့မှာ အိုဘေးကလဲ့ လက်ရှိ၊ နာဘေးကလဲ့ လက်ရှိ ဒီကြား ထဲက နောက်ထပ် လိုချင်ကြသေးတယ် ဆိုတော့၊ ကလေးထက် တောင် ဆိုးလိမ့်အုံးမယ်ဘဲ။

အိုခြင်းရှိရက်နဲ့—အိုခြင်းရှာ၊ နာခြင်းရှိရက်နဲ့ နာခြင်းရှာဒါ ဟာ၊ မိုက်ချက်သန်ဒါဘဲ၊ မိုက်ချက်သန်ဒါ—အင်္ဂုတ္တိုရ်သတ္တိ၊ အဝိဇ္ဇာ က—မိုက်ချက်သန်တော့ "လူ ချမ်းသာ, နတ်ချမ်းသာ, အကြိမ်ကြိမ် ခံစားစံစားရပါလို၏" တဲ့၊ လူ, နတ်, ချမ်းသာ တောင့်တဒါ ဟာ၊ မိုက်ချက်သန်ဒါဘဲ၊ ရိုင်မိကြရဲ့လား? လူ နတ်ခန္ဓာရတော့ လဲ၊ လူအို နတ်အို လူနာ,နတ်နာက ' ထက်ချပ်ပါမှာဘဲ၊ ဘာထူး သေ လို လဲ့ မိုက်ချက်သန်တယ်ဆိုဒါ မနာကြနဲ့၊ ဒကာတို့တတွေ က—နာနာပြောမှ သိကြမှာ၊ သာသာပြောလို့တော့— မရနိုင်ကြ ဘူး။ ကျေနပ်ကြလား?

ဒီလိုမှ မပြောရင်, ဒကာဒကာမတွေက မသိမှုဘဲ ပွါးစီးနေ ကြတော့ဒါဘဲ၊ ဝိဇ္ဇာဉာဏ် ဘယ်တော့မှ အတက်ပေါက် နိုင်ဘို့ မမြင်ဘူး၊ ရိပ်မိကြရဲ့လား? ဒါကြောင့်—ညွှန်ပြတဲ့ ဆရာသွားနဲ့ ကြုံကိုက်တုန်းမှာ၊ အသိဉာဏ်လဲ ရလာကြလို့ အိုပွဲ ကိုလဲ မနှဲချင်၊ နာပွဲကိုလဲ မနွဲချင်တော့ပါဘူးဆိုတဲ့ စိတ်ထားကို ပြင်းပြင်း ထန် ထန် မွေးကြပါလို့ ထိုက်တွန်းလိုက်တယ်။

ဒကာတို့တတွေဟာ၊ ကိုယ့်အိုး,ကိုယ့်အိမ်ကလော,တိုက်တာ အဆောက်အဦ ကလေးတွေနဲ့၊ ရွှေနဲ့—ငွေနဲ့ဆို ပြုံးပြီး နေကြ

တယ်၊ အဲဒါ—အိုခြင်းဆိုးကနေ့ နာခြင်းဆိုးသွားရင်းက, ငြီးဒါ၊ သာမည မမှတ်နဲ့, ရှုးလို့ငြီးဒါဘဲ၊ ရှင်းကြပလား?

ဒကာဒကာမတော့ ကြပ်ကြပ် စဉ်းစားပါ ၊အကောင်းဆိုရင် ငြီးနိုင်ပါ့မလား? အိုဘေးက, နာဘေးသွားရင်းက,ငြီးဒါ၊ မသိ ငြီး—ငြီးဒါ ဒီနေ့—နက်ဖြန်ဆိုသလို ချောက်ကျသွားနိုင်တယ်၊ အမှန် အကန်မသိမြင်တော့, အရှုးငြီးဘဲ၊သဘောပါကြရဲ့လား? ဒါ့ကြောင့်— အခုနှယ် အခွင့်အခါရတုန်းမှာ မြင်ကြ, ဆင်ကြရမယ်။ မြင်ချိန်ဆင်ချိန် ရသေးတယ်၊ဒါကြောင့်—အခုမြင်,မြစ်ကြ၊ ''တပည့်တော်တို့သည် 'အဝိဇ္ဇာပစ္စယာသင်္ခါရာ''အလုပ်မှားသည့် အတွက်ကြောင့်၊ ဝိပါကဝဋ်ဒုက္ခကြီးကို ကိုယ်တိုင်တွေ့, လှလှကြီး ခံစားရသည်ဖြစ်၍၊ ထိုဒုက္ခကြီးမှ ကျွတ်လွတ်လိုခြင် ဆန္ဒ ပြင်း ပြသည်ဖြစ်ပါ၍၊ ထိုဒုက္ခတို့၏လွတ်ရာ အဗျာဓိဌာနကို ရောက်လို ရလိုသောကြောင့်၊ ဤကထိနဒါန, သံဃိက အလှူတော်ကြီးကို ပေးလှူပါဘယ်''လို့ စိတ်ထားကို ပြောင်းပီးလှူကြ။

ကိုင်း—အားလုံး လိုက်ဆိုကြ။ ။ '' ဘုရားတပည့်တော်တို့ သည်၊ အိုခြင်းဆိုး ဒုက္ခကြီးကို ထမ်း၍၊ နာခြင်းဆိုး ဒုက္ခရှိရာသို့ မရပ်မနား တသွားထဲသွာ နေကြရသည်ဖြစ်ပါ၍ ဤဒုက္ခမျိုးတို့ ကို၊ နောင်တဖန် မနွဲ့လိုသောကြောင့်၊ ဤအိုပွဲ့,နာပွဲ့,ဆင်းရဲဒုက္ခ မျိုးတို့မှ ကျွတ်လွတ်လိုသောကြောင့်၊ထိုအိုပွဲ့,နာပွဲဒုက္ခတို့၏သိမ်း ရာ, မရှိရာ,ငြိမ်းရာ,ဖြစ်သော၊ မအိုရာ,မနာရာဖြစ်သော ငြိမ်းအေး

ခြင်း လက္ခဏာရှိသော နိဗ္ဗာန်ကိုသာ ရည်မှန်း၍ ဤကထိန်ဒါန သံဃိက– အလှူတော်ကြီးကို သံဃာတော် အရှင်မြတ် တို့အား လှူဒါန်းဆက်ကပ်ပါ၏ အရှင်ဘုရား"

ဒကာဒကာမတို့ ဘာကိုဘဲ လှူလှူ၊ ဆွမ်းတဇွန်း, တယောက်မဘဲ လှူလှူ နိဗ္ဗာန်ကိုသာ ရည်မှန်းပီး လှူဒါန်းကြ တခြားဘာတွေ ညာတွေ မတောင့်တကြနဲ့၊ နိဗ္ဗာန်ကလွဲရင်, ဘာလိုချင် လိုချင်, ဒုက္ခအပြင် မရှိဘူးဆိုဒါ တထစ်ချ မှတ်လိုက်ကြ၊ ရှင်းကြပလား? ဒါကြောင့်– အမှန်အကန် သိရရင်, ပြင်ကြ, ဆင်ကြတော့လို့ ပြော လိုက်တယ်၊ အခုနှယ်မှ–ပြင်နိုင်ရင်၊ ပြင်ချိန်, ဆင်ချိန်, မရှိတော့ ဘူး၊ လက်မတင်လေးဘဲ ကျန်တော့တယ်။

ဒကာဒကာမတွေ နာဘေးနဲ့ရတဲ့ ကိစ္စကလဲ အတော်ဆိုးဝါး တယ်။ နာဘေးသင့်ပလားဆိုရင်, အဝတ်ကောင်းနဲ့ မတော်ဘူးတဲ့ သွေးတွေ ပြည်တွေ, ကျင်ကြီး, ကျင်ငယ်တွေနဲ့ မတင့်တယ်ပါဘူး ဆိုပီး, အဝတ်ကောင်းချွတ်တဲ့ပွဲ၊ အဝတ်ကောင်း အချွတ်ခံရတဲ့ ပွဲ၊ ဆေးဝါး, ဓာတ်စာ, ကောင်းကောင်းမွန်မွန် ကြံဖန်ကျွေးပေ မဲ့လဲ လူနာမို့ မစားနိုင်ရှာဘူး၊ ဘယ်လိုဘဲ အပြုအစုကောင်း ပေမဲ့လဲ၊ မတတ်နိုင်တော့ဘူး၊ နှုတ်လျှာက–မကောင်း, ခံတွင်းက– ပျက်၊ အခက်ကြီးကြုံပီး, အငတ်ခံရတဲ့ပွဲ၊ အငတ်ပွဲဘဲ။

ရပ်ထဲရွာထဲက–မတော်မေး, မေးလာကြ၊ လူနာနား, ထိုင်ကြ, ပြန်တော့လဲ နှာခေါင်းရှုံ့ကြ။ မေးပီး, ပြန်သွားကြတော့၊ အပြင်

ဘက် ရောက်ရင်ဘဲ အဘင်းပြောခဲ့ရတယ်၊ “ ဒီလူနာက နံလိုက် စောင်လိုက်ဘာကလဲ အလွန်ဘဲ၊ မလွဲသာလို့ လူရင်းမို့သာ လာခဲ့ ရ၊ မမေးရင်လဲ မတော်ဒါမို့ မေးရတယ်၊ အားနာလို့ သူ့ရှေ့မှာ တံတွေး မထွေးခဲ့ဘူး” ဆိုပီး အပြင်ကျတော့-ဖြစ်ကနဲ တံတွေး ထွေးကြတော့တယ်၊ ဒါကြောင့်-နာပွဲဆိုဒါ တံတွေးထွေးတဲ့ပွဲ လို့လဲ ဆိုရတယ်။

ဒကာဒကာမတွေ နာပွဲဆိုဒါ အဝတ်ကောင်း ချွတ် ပီး အငတ်ပွဲနဲ့ တံတွေးထွေး ခံရတဲ့ပွဲဘဲ၊ ရိုပ်မိကြရဲ့ လား?

ဒကာဒကာမတွေ အခုဒီပွဲခံချင်ကြသေးသလား၊ နောက်ထပ် ကော ဒီပွဲနဲ့ချင်ကြသေးသလား၊ နောက်ထပ် ဆုတောင်းပီးတော့ ကော ယူချင်ကြသေးသလား? အေး-မရချင်၊ မယူချင်ဒါဖြင့် အခု လုပ်ရင် ရသေးတယ်၊ အခု စိတ်ထားကို ပြောင်းပစ်ကြ၊ သဘောပေါက်ကြပလား၊ အခုနေ ဒကာဒကာမတို့မှာ၊ နာပွဲလက်ရှိ အခုဒီပွဲ မနဲ့ချင်လို့ မဖြစ်ကြဘူး၊ မနဲ့ချင်ဘဲနဲ့လဲ နဲ့ကြရအုံးမှာ ဘဲ၊ ဒါ-သူများပေး မဟုတ်ဘူး၊ ကိုယ်တိုင် မရ,အရ တောင်းယူ ထားလို့ ရလာကြဒါ၊ ရိုပ်မိကြရဲ့လား?

ဒကာ ဒကာမတွေ နောက်ဘဝတုန်းက ဒီအနာခန္ဓာ ဒုက္ခ သစ္စာဘဲလို့ မသိတဲ့ အဝိဇ္ဇာနဲ့ ကုသိုလ် အမျိုးမျိုးတွေ လုပ်ပီး လူ့ဘဝ ရ,ရပါလို၏ဆိုပီး ဆုတောင်းယူခဲ့ကြလို့ အခု ရလာကြ

ဒါဘဲဆိုဒါ ပေါ်ကြပလား? အဲဒါ– "အဝိဇ္ဇာပစ္စယာ ပုညာဘိသင်္ခါရ"အလုပ်မှားခဲ့မိလို့ဘဲ ဆိုဒါမှတ်လိုက်ကြ၊ ရှင်းကြရဲ့လား? ဒကာတို့တတွေက "အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓော" ရှိရက်နဲ့ မလုပ်မိခဲ့ကြဘူး၊ ဒါကြောင့်– အခု အနာဒိသံသရာ ဒုက္ခသစ္စာကြီးနဲ့ ခွဲမရ,ခွါမရ,အတူနေနေကြရဒါဘဲ၊ ကျေနပ်ပလား?

လူ့ဗမာမေး ရောက်လာတဲ့ ဧည့်သည်တွေက–ဒီနားတဲ့ လူနားမှာဘဲ လူနာမကြားအောင် အချင်းချင်း လက်တို့ပြီး၊ တိုးတိုး, တိုးတိုးနဲ့ ပြောတတ်ကြတယ်၊ လူမမာနား တိုးတိုးပြောဒါဟာ ကြက်သေးရမယ့်တဲ့ အသံဘဲ၊ အများဘဲပြောကြပါတယ်၊ "ကျုပ်ဖြင့်–မထင်တော့ဘူး"တဲ့၊ နာရီပိုင်းလောက်ပဲ ကျန်တော့တယ်" တဲ့၊ ငါလိုအသံနဲ့ အများကပြော၊ အများတွေ သင်ကြဆိုတော့၊ နာပွဲဟာ–အရှက်တကွဲ အကျိုးနဲ့ပွဲဘဲ၊ ဒကာဒကာမတွေ ဒီပွဲမျိုး နောက်ထပ် ခံချင်ကြသေးသလား?

ဒါ–သူများပေး မဟုတ်ပါဘူး၊ ကိုယ်တိုင် လုပ်ယူခဲ့လို့ဘဲ၊ ဒီပွဲကို အခု လှလှကြီး နွှဲနေရဘီ၊ နွှဲရအုံးမယ်၊ တချို့ လ နွှဲနေဆဲ၊ ဒီနာပွဲကနေပြီး, သေပွဲကို အိပ်ရင်း နွှဲရမယ်၊ အိပ်ရင်းသွားတယ်၊ ဗျာဓိခန္ဓာက–မရဏဘက် ပက်လက် မျောသွားရတယ်၊ ဘယ်ရေထဲလဲဆိုတော့ မရဏရေထဲ မျောသွားနေတယ်လို့ မှတ်ကြ၊ ဒကာဒကာမတွေ မရဏက ဗျာဓိထက် ကြောက်ရကောင်းတယ်၊ နာပွဲထက်, သေပွဲ ဆိုးတယ်၊ ရိပ်မိကြရဲ့လား?

သားတွေ၊ သမီးတွေ၊ ဆွေမျိုး၊ မိတ်သင်္ဂဟတွေ၊ တိုက်တာ၊ အိမ်ရာ၊ ရွှေငွေဂတ္တိ ပစ္စည်းတွေ၊ ဒါတွေအားလုံးနဲ့ ကွဲရဘဲ့ပွဲဘဲ၊ သေပွဲက ချစ်နှုကြင်နာမှုတွေ အားလုံးကွဲတဲ့ပွဲ၊ ရိပ်မိကြပလား? အချိန်ရှိတုန်းက—မကောင်းဒါတွေ လုပ်ခဲ့မိလို့၊ အခုတော့— မှားပေါ့ ဆိုပြီး၊ မျက်ရည်စက်လက်နဲ့ ငိုပွဲကြီးသဲ ကြုံရမယ်။ နဂိုက— နေခြင်းဆိုး နေခဲ့မိတော့၊ သေခါနီးမှာ— ကမ္မနိမိတ်တွေထင်၊ ဂတိနိမိတ်၊ မကောင်းဆိုးဝါးတွေ၊ ထင်လာတော့၊ ငါတော့— သေချင်းဆိုး သေရတော့မယ်ဟဲ့ ဆိုပြီး၊ မျက်ရေ အကြီးအကျယ် ကျရရှာတယ်၊ သဘာပါကြပလား?

အပါယ်နိမိတ်တွေ၊ ခွေးနက်ကြီးတွေ၊ မီးဘောက် မီးလျှံတွေ ငရဲအိုးတွေ ငရဲထိန်းတွေနဲ့ တောင်ကြီးတွေ ချောက်ကမ်းပါးပြတ်ကြီးတွေမြင်လာရတော့မှ အော်၊ ငါဖြင့်—ကိုယ်ကျိုး ကြီးနဲ့ပါပေါ့ ကသားဆိုပြီး၊ အကြီးအကျယ် နှလုံးမသာမယာနဲ့ အပူကြီးပူ၊ အလောင်ကြီးလောင်ပြီး၊ သေပွဲဝင်ရရှာတော့တယ်၊ ဒကာဒကာမတွေ မြင်ကြပလား? မြင်ရင်၊ ပြင်ကြတော့၊ ဒီလို—မရဏ ဒုက္ခကြီးက လွတ်လိုသို့၊ ဒီသေပွဲကြီး မနွဲချင်လို့ ဒီသေပွဲ လွတ်ရာ နိဗ္ဗာန်ကိုသာ ရလို့၊ ရောက်ဖို့လို့ လှူဒါန်းပါတယ်ဆိုတဲ့ စိတ်ထားကို ပြောင်းကြ။

ကိုင်း....လိုက်ဆိုကြ၊ "ဘုရားတပည့်တော်တို့သည်၊ သေပွဲကြီး နွဲရမည်ကို၊ မရဏ၊ ဒုက္ခသစ္စာကြီးကို အမှန်တကယ် သိသည်ဖြစ်

ဖြစ်ပါ၍၊ ထိုးသပ္ပဝင်ရခြင်း မရဏဒုက္ခ ဆင်းရဲကြီးကို အလွန်
အမင်း ကြောက်လန့်ခြင်း,ရွံခြင်း,မုန်းခြင်း, ငြီးငွေ့ခြင်း, ပျင်းရိ
ခြင်း,မလိုချင်ခြင်း,ပြင်းပြသည်ဖြစ်ပါ၍၊ ထိုသေဘေးဆိုး မရဏ
ဒုက္ခကြီးမှ လွတ်မြောက်ရာ အမတဆိုသော မသေရာ နိဗ္ဗာန်
မြတ်ကိုသာ လျင်မြန်စွာ– ရောက်ခြင်း, ခြေင်းငှါ အလိုရှိသည်
ဖြစ်ပါ၍၊ ထိုနိဗ္ဗာန်သို့ လျင်မြန်စွာ ရောက်လို့ရလိုခြင်းအကျိုးငှါ
အခြံအရံ ပဒေသာနှင့်တကွသော၊ ဤကထိန်လျာ သင်္ကန်းကို၊
သံဃာတော်မြတ်အား ရည်မှန်း၍ လှူဒါန်းဆက်ကပ်ပါ၏ အရှင်
ဘုရား”

ဒကာဒကာမတွေ အခု လှူတဲ့ အလှူဟာ သေပွဲ ကြောက်လို့
လှူတဲ့အလှူလို့ မှတ်ရမယ်၊ သေပွဲက ဒုက္ခသစ္စာ၊ကြောက်တာက
မဂ္ဂသစ္စာ၊ “ မရဏံပိ ဒုက္ခသစ္စာ” ဆိုတဲ့ အသေ ဒုက္ခသစ္စာကို
ကြောက်ပီးလှူဒါမို့၊ဝိပဿနာ,မဂ်ဉာဏ်နဲ့လှူဒါဘဲလို့မှတ်ကြ၊
ဒါကြောင့်, ဒကာဒကာမတွေကို အထပ်ထပ် မှာရတယ်၊ အလှူ
ဒါနပြုတဲ့အခါ သမထ,ဝိပဿနာ ခြံရံကြ၊ ဝိပဿနာ ခြံရံတဲ့ ဒါန
ပြုကြလို့ မှာရဘယ်၊ ကျေနပ်ကြပလား? ဘယ်အခါမှ မမေ့
ကြစေနဲ့လို့ သတိပေးလိုက်တယ်။

အလှူပွဲတော့ ရေစက်မချပမဲ့ အထမြောက်သွားဘီ၊ လူ,
နတ်,ဗြဟ္မာ,သတ္တာများ သာဓုခေါ်နိုင်ဘို့ အမျှပေးဘို့ ရေစက်
ချရအုံးမယ်။ ဒကာဒကာမတွေ ငါတို့ ဘယ်လို နေရတယ်ဆိုဒါ

သိကြရဲ့လား? ဒီဘဝ ပဋိသန္ဓေကနေ အိုဘက်ပြေးလာရတယ်၊ အိုရက်က နာဘက် ပြေးလာရတယ်၊ ဒီလို အိုချက်, နာရက်နဲ့ဘဲ သေဘက်ကို ဒိုင်းဒိုင်း ပြေးနေရရှာဒါဘဲ၊ ဒီအသေ ပီးပြန်တော့ နောက်ပဋိသန္ဓေ လာမယ်၊ အဲဒါနဲ့တဆက်ထဲ အို,နာ,သေ,လာပီး နောက်ပဋိသန္ဓေ လာပြန်ဒါဘဲ၊ ဟုတ်ကြရဲ့လား?

ဒီလိုနဲ့ ပဋိသန္ဓေ,အို နာ သေ' ပဋိသန္ဓေ,အို,နာ,သေ၊ ဒီစက်ကြီးထဲမှာ အထပ်ထပ် ပတ်ပြေးနေရဒါဘဲရှိတယ်၊ ဒီပြင် ဘာများ အပိုပါသေးကုံး? ဒုက္ခပတ်ချာ ခန္ဓာသံသရာဝဲမှာဘဲ ခေါက်တုံ့ ခေါက်ပြန် လှဲပတ်နေကြရရှာတယ်၊ မြင်ကြရဲ့လား၊ ဉာဏ်နဲ့ မြင်အောင် ကြည့်ပေးကြ၊ မြင်ရင်ကြောက်မယ်၊ မမြင်ရင် မကြောက်ဘူး၊ ကြောက်ရင် ဒီခန္ဓာသံသရာ ဒုက္ခစက်ကြီးကို ကြောက်ခြင်း, မုန်းခြင်း, ရွံခြင်း ရှိပါတယ်၊ ဒီလို ကြောက်လို့ ဒီဒုက္ခသံသရာ ပျောက်လိုသောကြောင့်၊ဤသံသရာ ဒုက္ခကြီးက အမှန် တကယ် ကျွတ်လို လွတ်လိုသောကြောင့်၊ဤသံဃာတော်များအား ကထိန် သင်္ကန်းကို လှူဒါန်းပါ၏ဆိုတဲ့ စိတ်ကို ပြင်းပြင်းထားကြ၊

ဒကာဒကာမတို့ လှူဒါန်းတဲ့အခါ၊ ပုဂ္ဂိုလ်ကို မရည်ညွှန်းကြနဲ့၊ သံဃာကို ရည်ညွှန်းပီး လှူကြရမယ်၊ ဘာ့ကြောင့်လဲ? ဆိုတော့၊ အကျိုးရနဲမှာစိုးလို့ဘဲ၊ သံဃာကို ရည်မှန်းပီး လှူတဲ့ ဒါနမှသာ အကျိုးရကြီးမယ်ဆိုဒါ မှတ်သိုက်ကြ။ ဘုရားက.... "ဥပရိပဏ္ဏာသ ပါဠိတော် ဒက္ခိဏာဝိဘင်္ဂ" သုတ်မှာ ဟောတော်မူထားတယ်။

"သံဃာတော်အား ပေးလှူရမယ်၊ သံဃာတော်ကို လှူဒါန်းတဲ့ ဒါနဟာ၊ အလွန် အကျိုးကြီး တယ်၊ သံဃာကို လှူဒါန်းခဲ့ရင်၊ ငါဘုရားကိုလဲ ပူဇော်ခြင်းကိစ္စ ပြီးစီး တယ်၊ သံဃာတော်ကို ပူဇော်ခြင်းကိစ္စသဲ ပြီးစီးတယ်၊" လို့ ဟောတော်မူတယ်၊ ဒကာဒကာမတွေ သဘောပါကြ ပလား?

ဒါကြောင့်– ဒီကာ နေ့မှ သက်န်းဝတ်လာတဲ့ ကိုရင်ငယ်ကလေး ဖြစ်ပေမဲ့သဲ ခွဲခြားခြင်းမပြုရဘူး၊ ဘာ့ကြောင့်လဲ? ဆိုတော့– ဒီကိုရင်ကလေးဟာလဲ အရိယာ မျိုးစေ့ကလေးတွေဘဲ အရိယာ လား ဆိုတော့ မဟုတ်ပါဘူး၊ အရိယာသောင်း မျိုးစေ့ကလေး တွေမို့ဘဲဆိုဒါ မှတ်ကြ။ ရည်ရွယ်ဒါက "သံသာရဂ္ဂဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇာ ယာစာမိ"တဲ့၊ သံသရာဝဋ်ဆင်းရဲက ထွက် မြောက်ဘို့ ကျွတ်ဘို့ လွတ်ဘို့ဆိုပြီး သက်န်းဝတ်လာဒါ။ သံသရာ ဝဋ် ကျွတ်ဘို့ လာဒါမို့ အရိယာ မျိုးစေ့ ကလေးတွေဘဲ ဆိုဒါ မှတ်ကြရမယ်။

ဒါကြောင့်–သံဃာကို ရည်မှန်းပြီး လှူဒါန်းတဲ့အခါမှာ၊ ဒီနေ့ ဝတ်တဲ့ ကိုရင်လေးကို လှူလဲအတူတူဘဲဆိုဒါ မှတ်ကြရမယ်၊ ရိပ်မိ ကြရဲ့လား? ဒီတော့–သံသာရဝဋ္ဋဒုက္ခတော ဆိုပြီး ရည်ရွယ်ဒါဟာ သောတာပန်ဘဲ၊ ဒါကြောင့် မျိုးစေ့လို့ ဆိုရတယ်။ ဒကာဒကာမ တွေက လှူဒါန်းတဲ့အခါ၊ ဒီ အလှူဝတ္ထုတွေကို အရိယာပင်

ပေါက်အောင် သန့်သန့်ထွားထွား ပေါက်ပါစေချင်ငှါ၊ အရိယာ မျိုးစေ့တွေကို ရွေးလောင်းပါ၏၊ တပည့်တော်များလဲ ဒီလိုမျိုး စေ့ကို ရ,ရပါလို့၏ ဆိုတဲ့ စိတ်ကို ရည်ညွှန်းပါ၊ရှင်းကြပလား?

ဒကာဒကာမတို့ ဝတ္တရားကံ မြေထောင်မြှောက်ပေးဘို့၊သံဃာ တော်များ ဘက်က အရိယာမျိုးစေ့ကနေပြီး, အရိယာပင်, သန့် သန့်ထွားထွား ပေါက်လာအောင် လုပ်ကြဘို့ သံဃာ့ ဝတ္တရား၊ ရိပ်မိကြပလား? မြေထောင်မြှောက်ဘို့ ဒကာတို့ ဝတ္တရား ဆိုဒါ ရိပ်မိကြဘီ၊ အဲဒီတော့ အခု လှူဒါန်းပေးကမ်းတဲ့ အလှူပွဲဟာ၊ "မြေထောင်မြှောက်ပွဲ"ဆိုရင် မမှားပါဘူး၊ မြေထောင်မြှောက်ဘို့ ဒကာတို့တာဝန်၊ အရိယာပင် ပေါက်အောင် လုပ်ဘို့က သံဃာ များတာဝန်၊ တာဝန် နှစ်ရပ်ရှိတဲ့ အနက်က ကိုယ့်တာဝန်ကိုယ် ကျေပြွန်စေရမယ်၊ သဘောပါပလား?

ဒကာဒကာမတွေ "သံဃေ ဒိန္နံ မဟပ္ဖလံ" ဆိုဘဲ့အတိုင်း၊ အရိယာလောင်း အရိယာမျိုးစေ့တွေဖြစ်တဲ့ သံဃာတော်အား ရည်မှန်းပြီး လှူဒါန်းကြတဲ့အတွက်၊ အဘိုင်းသဲသိ ကျေးဇူး များ သွားဘီ၊ အလွန်ကျေးဇူးများတဲ့အတွက်၊ အကျိုးမှာလဲ အတိုင်း အဆ မရှိတော့ဘူးဆိုဒါ မှတ်ကြတော့၊ ရှင်းလား? ဒါကြောင့် ဒီနေ့ လှူတဲ့အလှူပွဲဟာ၊ အရိယာမျိုးစေ့ မြေထောင်မြှောက်တဲ့ ပွဲဘဲဆိုဒါ ဆုံးဖြတ်ကြ၊ ဒကာဒကာမတို့ ကောင်းလိုက်ဘူ ဖြစ်ခြင်း ပြေ မကုန်ဘူး၊ ဒီအကျိုးတွေဟာ၊ ဥယျာဉ်မှူး ခံစားရမယ်ဆိုဒါ မှတ်ကြတော့။

ဒါကြောင့် ဒီအကျိုးတရားတွေ ဖွံ့ဖြိုးစေချင်လို့ ဘုရားရှင်က "မင်းတို့ လျှူဒါန်းတဲ့ အခါမှာ၊ "ဆဋ္ဌင်္ဂသမန္နာဂတ" ဖြစ်အောင်လှူကြ၊ ဖြစ်အောင်လုပ်ကြ"လို့၊ ဆက္ကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်မှာ ကျကျနန ဟောတော်မူခဲ့တယ်ဆိုဒါ မှတ်လိုက်ကြ၊ ရိပ်မိကြပလား? အဲဒီ " ဆက္ကနိပါတ် အင်္ဂုတ္တိုရ် ပါဠိတော်မှာ၊" ဒတာဒကာမတွေဘက်က အင်္ဂါသုံးပါး၊ သံဃာတော်များဘက်က သုံးပါး၊ အဲဒီ အင်္ဂါ အချက်အလက် ခြောက်ပါး ညီညွတ်အောင် လုပ်ကြရမယ်လို့ ဟောထားဘယ်။ အဲဒီ– ဆက္ကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော် "ပုညခေတ္တသုတ်"မှာ....

ပုဗ္ဗေဝ သုမနော ဒါနာ၊ ဒဒံ စိတ္တံ ပသာဒယေ။
ဒတွာ အတ္တမနော ဟောတိ၊ ဧသာ ပုညဿ သမ္ပဒါ–တဲ့။

အဓိပ္ပါယ်က။

"မလှူမီ ရှေးအဖို့ကလဲ ကောင်းသော စိတ်ထားနဲ့ ဝမ်းမြောက်ဝမ်းသာ ရှိရမယ်။ လှူဒါန်းနေဆဲအခါမှာလဲ စိတ်ထားကို ကြည်လင်နေစေရမယ်။ ရေစက်ချဆဲ ဒါမှမဟုတ် လှူဒါန်းပြီးတဲ့ နောက်အဖို့မှာလဲ ဝမ်းမြောက်ရွှင်လန်းနေရမယ်လို့ ဆိုလိုရင်းဖြစ်တယ်။

ဒတာ ဒကာမတွေ သဘောပါကြပလား? ဒကာတို့ဘက်က ဒီအချက် သုံးချက်ညီအောင် ကြိုးစားကြရမယ်၊ ရှင်းကြပလား? သံဃာတော်များဘက်ကလဲ အင်္ဂါသုံးချက် ညီစေဘို့....

ဝီတရာဂါ ဝီတဒေါသာ၊ ဝီတမောဟာ အနာသဝါ။
ခေတ္တံ ယညာသ သမ္ပန္နံ၊ သညတာ ပြဟ္မစာရယော– တဲ့။

အဓိပ္ပါယ်က။

''ရာဂကင်းအောင်၊ ဒေါသကင်းအောင်၊ မောဟကင်းအောင် ငါကျင့်မယ်၊ ဆိုတဲ့စိတ်ထားနဲ့ အလှူခံရမယ် လို့ ဆိုလိုရင်းဖြစ်တယ်''။

ဒကာဒကာမတွေ ရိပ်မိကြပလား? ဒကာတို့ဘက်ကသုံးချက် ''မလှူမီကလဲ ဝမ်းမြောက်ဝမ်းသာ၊ လှူဆဲမှာလဲ ကြည်စေပါ၊ လှူပြီးခါမှာလဲ ကြည်နူးနေရမယ်''၊အလှူခံဘက်ကလဲ သုံးချက် ''ရာဂ၊ ဒေါသ၊ မောဟ၊ ကင်းတယ်၊ ဒါမှမဟုတ်– ရာဂ၊ ဒေါသ၊ မောဟ၊ ကင်းအောင် ကျင့်မယ်ဆိုတဲ့ စိတ်ထားပြီး အလှူခံယူရမယ်'' ဒီသုံးချက်ဘဲ၊ ဒကာနဲ့– သံဃာ သုံးချက်စီ၊ ဒီအင်္ဂါ ခြောက်ချက် ညီညွှတ်ရင်၊ အကျိုးပေးဒါ မဟောနိုင်ဘူး၊အကျိုးတရား မရေတွက်နိုင်အောင် ရမယ်–တဲ့။ ။

ဧဝံ ဆင်္ဂသမန္နာဂတာယ ဘိက္ခဝေ ဒက္ခိဏာယ န သုကရံ ပုညဿ ပမာဏံ ဂဟေတုံ.... (လ) .... အထခေါ အသင်္ချေယျော အပ္ပမေယျော မဟာ ပုညက္ခန္ဓောတွေဝ သင်္ချံ ဂစ္ဆတိ–တဲ့။ ။

ဒကာဒကာမတို့ ဒီလိုညီညွှတ်ရင်၊ အင်မတန် ကြီးကျယ်များပြတ်တဲ့ အကျိုးတရားတွေ သုံးစားမကုန်နိုင်အောင် ရကြမယ်

ဆိုဒါမှတ်ကြ၊ ကျေနပ်ကြပလား? အကျိုးပေးကို ကုန်အောင် မပေးနိုင်၊ မရေတွက်နိုင်တဲ့ " ဆင်္ဃသမန္နာဂတ " ဆိုဒါဘဲ၊ ရှင်းကြပလား? ဒီလို ညီညွတ်အောင် လှူတတ်ဘို့ ကြိုးစားကြရမယ်။

ဒကာဒကာမတွေ ကထိန်ခင်းတော့မယ် ဆိုဒါနဲ့ ဘုန်းကြီးကို ဝိုင်းကြည်ညိုပြီးတော့၊ မင်္ဂလာတိုက်က ဘုန်းကြီး လှူမယ် ဆိုတဲ့စိတ်နဲ့ ညွတ်လာခဲ့ကြတယ်၊ အဲဒီလို ညွတ်လာဒါဟာ၊ ဒို— ဘုန်းကြီးဆိုတဲ့ ဒိဋ္ဌိနဲ့ ညွတ်လာဒါဘဲ၊ ရိပ်မိကြရဲ့လား၊ ဒီကျတော့ တိုက်သံဃာ အားလုံးကို လှူဒါန်းရတော့၊ သံဃာတွေဘက် စိတ်ညွတ်သွားရတယ်၊ သံဃာကို ညွတ်တာနဲ့၊ ဒို ဘုန်းကြီးဆိုတဲ့ ဒိဋ္ဌိပြုတ်သွားတယ်၊ နောက်ပြီးတော့ ကြည်ညိုသူကို လှူဒါန်းချင်တဲ့ လောဘကိုလဲ သတ်လိုက်တယ်၊ သဘောပါကြပလား?

အဲဒီတော့—ဒီကထိန်သင်္ကန်းနဲ့ တဏှာ၊ ဒိဋ္ဌိ၊ သတ်ဘို့ ညွတ်လာတဲ့စိတ်ကို ပယ်ဖျက်ချလိုက်တယ်။ ဒါကြောင့် "သံဃေ ဒိန္နံ မဟပ္ဖလံ" သံဃာအား လှူတဲ့အလှူဟာ၊ အလွန် အကျိုးကြီးတယ်လို့ ဆိုရဒါဘဲ၊ သံဃာလှူတော့ တဏှာနဲ့မညွတ်၊ ဒိဋ္ဌိနဲ့ မညွတ်၊ မညွတ်တော့ အခုအလှူပွဲဟာ၊ တဏှာသတ်တဲ့ အလှူပွဲ၊ ဒိဋ္ဌိသတ်တဲ့ အလှူပွဲဘဲ၊ တဏှာ၊ ဒိဋ္ဌိ၊ သတ်ဘို့ လှူတဲ့အလှူပွဲမို့ အလွန်ကျေးဇူးများသွားတယ်။ သစ္စာသိပြီးလှူသို့လဲ ဝိဝဋ္ဋ ဖြစ်သွားတယ်။ ၁၀,သိန်းမက အတိုးတန်တယ်ဆိုဒါ မှတ်လိုက်ကြ၊ ကျေနပ်ကြရဲ့လား?

## ကိုင်း၊ အလှူဒကာဒကာမတွေ ရေစက်ချရအောင် ရေစက်ချက်ကိုင်

# " ရေစက်ချတရားတော် "

"ဘန္တေ၊ အရှင်ဘုရားတို့။ မယံ၊ တပည့်တော်တို့သည်။ ရာဂါဒီဟိ၊ ရာဂအစရှိကုန်သော။ ကောဒသဂ္ဂေဟိ၊ တသဲ့တသိမ်း၊ ညီးညီး ပြောင်ပြောင်၊ တောက်လောင်ကုန်သော မီးတို့သည်။ ပရိဗိဠှိတံ၊ အလွန်အကဲ ညှင်းဆဲနှိပ်စက်အပ်ကုန်သော။ "

•

ဒကာဒကာမတို့ ရာဂ ဒေါသ စတဲ့ မီးဆဲ့တမီးတို့ဟာ၊ခန္ဓာမှာ အမြဲရှိနေတယ်၊ ဒီကိလေသာ မီးတွေက ခန္ဓာကြီးကို လောင်မြိုက်နေတယ် မီးလောင်နေဒါက အဝေးမှာ မဟုတ်ဘူး၊ မိမိခန္ဓာမှာ လောင်နေဒါဘဲဆိုဒါ မှတ်ကြ၊ လူ့ဘဝ နတ်ဘဝ ပြဟ္မာဘဝ, တွေဆိုဒါ မီးလောင်ခံရတဲ့ ဘဝတွေချည့်ဘဲ၊ ကိလေသာမီးက၊ အဲဒီ–လူ နတ် ပြဟ္မာ ခန္ဓာတွေကို အမြဲတစေ လောင်မြိုက်နေကြတယ်၊ ရိပ်မိကြရဲ့လား?

မီးက–သမုဒယသစ္စာ၊
လောင်စာက–ဒုက္ခသစ္စာ၊
ကိလေသာမီးက–သမုဒယသစ္စာ၊
လောင်စာ ခန္ဓာအမျိုးမျိုးက–ဒုက္ခသစ္စာ၊ ဘဲ။

ရှင်းကြရဲ့လား? မိးက—ကိလေသာ၊ ခန္ဓာက်—လောင်စာ၊ ရှိပ်မိကြပလား? "ကောဒသဂ္ဂိဟိ၊ ရာဂ,အစရှိသော၊တဆဲ့တပါး သော မီးတို့ဖြင့်။ ပရိပိဠိတံ၊ အလွန်အကဲ၊ ညှင်းဆဲနှိပ်စက်၍နေထ သော။ သံသာရဘယံ၊ ချားရဟတ်ပမာ၊ ချာချာ ပတ်လျှက်၊ တဖြစ်ထဲဖြစ်၊တပျက်ထဲပျက်၍နေတဲ့ သံသရာဘေးကြီးကို။"

ဒကာဒကာမတို့ ခန္ဓာက—ပဋိသန္ဓေနေ၊အို,နာ,သေ,ခန္ဓာကြီး၊ ခန္ဓာက—သူ့လမ်းစဉ်အတိုင်း,သူ့ထုံးစံအတိုင်း, ပဋိသန္ဓေနေရတဲ့ ဆင်းရဲ, အိုဆင်းရဲ, နာဆင်းရဲ, အသေဆင်းရဲ, ဆိုတဲ့ ဆင်းရဲတွေ ပတ်ချာရံနေတဲ့ ခန္ဓာဘဲ၊ ဒီဆင်းရဲကွေ့ထဲမှာဘဲ ချားရဟတ်များ လို၊ ချာချာလှဲပြီး သွားနေရတယ်။ ဒကာဒကာမတို့ ခန္ဓာက ဒီ—ပဋိသန္ဓေ, အို,နာ,သေ,သံသရာထဲမှာဘဲ ဒိုင်းဒိုင်း ပြေးနေကြ ရတယ်။ ပဋိသန္ဓေနေ, ဒီပြီးတော့—အို၊ အိုရင်းက နာ၊ နာပြီး— သေကြ၊ သေပြီးတော့လဲ နောက် ပဋိသန္ဓေ၊ ဘယ်တော့မှ မဆုံး နိုင်အောင်, ဒုက္ခပတ်ချာလယ်နေရတယ်၊ မြင်ကြရဲ့လား?

" သံသာရဘယံ၊ ချားရဟတ်ပမာ၊ချာချာပတ်လျှက် တဖြစ် ထဲဖြစ်၊ တပျက်ထဲ ပျက်၍နေတဲ့ သံသရာဘေးကြီးကို၊ ဘီတာ၊ အလွန်အမင်း၊ ကြောက်ခြင်း,ရွံခြင်း၊ ပြင်းပြပါကုန်သည်ဖြစ်၍။ တတော၊ ထိုသံသရာ ဝဋ်ဒုက္ခကြီးမှ၊ မုတ္တာ၊ ကျွတ်လွတ်ကြကုန် သည်၊ဟုတ္ဘာ၊ ဖြစ်၍၊ နိဗ္ဗာနံ၊ ဒုက္ခခပ်သိမ်း၊ ချုပ်ငြိမ်းရာမှန်၊ မြတ်နိဗ္ဗာန်ကို၊ သစ္ဆိကရဏတ္ထာယ၊ မငြိုမငြင်၊ ဆောလျှင်ကူး

မြောက်၊ အသော့ရောက်၍၊ မျက်မှောက်ပြုရပါခြင်း အကျိုးငှါ။ ဉာဏစက္ခုနှာ၊ အမှန်ကို မြင်တတ်သော ဉာဏ်စက္ခုဖြင့်။ ၈၀ သန္တော၊ ရှာမှီးလတ်သော်။ " ဘိက္ခဝေ၊ သံသရာရေး၊ လာမည့်ဘေးကို၊ မြော်းတွေး ကြောက်ငြား၊ အို…ချစ်သားတို့။ ပုညံ၊ ကုသိုလ်ကောင်းမှု၊ အစုစုသည်၊ သုခံ၊ လူ့နတ်၊ နိဗ္ဗာန်၊ သုံးတန်သော ချမ်းသာကို။ ဇနေတိ၊ မုချမသွေ၊ ဖြစ်စေတတ်ပေ၏။"

ဒကာဒကာမတွေ ကုသိုလ်ကောင်းမှု ပြုရင်၊ ဒီကုသိုလ်က— လူချမ်းသာ, နတ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာ ဆိုတဲ့ သုံးတန်သော ချမ်းသာကို ကေန်ပေးတော့မယ်။ သူက—သုံးတန်ပေးပေမဲ့ ဒကာ ဒကာမတို့က ရွေးချယ်ယူရမယ်၊ မရွေးမချယ်ဘဲယူရင်၊ ပေးဒါကို မျက်လုံးမှိတ်ကောက်ယူဒါနဲ့ အတူတူဘဲ မျက်လုံးမှိတ်ပြီး, ရမ်းကောက်ရင် ဘာရမယ်ထင်သလဲ? လူ့,နတ်, ချမ်းသာ ဒုက္ခသစ္စာ တွေဘဲ ရမယ်ဆိုဒါ မှတ်ကြ၊ သဘောပါရဲ့လား?

ဒကာဒကာမတို့ ပေးပေမဲ့ ရွေးကြရမယ်၊ ကောင်းဒါ့ဆိုးဒါ မရွေးချယ်ဘဲ မျက်လုံးမှိတ်ပြီး ယူရင် တော်ပါ့မလား? မတော်ပါဘူး၊ ဒါကြောင့်—ရွေးချယ်ယူကြဘို့ သတိပေးလိုက်တယ်။ ဒကာ ဒကာမတို့ လူ့ချမ်းသာ, ယူတော့၊ လူ့ဘဝ အစမှာ ဇာတိကို ရတယ်၊ ဒီဇာတိဟာ ဘာသစ္စာလဲ? ဇာတိပိ ဒုက္ခသစ္စာဘဲ၊ရိပ်မိကြ ပလား? ဒီနောက်, ဇရာ့ဆိုတဲ့ အိုဘေးလာမယ်၊ ဒီဇရာကကော ဘာသစ္စာလဲ? ဒုက္ခသစ္စာဘဲ။ အိုဘေးနဲ့ အတူ ဗျာဓိ, ဆိုတဲ့

နာဘေးလဲ လာမယ်၊ ဒီနာဘေးကကော ဘာသစ္စာလဲ? ဗျာဓိပိ ဒုက္ခသစ္စာဘဲ။ နောက်, မရဏဆိုတဲ့ သေဘေးကြီးလဲ လာမယ်၊ ဒီသေဘေး, မရဏကကော? မရဏမ္ပိ ဒုက္ခသစ္စာဘဲ။

ဒကာဒကာမတို့ တော်လောက်, တန်လောက် ကြရောပေါ့၊ မရွေးတတ်ရင် ဒီဒုက္ခသစ္စာတွေ ရကြမယ်၊ နတ်ချမ်းသာဆိုဒါလဲ ကြည့်ပါအုံး၊ ပဋ္ဌမ နတ်ပဋိသန္ဓေ, ဇာတိက စ,ရမယ်၊ အဲဒီဇာတိ ကကော ဘာသစ္စာလဲ? ဇာတိပိ ဒုက္ခသစ္စာဘဲ၊ ဒီနောက်,နတ်ဇရာ ဒုက္ခသစ္စာ၊ နတ်ဗျာဓိ ဒုက္ခသစ္စာ၊ နတ်မရဏ ဒုက္ခသစ္စာ၊ ဒီဒုက္ခ သစ္စာဘဲ လှည့်ပတ်သွားနေရမှာဘဲ၊ မြင်ကြရဲ့လား?

ဒကာဒကာမတွေ ဒီတရားပွဲထဲမှာ၊ ဆင်းရဲချင်သူ,ဒုက္ခကြိုက် သူများ ပါကြသေးသလား? အော်....ဒုက္ခမကြိုက်ရင်၊ ဒီလိုလုပ် ကြ။ လူ,နတ်, ချမ်းသာဆိုပေမဲ့လဲ၊ ချမ်းသာစစ်, ချမ်းသာမှန် ဟုတ်ပါရဲ့လား? မဟုတ်ဘူး၊ လူ,ဇာတိ,နတ်ဇာတိ, ဒုက္ခသစ္စာ၊ လူဇရာ,နတ်ဇရာ,ဒုက္ခသစ္စာ၊ လူဗျာဓိ,နတ်ဗျာဓိ,ဒုက္ခသစ္စာ၊ လူမရ ဏ, နတ်မရဏ, ဒုက္ခသစ္စာ၊ ဒီဒုက္ခ စက်ရဟတ် ပတ်ချာ လှည့်ဒါဘဲ ရှိတယ်၊ ဟုတ်ရဲ့လား?

ဒီတော့....လူ ချမ်းသာက ဘာသစ္စာလဲ? ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာမို့, မလိုချင်ဘူး ဆိုတဲ့စိတ်ကို ပြောင်းပြစ်ကြ၊ နတ်ချမ်းသာ ဘာသစ္စာလဲ? ဒုက္ခသစ္စာ။ မလိုချင်ဘူးဆို တဲ့ စိတ်ဆား ပြောင်းပြစ်လိုက်ကြ၊ သဘောပါပလား?

ဒကာဒကာမတွေ စိတ်ထားတတ်ဘို့ အလွန်အရေးကြီးတယ်၊ စိတ်ထားမတတ်လို့ ဒုက္ခချားရဟာတ် လယ်ခဲ့ဒါ၊ တသံသရာလုံး အဆုံးအဆမမြင်နိုင်ခဲ့ကြဘူး၊တချို့တွေက—ပြောတတ်ကြတယ်၊ "ဒါနဟာ သံသရာရှေတယ်တဲ့" ဒါန သံသရာရှေတယ်ပြောဒါ ဟာ၊ မသိလို့သာ ပြောဒါဘဲလို့ မှတ်ကြ။ ဒါနက သံသရာ မရှေဘူး၊ မသိမှုက သံသရာရှေဒါဘဲ၊ ဒါနက သံသရာမရှေ၊ အရွေးမတတ်လို့ သံသရာရှေနေဒါဘဲ၊ ရိပ်မိကြပလား?

အတိတ်ဘဝက မသိမှုနဲ့ အရွေးမတတ်ခဲ့လို့ ဒုက္ခသစ္စာသွား ရွေးမိခဲ့ကြတယ်၊ ဟော... အခု ဒုက္ခသစ္စာကြီး ကိုယ်ပိုင်ရထား ကြဘီ၊ သေချာရဲ့လား? အဲဒါ သုခသစ္စာ နိဗ္ဗာန်ရှိရက်နဲ့ မရွေးမိ ခဲ့လို့၊ အရွေးမတတ်လို့ဘဲဆိုဒါ မှတ်ကြ၊ ပေါ်ကြပလား? ဒကာ ဒကာမတွေ သံသရာရှေဒါဟာ ဒါနက ရှေဒါလား? သစ္စာမသိ လို့ အရွေးမတတ်လို့ရှေဒါလား? သစ္စာမသိလို့ရှေဒါပါ၊ ကိုယ် ဖျင်းလို့ ကိုယ် အ,လို့ ရှေဒါဘဲဆိုဒါ ဆုံးဖြတ်ချက်ချ။

ဒါနကံကတော့ ပေးရမှာဘဲ၊ လူ့ချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာ ပေးမှာဘဲ၊ ဒါပေမဲ့ ကိုယ်ကရွေးတတ်မှ၊ နိဗ္ဗာန် ချမ်းသာကောက်မှ အမှန်ရောက်မယ်၊ ဥပနိဿယပစ္စယောနဲ့ ရောက် စေဆိုပီး ဒါနက နိဗ္ဗာန်ရောက်စေတယ်၊ရှင်းကြပလား? သစ်သီး ကို မရွေးတတ်ရင် ဖန်လဲစားရ,ချင်လဲစားရ,ခါးလဲစားရ, သလို နေမယ်၊ ချိုဒါစားချင်ရင် အချိုသီး ရွေးချယ်တတ်ဖို့ အရေး

ကြီးသလိုဘဲဆိုဒါ မှတ်ကြ။ နောက် ဒါနကို မစွဲကြနဲ့၊ ကိုယ့် အပြစ် ကိုယ်စွဲကြ။

ပဋ္ဌာန်းပစ္စည်းဆက်ပြီး၊ ဒါန နိဗ္ဗာန်ရောက်နိုင်ပါတယ်၊ "သဒ္ဓေ ဒိန္နံ မဟပ္ဖလံ" သဒ္ဓေ၊ သဒ္ဓါတော်၌။ ဒိန္နံ၊ ပေးလှူရခြင်းသည်။ မဟပ္ဖလံ၊ များမြတ်သော အကျိုးကို ဖြစ်စေ၏လို့ ဟောတော်မူဒါဘဲ၊ များသောအကျိုး မြတ်သောအကျိုး နိဗ္ဗာန်တိုင် ရောက်စေနိုင်တယ်၊ နောက်ကို ဒကာဒကာမတွေ ဒါနသံသရာ ရှေတယ်ဆိုတဲ့စကား မယုံကြမှားမိကြစေနဲ့လို့ သတိပေးလိုက်တယ်၊ ရှင်းပလား?

"ဘန္တေ၊ ဘုရား။ မယံ၊ တို့သည်။ ကောဒသဂ္ဂဟိ၊ တို့သည်။ ပရိပိဋ္ဌိတံ၊ သော။ သံသာရဘယံ၊ ကို။ ဘီတာ၊ အလွန်တရာ ကြောက်ခြင်း ရှုံ့ခြင်း ပြင်းပြပါကုန်သည်ဖြစ်၍။ တဒေတာ၊ မှ။ မုတ္တာ၊ သည်။ ဟုတွာ၊ ၍။ နိဗ္ဗာနံ၊ ကို။ သစ္ဆိကရဏတ္ထာယ၊ ငှါ။ ဉာဏစက္ခုံ၊ ဉာဏ်စက္ခုကို။ ဂဝေသန္တော၊ ရှာမှီး ရှုကြည့် လတ်သော်။ ။ ဘိက္ခဝေ၊ တို့ ပုည'၊ သည်။ သုခံ၊ ကို။ ဇနေတိ၊ ဖြစ်စေတတ်ပေ၏။ ဣတိ၊ ဤသို့၊ ဝုတ္တံ၊ သုံးလူ့ဆရာ၊ စေသတ္ထာသည်၊ ကောင်းစွာထုတ်ဖော်၊ ဟောကြားတော်မူအပ်သော စကားတော်မြတ်ကို။ မနသိကတွာ၊ အာရုံစူးစိုက်၊ နှလုံး ပိုက်မိ ကြကုန်သည်ဖြစ်၍။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ အဋ္ဌင်္ဂသီလာနိ၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော သီလတော်မြတ်တို့ကို။ သမာဒိယိတွာ

ဂဏှိတွာ၊ ကောင်းစွာကျင့်သုံးခံယူ ဆောက်တည်ပြီး၍။ ဣမာနိ စီဝရာဒိ နာနာဒါတဗ္ဗဝတ္ထူနိ၊ ဤကထိန်လျှာသင်္ကန်းအစရှိသော အထူးထူးသော လှူဘွယ်ဝတ္ထု အစုစုတို့ကို။ သံဃဿ၊ မင်္ဂလာတိုက်၌၊ ပုရိမဝါမှထသော သံဃာတော်မြတ်အား။ ဒေမ၊ မအို မသေ၊ အမြဲနေသော နိဗ္ဗာန်ကို ရည်မှန်း၍ လှူဒါန်းဆက်ကပ်ပါကုန်၏ဘုရား။”

ဒကာဒကာမတို့ မင်္ဂလာတိုက်၌ ပုရိမဝါမှ ထမြောက်တော်မူကြသော သံဃာတော်အား ရည်မှန်း၍၊ မအို့မသေ အမြဲနေတဲ့ နိဗ္ဗာန်ကို ရောက်လိုလို့ ရလိုလို့ လှူဒါန်းပါ၏။ သံသရာဒုက္ခဝဋ်မှ ကျွတ်လိုတဲ့ စိတ်ထားနဲ့ လှူဒါန်းပါ၊ ရှင်းပလား?

“ဘန္တေ၊ အရှင်ဘုရား။ ဣမိနာပုညကမ္မေန၊ ဤသို့သံဃာတော်မြတ်အား၊ အခြံအရံ ပဒေသာနှင့်တကွသော သံဃိကဒါန ကထိန်သင်္ကန်းကို လှူဒါန်းဆက်ကပ်ရသော ဤကုသိုလ်စေတနာကြောင့်ရှင်း။ ဣမိနာသီလပုညေန ဤသို့ ဆောက်တည်အပ်သော သီလကုသိုလ်စေတနာကြောင့်ရှင်း။ အညေဟိ ပုညေဟိ၊ အနမတဂ္ဂ သံသရာမှ ယခုနေ့ကျအောင်ပြုလုပ်ဆည်းပူးအပ်ကုန်သောကုသိုလ်စေတနာ အဖြာဖြာတို့ကြောင့်ရှင်း။ မယံ၊ တပည့်တော်, တပည့်တော်မတို့သည်။ အဇာတိ၊ ပဋိသန္ဓေ တည်နေရခြင်းမရှိသော။ အဇရံ၊ ခန္ဓာရွတ်ယို၊ အိုရခြင်းမရှိသော။ အဗျာဓိံ၊ ဆင်းရဲပြင်းစွာနာရခြင်းမရှိသော။ အမတံ၊ ခန္ဓာလဲကြွ၊ သေရခြင်းမရှိသော။

သီဝံ၊ ဇာတိ, ဇရာ၊ ဗျာဓိ, မရဏ၊ စသည် ထောင်သောင်း၊ ဘေး အပေါင်းတို့၊ ကောင်းကောင်းကြီး ငြိမ်းအေးရာဖြစ်သော နိဗ္ဗာန် ရွှေပြည်မြတ်ကို။ ဣစ္ဆိတဝရေန၊ မိမိတို့အလိုရှိအပ်သော ဆုထူး ဆုမြတ်နှင့်တကွ။ သစ္စိကရေယျာမ၊ မကြာမတင်၊ ဆောလျင် ကူးမြောက်၊ အသော့ရောက်၍၊ မျက်မှောက် ပြုရ ပါလိုကုန်၏ ဘုရား။”

“ဘန္တေ၊ အရှင်ဘုရား၊ ဣမဿ ပုညဿ၊ အခြံအရံ ပဒေသာ နှင့်တကွ၊ သံဃိကဒါန, ကထိန်လျာသင်္ကန်းကို လှူဒါန်းဆက်ကပ် ရသော ဤကောင်းမှု၏၊ ဘာဂံ၊ အဘို့အစုကို။ ဂုဏဝိသိဋ္ဌာနံ၊ ဂုဏ်ကျေးဇူး အထူးကြီးကြပေကုန်သော။ မာတာပိတုနဉ္စ၊ မိခင်, ဘခင်, ကျေးဇူးရှင်တို့အားရင်း။ အာစရိယာနဉ္စ၊ ဆရာသခင်, ကျေးဇူးရှင်တို့ အားရင်း။ ဣမာသံ ပရိသာနဉ္စ၊ ဤအလှူမင်္ဂလာ မဏ္ဍပ်သို့ ကြွရောက်လာတောင်း ပရိသတ်အပေါင်းတို့အားရင်း။ ယမရာဇဿစ၊ ငရဲသေဌ်နင်း ယမ, မင်းအားရင်း၊ ဒေဝရာဇဿစ၊ နတ်တို့သေဌ်နင်း သိကြားမင်းအားရင်း။ ကေတိံ သဘာဝေ၊ သုံး ဆဲ့တဘုံ၌။ စရန္တာနံ၊ ကျင်လည်, ကျက်စား၊ ပြေးသွား၍ နေကြ ကုန်သော။ သဗ္ဗသတ္တာနဉ္စ၊ အလုံးစုံသော သတ္တဝါတို့ အားရင်း။ ဘာဇေမ၊ အမျှ, အမျှ, အမျှ, ပေးဝေငှ ပါကုန်၏။”

“တေ သတ္တာ၊ ထိုသတ္တဝါ, အပေါင်းတို့သည်။ အမှေဟိ၊ တပည့်တော်နှင့်။ သမံ၊ ထပ်တူညီမျှ။ ပုညဘာဂံ၊ ကောင်းမှုအဘို့

ကို။ လဘိတွာ၊ ရကြကုန်၍။ သုခိဘာ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြကုန်သည်။ မုဒိ ဘာ၊ ပီတိမောက်လွှမ်း၍ ဝမ်းမြောက်သော စိတ်ရှိကြကုန်သည်။ ဘဝန္တု၊ ဖြစ်ကြပါစေကုန်သတည်း။"

အားလုံး ကုသိုလ်အဖို့ အမျှ အမျှ အမျှ
ယူတော်မူကြပါခင်ဗျား

သာဓု...သာဓု....သာဓု။

# "နိဂုမ်း....စကား"

ဤရွှေ့ဤမျှ—ရေးသားပြဆိုခဲ့ပြီးသည့်—ဒေသနာတော် အစုံ အစဉ်တို့ဖြင့်၊ "မိုးကုတ်ဝိပဿနာ ဒုလ္လဘဒေသနာ" စတုတ္ထတွဲ မည်သော ဤဟောစဉ် နှင့် ကျင့်စဉ် သစ္စာလေးပါး တရားတော်များကို၊ ကမ္ပတ်ဖုံးကာ—အဆုံးသပ်လိုက်ရပေပြီ။

ထိုသို့— နိဂုမ်းကမ္ပတ်၊ အဆုံးသပ်ရာတွင်၊ ဓမ္မအဆွေတော် အများစုတို့အား၊ ထပ်ပွါးသတိ၊အမြဲတမ်းရှိကြပါစေရန်၊ထပ်မံ၍ သတိပေး ရေးသား တိုက်တွန်းပါသည်၊ ထိုတိုက်တွန်းချက်ကား.......

(၁) သမ္မာသမ္ဗုဒ္ဓ အတုလမြတ်စွာသည်၊ အများသူငါ၊ သတ္တဝါဝေနေယျတို့၏ ကော.င်းကျိုးကို၊ လေးဆဲ့ငါး ဝါ ကာလပတ်လုံး၊ နေ့မနေ—ညမနား၊ စွမ်းပကား ကြိုးကြိုးဖြင့်၊ အားသည်းဆောင်ရွက်၊ဟောမြွက် ကယ်ဘင်တော်မူပြီးကာ၊မဟာ ပရိနိဗ္ဗာန စုတိဖြင့်၊ နိဗ္ဗုတိကြင့်နန်းသို့၊ ကြွမြန်း စံဝင်တော် မူခဲ့ပါလေပြီ။

(၂) ထိုနည်းတူစွာ၊ ဘုရားရှင်၏ ကိုယ်တော်စား ပရံပရာ စရိယ၊ သာဝက တပည့်သား အဆက်ဆက် တို့မှာလည်း မိမိတို့စွမ်းအားအလျှောက်၊သတ္တဝါဝေနေယျတို့အား၊ဟော ကြားညွှန်ပြ၊ ဆုမ္မကယ်ချွတ်တော်မူကြလေပြီ။

(၃) အထူးအားဖြင့်၊ ဤဒေသနာတော် အစုအစဉ်များကို ဟောကြားပြသ၊ ဆိုဆုမ္မတော်မူခဲ့သော "ကျေးဇူးတော်ရှင်— အရှင်မိုးကုတ်ဆရာတော်ဘုရားကြီး" သည်လည်း၊ ရှင်တော် မြတ်ဘုရား၏ ကြီးမားသော ကျေးဇူးတော် များကို၊ မြှော်ခေါ်တုံ့ဆပ်လျက်၊ သာဝက အစားစား၊ လူအများတို့၏ ကောင်းကျိုးကို၊ နှစ်ပေါင်း သုံးဆယ်ကျော်မျှ၊ ဒေသနာဓမ္မ၊ နည်းလမ်းအဝဝတို့ဖြင့်၊ ဂုဏ်သရေချာစွာ၊ ဟောကြားညွှန်ပြ၊ ကယ်မ ချီးမြှင့်တော်မူပြီး၍၊ ပရိနိဗ္ဗာနစုတိဖြင့်၊ သန္တိ မြို့က်နန်းသို့၊ ကြွလျှမ်း စံတော်မူခဲ့ပါချေပြီ

ဤအရာဝယ်၊ အနန္တကရုဏာတော်သခင်ဘုရားရှင်နှင့်၊ထိုထိုသာဝက၊ အာစရိယသူမြတ် အဆက်ဆက်တို့ပါ၊ အရှင်မိုးကုတ်ဆရာတော်ဘုရားကြီးတို့၏၊ တာဝန်ကား— ကျေပြွန်ကုင်၊ လုံးဝ ပြည့်စုံတော်မူကြသဖြင့်၊ တုံ့ဆပ်၍ပင်ကုန်နိုင်ရာသောအကြောင်း မမြင်မိပါချေ။

ထိုသို့ကျေးဇူးတော်ရှင် အပေါင်းတို့၏ တာဝန်ဝတ္တရားကား လုံးဝပုံသေ ကျေပြွန်တော်ကုင်တော် မူခဲ့ကြပေပြီ သို့ဖြစ်ပါချေသော်— မည်သူတို့၏ တာဝန်သည်သာ ကြွင်းကျန်ပါတော့သနည်း? ကျွန်ုပ်တို့၏ တာဝန်သာလျှင် ကြွင်းကျန် နေပါတော့သည်။ ထိုကြွင်းကျန်နေသည့်တာဝန်ကို မည်ကဲ့သို့သောနည်းဖြင့် ကျေပြွန်အောင် တုံ့ဆပ်ကြပါမည်နည်း?

သမ္မာသမ္ဗုဒ္ဓ ဘုရားမြက်နှင့်တကွ၊ အာစရိယသူမြတ် အသီးအသီး၊ အရှင်ဆရာတော်ဘုရားကြီးတို့၏၊ အလိုတော်, ဆန္ဒတော်များနှင့် လျော်ညီစွာ၊ ဝါ၊ သဘောတော်ကျ ဖြစ်ရပါစေရန်၊ "ဓမ္မာနုဓမ္မပဋိပတ္တိ" 'တရားတော်အား လျော်ညီစွာ၊ ကျင့်ကြံအားထုတ်၍ ပူဇော်ခြင်း" ဟူသော၊ ထူးမြတ်သော ဓမ္မပူဇာ၊ ပရမပူဇာ,အကျင့်ဖြင့်၊ကျေပြွန်အောင်,တုံ့ဆပ်ရန်သာ ဇောန်မုချလျော်ကန် သင့်မြတ်လှပါပေသည်။

ထို့ကြောင့်—အကျွန်ုပ်တို့သည် အချိန်မနှောင်းမီ ယခုကစ၍ ထူးမြတ်သည့် ပရမပူဇာ,ဖြင့်၊ ပူဇော်တုံ့ ဆပ်ကြပါကုန်စို့၊ အမြန်ဆုံး— ပရမပူဇာဖြင့်၊ ပူဇော် တုံ့ဆပ် နိုင်ကြပါစေခလို။ ။ ဟု၍ ဖြစ်ပါသတည်း။

ကျေးဇူးရှင်

မိုးကုတ်ဆရာတော်ဘုရားကြီး၏

“ ဘုန်းဘွဲ့ပူဇော၊ မင်္ဂလာဂါထာ ”

....................

ဝိမလံ ဝိမလံ ကာရုံ၊
မဂ္ဂံ မဂ္ဂံ သုဒေသကံ။
လဟုံ ဆန္ဒာနုရူပေန၊
ထေရံ ပူဇေမ ဓမ္မိကံ။ ။

ဝိမလံ၊ ပဋိစ္စကြာ၊ ငွေသံသာဝယ်၊ ခန္ဓာကိန်းလတ်၊ အရှုပ်ဇာတ်ဖြင့်၊ မြုပ်တတ်မျောစေ၊ ကိလေသာ, အယုတ်တွေကို၊ နှင်းချေတိုက်ဖျက် ဉာဏ်လက်နက်စွဲကိုင်၊ ဇွဲခိုင်ခိုင်, ကျင့်သုံးသဖြင့်၊ နှလုံးဓာတ်စင်ဖြူ၊ အပူတွေငြိမ်းအေးလျက်၊ ညစ်ကြေး ကင်းကွာ၊ စင်ကြယ်စွာလည်း ရှိပေထသော။ ဝိမလံ၊ ညစ်ကြေး ကင်းကွာ၊ စင်ကြယ်စွာ ရှိဘိသဖြင့်၊ သမုတိ ဂုဏ်လျှံ၊ ဘဒ္ဒန္တဝိမလ၊ ထေရ ဘုန်းမော်၊ ဘွဲ့အမည်တော်လည်း ရှိပေထသော။

ဝိမလံ၊ ညစ်ကြေးကင်းကွာ၊ စင်ကြယ်စွာ ရှိသည်၏အဖြစ်ကြောင့်၊ တပည့်များစွာ၊ ဒါယကာ, ဒါယိကာမ၊ အာဝကအစား စား၊ ဝေနေယျအများတို့အား၊ ဆိုးရွားညစ်တော၊ ဆယ်ကိုလေမှ၊ စင်စေ ဆေးကြော၊ နေ့ညဉ့်သောလျှင်၊ ဓမ္မောသဝ၊ အနဂ္ဃ

ဝိပဿနာ၊ ပြိုးသြဇာကို၊ ဝေကာတိုက်ကျွေး၊ ဟောချက်ရေးဖြင့်၊ ညစ်ကြေးလွတ်ကင်း၊ စင်ကြယ်ခြင်းကို။ ဝါ၊ ညစ်ကြေးကင်းပ၊ စင်ကြယ်ခြင်းရှိကြလေအောင်၊ ကရုံ၊ နှစ်ပေါင်းများစွာ၊ သုံးဆယ်ကြာမျှ၊ ဉာဏ်ဝါဆီမီး၊ မေတ္တာကြီးဖြင့်၊ အားသည်း ကြိုးကုတ်၊ လွန်အားထုတ်၍၊ အဟုဘ်မြဲခိုင်၊ ပြုစွမ်းတော်မူနိုင်ပေထသော။

မဂ္ဂ-မဂ္ဂ၊ ဘဝများစွာ၊ သံသရာက၊ အဝိဇ္ဇာမှောင်တွင်း၊ မိုက်ဘသင်းမို့၊ အလင်းမရ၊ ကြီးဒုက္ခဝယ်၊ ရမ်းဆခိုးဝါး၊ တီကောင်သွားလျှင်၊ လွဲမှားကြိမ်ဖန်၊ လမ်းမှန်မရ၊ သံသရာ ခရီးသွား၊ ဒုက္ခသယ်အများတို့အား၊ ဤကားလမ်းလွဲ၊ ရှောင်သွေ့ဖဲလော့၊ ဤဘဲလမ်းမှန်၊ သွား ကြရန်တည့်၊ ဖန်ဖန်ဆင်းရဲ၊ ဒုက္ခဝဲမှ၊ ခွါ၍လွတ်ကြောင်း၊ မဂ်လမ်းကောင်းနှင့်၊ မကောင်းပယ်ရန်၊ လမ်းနှစ်တန်ကို။ သုဒေသက၊ အကြောင်းနှင့်အကျိုး၊ ဆင့်ဆင့်ဖြိုးလျှက်၊ ပွါးတိုးစဉ်ဆက်၊ ခန္ဓာစက်၍၊ ဖြစ်ပျက်ဒုက္ခ၊ သဘာဝဖြင့်၊ ဂနုသချာ၊ ဖွင့်ထုတ်ကာလျှင်၊ ခြင်းရာစေ့စုံ၊ ကိုယ်တွေ့ကြုံလျှက်၊ ဉာဏ်ဟုန်ထွင်းဖေါက်၊ ခရီးရောက်အောင်၊ ပြီးမြောက်ခွဲဝေ၊ ညွှန်းပြတော်မူနိုင်ပေထသော။

ထေရ်၊ ပိဋကတ္တယဆောက၊ ဂန္ထကာရက်၊ "အဂ္ဂမဟာပဏ္ဍိတ" ထိုမှတပြား၊ မင်္ဂလာရာမာဓိပတိ၊ ဝိပဿနာဒေသက၊ မဟာ ဓမ္မကထိက၊ ပါကဋတဆူ၊ ဖြစ်တော်မူသည့်၊ ကျေးဇူးတော်ရှင်၊ အရှင် "မိုးကုတ်ဆရာတော်ဘုရားကြီး" ကို။ ပူဇော်မ၊ မြတ်လေးသဒ္ဒါ၊ ရှိသေစွာဖြင့်၊ ပဏာချင့်မြှော်၊ ရှိခိုးပူဇော်ကြပါကုန်၏ဘုရား။

**ဆန္ဒာနုရူပေန....**

"ဗျာယာမထ ဘိက္ခဝေ မာ ပမာဒတ္ထ၊
မာ ပစ္ဆာ ဝိပ္ပဋိသာရိနော အဟုဝတ္ထ၊
အယံ ဝေါ အမှာကံ အနုသာသနီ။"

ရွှေခွန်းချိုလျက်၊ သာကြည်ဟောဖေါ်၊ မိန့်ခွန်းတော်လာ၊ ဒေသနာသြဝါဒ၊ ဘုရားရှင်၏ ဆန္ဒတော်အရ၊ အလိုတော်ကျ၊ ဖြစ်ရလေအောင်။

**ဆန္ဒာနုရူပေန....**

"ဘုန်းကြီးတို့ ဆောဒဆောမတွေ ပေါ့ပေါ့တန်တန် ဆနေလိုက်ကြပါနဲ့၊ ဝိပဿနာတရား အားထုတ်ကြ၊ မဂ္ဂင် အလုပ် လုပ်ကြ။ အချိန်က—သိပ်မရှိတော့ဘူး၊ ကြိုးစား လိုက်ကြ၊ သေခါနီးမှ— နှလုံး မသာမယာ, မဖြစ်ကြစေ နဲ့၊ နောင်တ,ကြီးစွာ မရကြစေနဲ့။ ။အခုနှယ်,အချိန် အခါ ရတုန်း, အခွင့်အခါကောင်းတုန်းမှာ၊ မဂ်ရအောင် ကြိုးစားလိုက်ကြ။ မဂ်ကမှသာ—ကယ်နိုင်,ယူနိုင်ကြမယ်၊ မဂ်ကိုမှ—မရရင်၊ ဒုက္ခကြီး လှလှ ရောက်တော့မယ်ဆိုဒါ မှတ်လိုက်ကြ၊"

အစရှိသည်သဖြင့်၊ သတိပေး, ဆုံးမတော်မူအပ်သော၊ အရှင်ဆရာ တော်ဘုရားကြီး၏ အလိုတော်ကျ သဘောဆန္ဒနှင့် ညီညွတ်ရ လေအောင်။

ဓမ္မ ကာ၊ ဘုရားအားလျှော်စွာ။ ဓမ္မံကိုံ၊ ရွှေမှာဓမ္မ၊ နောက်က အနုပဋိပတ္တိ၊ ညီဘိအလျှော်၊ မြတ်သောပူဇော်ခြင်း၊ ပရမပူဇာမျိုး ဖြင့်။ လဟုံ၊ ဘာ့ကြောင့်၊ ညာ့ကြောင့် စိုးမနှောင့်စေလျက်၊ ဘာ တွက်၊ ညာတွက်၊ မငဲ့ကွက်သဖြင့်၊ နေ့ရက်ရှည်ကြာ၊ ချိန်ဆွဲပါ၍၊ ကွေ့ကာရှောင်ဖဲ၊ ဆင်ခြေတွေ မလဲတော့ဘဲ၊ လွန်ကဲစွာ၊ ဆောလျင်စွာ ဖြင့်။

မယံ ဖြစ်ပျက်ဒရစပ်၊ ခန္ဓာခတ်၌၊ ရှုလတ်ဉာဏ်မြှော်၊ တပည့်တော်သည်။ ပူဇေမ၊ ဝိပဿနာ၊ ဆရာချမှတ်၊ လမ်းစဉ်မြတ်ဖြင့်၊ အဟုတ်အဟုတ်၊ ပတ်တကုတ်လျှင်၊ မဆုတ်တမ်းသား၊ ကျင့်ထုတ် ပူဇော်ခြင်းဖြင့်၊ လျှင်းလျှင်းမကြား၊ ပူဇော်ကြပါကုန်အံ့ ဘုရား။ ။

မှတ်ချက်။ ။ဤဂါထာကား— အရှင် ဆရာတော်ဘုရားကြီး၏ " ထီးဖြူတော်ဖွင့် မင်္ဂလာ အခမ်းအနားတွင် " ဘတ်လျှောက် ပူဇော် အပ်သော ဂါထာဖြစ်ပါသည်။ ဤအရာ၌၊ ဓမ္မ အဆွေတော်များတို့အားလည်း သဒ္ဓါပွါးစေရန်၊ ရည်သန်လျက်၊ အနည်းငယ် ပြင်ဆင်၍၊ ထည့်သွင်းလိုက်ရခြင်း ဖြစ်ပါသည်။

တာဝန်ခံ-ရေးကူးဘင်ဆက်သူ
ဦးမြင့်ဆွေ
'မူလဓမ္မာစရိယ'
မိတ္ထီလာ။

၁၃၂၄—ခု၊
တန်ဆောင်မုန်းလ၊

# ရနိုင်သောဌာနများ။

သစ်ဘရားသား
၇၉၊ ၉၀ (အယ်လ်) ရုံ၊ ဈေးချိုတော်
မန္တလေးမြို့။

ဦးကျော်မောင် - ဒေါ်စန္ဒီ
ရွှေလက်ဝါးတိုက်
ပဌမလမ်းမတော် - မိတ္ထီလာမြို့။

မိဘဂုဏ် ပိဋကတ် စာပုံနှိပ်တိုက်
မိတ္ထီလာမြို့။